# လှိုင်သာယာမြို့သစ်တွင်နေထိုင်သူများ၏
# လူမှုစီးပွားရေးအသွင်သဏ္ဍာန်ကိုလေ့လာခြင်း

မြတ်သူဇာ

၁၉၉၂၊ စက်တင်ဘာလ

ကျေးဇူး ရှင်မိဘနှစ်ပါး အား ဤကျမ်း စာဖြင့်

ကန် တော့အပ်ပါသည်။

57578

# လှိုင်သာယာမြို့သစ်တွင် နေထိုင်သူများ၏လူမှုစီးပွားရေး အသွင်သဏ္ဍာန်ကို လေ့လာခြင်း

ဤကျမ်းစာကို စီးပွားရေး တက္ကသိုလ်၊ မဟာဝါဏိဇ္ဇဘွဲ့ အတွက်လိုအပ်ချက်တစ်ရပ်အနေဖြင့်တင်သွင်းခြင်း ဖြစ်ပါသည်။


**ကြီးကြပ်သူ**

ဒေါ်တင်တင်

ကထိက

ဝါဏိဇ္ဇဗေဒဌာန

စီးပွားရေး တက္ကသိုလ်

**ပြုစုသူ**

မြတ်သူဇာ

ဇ- ၁၁

ဝါဏိဇ္ဇဗေဒအဓိက

စီးပွားရေးတက္ကသိုလ်

ရန်ကုန်။


၁၉၉၂ခု၊ စက်တင်ဘာလ။

စီး ပွား ရေး တက္ကသိုလ်

ရန်ကုန်မြို့

ဝါဏိဇ္ဇ ဗေဒ ဌာန

မြတ်သူဇာ

ကျမ်း စာတင် သွင်း သူ

ဤကျမ်း စာကိုစီး ပွား ရေး တက္ကသိုလ်၊ ဝါဏိဇ္ဇ ဗေဒ စာစစ်အဖွဲ့သို့ မဟာ ဝါဏိဇ္ဇဘွဲ့အတွက်လိုအပ်ချက်တစ် ရပ်အ နေဖြင့် ရေး သား တင်သွင်း ခြင်း ဖြစ် ပါသည်။

စာစစ်အဖွဲ့မှအတည်ပြုသည်

| စာစစ် | ပြင်ပ စာစစ် | စာစစ် ( ကြီးကြပ်သူ ) |
| --- | --- | --- |
| ဦး မော်သန်း | ဦး စံထွန်းအောင် | ဒေါ်တင်တင် |
| ကထိက | အငြိမ်းစားညွှန်ကြားရေးမှူး | ကထိက |
| ဝါဏိဇ္ဇ ဗေဒ ဌာန | မြို့ပြနှင့်ဒေသစီမံကိန်း ဌာနခွဲ | ဝါဏိဇ္ဇ ဗေဒ ဌာန |
| စီးပွားရေးတက္ကသိုလ် | ဆောက်လုပ်ရေး ဝန်ကြီး ဌာန | စီးပွား ရေးတက္ကသိုလ် |

| | ဥက္ကဋ္ဌ | စာစစ် |
| --- | --- | --- |
| ဒေါ် ရီရီမြင့် | စာစစ်အဖွဲ့ | ဦး တင် ဆောင်း |
| တွဲဖက်ပါမောက္ခ | ဒေါက်တာ သန်းညွန့် | ကထိက |
| စီမံခန့်ခွဲ မှုဃာဌာန | ပါမောက္ခချုပ် | ဝါဏိဇ္ဇ ဗေဒ ဌာန |
| စီးပွားရေးတက္ကသိုလ် | စီးပွား ရေးတက္ကသိုလ် | စီး ပွားရေးတက္ကသိုလ် |
| ရန်ကုန်။ | ရန်ကုန်။ | ရန်ကုန်။ |

၁၉၉၂ ခု၊ စက်တင်ဘာလ ။

## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | ၁ |
| | ၁-၁။ ရည်ရွယ်ချက်များ | ၆ |
| | ၁-၂။ အဆိုပြုချက်များ | ၇ |
| | ၁-၃။ လေ့လာမှုပုံစံ | ၈ |
| ၂ | မြို့ပြဖြစ်ထွန်းမှု၏အခြေခံသဘောတရား | ၁၃ |
| | ၂-၁။ မြို့ပြဖြစ်ထွန်းမှု၏အဓိပ္ပါယ်နှင့်အင်္ဂါရပ်များ | ၁၃ |
| | ၂-၂။ မြို့ပြဖြစ်ထွန်းမှုကိုဖြစ်ပေါ်စေသည့်အကြောင်းရင်းများ | ၁၈ |
| | ၂-၃။ မြို့ပြဖြစ်ထွန်းမှု | ၂၁ |
| | ၂-၄။ ရန်ကုန်မြို့၏မြို့ပြထွန်းကားမှုနှင့်လှိုင်သာယာမြို့သစ်ဖြစ်ပေါ်လာမှုအားဆက်စပ်တင်ပြချက် | ၂၉ |
| | ၂-၅။ မြို့သစ်အခြေအနေအားလေ့လာခြင်း | ၃၉ |
| ၃ | သုတေသနပြုပုံနည်းများ | ၆၀ |
| | ၃-၁။ လေ့လာမည့်နယ်ပယ်သတ်မှတ်ခြင်း | ၆၁ |
| | ၃-၂။ သုတေသနပြုပုံနည်းများ | ၆၇ |
| ၄ | ။ တွေ့ရှိချက်များကိုစိစစ်လေ့လာခြင်း | ၇၇ |
| | ၄.၁။ လှိုင်သာယာမြို့သစ်ရှိအိမ်ထောင်စုများ၏လူမှုစီးပွားရေးအဆင့်အတန်းအားလေ့လာခြင်း | ၇၈ |
| | ၄.၂။ လှိုင်သာယာမြို့သစ်ရှိအိမ်ထောင်စုများ၏နေထိုင်မှုအခြေအနေအားလေ့လာခြင်း | ၉၉ |

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ၄. .၃။ ကိုင်သာယာမြို့သစ်ရှိ အိမ်ထောင်စုများ၏ဝင်ငွေနှင့်အသုံးစရိတ်အားလေ့လာခြင်း | ၁၀၈ |
| ၅ | နိဂုံး | ၁၄၆ |

# ဇယားမာတိကာ


| ဇယားအမှတ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| (၃.၁) | ရပ်ကွက်(၂)ခုရှိအိမ်ထောင်စုဦးရေနှင့် နမူနာအိမ်ထောင်စုဦးရေစာရင်းပြဇယား | ၆၈ |
| (၄.၁) | အိမ်ထောင်ဦးစီး၏အလုပ်အကိုင်အခြေအနေပြဇယား | ၇၉ |
| (၄.၂-က) | တစ်နှစ်စုစုပေါင်းဝင်ငွေအလိုက်အိမ်ထောင်စုအခြေအနေပြဇယား | ၈၀ |
| (၄.၂-ခ) | အိမ်ထောင်စု၏တစ်နှစ်ဝင်ငွေအုပ်စုအလိုက် အိမ်ထောင်ဦးစီး၏အလုပ်အကိုင်အခြေအနေပြဇယား | ၈၂ |
| (၄.၂-ဂ) | တစ်နှစ်အိမ်ထောင်စု၊ စုစုပေါင်းအသုံးစရိတ်အလိုက်အိမ်ထောင်စုအခြေအနေပြဇယား | ၈၃ |
| (၄.၂-ဃ) | တစ်နှစ်စုစုပေါင်းဝင်ငွေရရှိမှုအခြေအနေအလိုက်တစ်နှစ်အသုံးစရိတ်သုံးစွဲမှုအခြေအနေပြဇယား | ၈၄ |
| (၄.၃-က) | ပညာအဆင့်အလိုက်အိမ်ထောင်ဦးစီးပါဝင်မှုရာနှုန်းပြဇယား | ၈၈ |
| (၄.၃-ခ) | ဖခင်၏ပညာအဆင့်အလိုက်အိမ်ထောင်ဦးစီး၏ပညာအဆင့်ဆက်စပ်မှုပြဇယား | ၈၉ |
| (၄.၃-ဂ) | အိမ်ထောင်စုဦးစီး၏ပညာအဆင့်အလိုက်အလုပ်အကိုင်ရရှိမှုအခြေအနေပြဇယား | ၉၂ |
| (၄.၄-က) | အိမ်ထောင်ဦးစီးများ၏လူမျိုးအလိုက်အိမ်ထောင်စုပါဝင်မှုရာနှုန်းပြဇယား | ၉၄ |

| ဇယား အမှတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၄.၄-ခ) | အိမ်ထောင်ဦးစီးတို့၏အသက်ရွယ်စုအလိုက်အိမ်ထောင်စုပါဝင်မှုရာခိုင်နှုန်းပြဇယား | ၉၅ |
| (၄.၄-ဂ) | ကျ - မအလိုက်ပါဝင်မှုရာခိုင်နှုန်းပြဇယား | ၉၆ |
| (၄.၄-ဃ) | အိမ်ထောင်ဦးစီးများ၏အသက်အုပ်စုအလိုက် အမျိုးသားနှင့်အမျိုးသမီးပါဝင်မှုရာခိုင်နှုန်းပြဇယား | ၉၇ |
| (၄.၅-က) | ကိုင်သာယာမြို့သစ်သို့ပြောင်းရွှေ့ပြီးချိန်၌ နမူနာအိမ်ထောင်စုများ၏နေအိမ်အမျိုးအလိုက်အိမ်ပိုင်ဆိုင်မှုအခြေအနေ | ၁၀၀ |
| (၄.၅-ခ) | ကိုင်သာယာမြို့သို့မပြောင်းရွှေ့မီနေအိမ်အခြေအနေပြဇယား | ၁၀၁ |
| (၄.၅-ဂ) | ကိုင်သာယာမြို့သစ်သို့ပြောင်းရွှေ့လာရသောအကြောင်းရင်း | ၁၀၄ |
| (၄.၅-ဃ) | ပြောင်းရွှေ့ပြီးချိန်တွင်နမူနာအိမ်ထောင်စုများ၏လျှပ်စစ်မီးတပ်ဆင်မှုအခြေအနေ | ၁၀၅ |
| (၄.၅-င) | ကိုင်သာယာမြို့သစ်သို့ပြောင်းရွှေ့လာသည့်အချိန်ပြဇယား | ၁၀၆ |
| (၄.၆) | တစ်နှစ်ဝင်ငွေအုပ်စုအလိုက်အိမ်ထောင်စုပါဝင်မှုအခြေအနေနှိုင်းယှဉ်ဖော်ပြချက်ဇယား | ၁၀၇ |
| (၄.၇) | တစ်နှစ်စုစုပေါင်းအသုံးစရိတ်အလိုက်အိမ်ထောင်စုပါဝင်မှုအခြေအနေနှိုင်းယှဉ်ဖော်ပြချက်ဇယား | ၁၁၀ |

| ဇယားအမှတ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| (၄ .၈) | အိမ်ထောင်စုများ၏ပျမ်းမျှအသုံးစရိတ်ခွဲဝေမှုပြဇယား | ၁၁၂ |
| (၄ .၉) | အိမ်ထောင်စုဦးစီး၏အလုပ်အကိုင်ကိုအလုပ်ရှိရာဒေသအုပ်စုအလိုက်ဖော်ပြချက်ပြဇယား | ၁၁၄ |
| (၄ .၁၀ – က) | တစ်နှစ်အစားအသောက်အသုံးစရိတ်အုပ်စုအလိုက်အိမ်ထောင်စုအခြေအနေ | ၁၁၆ |
| (၄ .၁၀ – ခ) | တစ်နှစ်အဝတ်အထည်အသုံးစရိတ်အုပ်စုအလိုက်အိမ်ထောင်စုအခြေအနေပြဇယား | ၁၁၈ |
| (၄ .၁၀ – ဂ) | တစ်နှစ်အိမ်အသုံးအဆောင်ပစ္စည်းအသုံးစရိတ်အလိုက်အိမ်ထောင်စုအခြေအနေပြဇယား | ၁၁၉ |
| (၄ .၁၀ – ဃ) | တစ်နှစ်ပညာရေးအသုံးစရိတ်အုပ်စုအလိုက်အိမ်ထောင်စုအခြေအနေပြဇယား | ၁၂၁ |
| (၄ .၁၀ – င) | တစ်နှစ်ကျန်းမာရေးအသုံးစရိတ်အလိုက်အိမ်ထောင်စုအခြေအနေပြဇယား | ၁၂၃ |
| (၄ .၁၀ – စ) | တစ်နှစ်အထွေထွေအသုံးစရိတ်အလိုက်အိမ်ထောင်စုအခြေအနေပြဇယား | ၁၂၅ |
| (၄ .၁၀ – ဆ) | ကြွေးတင်သောအိမ်ထောင်စု၊ စုဆောင်းနိုင်သောအိမ်ထောင်စုနှင့်ကြွေးကင်းသောအိမ်ထောင်စုများ | ၁၂၆ |
| (၄ .၁၁ – က) | အသုံးစရိတ်တစ်ခုစီအလိုက်တစ်လပျမ်းမျှအသုံးစရိတ်ပြဇယား | ၁၂၈ |
| (၄ .၁၁ – ခ) | အသုံးစရိတ်တစ်ခုစီအလိုက်တစ်လပျမ်းမျှအသုံးစရိတ်ကိုစားသုံးသူဈေးဆနှုန်းအရလျှော့ချ၍နှိုင်းယှဉ်မှုပြဇယား | ၁၃၀ |
| (၄ .၁၂ ) | အိမ်ထောင်စုများ၏ပျမ်းမျှအသုံးစရိတ်နှိုင်းယှဉ်ချက်ပြဇယား | ၁၃၄ |

| ဇယား အမှတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၄.၁၃-က) | အစားအသောက်အသုံး စရိတ်အုပ်စုအလိုက် အိမ်ထောင်စုအခြေအနေကို နှိုင်းယှဉ်ချက် | ၁၃၅ |
| (၄.၁၃-ခ) | အဝတ်အထည်အသုံး စရိတ်အုပ်စုအလိုက်အိမ်ထောင်စုအခြေအနေ နှိုင်းယှဉ်ချက် | ၁၃၇ |
| (၄.၁၃-ဂ) | တစ်နှစ်အိမ်အသုံး အဆောင်ပစ္စည်း အသုံး စရိတ်အလိုက်အိမ်ထောင်စုအခြေအနေ နှိုင်းယှဉ်ချက်ပြဇယား | ၁၃၉ |
| (၄.၁၃-ဃ) | တစ်ပညာရေး အသုံး စရိတ်အုပ်စုအလိုက် အိမ်ထောင်စုအခြေအနေပြဇယား | ၁၄၁ |
| (၄.၁၃-င) | တစ်နှစ်ကျန်းမာရေး အသုံး စရိတ်အုပ်စု အလိုက်အိမ်ထောင်စုအခြေအနေပြဇယား | ၁၄၂ |
| (၄.၁၃-စ) | တစ်နှစ်အထွေထွေအသုံး စရိတ်အုပ်စုအလိုက် အိမ်ထောင်အခြေအနေ နှိုင်းယှဉ်ချက်ပြဇယား | ၁၄၄ |

# <u>နောက်ဆက်တွဲများ</u>


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဇယား (၃-၁) လှိုင်သာယာမြို့နယ်၏ ရပ်ကွက် ဧရိယာအကျယ်အဝန်းနှင့် မြေကွက်များ စာရင်း | ၁၆၃ |
| ၂။ | ဇယား (၃-၂) လှိုင်သာယာမြို့နယ်မူလရပ်ကွက်ကြီး (၇) ခု၏ ဧရိယာအကျယ်အဝန်း ပြဇယား | ၁၆၅ |
| ၃။ | ဇယား (၃-၃) လှိုင်သာယာမြို့နယ်ရှိ ကျေးရွာအုပ်စုအလိုက်အိမ်ထောင်စုနှင့် လူဦးရေစာရင်းချုပ်ပြဇယား | ၁၆၆ |
| ၄။ | ဇယား (၃-၄) လှိုင်သာယာမြို့နယ်ရှိရပ်ကွက်အလိုက်အိမ်ထောင်စုနှင့်လူဦးရေစာရင်း ချုပ်ပြဇယား | ၁၆၇ |
| ၅။ | လှိုင်သာယာမြို့သစ်၏လူမှုစီးပွားရေး အသွင်သဏ္ဌာန်အား လေ့လာချက်မေးခွန်းလွှာပုံစံ | ၁၆၉ |
| ၆။ | ကျမ်းကိုး စာရင်း | ၁၇၅ |

# ကျေးဇူးတင်လွှာ

ဤကျမ်းစာသည် မဟာဝါဏိဇ္ဇဘွဲ့အတွက် လိုအပ်ချက်တစ်ရပ်အနေဖြင့် တင်သွင်းခြင်းဖြစ်ပါသည်။ မဟာဝါဏိဇ္ဇ သင်တန်းသို့ တက်ရောက်ပညာသင်ကြားခွင့်ပြုခဲ့သော စီးပွားရေးတက္ကသိုလ် ၊ ပါမောက္ခချုပ် ဒေါက်တာဦးခင်မောင်ညွန့်အားလည်းကောင်း ၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာဦးသန်းညွန့်အားလည်းကောင်း ၊ ဝါဏိဇ္ဇဗေဒဌာနမှ (အငြိမ်းစား) ပါမောက္ခ ဦးတင်ထွဋ်အားလည်းကောင်း၊ တွဲဖက်ပါမောက္ခဦးအုန်းမောင်အားလည်းကောင်း ၊ အထူးကျေးဇူးတင်ရှိပါသည်။ အထူးသဖြင့် ဤကျမ်းစာဖြစ်မြောက်ရေးအတွက် တာဝန်ယူကြီးကြပ်လမ်းညွှန်ပြီး ဂရုတစ်စိုက်ကူညီမှုပေးခဲ့သော ဝါဏိဇ္ဇဗေဒဌာနမှ ကထိက ဒေါ်တင်တင်အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ဤကျမ်းစာ ရေးသားပြုစုနိုင်သည်အထိ ပညာသင်ကြားပေးခဲ့သော ကျေးဇူးရှင်မိဘနှစ်ပါးနှင့် စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများကို ဤကျမ်းစာဖြင့် ဂါရဝပြုအပ်ပါသည်။

ဤကျမ်းစာပြုစုရာ၌ လိုအပ်သော အချက်အလက်များရှာဖွေစုဆောင်းခြင်းနှင့် စာရင်းဇယားများ ကောက်ယူခွင့်ပြုခဲ့သော ဟိုင်သာယာမြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြင့်နှင့်တကွ စာရင်းဇယားကောက်ယူရာတွင်ကူညီခဲ့သော ရုံးအုပ် ဦးဝင်းမြင့်အားလည်းကောင်း ၊ ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အချက်အလက်များ ကောက်ယူရာတွင် ဝိုင်းပင်းကူညီခဲ့ကြသော သူငယ်ချင်းများအားလုံးကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

ဤကျမ်းစာကို အစမှအဆုံး အထိစိတ်ရှည်စွာ လက်နှိပ်စက်ရိုက်ပေးခဲ့ကြသော ဦးမောင်မောင်လှ၊ ဦးထွန်းမြင့်၊ ဒေါ်ခင်ဝင်းတို့အားလည်း ကျေးဇူးတင်ရှိပါသည်။

ပါဝင်သည့်အကြောင်းအရာအချက်အလက်များနှင့်ပတ်သက်၍ချွတ်ယွင်းချက်များ၊ အားနည်းချက်များ ရှိခဲ့ပါလျှင်ဤကျမ်းစာပြုစုသူ၏တာဝန်သာဖြစ်ကြောင်း ရိုးသားစွာဝန်ခံတင်ပြအပ်ပါသည်။

မမြတ်သူဇာ

ဓာ - ၁၁

မဟာဝိဇ္ဇာ ကျမ်းပြု

# အကျဉ်းချုပ်

နိုင်ငံတော်အစိုးရအနေဖြင့် ရန်ကုန်မြို့တော်အတွင်း လူဦးရေထူထပ်ပေါများပြီး လူနေမှုသိပ်သည်းခြင်းကြောင့် နေအိမ်များ ကြပ်ကပ်လျက် လေကောင်းလေသန့်မရနိုင်ခြင်း၊ အိမ်နေရာကျဉ်းမြောင်းပြီး ကျန်းမာရေးထိခိုက်စေနိုင်ခြင်း၊ မီးဘေးအန္တရာယ်ကျရောက်နိုင်ခြင်းတို့ကြောင့် နေအိမ်မြေယာအတည်တကျမရှိသူများအတွက် မြို့သစ်များတွင် စနစ်တကျအကွက်ချပြီး လျော်ကန်သင့်မြတ်သော နေအိမ်များ ဆောက်လုပ်စေခြင်းဖြင့် လူနေမှုအဆင့်အတန်း ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ပေးခဲ့ပေသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း လှိုင်သာယာ၊ ဝေဘာဂီ၊ ရွှေပေါက်ကံနှင့် ဒဂုံမြို့သစ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့ကို ဖော်ထုတ်ပေးခဲ့ပါသည်။ ၎င်းတို့အနက်မှ လှိုင်သာယာမြို့သစ်သည် (၁၉၈၅) ခုနှစ်မှစ၍ အကောင်အထည်ဖော်ခဲ့သော မြို့သစ်ဖြစ်၍ ယခုစာတမ်း လေ့လာမှုပြုချိန် (၁၉၉၁) ခုနှစ်ထိ (၆) နှစ်တာကာလမျှရှိနေပြီဖြစ်သဖြင့် အခြားမြို့သစ်များထက် ရှည်ကြာခြင်း၊ အဆိုပါမြို့သစ်သို့သွားရောက်လေ့လာရန် အဆင်ပြေခြင်းတို့ကြောင့် လှိုင်သာယာမြို့သစ်တွင် နေထိုင်သူများ၏ လူမှုစီးပွားရေး အသွင်သဏ္ဌာန်များကို လေ့လာခဲ့ပါသည်။

ထိုသို့လေ့လာရာတွင် လှိုင်သာယာမြို့နယ်တစ်ခုလုံး အနေဖြင့် မလေ့လာနိုင်ပါ။ လှိုင်သာယာမြို့သစ်ရှိ ရပ်ကွက် (၂) ခုကို ဖြစ်ရပ်နှင့်လေ့လာမှု (Case Study) အရသာ လေ့လာနိုင်ခဲ့ပါသည်။ အဆိုပါရပ်ကွက်နှစ်ခုရှိ အိမ်ထောင်စုများ၏ လူမှုစီးပွားရေး အသွင်သဏ္ဌာန်များအားလည်းကောင်း၊ မပြောင်းရွှေ့မီက အိမ်ထောင်စုများ၏ လူမှုစီးပွားရေး အသွင်သဏ္ဌာန်များနှင့် နှိုင်းယှဉ်၍လည်းကောင်း လေ့လာခဲ့ပါသည်။ လူမှုစီးပွားရေး အသွင်သဏ္ဌာန်များကို လေ့လာရာတွင် တိုင်းတာရန်

လွယ်ကူပြီး ၊ မျက်မြင်သိရှိစေနိုင်မည့်သဘာဝကျသောပိုင်းခြားမှုများ ( Objective Criteria ) အရ လေ့လာခဲ့ပါသည်။ ယင်းတို့မှာ အိမ်ထောင်စုများ၏အလုပ်အကိုင်၊ ဝင်ငွေ၊ အသုံးစရိတ်၊ ပညာအဆင့်နှင့် နေထိုင်မှုအဆင့်တို့ဖြစ်ပါသည်။

ထို့ကြောင့်လှိုင်သာယာမြို့သစ်တွင် နေထိုင်သူများ၏ လူမှုစီးပွားရေး အသွင်သဏ္ဌာန်များကို လေ့လာရာတွင်မြို့သစ် နေထိုင်သူများ၏ နေထိုင်မှုအခြေအနေနှင့်ဝင်ငွေနှင့်အသုံးစရိတ် တို့ ပြောင်းလဲမှုအခြေအနေ၊ အလုပ်အကိုင်အခြေအနေ၊ ပညာအဆင့်တို့ကို လေ့လာမည်ဖြစ်ပါသည်။ လေ့လာရာတွင် `လှိုင်သာယာမြို့သစ် သို့ ပြောင်းရွှေ့နေထိုင်သူတို့၏လူမှုစီးပွားရေး အခြေအနေသည်၎င်း တို့၏ မပြောင်းရွှေ့မီလူမှုစီးပွားရေး အခြေအနေထက်ပိုမိုတိုးတက်ကောင်း မွန်လာမည်ဖြစ်သည်`။ ဟူသောကြိုတင်မှန်းဆချက်များကိုရှု မှတ်၍ လေ့လာခဲ့ပါသည်။

ထို့ကြောင့်လှိုင်သာယာမြို့သစ်ရှိရပ်ကွက်အမှတ် (၂၀) နှင့်အမှတ် (၂၄) တို့သို့သွားရောက်၍ (၁၉၉၀-၉၁) ခုနှစ်တွင် နမူနာအိမ်ထောင်စုများကို မေးခွန်းလွှာပုံစံများ အသုံးပြု၍ လိုအပ်သောအချက်အလက်များကိုလူတွေ့ကောက်ယူမေးမြန်းခဲ့ပါသည်။ ထို့ပြင်မြို့သစ်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့်ရည်ရွယ်ချက်များကိုလှိုင်သာယာမြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ထံမှ မေးမြန်းလေ့လာခဲ့ပါသည်။

လေ့လာချက်များအရလှိုင်သာယာမြို့သစ်ရှိနမူနာ အိမ်ထောင်စုအများစုသည်ကျူးကျော်ဖြစ်နေသောကြောင့် ပြောင်းရွှေ့လာသူများဖြစ်ပြီး မိမိသဘောဆန္ဒအလျောက်ပြောင်းရွှေ့လိုသူ

များ လည်း ပါဝင်နေသည်။ ၄င်း တို့၏အလုပ်အကိုင်အမျိုး အစား ကိုအစိုး ရဝန်ထမ်း (သို့) ကိုယ်ပိုင် (သို့) ပုဂ္ဂလိကလုပ်ငန်း လုပ်ကိုင်သူ များ အဖြစ်ခွဲခြား လေ့လာရာတွင်ပုဂ္ဂလိကလုပ်ငန်း တွင်လုပ်ကိုင်သူဦး ရေအများ ဆုံး ပါဝင်၍၊ အစိုး ရဝန်ထမ်း လုပ်ကိုင်သူမှာအနည်း ဆုံးပါဝင်ပါသည်။ အိမ်ထောင်စုများ ၏ပညာအဆင့်ကို လေ့လာရာတွင်ဘုန်း ကြီးကျောင်း အဆင့်မှအလယ်တန်း အဆင့်ထိပညာသင်ကြား ခဲ့သူအိမ်ထောင်ဦး စီး ဦး ရေမှာအများ ဆုံး ဖြစ်၍ ၄င်း တို့အနက်အများ စုသည်ပုဂ္ဂလိကလုပ်ငန်း များ တွင်လုပ်ကိုင်သူများ ဖြစ်သည်ကို တွေ့ရပါသည်။

မပြောင်း ရွှေ့မီကအိမ်ထောင်စုများ ၏ဝင်ငွေနှင့်အသုံး စရိတ်အခြေအနေများ ကိုပြောင်း ရွှေ့ပြီး အခြေအနေနှင့်နှိုင်း ယှဉ်ပါက ဝင်ငွေရရှိမှုအခြေအနေသည်မပြောင်း ရွှေ့မီကထက်ပိုမိုကောင်း မွန်လာသော်လည်း ၊ အသုံး စရိတ်သုံး စွဲမှုသည်လည်း လိုက်၍တိုး လာသည်ကို တွေ့ရပါသည်။ ထိုသို့အသုံး စရိတ်တိုး လာခြင်း သည်အစား အသောက်အသုံး စရိတ်တွင်အဓိကကုန်ကျနေခြင်း နှင့်အခြား အသုံးစရိတ်များ တွင်သုံး စွဲနိုင်မှုမရှိခြင်း တို့ကြောင့်အစား အသောက် ပေါ်သုံး စွဲသည့်အသုံး စရိတ်မှာသိသာစွာမြင့်တက် နေပေသည်။ သို့သော်မပြောင်း ရွှေ့မီကအစား အသောက် ပေါ်သုံး စွဲသည့်အချိုး ထက်အနည်း ငယ် လျော့နည်း သွား ခဲ့သဖြင့် ပြောင်း ရွှေ့ပြီး အချိန်တွင်အိမ်ထောင်စု၏ ဝင်ငွေအခြေအနေပိုမို ကောင်း မွန်လာသည်ဟုဆိုရ ပေမည်။ ထို့ပြင်အိမ်ထောင်စုများ ၏အလုပ်အကိုင်အခြေအနေတွင်အလုပ်အကိုင် ပြောင်း လဲလုပ်ကိုင်သူအလွန်နည်း သဖြင့်အလုပ်အကိုင်အခြေအကျ ရှိနေခြင်း ကို ဖော်ပြနေပေသည်။ ထို့ကြောင့်ပထမမှန်း ဆချက်ဖြစ်သည့်လှိုင်သာယာ မြို့သစ်သို့ပြောင်း ရွှေ့နေထိုင်သူတို့၏လူမှုစီး ပွား ရေး အခြေအနေသည်

၎င်းတို့၏ မပြောင်းရွှေ့မီလူမှုစီးပွားရေး အခြေအနေထက်ပိုမိုတိုးတက်ကောင်းမွန်လာမည်ဟူသောအချက်နှင့်ကိုက်ညီနေပေသည်။

အိမ်ထောင်စုများ၏ နေထိုင်မှုအခြေအနေကို လေ့လာရာတွင်လည်း မပြောင်းရွှေ့မီကထက် ပြောင်းရွှေ့ပြီး ချိန်တွင်အိမ်ပိုင်ဆိုင်သူအိမ်ထောင်စုဦးရေတိုးလာပြီး အများစုမှာပျဉ်ထောင်အိမ်အမျိုးအစားဖြင့်နေထိုင်ကြသည်ကိုတွေ့ရပေသည်။ ထို့ကြောင့် မပြောင်းရွှေ့မီကနှင့်နှိုင်းယှဉ်လျှင် ပြောင်းရွှေ့ပြီး ချိန်တွင်အိမ်ပိုင်ဆိုင်သူအိမ်ထောင်စုပိုများ၍အဆိုပါအိမ်ပိုင်ဆိုင်သူများ၏ နေအိမ်အမျိုးအစားတွင်အများစုသည်ပျဉ်ထောင်အိမ်များဖြစ်ခြင်းကြောင့် ဒုတိယမှန်းဆချက်ဖြစ်သော ``လှိုင်သာယာမြို့သစ်တွင် နေထိုင်သူများ၏ နေထိုင်မှုအခြေအနေသည်မပြောင်းရွှေ့မီကထက်ပိုမိုတိုးတက်ကောင်းမွန်မည်`` ဟူသောအချက်နှင့်ကိုက်ညီနေပါသည်။

ထို့ပြင်လှိုင်သာယာမြို့သစ်တွင်နိုင်ငံတော်အစိုးရအနေဖြင့်မြို့နေပြည်သူများ၏စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ အထောက်အကူပြုစေမည့်လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ ဈေး၊ ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ စက်ရုံနှင့်ရုံးအစရှိသည်တို့ကိုဆောင်ရွက်ပေးခဲ့ခြင်း ပြည်မြို့နေပြည်သူတို့၏သွားလာရေး သာမကစီးပွားရေးနှင့်နေထိုင်ရေးတို့တွင်ပိုမိုကောင်းမွန်လာခဲ့ပေသည်။ ထို့ကြောင့်လှိုင်သာယာမြို့သစ်တွင်စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ အထောက်အကူပြုနိုင်သည့်အခြေအနေအရပ်ရပ်နှင့်ပြည့်စုံသည်နှင့်အမျှ မြို့သစ်တွင်နေထိုင်သူတို့၏ နေထိုင်ရေးနှင့်စီးပွားရေးမှာပိုမိုတိုးတက်ကောင်းမွန်လာမည်ဟူသောကြိုတင်မှန်းဆချက်နှင့်လည်း ကိုက်ညီပါသည်။

အဆိုပါကြိုတင်မှန်းဆချက်များနှင့်ညီညွတ်သော်လည်း မြို့သစ်နေထိုင်သူများ၏စီးပွားရေးတိုးတက်ကောင်းမွန်စေ

ရန်အတွက်မူအခြေခံစားသောက်ကုန်စည်များ၏ ဈေးနှုန်း ကျဆင်းရေးသည်အရေးပါသောအချက်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အစားအသောက်အပေါ်အသုံးစရိတ်ကြီး မြင့်နေမှုသည်အိမ်ထောင်စုများ၏ဝင်ငွေကိုနိမ့်ကျစေပြီး၊ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုအတွက်အဟန့်အတားတစ်ရပ်ဖြစ်နေပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ကုန်ဈေးနှုန်း ကျဆင်းရေး အတွက်တာဝန်ကြီး တစ်ရပ်အနေဖြင့်ကြိုးပမ်း ဆောင်ရွက်နေပေသည်။ ထို့ပြင်မြို့သစ်များ တည်ဆောက်ရာတွင်လည်း မြို့သစ်များတွင် နေထိုင်သူများ၏ နေရေးသာမကလူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေး၊ စားဝတ်နေရေး ချောင်လည်စေရေး တို့ကိုစီမံကိန်းများ ချမှတ်၍ ဆောင်ရွက်နေခြင်း ဖြစ်သည်ကိုတွေ့ရှိရပါသည်။ သို့ဖြစ်၍ ဤစာတမ်းဖြင့်လေ့လာတွေ့ရှိထားသည်များ နှင့်တွေ့ရှိချက်များသည်အနာဂတ်ကာလတွင်ထပ်ဆင့်ပြုလုပ်သွားနိုင်သောလူမှုစီးပွားရေး သုတေသနများ အတွက်အခြေခံဖြစ်ရုံမကဘဲ၊ နိုင်ငံတော်အစိုးရအနေဖြင့်တိုင်းပြည်၏ စီးပွားရေး တိုးတက်အောင် ဆောင်ရွက်ရာတွင်လည်း ကောင်း၊ ပြည်သူလူထုစားဝတ်နေရေး တိုးတက်မြင့်မားအောင်ဆောင်ရွက်ရာတွင်လည်း ကောင်း မည်မျှထိရောက်မှုရှိသည်၊ မည်သို့အကျိုး ရှိစွာဆက်လက်ဆောင်ရွက်သွားနိုင်သည်ကိုအထောက်အကူဖြစ်စေသည်ဟုယူဆပါသည်။

# အခန်း (၁)

## နိဒါန်း

ရန်ကုန်မြို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏မြို့တော်ဖြစ်သည့်အလျောက်ဆိပ်ကမ်း နှင့်ကုန်သွယ်မှုလုပ်ငန်း များ၏ဗဟိုအဖြစ် လည်းကောင်း၊ စီမံခန့်ခွဲရေး၊ ပညာရေး နှင့်ကျန်းမာရေး ဆိုင်ရာအခွင့်အလမ်း များ ရှိသောဗဟိုအဖြစ်လည်းကောင်း တည်ရှိခဲ့ပေသည်။ ရန်ကုန်မြို့သည် ပထဝီအနေအထား အရ အနောက်ဘက်တွင်လှိုင်မြစ်၊ အရှေ့ဘက် တွင် ငမိုးရိပ်ချောင်း၊ တောင်ဘက်တွင်ရန်ကုန်မြစ်တို့တည်ရှိနေသောကြောင့် ရန်ကုန်မြို့၏ဗဟိုမှ မြောက်ဘက်သို့သာ ရပ်ကွက်များ တိုး ချဲ့လာကာ တောင်နှင့် မြောက်အလျား ရှည်သောမြို့ပြတည်နေပုံဖြစ်လာပေသည်။ ထိုသို့တောင် နှင့် မြောက်အလျား ရှည်တည်ရှိနေမှုကြောင့် နေ့စဉ်ခရီး သွားလာရမှု ရှည်လျားကာ ခက်ခဲကျပ်တည်း မှုများ ဖြစ်ပေါ်လာပေသည်။ ထို့ကြောင့်ရန်ကုန် စည်ပင်သာယာနယ်နိမိတ်အပြင်ဘက်၌ရှိသောမြို့နယ်များ တွင် မြို့ပြလူဦးရေကို ဖြန့်ဖြူး နေရာချထား ခြင်း၊ ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း၌လည်း ကောင်း၊ ရန်ကုန်မြို့ ဧရိယာကိုတိုး ချဲ့၍လည်း ကောင်း မြို့သစ်များကိုတည် ဆောက်ခြင်း တို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင်ရန်ကုန်မြို့တော်၏နှစ်စဉ်တိုး တက်လာသောလူဦး ရေ၊ မြို့ပြတည်နေပုံအနေအထား တို့အရရန်ကုန်

မြို့တော်တိုးချဲ့ရေးကို အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတို့တွင် တိုးချဲ့ဆောင်ရွက်သွားခြင်းဖြင့် ရန်ကုန်မြို့တော်သည် မြို့ပိုင်းအသွင်သို့ ကူးပြောင်းသွားမည်ဖြစ်ပြီး၊ လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးတွင် အဆင်ပြေချောမွေ့လာမည်ဖြစ်ပေသည်။

ထို့ကြောင့် ရန်ကုန်မြို့၏ စည်ပင်သာယာနယ်နိမိတ် အရှေ့ဘက်နှင့် အနောက်ဘက်သို့ တိုးချဲ့၍ မြို့သစ်များ တည်ဆောက်ခဲ့ပါသည်။ ထိုသို့ တည်ဆောက်ခဲ့ရာ၌ အင်းစိန်မြို့နယ်တွင် အင်းစိန်တစ်ဖက်ကမ်း၌ လှိုင်သာယာမြို့သစ်ကိုလည်းကောင်း၊ အုတ်ဖိုကျေးရွာအနီးတွင် ရွှေပြည်သာမြို့သစ်ကိုလည်းကောင်း၊ လှည်းကူး မြို့နယ်တွင် ဒဂုံမြို့သစ်ကိုလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ်တွင် ဝေဘာဂီနှင့် ပေါက်တလောက်မြို့သစ်တို့ကိုလည်းကောင်း မြို့အင်္ဂါရပ်နှင့်အညီ ရုံး၊ ဆေးရုံ၊ စာသင်ကျောင်း၊ ဈေး အစရှိသည့် လူနေမှုအခြေအနေလိုအပ်ချက်များနှင့်တစ်ပါတည်း ဆောင်ရွက်ခဲ့ပါသည်။ လှိုင်သာယာ၊ ရွှေပြည်သာနှင့် ဒဂုံမြို့သစ်တို့ကို မြို့နယ်အဖြစ် သတ်မှတ်ပေးခဲ့ပြီး၊ ဝေဘာဂီနှင့် ပေါက်တလောက်ကိုမူ မြောက်ဥက္ကလာ၏ တိုးချဲ့ဒေသများအဖြစ် သတ်မှတ်ခဲ့ပေသည်။ ဤစာတမ်းတွင် ရန်ကုန်မြို့တော်၏ မြို့သစ်များအနက်မှ လှိုင်သာယာမြို့သစ်အတွင်း နေထိုင်သူအိမ်ထောင်စုများ၏ လူမှုစီးပွားရေး အသွင်သဏ္ဌာန်များကို လေ့လာစိစစ်တင်ပြသွားမည်ဖြစ်ပါသည်။

လှိုင်သာယာမြို့သစ်သည် (၁၉၈၅) ခုနှစ် မေလမှစတင်၍ အကောင်အထည်ဖော်ခဲ့သော မြို့သစ်ဖြစ်ပါသည်။ အခြားမြို့သစ်များမှာ (၁၉၈၈) ခုနှစ်နောက်ပိုင်းမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် အခြားမြို့သစ်များထက် စော၍ အကောင်အထည်ဖော်ခဲ့သော မြို့သစ်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရန်ကုန်မြို့တော်အတွင်း လူဦးရေထူထပ်ပေါများပြီး၊ လူနေမှုသိပ်သည်းခြင်းကြောင့် နေအိမ်များကြပ်သိပ်လျက် လေကောင်းလေသန့် မရရှိနိုင်ခြင်း၊ အိမ်နေရာကျဉ်းမြောင်း၍ ကျန်းမာရေးထိခိုက်စေနိုင်ခြင်း၊ မီးဘေးအန္တရာယ်ကျရောက်နိုင်ခြင်းတို့ကြောင့် အဆိုပါ အိမ်ထောင်စုများနှင့် နေအိမ်မြေယာအတည်တကျ မရှိသူများအတွက် (၁၉၈၅) ခုနှစ် မေလ (၁၃) ရက်နေ့မှစတင်၍ လှိုင်သာယာမြို့သစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် လှိုင်သာယာ

မြို့သစ်တွင် နိုင်ငံတော်မှ စိုက်ထုတ်သုံးစွဲပြီး ငွေနှင့်ပြန်ရငွေအချိုးမှာ ၅း၁ [၁] ရှိ၍ ဒဂုံမြို့သစ်တွင် နိုင်ငံတော်မှ စိုက်ထုတ်သုံးစွဲငွေနှင့်ပြန်ရငွေအချိုးမှာ ၃း၁ ရှိပြီး၊ ရွှေပြည်သာမြို့သစ်တွင် ၄င်းအချိုးမှာ ၂း၁ သာရှိသောကြောင့် အခြားမြို့သစ်များ၏ နိုင်ငံတော်မှ စိုက်ထုတ်သုံးစွဲငွေနှင့် ပြန်ရငွေအချိုး ထက်ပို၍ကြီးမြင့်နေပေသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် လှိုင်သာယာမြို့သစ် နေပြည်သူတို့ထံမှ ငွေတစ်ကျပ်ကျခံတိုင်း နိုင်ငံတော်မှ ငွေငါးကျပ်ကျခံခဲ့ခြင်းဖြင့် လှိုင်သာယာမြို့သစ်တည်ဆောက်ခြင်းတွင် အခြားမြို့သစ်များထက်ပို၍ ကျခံခဲ့ပေသည်။ နိုင်ငံတော်၏ လှိုင်သာယာမြို့သစ်တည်ဆောက်ရခြင်း ရည်ရွယ်ချက်များမှာ-

(က) ရန်ကုန်မြို့တော်၏ကြီးထွားနေသောပုံသဏ္ဍာန်မှ အရှေ့နှင့်အနောက်ခြမ်း ဒေသသို့တိုးချဲ့စေခြင်းဖြင့် အဝန်းအဝိုင်းကောင်းသော မြို့ပြဖွံ့ဖြိုးမှုပုံသဏ္ဍာန်ဖြစ်ပေါ်စေရန်၊

(ခ) ရန်ကုန်စည်ပင်သာယာနယ်နမိတ်အတွင်း မီးလောင်မြေများမှ မီးဘေးဒုက္ခသည်များအား နေရာချထားနိုင်ရေးအတွက် မြေကွက်သစ်များ ဖော်ထုတ်ပေးရန်နှင့်

(ဂ) အခြားကျူးကျော်များအား ပြောင်းရွှေ့နေရာချထားပေးရန်တို့ကို ရည်ရွယ်၍ တည်ဆောက်ခဲ့ပါသည်။[၂]

လှိုင်သာယာမြို့သစ်သည် (၁၉၈၅) ခုနှစ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး၊ ၄င်းအချိန်ကပင် ပြောင်းရွှေ့နေထိုင်သူများရှိခြင်းကြောင့် ဤစာတမ်းလေ့လာမှုပြုချိန် (၁၉၉၁) ခုနှစ်အထိ (၆) နှစ်တာကာလမျှ ရှည်ကြာပြီးဖြစ်၍၊ နေထိုင်သူများ၏ လူမှုစီးပွားရေး အသွင်သဏ္ဍာန်များ အတော်အသင့်ဖြစ်ပေါ်ပြောင်းလဲပြီး အခြေကျနေပြီဟု ယူဆရသောကြောင့်လည်းကောင်း၊ နိုင်ငံတော်မှ လှိုင်သာယာမြို့သစ်အတွက် စိုက်ထုတ်ငွေကို အခြားမြို့သစ်များထက်ပို၍ သုံးစွဲခဲ့ပြီး တည်ဆောက်ပေးခဲ့သော မြို့သစ်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ မြို့သစ်တွင်နေထိုင်သူ အများစုသည် လက်လုပ်လက်စားများနှင့် လစာနည်းဝန်ထမ်းများဖြစ်ခြင်း

---

၁ အောင်နိုင်မြင့်၊ မြန်မာ့မြို့ပြ၊ ၁၉၉၂ ခုနှစ် ဇွန်လ

၂ လှိုင်သာယာမြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

ကြောင့်လူမှုလုပ်တန်းစား တစ်ရပ်ဖြစ်ပေါ်နေခြင်း ကြောင့်လည်းကောင်း လှိုင်သာယာမြို့သစ်တွင် နေထိုင်သူများ၏လူမှုစီးပွားရေး အသွင်သဏ္ဍာန်များကို လေ့လာရန် ရွေးချယ်ခဲ့ပါသည်။

လှိုင်သာယာမြို့သစ်တွင် နေထိုင်သူများ၏လူမှုစီးပွားရေး အသွင်သဏ္ဍာန်များကို လေ့လာရာယခင်မြို့သစ်သို့မလာသူများ ပြောင်းရွှေ့နေထိုင်ခဲ့သည်၊ ၎င်းတို့၏မပြောင်းရွှေ့မီ နေထိုင်ခဲ့ကြသည့် နေထိုင်မှုအခြေအနေနှင့် ယခုမြို့သစ်တွင် နေထိုင်မှုအခြေအနေမည်ကဲ့သို့ခြားနားသည်စသည့်တို့ကို လေ့လာ၍ နိုင်ငံတော်အနေဖြင့် လှိုင်သာယာမြို့သစ်တွင်ပံ့ပိုးကူညီဆောင်ရွက်ချက်များကိုသိရှိနိုင်ရန် လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။ ထိုသို့နိုင်ငံတော်က မြို့သစ်တွင်ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းကြောင့် မြို့သစ်နေထိုင်သူများ၏လူနေမှုအခြေအနေမှာလည်း တိုးတက်မြင့်မားလာမည်ဟုယူဆမိပါသည်။ မြို့သစ်နေထိုင်သူတို့၏လူနေမှုအခြေအနေတိုးတက်မှု ရှိမရှိကို ၎င်းတို့၏ လူမှုစီးပွားရေး ဆိုင်ရာအချက်အလက်များဖြစ်သော ဝင်ငွေ၊ အလုပ်အကိုင်၊ အသုံးစရိတ်၊ နေအိမ်အခြေအနေစသည်တို့ကို လေ့လာ၍လည်းကောင်း၊ နိုင်ငံတော်၏ပံ့ပိုးကူညီဆောင်ရွက်ပေးချက်များအနေဖြင့် မြို့သစ်တွင် ဆေးရုံ၊ ဆေးခန်း၊ ကျောင်း၊ ဈေး၊ သွားတစားကွင်း၊ ပန်းခြံ၊ ရုံး စသည့်မြို့ပြဆိုင်ရာအခြေခံအဆောက်အအုံတို့၏ အရေအတွက်နှင့်လုပ်ငန်းဆောင်တာများကိုလည်း ကောင်းသန်းစစ် လေ့လာမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ဤစာတမ်းတွင်လှိုင်သာယာမြို့သစ်နေထိုင်သူများ၏ လူမှုစီးပွားရေး အသွင်သဏ္ဍာန်များကို လေ့လာတင်ပြရာတွင်အခန်း(၄) ခန်းခွဲ၍ လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။ လေ့လာမှုနှင့်ပတ်သက်၍ အခန်း(၁)တွင်ရည်ရွယ်ချက်များ၊ အဆိုပြုချက်များနှင့် လေ့လာမှုပုံစံကို တင်ပြဆွေးနွေးထားပါသည်။ လေ့လာရာတွင်အခြေခံသီအိုရီသဘောတရားများအနေဖြင့် မြို့ပြဖြစ်ထွန်းမှုအခြေခံသဘောတရားများ၊ ၎င်းတွင်မြို့ပြဖြစ်ထွန်းမှု၏အဓိပ္ပါယ်၊ မြို့ပြဖြစ်ထွန်းစေသည့်အကြောင်းရင်းများ၊ မြို့ပြဖြစ်ထွန်းမှု နှင့်လူမှုစီးပွားရေးအခြေအနေပြောင်းလဲမှုများ၊ ရန်ကုန်မြို့၏မြို့ပြထွန်းကားမှု နှင့်လှိုင်သာယာမြို့သစ်ဖြစ်ပေါ်လာပုံကိုဆက်စပ်တင်ပြချက် စသည်တို့ပါဝင်ပါသည်။ ၎င်းပြင်လူမှုစီးပွားရေးအခြေအနေကိုတိုင်းတာရာတွင် အသုံးဝင်မည့်အခြေခံသဘောတရားများစသည့်

တို့ကို အခန်း (၂) တွင်ရှင်းလင်းတင်ပြထားပါသည်။

သုတေသနပြုပုံနည်းများ ခေါင်းစဉ်ဖြင့် လေ့လာမည့် နယ်ပယ်သတ်မှတ်ခြင်း ၊ သုတေသနပြုပုံနည်းလမ်းများနှင့်သုတေသနပြု လုပ်မည့်အကြောင်းအရာများ ၊ မေးခွန်းလွှာပါအချက်အလက်များကိုအခန်း (၃) တွင်ရှင်းလင်း ဖော်ပြထားပါသည်။

လေ့လာတွေ့ရှိချက်များ နှင့်သုံးသပ်ချက်များ အနေဖြင့်နမူနာ အိမ်ထောင်စုများ၏ နေထိုင်မှုအခြေအနေအား သုံးသပ်ချက်၊နိုင်ငံတော်၏ ဆောင်ရွက်ပေးချက်များ ၊ မြို့သစ်အဆင့်အတန်း သုံးသပ်ချက်၊ တွေ့ရှိချက်များ ကို ပြောင်းရွှေ့မိသားစုနှင့် ဖြစ်ပေါ်ခဲ့သော လူမှုစီးပွားရေး အခြေအနေများ နှင့်နှိုင်းယှဉ်သုံးသပ်ချက်များ ကိုအခန်း(၄) တွင် တွေ့ရှိချက်နှင့်သုံးသပ်ချက်များ ခေါင်းစဉ်ဖြင့်ဖော်ပြထားပါသည်။

ထို့နောက် နိဂုံးချုပ် အနေဖြင့် စာတမ်းတွင် လေ့လာတွေ့ရှိချက်များ ကို ခြုံငုံသုံးသပ်ထားပါသည်။ ထိုသို့သုံးသပ်ရာတွင် လေ့လာမှုနှင့် ပတ်သက်သည့် အဆိုပြုချက်များ မှန်ကန်ခြင်း ရှိ မရှိနှင့်ပတ်သက်၍လည်း ကောင်း ထူးခြားပေါ်လွင်နေသည့် လူမှုစီးပွားရေး အခြေအနေများနှင့် ပတ်သက်၍လည်း ကောင်း ၊ ထိုသို့ဖြစ်ရခြင်း၏အကြောင်းရင်းများ နှင့် ပတ်သက်၍လည်း ကောင်း သုံးသပ်တင်ပြထားပါသည်။ ၎င်းပြင် ဤစာတမ်းဖြင့် လေ့လာမှုပေါ်အခြေခံပြီး ၊ အနာဂတ်ကာလတွင် မြို့သစ်နေထိုင်သူများ ၏ လူမှုစီးပွားရေးအခြေအနေများ ဆထက်တန်ဖိုးတိုးတက်ကောင်းမွန် စေရန်နိုင်ငံတော်အနေဖြင့် ဆောင်ရွက်သင့်ဖြစ်သောပံ့ပိုးမှုများ အပြင်၊ မြို့သစ်နေလူများ အနေဖြင့် မည်သို့ပါဝင်ကူညီ ဆောင်ရွက်နေထိုင်သွားလာကြရန်လိုအပ်ကြောင်းများ ကိုအကြံပြုတင်ပြထားပါသည်။

## ၁-၁။ ။ ရည်ရွယ်ချက်

လှိုင်သာယာမြို့သစ်တွင် နေထိုင်သူများ၏ လူမှုစီးပွားရေး အသွင်သဏ္ဌာန်ကို လေ့လာရာတွင် မြို့သစ်တွင်မည်ကဲ့သို့ သောသူများ ပြောင်းရွှေ့နေထိုင်ကြသည်ကို လေ့လာပြီး၊ ထိုသို့ ပြောင်းရွှေ့နေထိုင်ရာ၌ ၎င်းတို့၏ နေထိုင်မှုအခြေအနေ မည်ကဲ့သို့ရှိသည်ကို ၎င်းတို့၏ နေအိမ်အခြေအနေပေါ် အခြေခံ၍ လေ့လာမည်ဖြစ်ပါသည်။

လူမှုစီးပွားရေး အသွင်သဏ္ဌာန်များကို လေ့လာရာတွင် အလုပ်အကိုင်အရသော်လည်းကောင်း၊ စားဝတ်နေထိုင်မှုအဆင့်အရသော်လည်းကောင်း၊ ဝင်ငွေ သို့မဟုတ် ပစ္စည်းပိုင်ဆိုင်မှု အဆင့်အရသော်လည်းကောင်း၊ လူမှုအတန်းအစား (Social Class) အရသော်လည်းကောင်း၊ ဩဇာအာဏာအဆင့် (Power Rark) အရသော်လည်းကောင်း သတ်မှတ်လေ့လာကြသည်။

လက်တွေ့တွင် လူမှုအတန်းအစား နှင့်ဩဇာအာဏာအဆင့်တို့အရ တိုင်းတာရန်ခက်ခဲသောကြောင့် လေ့လာမှုတွင် တိုင်းတာသိရှိရန် လွယ်ကူသောအလုပ်အကိုင်၊ ဝင်ငွေ၊ အသုံးစရိတ်နှင့်ပညာအဆင့်တို့ကို သာ လေ့လာမည်ဖြစ်ပါသည်။ တဖန်မြို့သစ်သို့ ပြောင်းရွှေ့နေထိုင်သူများ၏ မပြောင်းရွှေ့မီတွင် နေထိုင်ခဲ့သောလူမှုစီးပွားရေး အဆင့်များနှင့် ပြောင်းရွှေ့ပြီး နောက်ရောက်ရှိနေထိုင်သည့် လူမှုစီးပွားရေးအဆင့် မည်သို့ခြားနားသည်ကို လေ့လာရန် ရည်ရွယ်ပါသည်။

မြို့သစ်ဖြစ်ထွန်းမှုတွင်လှိုင်သာယာမြို့သစ်သို့ ပြောင်းရွှေ့နေထိုင်သူများအနေဖြင့် မိမိတို့နေထိုင်မှုအတွက် ပြည့်မီအောင် ဆောင်ရွက်ရသည့်လိုအပ်ချက်များ ရှိသကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် ဖြည့်ဆည်းပေးသည့်လုပ်ငန်း ဆောင်ရွက်ချက်များလည်း ရှိပေသည်။ ထိုဆောင်ရွက်ချက်များ အကောင်အထည်ဖော်သည့်လုပ်ငန်းများကိုလည်း လေ့လာ၍ ထိုဆောင်ရွက်ချက်များ၏ အောင်မြင်မှုများ၊ မြို့သစ်တည်ဆောက်ရေး အတွက်မြို့သစ်နေထိုင်သူများအနေဖြင့်ပူးပေါင်းပါဝင်ဆောင်ရွက်မှုစသည်တို့ကို လေ့လာ၍ တွေ့ရှိချက်ပေါ်မူတည်ပြီး လိုအပ်ချက်များကိုအကြံပေးတင်ပြသွားရန် ရည်ရွယ်ပါသည်။ သို့ဖြစ်၍ ဤစာတမ်း၏ရည်ရွယ်ချက်များကို ကောက်ထုတ်၍အောက်

ပါအတိုင်း တင်ပြအပ်ပါသည်။

(၁) မြို့သစ်နေထိုင်သူတို့၏လူမှုစီးပွားရေး အသွင်သဏ္ဍာန်များကို လေ့လာရန်။

(၂) မြို့သစ်နေသူများ၏ဝင်ငွေနှင့်အသုံးစရိတ်များ ပြောင်းလဲမှုကို လေ့လာရန်။

(၃) မြို့သစ်နေထိုင်သူတို့၏ နေထိုင်မှုအခြေအနေ ပြောင်းလဲမှုကို လေ့လာရန်။

(၄) မြို့သစ်ဒေသတွင် နေထိုင်သူများ၏အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရန် အတွက်အထောက်အကူပြုစေမည့်လုပ်ငန်း ဆောင်ရွက်ချက်များနှင့်မြို့သစ်နေသူများ အပိုင်းမှပါဝင်ဆောင်ရွက်မှုများ၊လိုအပ်မှုများကို ဖော်ထုတ်တင်ပြရန်တို့ဖြစ်ပါသည်။

၁-၂။ ။ အဆိုပြုချက်များ

အထက်ပါရည်ရွယ်ချက်များကိုသိရှိလေ့လာနိုင်ရန် အောက်ပါအခြေခံသီအိုရီသဘောတရားများ ပေါ်အခြေခံ၍ လေ့လာမည်ဖြစ်ပါသည်။

လှိုင်သာယာမြို့သစ်တွင် နေထိုင်သူတို့၏လူမှုစီးပွားရေး အခြေအနေကို လေ့လာရာ၌ တိုင်းတာရန်လွယ်ကူမည့် Objective Conditions များအရ လေ့လာမည်ဖြစ်ပါသည်။ ၄င်းတို့မှာ အလုပ်အကိုင်၊ ပညာအဆင့်၊ ကျန်းမာရေးနှင့်စီးပွားရေး ဆိုင်ရာတိုင်းတာနိုင်သည့်အချက်များ ပေါ်အခြေခံ၍ လေ့လာခြင်းဖြစ်ပါသည်။ ထို့ပြင် လှိုင်သာယာမြို့သစ်တွင် နေထိုင်သူများ၏ နေထိုင်မှုအခြေအနေကို လေ့လာရာတွင် နေအိမ်အခြေအနေ ဝင်ငွေ၊ အသုံးစရိတ်နှင့်စားသုံးမှုစသည့် အချက်များ ပေါ်တွင်မူတည်၍ လေ့လာမည်ဖြစ်ပါသည်။

ထိုသို့ရည်ရွယ်ချက်များထား၍ လေ့လာရာမှထွက်ပေါ်လာနိုင်မည့် ရလဒ်များ၊ ယူဆချက်များအနေဖြင့် အောက်ပါအဆိုပြုချက်များကို ယူဆထားပါသည်။

၁။ လှိုင်သာယာမြို့သစ်သို့ ပြောင်းရွှေ့နေထိုင်သူတို့၏လူမှုစီးပွားရေးအဆင့်အတန်းသည် မပြောင်းရွှေ့မီက ၄င်းတို့၏လူမှုစီးပွားရေးအဆင့်

အတန်း ထက်ပို၍ ကောင်း မွန်တိုး တက်လာမည်ဖြစ်သည်။

၂။ လှိုင်သာယာမြို့သစ်သို့ ပြောင်း ရွှေ့နေထိုင်သူတို့၏ နေထိုင်မှုအခြေအနေသည် မပြောင်း ရွှေ့မီက ၄င်းတို့၏ နေထိုင်မှုအခြေအနေထက် ပို၍ ကောင်း မွန်မည်ဖြစ်သည်။

၃။ လှိုင်သာယာမြို့သစ်သည် စီး ပွား ရေး နှင့်လူမှုရေး ဆိုင်ရာ အထောက်အကူပြုနိုင်သည့် အခြေအနေအရပ်ရပ်နှင့်ပြည့်စုံသည်နှင့်အမျှ မြို့သစ်တွင် နေထိုင်သူတို့၏ နေထိုင် ရေး နှင့်စီး ပွား ရေးမှာပို မို တိုး တက် ကောင်း မွန်လာမည်ဖြစ်သည်။

ယင်း အဆိုပြုချက်များ ကို မှန်ကန်မှုရှိ မရှိ လေ့လာရာတွင် သုတေသနပြုလုပ်ရာမှ တွေ့ရှိချက်များ အရ သုံး သပ်တင်ပြသွား မည်ဖြစ်ပါသည်။ ထို့သို့ သုတေသနပြုလုပ်ရာတွင် လေ့လာမည့်ပုံစံကို အောက် တွင် ဆက်လက် ဖော်ပြထား ပါသည်။

၁-၃။ ။ <u>လေ့လာမှုပုံစံ</u>

လှိုင်သာယာမြို့သစ်တွင် နေထိုင်သူ၏လူမှုစီး ပွား ရေးအသွင်သဏ္ဌာန်များ ကို လေ့လာရာ၌ အဆိုပြုချက်များ မှန်ကန်မှု ရှိ၊ မရှိ လေ့လာ၍ မြို့သစ် နေထိုင်သူများ ၏လူမှုစီး ပွား ရေး အသွင်သဏ္ဌာန်တိုး တက်မှုရှိပါက မည်သည့်အကြောင်း များ ကြောင့်ဖြစ်သည်၊ သို့မဟုတ်အဆိုပြု ချက်များ မှား ယွင်း နေလျှင်လည်း မည်သည့်အကြောင်း များ ကြောင့်ဖြစ်နိုင်သည် စသည်တို့ကိုသုံး သပ်တင်ပြသွား မည်ဖြစ်ပါသည်။ သုံး သပ်ရန်အတွက်အသုံး ပြုရမည့် အခြေခံသီအိုရီသဘောတရား များ လိုအပ်ပါသည်။ လေ့လာရာတွင် မြို့ပြဖြစ်ထွန်း မှု၏အခြေခံသဘောတရား များ အရလည်း ကောင်း၊ လူမှုစီး ပွားရေး အခြေအနေကို တိုင်း တာနိုင် သောအ ရေအတွက်ဆိုင်ရာကိန်း ဂဏန်း အချက်အလက်များ အရလည်း ကောင်း၊ မျက်မြင်သိရှိနိုင် သော အချက်များ အရလည်း ကောင်း တိုင်း တာ လေ့လာမည်ဖြစ်ပါသည်။

လူမှုရေး သိပ္ပံပညာရှင်တို့ကလူမှုစီး ပွား ရေး အခြေအနေနှင့် ပတ်သက် ၍အရည်အသွေး ဆိုင်ရာအချက်အလက်များ( ဥပမာ- ဖြဖောာအသာ၊ စိတ်နေစိတ်ထား )အရလည်း ကောင်း ၊ အရေ အတွက်

ဆိုင်ရာအချက်အလက်များ (ဥပမာ- အလုပ်အကိုင်၊ ပညာအဆင့်၊ ဝင်ငွေ နှင့်ပစ္စည်း ပိုင်ဆိုင်မှု) အရ လည်း ကောင်း တိုင်း တာနိုင်ကြောင်း ဖော်ပြခဲ့ကြသည်။[၁] သို့ရာတွင်အရည်အသွေး ဆိုင်ရာအချက်အလက်များကို လေ့လာရန်နှင့်တိုင်း တာရန်ခက်ခဲသဖြင့်မျက်မြင်သိရှိ လေ့လာနိုင်မည့် အချက်အလက်များ ဖြင့်သာ လေ့လာသုံး သပ်တင်ပြမည်ဖြစ်ပါသည်။ ထို့ ကြောင့် သုတေသနပြုလုပ်ရာတွင် တိုင်း တာမည့်အချက်အလက်များ အနေဖြင့် နမူနာ အိမ်ထောင်စုများ ၏အလုပ်အကိုင်၊ ပညာအဆင့်၊ ဝင်ငွေ၊ အသုံး စရိတ် နှင့် နေအိမ်အခြေအနေတို့ပါဝင်ပါသည်။ ထို့ပြင်၄င်း တို့နေထိုင်ရာပတ်ဝန်း ကျင်ရှိအခြေခံအဆောက်အအုံများ ကို လေ့လာ၍မြို့သစ်၏အဆင့်အတန်း ကို သုံး သပ်တင်ပြမည်ဖြစ်ပါသည်။

ထို့ ကြောင့်လှိုင်သာယာမြို့သစ်သို့ ပြောင်း ရွှေ့နေထိုင် သူများ ၏လူမှုစီး ပွား ရေး အသွင်သဏ္ဌာန်ကို လေ့လာရာတွင်ပထမအဆင့် အနေဖြင့် မြို့ပြဖြစ်ထွန်း မှု၏ အခြေခံသဘောတရား များ နှင့်မြို့ပြဖြစ်ထွန်း မှုကြောင့်ဖြစ်ပေါ်လာသည့် လူမှုစီး ပွား ရေး အသွင်သဏ္ဌာန်များ ကိုလူမှု ရေး သိပ္ပံဆိုင်ရာစာအုပ်စာတမ်း များ မှ လေ့လာမည်ဖြစ်ပါသည်။ သို့ ဖြစ်၍ လှိုင်သာယာမြို့သစ်၏အ ခြေအ နေအဆင့်အတန်း ကို လေ့လာရာတွင်အ ခြေခံ သီအိုရီသ ဘောတရား အ နေဖြင့် မြို့ပြဖြစ်ထွန်း မှု၏ အ ခြေခံသ ဘောတရား များ ကို လေ့လာတင်ပြထား ပါသည်။ လှိုင်သာယာမြို့သစ်သည် မြို့ပြဆိုင်ရာ အ ခြင်း အရာများနှင့် ကိုက်ညီမှုရှိ မရှိ လေ့လာရာတွင်လည်း ကောင်း၊မြို့သစ် နေထိုင်သူများ ၏လူမှုစီး ပွား ရေး ဆိုင်ရာအသွင်သဏ္ဌာန်များ ကို တိုင်း တာမည့်အချက်အလက်များ ကို လေ့လာရာတွင်လည်း ကောင်း အသုံး ပြုမည့် အ ခြေခံသီအိုရီသ ဘောတရား များ ကို အခန်း (၂) တွင် ဖော်ပြထား ပါသည်။

ဒုတိယအဆင့်အ နေဖြင့် လှိုင်သာယာမြို့သစ်ရှိရပ်ကွက်(၃၅) ခုရှိသည့် အ နက် ရပ်ကွက်(၂) ခုကို စိတ်ကြိုက်နမူနာ ရွေး ချယ်နည်း(Purposive Sampling Method )ဖြင့် ရွေး ချယ်၍၊ အဆိုပါရပ်ကွက်နှစ်ခု ကို ဖြစ်ရပ် လေ့လာမှု(Case study )အ နေဖြင့် လေ့ လာမည်ဖြစ်သည်။ ထို့ ကြောင့်ရပ်ကွက်နှစ်ခု၏ အိမ်ထောင်စုစာရင်း မှ နမူနာအိမ်ထောင်စု များ ကို သာမန်ကျပန်း နမူနာ ကောက်ယူနည်း (Random Sampling Method )အရ ကွင်း ဆင်း လေ့လာမည်ဖြစ်ပါသည်။ ထိုသို့ကွင်း ဆင်း

၁။ ဒေါက်တာခင်မောင်ကြည် ။ ခေတ်သစ်မြန်မာလူ့အဆောက်အအုံတွင်လူ့အလွှာပြောင်းရွှေ့မှုများ
ဒေါ်တင်တင်

လေ့လာမှု( Survey Study )ပြုလုပ်ရာတွင် နမူနာကောက်ယူထားသောအိမ်ထောင်စုများကို မေးခွန်းလွှာ(Questionnaire )ဖြင့်မေးမြန်းခြင်းနှင့်မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့်တာဝန်ရှိပုဂ္ဂိုလ်များထံမှလိုအပ်သောအချက်အလက်များကိုမေးမြန်းလေ့လာခြင်းတို့ကိုပြုလုပ်မည်ဖြစ်ပါသည်။

လှိုင်သာယာမြို့သစ်ရှိရပ်ကွက်နှင့်ကျေးရွာအုပ်စုများ၏ပါဝင်ဖွဲ့စည်းမှုအခြေအနေကို လေ့လာနိုင်ရန် လှိုင်သာယာမြို့သစ်၏မြေပုံကို ပုံချပ်(၁-၁)ဖြင့်ဖော်ပြထားပါသည်။ လှိုင်သာယာမြို့သစ်တွင် ရပ်ကွက်(၃၅)ခုဖွဲ့စည်းပါဝင်ပြီး၊ ကျေးရွာအုပ်စုများမှာ- ကခင်ကျေးရွာ၊ ရွှေလင်ပန်းကျေးရွာ၊ အလယ်ရွာ၊ ရှမ်းချောင်းရွာ၊ ညောင်ရွာ၊ ရေဥက္ကံရွာ၊ အပြင်ပဒဲရွာ၊ အတွင်းပဒဲရွာနှင့်ကူးကြီးစုကျေးရွာတို့ပါဝင်ပါသည်။ မူလက လှိုင်သာယာမြို့သစ်တစ်ခုလုံးအနေဖြင့်လေ့လာရန်ရည်ရွယ်ခဲ့သော်လည်း၊ လေ့လာရန်အချိန်၊ ငွေကြေးနှင့်လူအင်အားအခက်အခဲများရှိသောကြောင့်၊ မြို့သစ်တစ်ခုလုံးရှိနေထိုင်သူများ၏လူမှုစီးပွားရေးအသွင်သဏ္ဌာန်ကိုမလေ့လာနိုင်ခဲ့ပါ။ ထို့ကြောင့်သွားလာရလွယ်ကူသည့်အပြင်လေ့လာရန်အလှမ်းမဝေးနိုင်သည့် ရပ်ကွက်အမှတ်(၂၀)နှင့်အမှတ်(၂၄)တို့ကိုသာရွေးချယ်၍၊ လေ့လာခဲ့ပါသည်။ ၎င်းရပ်ကွက်နှစ်ခုကိုကွင်းဆင်းလေ့လာရာ၌ စီးပွားရေးတက္ကသိုလ်၊ပါဏိဗေဒဌာနမှ နည်းပြဆရာမများ၏အကူအညီကို ရယူ၍ လေ့လာခဲ့ပါသည်။

၁၉၉၁-၉၂ခုနှစ်စာသင်နှစ်အတွင်းမြို့နယ်နှင့်ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏အကူအညီဖြင့်နမူနာအိမ်ထောင်စုများထံမှ လိုအပ်သောသတင်းအချက်အလက်များကိုကောက်ယူခဲ့ပါသည်။ ထိုသို့သတင်းအချက်အလက်ကောက်ယူစုဆောင်းမှုနှင့်ကွင်းဆင်းလေ့လာမှုကိုအခန်း(၃)တွင်သုတေသနပြုပုံနည်းများခေါင်းစဉ်ဖြင့်ဖော်ပြထားပြီး၊ မေးခွန်းလွှာပါအကြောင်းအရာများကိုလည်း ဖော်ပြထားပါသည်။

ဤစာတမ်းတွင် မကြာခဏအသုံးပြုမည်ဖြစ်သောစကားလုံးများ၏အဓိပ္ပါယ်များကို ယခုဖွင့်ဆိုပါသည်။ ထိုသို့ဖွင့်ဆိုခြင်းဖြင့် ဤစာတမ်း၏ဆိုလိုရင်းကို ပိုမို၍တိကျစွာထုတ်ဖော်နိုင်မည်ဖြစ်ပါသည်။

ပုံချပ် ၁-၁ ။ လှိုင်သာယာမြို့သစ်၏မြေပုံ



<u>အိမ်ထောင်စု</u> ။ ။ သွေးရိုး တော်စပ်သည်ဖြစ်စေ၊ သွေးရိုး မတော်စပ်သည်ဖြစ်စေ၊ တစ်အိမ်တည်း တွင်အတူနေထိုင်၍ စား ၊ ဝတ်၊ နေထိုင်မှုအသုံး စရိတ်အား လုံး တွင်အချိုး ကျကျခံသည့် လူတစ်စုကိုအိမ်ထောင်စု ဟု သတ်မှတ် လေ့လာ ပါသည်။ ထို့ကြောင့်အိမ်ထောင်စုဝင်ဦး ရေတွင်အတူနေသူအိမ်ထောင်စုဝင်ဦး ရေကိုသာထည့်သွင်း ထား ပြီး ၊ အတူမနေမိသားစုဦး ရေများ ကိုဖယ်ထုတ်ထား ပါသည်။ ထို့ကြောင့်အိမ်ထောင်စုသည် မိသားစုနှင့်အဓိပ္ပါယ်ချင်း ကွာခြား ပါသည်။

<u>အိမ်ထောင်ဦး စီး</u> ။ ။ အိမ်ထောင်ဦး စီး ဆိုရာတွင် အိမ်ထောင်စုတွင်အကြီးကဝင် ငွေရရှိထား ပြီး ၊ အိမ်ထောင်စု၏စီး ပွား ရေး ဆိုင်ရာ ဆုံးဖြတ်ချက်များ ကိုဦး စီး ဦး ဆောင်ချမှတ်သူကို အိမ်ထောင်ဦး စီး အဖြစ်သတ်မှတ် လေ့လာ ပါသည်။

<u>အစိုး ရဝန်ထမ်း</u> ။ ။ အစိုး ရဌာနအဖွဲ့အစည်း အသီး သီး တွင် လုပ်ကိုင်လျက်ရှိ သော နေ့စားမှအစ အမြဲခန့်လစာဝန်ထမ်း လုပ်ကိုင်သူများအား လုံး ကို အစိုး ရဝန်ထမ်း ဟုသတ်မှတ် ထား ပါသည်။

<u>ပုဂ္ဂလိကလုပ်ငန်းတွင်လုပ်ကိုင်သူ</u>။ ။ စက်ရုံ၊ အလုပ်ရုံနှင့် ပုဂ္ဂလိကပိုင် လုပ်ငန်း များ တွင်အခစား ဖြင့်ဝင် ရောက်လုပ်ကိုင်သူများ၊ ကျဘမ်းဝင် ရောက်လုပ်ကိုင်သူများ ၊ ပစ္စည်း ယူ၍ နေ့ပြန်သွင်းစနစ်ဖြင့်အရောင်း အဝယ်လုပ်ကိုင်သူများ ၊ မိမိကိုယ်တိုင်အရင်း အနှီး မစိုက်ထုတ်ဘဲ အခြားသူများ ထံ၌ အခကြေး ငွေရယူ၍လုပ်ကိုင်သူများ အား လုံး ကို ပုဂ္ဂလိကလုပ်ငန်း တွင်လုပ်ကိုင်သူများ အဖြစ်သတ်မှတ်ပါသည်။

<u>ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ</u>။ ။ ကိုယ်ပိုင်ငွေအရင်း အနှီး စိုက်ထုတ် ၍ တည်ထောင်ထား သော ခေါင်း ရွက်ဗျတ်ထိုး ဈေး သည်မှ အစကုန်သည်များ လုပ်ငန်း ရှင်များ အား လုံး ပါဝင်ပါသည်။

တတိယအဆင့်အနေဖြင့် မြို့သစ်အခြေအနေအဆင့် အတန်း ကို လေ့လာရာတွင်နိုင်ငံ တော်အစိုး ရအနေဖြင့် မြို့သစ်နေထိုင်သူတို့၏လူမှု စီး ပွား ရေး အခြေအနေတိုး တက် ကောင်း မွန် စေရန်ပံ့ပိုး ကူညီ ဆောင် ရွက်ချက်များ ကို လှိုင်သာယာမြို့နယ်ငြိမ်ဝပ်ပိပြား မှုတည်ဆောက် ရေးအဖွဲ့ထံမှ

လည်း ကောင်း ၊ စာနယ်ဇင်း များ ၊ မှတ်တမ်း နှင့်စာအုပ်စာ တမ်း များ အရ လည်း ကောင်း လေ့လာတင်ပြသွား မည်ဖြစ်ပါသည်။

## အခန်း (၂)

### မြို့ပြဖြစ်ထွန်းမှု၏အခြေခံသဘောတရား

ဤအခန်းတွင်မြို့ဖြစ်ပေါ်မှု၏အခြေခံသဘောတရားများအနေဖြင့်မြို့ပြဖြစ်ထွန်းမှု၏အဓိပ္ပါယ်သတ်မှတ်ချက်နှင့်အင်္ဂါရပ်များ၊ မြို့ပြဖြစ်ထွန်းမှုကိုဖြစ်ပေါ်စေသောအကြောင်းရင်းများကို လှိုင်သာယာမြို့ဖြစ်ပေါ်လာမှုနှင့်ပတ်သက်၍အခြေခံလေ့လာမည်ဖြစ်ပါသည်။

### ၂-၁။ မြို့ပြဖြစ်ထွန်းမှု၏အဓိပ္ပါယ်သတ်မှတ်ချက်နှင့်အင်္ဂါရပ်များ

မြို့ပြဖြစ်ထွန်းမှုဆိုသည်မှာ တဖြည်းဖြည်းပြောင်းလဲလာသောဖြစ်စဉ်တစ်ရပ်ဖြစ်ပြီး ၊ ထိုဖြစ်စဉ်တွင်တိုးတက်ပြောင်းလဲမှုအမျိုးမျိုး ပါဝင်ပါသည်။ မြို့ပြဖြစ်ထွန်းမှုကိုဖြစ်ပေါ်စေသည့်တိုးတက်ပြောင်းလဲမှုအမျိုးမျိုးတို့တွင် (၁) စုစုပေါင်းလူဦးရေပမာဏ၊ (၂) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ (၃) စက်မှုနည်းပညာနှင့် (၄) လူမှုရေးနှင့်စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများတိုးတက်ပြောင်းလဲမှုတို့ပါဝင်ပါသည်။[၁]

---

Hauser, P.M: The Study of Urbanization, John Wiley, New York, 1965. Pg.I.

ထိုကဲ့သို့ တိုးတက်ပြောင်းလဲရာမှ မြို့ပြအဆင့်ဟုသတ်မှတ်ထားသောအဆင့်ကို ရောက်ရှိပြီး ၊ မြို့ပြထွန်းကားမှုအရှိန်အဟုန်ကိုမြင့်မားစေသော အခြေခံလက္ခဏာတစ်ရပ်မှာ မိမိ၏အစားအစာကိုကိုယ်တိုင်မထုတ်လုပ်ဘဲ နေထိုင်ကြသည့်လူဦးရေပမာဏကြီးထွားလာမှုပင်ဖြစ်သည်။ ၄င်းအချက်နှင့်ပတ်သက်၍ Dr. Sundrum ၏ Urbanization; Burmese Experience: အမည်ရှိစာအုပ်တွင် " မိမိတို့၏အစားအစာကိုကိုယ်တိုင်မထုတ်လုပ်ဘဲ ၊ အနည်းအားဖြင့်လယ်ယာဖြင့်အသက်မွေးဝမ်းကျောင်းခြင်းမပြုဘဲ ၊ တစုတဝေးပူးပေါင်းနေထိုင်သည့်လူဦးရေအရွယ်အစားအားဖြင့်အတော်အသင့်ကြီးမားသောလူ့အဖွဲ့အစည်းကို မြို့နေလူ့အဖွဲ့အစည်း (Urban Communities ) " ဟုသတ်မှတ်ထားပါသည်။

မြို့ပြထွန်းကားမှုအဆင့်သည် အောက်ပါအချက်များပေါ်တွင်လည်း မူတည်နေပေသည်။

(၁) ခေတ်မီလယ်ယာစိုက်ပျိုးရေး နည်းလမ်းများ လုံလောက်မှု

(၂) ရေရရှိရေး နှင့်ဖူလုံမှု

(၃) အခြေခံစားကုန်နှင့်ကုန်ကြမ်းပစ္စည်းများ ထောက်ပံ့ပေးနိုင်သောကျောထောက်နောက်ခံဒေသများ နှင့်ပို့ဆောင်ဆက်သွယ်ရေးစနစ်၏ထိရောက်အောင်မြင်မှု

(၄) ကြီးမားသောလူဦးရေကိုအည့်ငြိမ်သောအသက်မွေးဝမ်းကျောင်းဖြင့် နေထိုင်နိုင်ရေး အတွက်လူမှုရေး ၊ စီးပွားရေး အဖွဲ့အစည်းများ အကူညီဆောင်ရွက်ပေးနိုင်မှုစသည့်အချက်များ ဖြစ်ပါသည်။[၁]

အဆိုပါမြို့ပြဆိုင်ရာသတ်မှတ်ချက်များ အရလှိုင်သာယာမြို့သစ်ကိုနှိုင်းယှဉ်ကြည့်ပါကလူဦးရေနှင့်လူမှုရေး ၊ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများ တိုးတက်မှုအရတိုင်းတာနိုင်ပေသည်။ ထို့အပြင် ရေရရှိရေး နှင့်ဖူလုံမှု၊ အခြေခံစားကုန်နှင့်ကုန်ကြမ်းပစ္စည်းများ ထောက်ပံ့နိုင်သောကျော ထောက်နောက်ခံဒေသများ နှင့်ပို့ဆောင်ဆက်သွယ်ရေး စနစ်၏ထိရောက်အောင်မြင်မှုရှိမရှိတို့ဖြင့်လည်းတိုင်းတာနိုင်ပါသည်။

---

၁။ Dr. Sundrum: Urbanization; The Burmese Experience: University Of Yangon. Departments Of Economics Statistics & Commerce. 1957.

တို့အပြင်မြို့ဟုသတ်မှတ်နိုင်ရန်အခြေခံစီးပွားရေးလုပ်ဆောင်ချက်များဖြစ်သည့်လယ်ယာလုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့်ဆိုင် ရက်မှုလုပ်ငန်းများ အနက်မည်သည့်စီးပွားရေးလုပ်ငန်းကိုလုပ်ဆောင်သည်ဖြစ်စေ လူဦးရေအတော်အသင့်တိုးပွားလာမှုရှိရန်လိုပေသည်။ လူဦးရေအရွယ်အစားနှင့်ပတ်သက်၍မြို့ပြဖြစ်ထွန်းမှု၏အဓိပ္ပါယ်ဖွင့်ဆိုချက်များကိုလည်း အောက်ပါအတိုင်းတွေ့ရှိရပါသည်။

Dr. Philip Houser ကလူဦးရေ(၅၀၀၀) အထက်ရှိသောမြို့များကိုမြို့ပြအဖြစ်သတ်မှတ်နိုင်ကြောင်း၊ "The Study of Urbanization" အမည်ရှိစာအုပ်တွင်ဖော်ပြထားပါသည်။ ထို့ကြောင့်မြို့ပြဖြစ်ထွန်းမှုကိုလူဦးရေအရွယ်အစားပေါ်မူတည်၍သတ်မှတ်နိုင်ပြီး၊ မြို့နေလူဦးရေတိုးတက်လာမှုကိုမြို့ပြဖြစ်ထွန်းမှုဟုခေါ်ဆိုနိုင်ပေသည်။

ကမ္ဘာ့ကုလသမဂ္ဂ၏မြို့ပြသတ်မှတ်ချက်ကလူဦးရေ(၂၀၀၀၀)နှင့်၎င်းအထက်ရှိသောမြို့များကိုအနေတော်အရွယ်အစားအဖြစ်သတ်မှတ်ပြီး လူဦးရေ(၁၀၀၀၀၀)နှင့်အထက်မြို့များကိုအရေးအပါဆုံးအရွယ်အစားအဖြစ်သတ်မှတ်၍မြို့အင်္ဂါရပ်နှင့်ကိုက်ညီသည့်အစီအစဉ်များရေးဆွဲရန်အကောင်းဆုံးအရွယ်အစားဟုသတ်မှတ်ထားသည်။ လူဦးရေ(၁,၀၀၀,၀၀၀)နှင့်အထက်ရှိမြို့များနှင့်လူဦးရေ(၅,၀၀၀,၀၀၀)နှင့်၎င်းအထက်ရှိမြို့များကိုတတိယအဆင့်နှင့်စတုတ္ထအဆင့်အဖြစ်သတ်မှတ်ထားပြီး၊ ၎င်းအဆင့်များကိုအပြည်ပြည်ဆိုင်ရာညီလာခံကအလေးထားသည့်အရွယ်အစားအဖြစ်သတ်မှတ်ထားသည်။

Kingsledavid ၏မြို့နေလူဦးရေသတ်မှတ်ချက်မှာအဆင့်(၄)ဆင့်ခွဲခြားထားသည်ကိုတွေ့ရသည်။ ၎င်းတို့မှာ-

(၁) လူဦးရေ ၅၀၀၀နှင့်အထက်

(၂) လူဦးရေ ၁၀၀၀၀နှင့်အထက်

(၃) လူဦးရေ ၂၅၀၀၀နှင့်အထက်

(၄) လူဦးရေ ၁၀၀၀၀၀၀နှင့်အထက်ရှိမြို့များဟူ၍ဖြစ်ပါသည်။[၁]

၁။ Dr. Sundrum: Urbanization; The Burmese Experience.

မြန်မာနိုင်ငံတွင်လူဦးရေအရွယ်အစားနှင့်ပတ်သက်၍မြို့ပြဖြစ်ထွန်းမှုကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။

(၁) လူဦးရေ ၁၀၀၀ အောက်ရှိမြို့များ
(၂) လူဦးရေ ၁၀၀၀ နှင့် ၅၀၀၀ ရှိမြို့များ
(၃) လူဦးရေ ၅၀၀၀ နှင့် ၁၀၀၀၀ ရှိမြို့များ
(၄) လူဦးရေ ၁၀၀၀၀ နှင့် ၂၀၀၀၀ ရှိမြို့များ
(၅) လူဦးရေ ၂၀၀၀၀ နှင့် ၅၀၀၀၀ ရှိမြို့များ
(၆) လူဦးရေ ၅၀၀၀၀ နှင့် ၁၀၀၀၀၀ ရှိမြို့များ
(၇) လူဦးရေ ၁၀၀၀၀၀ နှင့်အထက်ရှိမြို့များ ဟူ၍ဖြစ်ပါသည်။

အဆင့်(၁) သို့လူဦးရေအရွယ်အစား အရမြို့ပြဟုသတ်မှတ်၍မရသော်လည်း ၊ အုပ်ချုပ်မှုလွယ်ကူစေရန်မြို့ဟုသတ်မှတ်ထားခြင်းဖြစ်ကြောင်း တွေ့ရသည်။ (၁၉၅၃) ခုနှစ်တွင်မြန်မာနိုင်ငံရှိလူဦးရေ-(၅၀၀၀) နှင့်အထက်ရှိဒေသများ အားလုံးကိုမြို့အဖြစ်သတ်မှတ်ထားပါသည်။[၁]

မြိုင်သာယာမြို့သစ်ကိုလူဦးရေအရွယ်အစား အရလေ့လာမည်ဆိုလျှင်(၁၉၈၅) ခုနှစ်ကပင်လူဦးရေ(၁၁၃၃၆၈)ဦးနေထိုင်လျက်ရှိသည်ကို တွေ့ရပြီး (၁၉၉၂) ခုနှစ်တွင်လူဦးရေ(၁၅၄၆၃၆)ဦး အထိတိုးတက်လာသည်ကို တွေ့ရပါသည်။ ထပ်၍လည်း တိုးပွားလာမည့်အလားအလာများ ရှိပါသည်။ ထို့ကြောင့်လူဦးရေအရွယ်အစား အရမြန်မာနိုင်ငံ၏မြို့ပြဖြစ်ထွန်းမှုအဆင့်(၇)တွင်ပါဝင်နေပါသည်။ အခြားလူဦးရေအရွယ်အစား အရမြို့ပြဆိုင်ရာသတ်မှတ်ချက်များနှင့်လည်း ကိုက်ညီမှုရှိနေပေသည်။

လူမှုစီးပွားရေးဆိုင်ရာအဖွဲ့အစည်းများတိုးတက်ပြောင်းလဲလာခြင်းဖြင့်လည်း မြို့ပြဖြစ်ထွန်းမှုကိုဖြစ်ပေါ်စေပါသည်။ သမိုင်းဦးဘုံမြေခေတ်မှပင်အစပြု၍ လူတို့သည်အုပ်စုများဖွဲ့၍ နေထိုင်ခဲ့ရာမှလူ့အဖွဲ့အစည်းများ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ လူ့အဖွဲ့အစည်းများသည် မိမိတို့၏အကျိုးတူရရှိနိုင်ရန်ဖွဲ့စည်းထားကြခြင်းဖြစ်သည်။ ထို့

---

၁။ Dr. Sundrum: Urbanization, The Burmese Experience;Pg Pg.8-9.

ကြောင့်လူမှုရေး ရည်ရွယ်ချက်တူရာဖွဲ့စည်းထားသောအဖွဲ့အစည်းများ၊ စီးပွားရေး အရ ရည်ရွယ်ချက်တူရာဖွဲ့စည်းထားသောအဖွဲ့အစည်းများ အုပ်ချုပ်ရေး ရည်ရွယ်ချက်အရဖွဲ့စည်းထားသောအဖွဲ့အစည်းများစသည် ဖြင့်လူမှုအဖွဲ့အစည်းများ တိုးတက်ကွဲပြားလာခဲ့သည်။

လူ့အဖွဲ့အစည်းနှင့်ပတ်သက်၍အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ - တည်ငြိမ်ပြီး၊ သေးငယ်၍အလိုအလျောက်တည်ရှိသော (Self-Contained Units) ကိုယ်ပိုင်အဖွဲ့အစည်းများ၊ ရှေးကပင်အခြေတိုက်နေထိုင်လာသူများ၏ အဖွဲ့အစည်းများ၊ ကျေးရွာများ၊ Primitive tribes နှင့် immigrant areas - များကိုသာမက ကျယ်ပြန့်၍ ရှုပ်ထွေးပြီး (interdependent) အပြန်အလှန်မှီခိုမှုရှိသောမြို့ပြဒေသများ၊ စနစ်တကျတည်ဆောက်ထားသောမြို့ပြဒေသနှင့်၎င်းမှတစ်ဆင့်ခွဲခြားထားသောဒေသများကိုလည်း လူ့အဖွဲ့အစည်းဟုပင်ခေါ်ဆိုနိုင်ပေသည်။[၁]

တဖန်လူ့အဖွဲ့အစည်းတွင်အုပ်ချုပ်မှုခွဲဝေခြင်း၊ ပညာရေးစနစ်ခွဲဝေခြင်း၊ သယ်ယူပို့ဆောင်ရေးစနစ်ခွဲဝေခြင်း၊ ကျန်းမာရေးလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်းနှင့်အပန်းဖြေအနားယူနိုင်သည့်အထောက်အကူပြုလုပ်ငန်းများ ခွဲဝေခြင်းတို့ပါဝင်ပါသည်။[၂]

လှိုင်သာယာမြို့သစ်တွင်လူမှုရေး ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေး ဆိုင်ရာအဖွဲ့အစည်းများ အပြင်အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းများ ပါတိုးတက်ပြောင်းလဲလာခဲ့ကြောင်း တွေ့ရပါသည်။ ထိုသို့တိုးတက်ပြောင်းလဲလာစေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့်တာဝန်ယူ ဆောင်ရွက်ပေးခဲ့ပေသည်။

ထို့အပြင်မြို့ပြဖြစ်ထွန်းမှုနှင့်ပတ်သက်၍ ဖွံ့ဖြိုးပြီးနိုင်ငံများ နှင့်ဖွံ့ဖြိုးဆဲနိုင်ငံများ တွင်မြို့ပြဖြစ်ထွန်းစေသောအခြေခံအချက်များမ တူညီကြောင်း တွေ့ရပေသည်။ ဖွံ့ဖြိုးမှုများသောနိုင်ငံများတွင်မြို့ပြ ဖြစ်ထွန်းကားလာရသည့်အခြေခံအချက်မှာစက်မှုလုပ်ငန်းများတိုးတက်လာ၍၊

---

၁။ PAULINE V.YOUNG: Scientific Socialsurceys and research Fourth edition, Pg.514.

၂။ Jesie Bernard, American Community Behewior. Holt, Rinehart & Winston, Inc, 1963, Chapter I.

မြို့တွင်လုပ်သား လိုအပ်မှုများ ကြောင့် ကျေးလက်ရှိလူများ သည်မြို့သို့ပြောင်း ရွှေ့လာခြင်း ဖြင့်မြို့နေလူဦး ရေတိုး တက်လာခဲ့ပေသည်။

(ဖွံ့ဖြိုးဆဲနိုင်ငံများ ၊ ဖွံ့ဖြိုး မှုနည်း သောနိုင်ငံများ၌ မြို့နေလူဦး ရေများ ပြား လာခြင်း သည်စက်မှုလုပ်ငန်းများကိုး တက် လာခြင်း ကြောင့်မဟုတ်ဘဲ၊ အုပ်ချုပ်ရေး နှင့်စီး ပွား ရေး ထွန်းကားလာ ခြင်း ကြောင့်ဖြစ်သည်။) အရှေ့တောင်အာရှ နိုင်ငံအများ စုသည်ကိုလိုနီနိုင် ငံများ ဖြစ်ခဲ့၍ ဖွံ့ဖြိုး မှုနည်း သောနိုင်ငံများ လည်း ဖြစ်သည်။ ကိုလိုနီစနစ် သည်အရင်း ရှင်နိုင်ငံကြီး များ ကမိမိတို့နိုင်ငံ၏အကျိုးစီး ပွား အတွက်မဖွံ့ ဖြိုး ၊ မတိုး တက် သေး သောနိုင်ငံများ ကိုလက် အောက်ခံ နိုင်ငံများ အဖြစ် နယ်ချဲ့အုပ်ချုပ် သောစနစ်ဖြစ်သည်။ ထို့ကြောင့်ကိုလိုနီစနစ်သည်ကိုလိုနီ နိုင်ငံ များ ၏နိုင်ငံရေး ၊ စီး ပွား ရေး ၊ ယဉ်ကျေး မှုနှင့်မြို့ပြဖြစ်ထွန်း မှုတို့ အပေါ်လွှမ်း မိုး သက် ရောက်မှုရှိခဲ့သည်။ အရင်း ရှင်နိုင်ငံကြီးများသည် ၊ ကိုလိုနီနိုင်ငံများ တွင်အုပ်ချုပ်ရေး လွယ်ကူ စေရန်မြို့တည် ဆောက်ခြင်း ၊လမ်း ပန်း ဆက်သွယ် ရေး ကောင်း မွန် အောင် ဆောင်ရွက်ခြင်းစသည့်လုပ်ငန်းများ ကိုမိမိတို့အကျိုး စီး ပွား အတွက်လိုအပ်သလောက် ဆောင်ရွက် ပေး ခဲ့သည်။ ထို့ အပြင်ကိုလိုနီနိုင်ငံများအနေဖြင့်စီး ပွား ရေး အရပြင်ပဆက်သွယ်မှုရရှိစေ ခဲ့ပြီး ၊ ကုန်သွယ်မှုထွန်း ကား လာခဲ့ပါသည်။ အုပ်ချုပ်ရေး နှင့်သဘာဝသ ယံ ဇာတရယူမှုအ ခြေခံစခန်း များ ထွန်း ကား လာခြင်း ကြောင့်မြို့ပြများ ထွန်း ကား လာပြီး မြို့နေလူဦး ရေမှာလည်း တိုး တက်လာခဲ့ပေသည်။

## ၂-၂။ မြို့ပြဖြစ်ထွန်း မှုကိုဖြစ်ပေါ်စေသောအကြောင်းရင်း များ

ဖွံ့ဖြိုး မှုများ သောနိုင်ငံများ တွင်ဖြစ်စေ၊ ဖွံ့ဖြိုး မှုနည်း သောနိုင်ငံများ တွင်ဖြစ်စေမြို့ပြဖြစ်ထွန်း မှုကိုဖြစ်ပေါ်စေသောအကြောင်း ရင်း များ မှာသဘာဝအလျောက်လူဦး ရေတိုး ပွား လာမှုကြောင့်လည်း ကောင်း ၊ ကျေး လက်မှလူများ မြို့သို့ပြောင်း ရွှေ့လာမှုကြောင့်လည်းကောင်း မြို့ဟုသတ်မှတ် သောနေရာဒေသများ ကြောင့်လည်း ကောင်း ၊ မြို့ပြဖြစ်ထွန်း မှုကိုဖြစ်ပေါ် စေပါသည်။ အဆိုပါအကြောင်း ရင်း တစ်ခုစီကို အောက်ပါအ တိုင်း ခွဲခြား ပြီး ဖော်ပြနိုင်ပါသည်။

(က) <u>သဘာဝအလျောက်လူဦးရေတိုးတက်မှု</u>

သဘာဝလူဦးရေတိုးတက်မှုကိုသဘာဝလူဦးရေတိုးနှုန်းဖြင့်ဖော်ပြလေ့ရှိပါသည်။ သဘာဝလူဦးရေတိုးနှုန်းကိုမွေးနှုန်းနှင့်သေနှုန်းခြားနားခြင်းဖြင့်တွက်ချက်နိုင်ပါသည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင်နိုင်ငံအများအပြားရှိကျန်းမာရေးအဆင့်အတန်းမြင့်မားလာမှုကြောင့်သေနှုန်းကျဆင်းသွားခဲ့ပေသည်။ ဖွံ့ဖြိုးမှုများသောနိုင်ငံများတွင်လူဦးရေထိန်းချုပ်မှုနှင့်မိသားစုစီမံကိန်းများကြောင့်မွေးနှုန်းပါကျဆင်းသွားခဲ့ပေသည်။ ဖွံ့ဖြိုးမှုနည်းသောနိုင်ငံများတွင်မူဘာသာရေးထုံးတမ်းစဉ်လာအရမွေးနှုန်းထိန်းချုပ်မှုမရှိခြင်း၊ ပျမ်းမျှလက်ထပ်သည့်အသက်ငယ်ရွယ်ခြင်းတို့ကြောင့်လူဦးရေတိုးနှုန်းလျင်မြန်စွာတိုးတက်လာခြင်းဖြစ်ပါသည်။ ထိုသို့လူဦးရေတိုးတက်လာခြင်းသည်မြို့များဖြစ်ပေါ်ထွန်းကားလာခြင်း၏အကြောင်းရင်းတစ်ခုဖြစ်ပေသည်။

(ခ) <u>ကျေးလက်မှလူများမြို့သို့ပြောင်းရွှေ့လာမှု</u>

ကျေးလက်မှလူများမြို့သို့ပြောင်းရွှေ့လာမှုကြောင့်လည်းမြို့ကြီးများဖြစ်ပေါ်လာစေပါသည်။ ထိုသို့ဖြစ်ရခြင်းသည်မြို့၏ဆွဲငင်အားကြောင့်သော်လည်းကောင်း၊ ကျေးလက်၏တွန်းကန်အားကြောင့်လည်းကောင်း၊ နှစ်မျိုးစလုံးကြောင့်သော်လည်းကောင်း၊ မြို့သို့ပြောင်းရွှေ့လာကြခြင်းဖြစ်ပါသည်။ မြို့၏ဆွဲငင်အားတွင်မြို့ကကျေးလက်ထက်အလုပ်အကိုင်ရရှိမှုနှင့်အလုပ်အကိုင်ရွေးချယ်နိုင်မှုအခွင့်အလမ်းပိုများခြင်း၊ အခြားဒေသများနှင့်ဆက်သွယ်ရေးပိုမိုလွယ်ကူအဆင်ပြေခြင်း၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းပိုများခြင်း၊ ပညာသင်ကြားမှု၊ ဆေးဝါးကုသမှု၊ လုံခြုံမှုစသည့်လူမှုရေးအခွင့်အလမ်းများပိုမိုရရှိခြင်း၊ ရုပ်ရှင်ရုံ၊ ကစားရုံ၊ ဈေးကြီးများ၊ ပြတိုက်များ၊ စာကြည့်တိုက်၊ အားကစားရုံ၊ ပန်းခြံ၊ ဟိုတယ်စသောမြို့၏အဆောင်အယောင်များရှိခြင်းတို့ပါဝင်ပါသည်။ ကျေးလက်၏တွန်းကန်အားတွင်ကျေးလက်နှင့်မြို့ပြ၏ဝင်ငွေရရှိမှုနှင့်အလုပ်အကိုင်အခွင့်အလမ်းကွာခြားမှု၊ ကျေးလက်တွင်လယ်ယာလုပ်

ထွက်များ တဖြည်းဖြည်း ကျဉ်း မြောင်း လာမှု၊ ကျေး လက်ထွင်ရင်း နှီး မြှုပ်နှံ ရန်အခွင့်အလမ်း နည်း ပါး ခြင်း ၊ ဆက်သွယ်ရေး ခက်ခဲခြင်း ၊ ပညာရေး ၊ ကျန်း မာရေး စသောလူမှုရေး နှင့်လူနေမှုအခွင့်အလမ်း နည်း ပါး ခြင်း ၊ လုံခြုံမှုနည်း ပါး ခြင်း တို့ပါဝင်ပါသည်။

( ဂ ) မြို့ဟုသတ်မှတ်ထား သော ဒေသများ ကြောင့်မြို့ပြဖြစ်ထွန်းလာခြင်း

မြို့ဟုသတ်မှတ်ထား သောနေရာဒေသများ တွင်မြို့ ပြ ဖြစ်ထွန်း လာခြင်း မှာသဘာဝလူဦး ရေတိုး တက်မှုနှင့်အကြောင်းအမျိုး မျိုး ကြောင့်အခြား ဒေသများ မှလူများ ဝင်ရောက်လာ၍မြို့ပြဆိုင်ရာ လူမှုစီး ပွား ရေး အဆောက်အအုံများ( Infra- Structure)ဖွံ့ဖြိုး တိုး တက်လာပြီး မူလကမြို့ဟုသတ်မှတ်ခြင်း မခံရသော ဒေသတစ်ခုကိုမြို့အဖြစ်သို့ ပြောင်း လဲသတ်မှတ်ခြင်း ပင်ဖြစ်သည်။ ထိုအခါထို ဒေသရှိလူဦး ရေသည်မူ လက ကျေး လက်လူဦး ရေအဖြစ်မှမြို့နေလူဦး ရေအဖြစ်သို့တိုး တက်သွားပြီး မြို့ပြအဖြစ်သို့ ရောက်ရှိလာခြင်း ဖြစ်ပါသည်။

ဖော်ပြပါ ပြည်ထောင်သည် အထက်ပါအကြောင်း ရင်း ( ၃ )ခု ရှိသည့်အနက်မြို့ဟုသတ်မှတ် ပေးခြင်း ကြောင့်မြို့နေလူဦး ရေသာမကမြို့ပြ ဆိုင်ရာလူမှုစီး ပွား ရေး အဆောက်အအုံများ ဖွံ့ဖြိုး တိုး တက်လာခြင်း ဖြင့်မြို့ပြထွန်း ကား မှုဖြစ် ပေါ်လာသည်ဟုဆိုရ ပေမည်။ သို့ သော်လည်း အ ဆိုပါအကြောင်း ရင်း အောက်တွင်သဘာဝအလျောက်လူဦး ရေတိုး ပွား မှုနှင့်မြို့ပြဆိုင်ရာအ ထောက်အကူပစ္စည်း များ ၊ မြို့သာအဆောင်အယောင် များ ရှိခြင်း တို့ ကြောင့်မြို့ပြဖြစ်ထွန်း လာရ ပေသည်။ ထို့ ကြောင့်မြို့ပြဖြစ် ထွန်း စေ သောအကြောင်း ရင်း ( ၃ ) မျိုး ကွဲပြား သော်လည်း၊ မြို့ ပြ ဖြစ်ထွန်း ကား မှုသည်အဆိုပါအကြောင်း ရင်း ( ၃ ) မျိုး စလုံး ကြောင့်လည်း ဖြစ် ပေါ်လာနိုင် ပေသည်။

မြို့ပြဖြစ်ထွန်း မှု( သို့မဟုတ် )မြို့နေအသွင် ပြောင်းလဲမှု လူမှုစီး ပွား ရေး အခြေအနေ ပြောင်း လဲမှုဖြစ် ပေါ် မှုများ နှင့်ပတ် သက်၍ဆက်လက်တင်ပြသွား ပါမည်။

## ၂-၃။ မြို့ပြဖြစ်ထွန်းမှု(သို့မဟုတ်)မြို့နေအသွင်ပြောင်းလဲမှုနှင့်လူမှုစီးပွားရေးအခြေအနေဖြစ်ပေါ်ပြောင်းလဲမှုများ

မြို့ပြဖြစ်ထွန်းမှုကို လေ့လာရာတွင် မြို့နေလူဦးရေအရွယ်အစားတစ်ခုတည်းဖြင့် မလုံလောက်ပဲ၊ မြို့နေလူထု၏ လူမှုစီးပွားရေး အခြေအနေကိုပါ ထည့်သွင်းစဉ်းစားရန်လိုပေသည်။ လူမှုစီးပွားရေး အခြေအနေကိုစဉ်းစားရာတွင် လူမှုအဆင့်အတန်းနှင့် လူနေမှုဘဝအရည်အသွေးကောင်းမွန်မှုရှိမရှိ လေ့လာရန်လိုပေသည်။

လူမှုအဆင့်အတန်းဆိုသည်မှာ လူ့အသောက်အအုံတစ်ခုတွင် သာမန်အားဖြင့်တူညီသော ပညာအာဏာ၊ ဝင်ငွေ၊ ပစ္စည်း၊ ဂုဏ်ဒြပ်တို့ကို ပိုင်ဆိုင်သောလူအစုအဝေးများကို ဆိုလိုပါသည်။ ထိုလူ့အတန်းအစားတစ်ရပ်ပိုင်ဆိုင်သော ပညာ၊ အာဏာ၊ ဝင်ငွေ၊ ပစ္စည်း(သို့မဟုတ်) ဂုဏ်ဒြပ်တို့မှာ တစ်ခုနှင့်တစ်ခု အပြန်အလှန်စုပေါင်းဆက်သွယ်တည်ရှိနေပေသည်။ ပိုင်ဆိုင်မှု၊ ဝင်ငွေ၊ လုပ်ငန်း စသည့်အချက်တို့မှာ ပိုမိုအဓိကကျသော[၁] ပိုင်းခြားချက်များ (More Decisive Criteria)ဟုယူဆထားပေသည်။

လူမှုအဆင့်အတန်းကို လေ့လာရာတွင် အလုပ်အကိုင်အရ သော်လည်းကောင်း၊ စားဝတ်နေထိုင်မှုအဆင့်အရ သော်လည်းကောင်း၊ ဝင်ငွေ(သို့မဟုတ်) ပစ္စည်းပိုင်ဆိုင်မှုအဆင့်အရ သော်လည်းကောင်း၊ ပညာအာဏာအဆင့်အရ သော်လည်းကောင်း သတ်မှတ်လေ့လာကြပေသည်။ သို့သော်လည်း လက်တွေ့အားဖြင့် အချို့ကိရိယာများမှာ အဆင့်အနိမ့်အမြင့်ကို တိုင်းတာရန်ခက်ခဲပေသည်။ ဥပမာ- ပညာအာဏာအရ လူမှုအဆင့်အတန်းကို တိုင်းတာရန်မှာ ခက်ခဲမည်ဖြစ်ပေသည်။ ထို့ကြောင့် တိုင်းတာရန်လွယ်ကူသည့် အလုပ်အကိုင်၊ ဝင်ငွေတို့ဖြင့် လူမှုအဆင့်အတန်းကို လေ့လာကြသည်ကို တွေ့ရပေသည်။

မတ်(က်စ်)ဝါဒီဝင်ပညာရှင်များနှင့် အနောက်တိုင်း လူမှုသိပ္ပံပညာရှင်တို့၏ လူ့အတန်းအစားတစ်ခုကို သတ်မှတ်ရာတွင် သဘာဝ

---

၁။ ဒေါက်တာခင်မောင်ကြည်၊ ဒေါ်တင်တင်။ ခေတ်သစ်မြန်မာ့လူ့အသိုက်အအုံတွင် လူ့အလွှာပြောင်းရွှေ့မှုများ။ ။(မြန်မာနိုင်ငံသုတေသနဆွေးနွေးပွဲ) ၁၉၆၈၊ မတ်လ ၂၃ ရက်။ စာမျက်နှာ ၄။

ကျသောအချက်များ ( Objective Indices ) နှင့်စိတ်ဓါတ်ဆိုင်ရာ အချက်များ(Subjective Indices ) ပူးတွဲစုပေါင်း ပါဝင်သင့်ကြောင်း လက်ခံထားခဲ့ကြသည်။ စိတ်ဓါတ်ဆိုင်ရာပိုင်းခြားမှုများနှင့်ပတ်သက် ၍လူတန်းစားတစ်ရပ်သည်လူတန်းစားအသိ(Consciousness ) မပေါ်ပေါက်သေးသမျှပြည့်စုံသောလူတန်းစားတစ်ရပ်မဟုတ်သေး ၊ တကယ့်လက်တွေ့လူတန်းစားအကျိုးကိုစိတ်ဓါတ်အတွင်းတွင်ပေါ်ပေါက်သော အခါမှသာပြည့်စုံသောလူတန်းစားတစ်ရပ်ဖြစ်လာသည်ဟုဖော်ပြထားခဲ့ သည်။[1] သို့သော်ဤနည်းမှာစိတ်ဓါတ်အမြင်ပေါ်တွင်အခြေတည်နေသော ကြောင့်တိုင်းပြည်တစ်ပြည်နှင့်တစ်ပြည်နှိုင်းယှဉ်ရန်ခဲယဉ်းပေသည်။

အနောက်တိုင်းအကျိုးပြုဝါဒီဝင်များနှင့်အကျိုးပြုဝါဒီ ဝင်များမဟုတ်သောလူမှုသိပ္ပံပညာရှင်များသည်လူ့အတန်းအစားကိုသတ် မှတ်ရာ၌သဘာဝကျသောအခြေအနေ( Objective Conditions)များအ ရသတ်မှတ်ကြပေသည်။ ဥပမာ- ပစ္စည်းပိုင်ဆိုင်မှု၊ ဝင်ငွေရရှိမှု ၊ အလုပ်အကိုင်ခွဲခြားမှုစသည်တို့ပေါ်တွင်အခြေတည်၍လူတန်းစားကိုသတ်မှတ် လေသည်။[2]

ဝင်ငွေ (သို့မဟုတ်) ပစ္စည်းပိုင်ဆိုင်မှုဖြင့်သတ်မှတ်ရန်မှာ လည်းတိကျသောသတင်းရရှိရန်များစွာခက်ခဲပေသည်။ ထို့ပြင်ဝင်ငွေ၊ စားသုံးမှုနှင့်စိတ်ဓါတ်တို့မှာအလုပ်အကိုင်အဆင့်ပေါ်တွင်များစွာအခြေ တည်နေပေသည်။ အသက်မွေးဝမ်းကြောင်းလုပ်ငန်းတစ်ခုကိုထမ်းဆောင် နေသောပုဂ္ဂိုလ်များသည်ဝင်ငွေအားဖြင့်လည်းကောင်း ၊ ပညာအရည် အချင်းအားဖြင့်လည်းကောင်း ၊ နေမှု၊ ထိုင်မှုစသည်တို့တွင်လည်းကောင်း တူညီကြသည်ကိုတွေ့ရပေသည်။[3]

---

၁။ The Eighteenth Brumaire, Op Cit, Pp. 334-335.

၂။ Seymour Lipset and Reihard Bendix,"Social Mobility in Industrial Society,(Berkeley;University of California Press, 1960 PP.270-274.

၃။ ဒေါက်တာခင်မောင်ကြည်၊ ဒေါ်တင်တင်။ ခေတ်သစ်မြန်မာ့လူ့အသောက်အအုံတွင်လူ့အလွှာပြောင်းရွှေ့မှုများ။ စာမျက်နှာ ၂၉။

ထို့ပြင်အလုပ်အကိုင်အမျိုးအမည်နှင့်ပတ်သက်သောအကြောင်းအချက်များမှာလည်း ကောက်ယူရန်အလွယ်ကူဆုံးနှင့်အတိကျဆုံးသတင်းများဖြစ်ပေသည်။ ထို့ကြောင့်မြို့နေလူထု၏လူမှုအဆင့်အတန်းကိုတိုင်းတာရန်လွယ်ကူသည့်အလုပ်အကိုင်အခြေအနေပေါ်အခြေခံ၍ လေ့လာမည်ဖြစ်ပါသည်။ သို့သော်လည်း အလုပ်အကိုင်အမျိုးအစားတစ်ခုတည်းအရ လူနေမှုအဆင့်မြင့်မားသည်၊ နိမ့်ကျသည်ဟုတသမတ်တည်း မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် အလုပ်အကိုင်အမျိုးအစားတူညီသည့်တိုင်လူတစ်ဦးနှင့်တစ်ဦး လူနေမှုဘဝအရည်အသွေးကွာခြားနိုင်ပေသည်။

လူနေမှုဘဝအရည်အသွေး(Quality of Life) ကောင်းမွန်ခြင်းဆိုသည်မှာ စားဝတ်နေရေးအတွက်လိုအပ်သောပစ္စည်းများကိုလိုအပ်သည့်အချိန်တွင်ရရှိ၍၊ အခြားသောသဘာဝဒုက္ခနှင့်လူတို့ဖန်တီးသောလူမှုဒုက္ခများ(ငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ တောင်ပြိုခြင်းနှင့်မီးလောင်မှု၊ ယာဉ်တိုက်မှု၊ မှုခင်းဖြစ်ပွားမှု)တို့မှကင်းဝေးပြီး၊ ကျန်းမာရေးညီညွတ်စွာနှင့်ချမ်းမြေ့ပျော်ရွှင်စွာနေထိုင်နိုင်ခြင်းပင်ဖြစ်သည်။ *

ထို့ကြောင့်လူမှုအဆင့်အတန်းနှင့်လူနေမှုဘဝအရည်အသွေးတို့ကိုလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များဖြစ်သောပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့်အချက်များနှင့်တိုင်းတာနိုင်ပေသည်။ နိုင်ငံအများအပြားတွင်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုဝင်ငွေတစ်ခုတည်းဖြင့်တိုင်းတာခြင်းမှာမလုံလောက်ဘဲ၊ လူမှုအဆင့်အတန်းနှင့်လူနေမှုဘဝအရည်အသွေးနိမ့်ကျမှုရှိမရှိစသည့်အခြေအနေများကိုပါလေ့လာရန်လိုအပ်ကြောင်းသိရှိလာကြပေသည်။ ဖွံ့ဖြိုးမှုများသောနိုင်ငံများတွင်မြို့ပြဖြစ်ထွန်းမှုနှင့်အတူလူတို့၏လူနေမှုအဆင့်နှင့်လူနေမှုဘဝအရည်အသွေးပါတိုးတက်လာသော်လည်း၊ ဖွံ့ဖြိုးမှုနည်းသောနိုင်ငံများ၌မူမြို့ပြဖြစ်ထွန်းမှုကလူနေမှုအဆင့်နှင့်လူနေမှုဘဝအရည်အသွေးတိုးတက်မှုထက်ပိုမိုလွန်ကဲနေတတ်ပေသည်။ ဖွံ့ဖြိုးမှုများသောနိုင်ငံများ၌မြို့ကြီး

---

*,win,M.M:Internal Migration & Urbanization in Burma Japan. An Empirical Study of Japan,Nagoya, Japan,1984. P 26.

57578



များတွင်ပင်လျှင် ရေတဟုန်ထိုး တိုးတက်လာမှုကြောင့်လူတို့အတွက်အလုပ်အကိုင်ရရှိမှု၊ သွားလာနေထိုင်ရေး၊ အပန်းဖြေနိုင်ရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်လုပ်ငန်းရပ်များတွင်လုံလောက်စွာဖြည့်ဆည်းဆောင်ရွက်လုပ်ကိုင်ပေးနိုင်မှုတွင်အင်အားမမှီတမှုကြောင့်လည်းကောင်း စီးပွားရေးဆိုင်ရာလုပ်ဆောင်ချက်များ၊ အထူးသဖြင့်စက်မှုလုပ်ငန်းများကြောင့်လူဖန်တီးသောပတ်ဝန်းကျင်နှင့်သဘာဝပတ်ဝန်းကျင်တို့ယိုယွင်းပျက်စီးလာမှုကြောင့်လည်းကောင်း၊ လူနေမှုဘဝအရည်အသွေးနိမ့်ကျလာမှုကိုလက်ခံလာကြပေသည်။

ထို့ကြောင့်မြို့ပြဖြစ်ထွန်းမှုတိုးတက်လာပါကဝင်ငွေအနေဖြင့်မြင့်မားလာနိုင်သော်လည်း လူနေမှုဘဝအရည်အသွေးမှာနိမ့်ကျသွားတတ်ပေသည်။ တနည်းဆိုလျှင်မြို့ပြဖြစ်ထွန်းမှုရှိတိုင်း လူနေမှုဘဝအရည်အသွေးမြင့်မားလာမည်ဟုယူဆ၍မရသည့်အပြင်မြို့ပြဖြစ်ထွန်းမှုနှင့်လူနေမှုဘဝအရည်အသွေးသည်တိုးတက်မှု၏အစပိုင်းတွင်လိုက်လျောညီထွေရှိနေသော်လည်း မြို့ပြဖြစ်ထွန်းမှုအဆင့်လွန်ကဲခြင်း(Overurbanization ) ဖြစ်ပေါ်လာပါက၊ လူနေမှုဘဝအရည်အသွေးကျဆင်းလာကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့်မြို့ပြဖြစ်ထွန်းမှုတနည်းဆိုရလျှင်မြို့နေအသွင်ပြောင်းလဲမှုနှင့်လူနေမှုဘဝအရည်အသွေးသည်အဆင့်တစ်ခုကိုကျော်လွန်လာပါကပြောင်းပြန်ဆက်စပ်မှုရှိကြောင်းတွေ့ရှိရပါသည်။[၁]

ဖွံ့ဖြိုးပြီးနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများတွင်စီးပွားရေးဖွံ့ဖြိုးမှုကိုလေ့လာရာတွင်ဖခင်နှင့်သားများ၏အလုပ်အကိုင်ဆက်စပ်မှုနှိုင်းယှဉ်လေ့လာမှုများပြုလုပ်လေ့ရှိသည်။ ၎င်းလေ့လာမှုမျိုးတွင်အလုပ်အကိုင်အမျိုးအစားကိုကဏ္ဍအလိုက်ခွဲခြားခြင်းမျိုးမဟုတ်ပဲ၊ ကာယလုပ်ငန်းနှင့်ဉာဏလုပ်ငန်းဟူ၍ခွဲခြားလိုက်သည်။ ၎င်းသို့ခွဲခြားပြီး ဖခင်၏အလုပ်အကိုင်စာရင်းနှင့်သားများ၏အလုပ်အကိုင်စာရင်းများကိုကောက်ယူလေ့လာပြီး၊ အကယ်၍ဖခင်သည်ကာယလုပ်သားဖြစ်ပြီး၊ သားသည်ဉာဏလုပ်သားဖြစ်လျှင်မြင့်သောအလွှာသို့ပြောင်းရွှေ့မှုရှိသည်ဟုယူဆကြသည်။

---

၁။ Lwin, M. M: Intèrnal Migration & Urbanization in Burma Japan. An Empirical Study of Japan, Nagoya, Japan, 1984.

အကယ်၍ ဖခင်သည် ဉာဏလုပ်သား ဖြစ်၍၊ သားသည် ကာယလုပ်သား ဖြစ်လျှင် နိမ့်သောအလွှာသို့ ပြောင်းရွှေ့မှုရှိသည်ဟု ယူဆသည်။

စီးပွားရေး ဖွံ့ဖြိုးသောနိုင်ငံများတွင် မြို့နေလူဦးရေ ပို၍ကျယ်ပြန့်လာသောကြောင့် တိုင်းပြည်တစ်ပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာရာ၌ လူမှုရေး အလွှာခွဲခြားမှုပုံစံများ အနေဖြင့် ဝင်ငွေအလိုက်အလွှာခွဲခြားမှု၊ အလုပ်အကိုင်အမျိုးအစား အလိုက်အလွှာခွဲခြားမှု၊ လူမှုအတန်းအစား (Social Class) အလိုက်အလွှာခွဲခြားမှု ပညာအဆင့်အလိုက်အလွှာခွဲခြားမှုစသည်ဖြင့် ခွဲခြားလေ့လာကြသည်။ ၎င်းလေ့လာမှုတွင် လူမှုအတန်းအစား (Social Class) အလိုက်အလွှာခွဲခြားရန်မှာ ခက်ခဲပေသည်။ ထို့ကြောင့် ဝင်ငွေအလိုက်အလွှာခွဲခြားခြင်းဖြင့်လည်းကောင်း၊ အလုပ်အကိုင်အမျိုးအစား အလိုက်အလွှာခွဲခြားခြင်းဖြင့်လည်းကောင်း၊ ပညာအဆင့်အလိုက်အလွှာခွဲခြားခြင်းဖြင့်လည်းကောင်း လေ့လာကြပေသည်။

၎င်းစာတမ်းတွင် လူမှုစီးပွားရေး အသွင်သဏ္ဌာန်များကို လေ့လာရာတွင် အိမ်ထောင်ဦးစီး၏ အလုပ်အကိုင်အရသော်လည်းကောင်း ဝင်ငွေနှင့်အသုံးစရိတ်အရသော်လည်းကောင်း၊ ပညာအဆင့်အရသော်လည်းကောင်း၊ နေထိုင်မှုအခြေအနေအရသော်လည်းကောင်း၊ အခြေခံ၍ လေ့လာမည်ဖြစ်ပါသည်။

အိမ်ထောင်စု၏ ဝင်ငွေအနည်းအများသည် အိမ်ထောင်စုတွင် အလုပ်လုပ်ကိုင်သူများ၏ အလုပ်အကိုင်အမျိုးအစားပေါ်တွင်လည်းကောင်း၊ အလုပ်လုပ်ကိုင်သူဦးရေပေါ်တွင်လည်းကောင်း မူတည်နေပေသည်။ အိမ်ထောင်စုတစ်ခုတွင်ရှိသော အိမ်ထောင်စုဝင်အရေအတွက် အားလုံး အလုပ်အကိုင်ရှိ၍ ဝင်ငွေရရှိမည်ဆိုပါက ဝင်ငွေရှာဖွေသူနည်းသော အခြား အိမ်ထောင်စုများနှင့် နှိုင်းယှဉ်ပါက ဝင်ငွေပိုမိုရရှိမည် ဖြစ်သည်။ ထိုသို့အလုပ်လုပ်သူတစ်ဦးထက်ပိုများသော အိမ်ထောင်စုများတွင်

အလုပ်အကိုင်အမျိုးမျိုး ရှိနိုင်ပေသည်။ သို့သော်အိမ်ထောင်စုတစ်ခု နှင့် တစ်ခုအလုပ်အကိုင်အမျိုးအစား ခွဲခြားရာတွင်လွယ်ကူအဆင်ပြေစေရန် အိမ်ထောင်ဦးစီး၏ "အဓိကအလုပ်အကိုင်ကိုသာ မူတည် လေ့လာပါသည်။

အိမ်ထောင်ဦးစီး ဟုဆိုရာတွင်အိမ်ထောင်စုစာရင်း ရှိအိမ်ထောင်ဦးစီး ကိုဆိုလိုခြင်း မဟုတ်ဘဲ၊ အိမ်ထောင်စုတွင်အဓိကထင် ငွေရရှိထားပြီး အိမ်ထောင်စု၏စီးပွားရေးဆိုင်ရာဆုံးဖြတ်ချက် များကိုဦးစီးဦးဆောင်ချမှတ်သူကိုအိမ်ထောင်ဦးစီး ဟုသတ်မှတ် ပါသည်။ ဥပမာ- အိမ်ထောင်စုတစ်ခုတွင်အမိနှင့်သားသမီးတစ်ချို့ နေထိုင်ကြရာတွင်အိမ်ထောင်စုစာရင်းတွင်အိမ်ထောင်ဦးစီး မှာအ မိဖြစ်သော်လည်း ၊ အိမ်ထောင်စု၏စီးပွားရေးဆိုင်ရာဆုံးဖြတ်ချက် များကိုသမီးဖြစ်သူကလုပ်ကိုင်နေပါကသမီးဖြစ်သူကိုသာအိမ်ထောင်ဦး စီးအဖြစ်သတ်မှတ်ပြီး ၎င်း၏အဓိကအလုပ်အကိုင်ကိုသာ လေ့လာမည် ဖြစ် ပါသည်။

အိမ်ထောင်စု၏စုစုပေါင်းအသုံးစရိတ်သည်ထိုအချိန်ကာ လအတွင်း အိမ်ထောင်စု၏ကုန်စည်နှင့်ဆောင်ရွက်မှုများ အတွက်အသုံးပြု သည့်တန်ဖိုးဖြစ်သောကြောင့်ထိုအသုံးစရိတ်စုစုပေါင်း ကိုအိမ်ထောင်စု ၏အမှန်ဝင်ငွေအဖြစ်သတ်မှတ်နိုင်ပါသည်။ သို့သော်စုဆောင်း ငွေ ရှိ ပါကအသုံးစရိတ်စုစုပေါင်း ကိုစုဆောင်းငွေဖြင့်ပေါင်းခြင်းဖြင့်အမှန် ဝင်ငွေကိုရရှိမည်ဖြစ်သည်။ အကယ်၍ ချေးယူငွေရှိပါကအသုံးစရိတ်စုစု ပေါင်းသည်အမှန်ဝင်ငွေပင်ဖြစ်သည်။

Engel ၏ လေ့လာချက်မှအစားအစာပေါ်တွင် အသုံးစရိတ်အချိုးကျဆင်းလာခြင်းသည်အိမ်ထောင်စု၏ဝင်ငွေတိုးတက် နေသည်ကိုဖော်ပြသည်ဟူသောအချက်ကို တွေ့ရှိခဲ့သည်။[၁] ထို့နောက်အစား အစာအပြင်အခြေခံကုန်စည်အသုံးစရိတ်ကိုဝင်ငွေ၏အချိုး မည်မျှဖြင့် ခွဲ

---

၁၈ leser, C.E.V., " Forms of Engel Functions", Econometricavol.31 No.4 October 1963.

ဝေသုံးစွဲသည့်ပေါ် မူတည်၍ လေ့လာနိုင်သည်။ ၎င်း လေ့လာချက်အရ - အခြေခံကုန်စည်အပေါ် အသုံးစရိတ်အချိုး ကျဆင်းလာခြင်းသည် ဝင်ငွေတိုးတက်ခြင်းကို ဖော်ပြကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ ဝင်ငွေမြင့်မားလာသည့်အခါတွင် အသုံးစရိတ်နှင့် ဝင်ငွေအချိုး ကျဆင်းသွားသည်။ အိန်ဂျယ်၏ အိမ်ထောင်စု၏ လူနေမှုအဆင့်အတန်းကို လေ့လာနိုင်သည့် သွန်ကိန်းတစ်ခုမှာ အစားအသောက်အပေါ် အသုံးစရိတ်အချိုးပင်ဖြစ်သည်။

ထို့ပြင် လေ့လာမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ဝင်ငွေသည် စားသုံးမှုစရိတ်ထက်နည်းနေပေသည်။[၁] ယေဘုယျအားဖြင့် စုဆောင်းမှု၊ စားသုံးမှုစရိတ်၊ ကြွေး မရှိသည့်အခါတွင် အသုံးစရိတ်နှင့် ဝင်ငွေတို့ တူညီရမည်။ သို့သော် အိမ်ထောင်စုတို့သည် ဝင်ငွေကို လျှော့ပြောခြင်းသော်လည်းကောင်း၊ အသေးအဖွဲ့ဝင်ငွေများကို မှတ်မိနေလေ့မရှိခြင်းကြောင့်သော်လည်းကောင်း၊ အခမဲ့ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများကို အသုံးစရိတ်တွင် ထည့်သွင်းထားခြင်းကြောင့်လည်းကောင်း၊ ချေးငွေဖြင့် စားသုံးလျှင်သော်လည်းကောင်း၊ အိမ်ရှိပိုင်ဆိုင်ပစ္စည်းများကို ရောင်းချစားသုံးလျှင်သော်လည်းကောင်း ဝင်ငွေသည် အသုံးစရိတ်ထက်နည်းနေနိုင်ပါသည်။ အိမ်ထောင်စု၏ စုစုပေါင်းအသုံးစရိတ်သည် အိမ်ထောင်စုတွင် ရရှိသည့် ကုန်စည်နှင့် ဆောင်ရွက်မှုတန်ဖိုး စုစုပေါင်းပင်ဖြစ်သောကြောင့် အိမ်ထောင်စု၏ အမှန်ဝင်ငွေဟူ၍ သတ်မှတ်နိုင်သည်။ ထို့ကြောင့် အိမ်ထောင်စု၏ ဝင်ငွေနှင့် အသုံးစရိတ် လေ့လာမှုများတွင် ဝင်ငွေကို အိမ်ထောင်စု၏ စုစုပေါင်းအသုံးစရိတ်ဖြင့် အစားထိုးအသုံးပြုကြပါသည်။

စီးပွားရေးဖွံ့ဖြိုးမှုရရှိရန် ပညာရေးအခြေအနေသည် များစွာအထောက်အကူပြုလျက်ရှိကြောင်း၊ စီးပွားဖွံ့ဖြိုးမှုနှင့် ပညာရေးအခြေအနေတို့သည် နီးကပ်စွာဆက်စပ်လျက်ရှိကြောင်းများကို ပညာရှင်အသီးသီးတို့၏ လေ့လာချက်အမျိုးမျိုးတို့အရ သိရှိရပေသည်။

---

၁။ Prais & Houthakker, Family Budget Analysis.

ပညာရေး အခြေအနေသည် စီးပွားဖွံ့ဖြိုး တိုးတက်မှု ရရှိအောင် ဆောင်ရွက်ပေးနိုင်ကြောင်းကို အမေရိကန်ပြည်ထောင်စု ဂျပန်နိုင်ငံ၊ ဆိုဗီယက်ရုရှစသည့် နိုင်ငံများတို့၌ သမိုင်း တွင်တွေ့နိုင်ပေသည်။ ဤတိုင်းပြည်အသီးသီးတို့တွင် ပညာရေးအတွက် နိုင်ငံတော်အသုံးစရိတ်အတော်များများကို သုံးခြင်းဖြင့် စက်မှုထူထောင်မှုကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရပေသည်။ ၁

ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် လူမှုရေး အလွှာတစ်ခုမှ ပို၍အဆင့်မြင့်သည့်အလွှာတစ်ခုသို့ ပြောင်းရွှေ့မှုကိုဖြစ်စေနိုင်သည်။ သို့သော် ပညာရေးစနစ်ကို အလျင်အမြန်တိုးချဲ့လိုက်ပြန်လျှင် လည်း အလုပ်အကိုင်၊ လစာ စသည်တို့ကို ပို၍အဆင့်မြင့်မြင့် မျှော်လင့်သည့်သူများ ပို၍ပို၍များလာနိုင်သည်။ အလုပ်အကိုင်ရရှိလိုမှုနှင့်ပတ်သက်၍ နိုင်ငံအများ၌ တက္ကသိုလ်ကျောင်းသားအများစုသည် အစိုးရအလုပ်များတွင်သာ ဝင်ရောက်လုပ်ကိုင်လိုစိတ်ရှိကြကြောင်း လေ့လာချက်များအရ တွေ့ရှိရပါသည်။ ၂

ပညာရေးနှင့်ပတ်သက်၍ တိုင်းတာရာတွင် စာရေး စာဖတ်တတ်သူဦးရေ၊ ကျောင်းသားဦးရေ၊ ဆရာဦးရေ၊ ဆရာ ကျောင်းသားအချိုး စသည်တို့ဖြင့် တိုင်းတာကြသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ လူတို့၏သက်တမ်း၊ ဆရာဝန်နှင့်လူဦးရေအချိုး၊ ဆေးရုံ - ကုတင်အရေအတွက်၊ အာဟာရဓါတ်တိုင်းတာမှုစသည်တို့ဖြင့်တိုင်းတာကြ သည်။ ၃

---

၁။ John Vaizey- The Economics of Education.

၂။ K.A. Busia- Education and Social Mobility in Economically underdeveloped courtries.

၃။ Meir & Baldwin- Economic Development Ch.I.

မြို့ပြဖြစ်ထွန်းမှုနှင့်၎င်းတွင်ဖြစ်ပေါ်လာသောလူမှုစီးပွားရေးအခြေအနေများကိုဖော်ပြခဲ့ပြီးဖြစ်သောအခြေခံသိအိုရီများပေါ်မူတည်၍လေ့လာမည်ဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင်လူမှုစီးပွားရေးအခြေအနေများကိုတိုင်းတာရန်ခက်ခဲသည့် မိတ်ဖါက် ဆိုင်ရာပိုင်းဖြတ်မှု များအရလေ့လာနိုင်မည်မဟုတ်ချေ။ ထို့ကြောင့်မြို့သစ်နေထိုင်သူများ၏သဘာဝကျသောအချက်များနှင့်မျက်မြင်သိရှိလေ့လာနိုင်သောအချက်များဖြစ်သည့်အလုပ်အကိုင်၊ ဝင်ငွေ၊ အသုံးစရိတ်၊ ပညာအဆင့်နှင့်နေထိုင်မှုအခြေအနေများအရလေ့လာသွားပါမည်။

လှိုင်သာယာမြို့သစ်တွင်နေထိုင်သူများ၏လူမှုစီးပွားရေးအခြေအနေများကိုသာမက၊ မြို့သစ်ဖြစ်ပေါ်လာပုံနှင့်မြို့သစ်ငယ်အကွက်များကိုပါလေ့လာမည်ဖြစ်ပါသည်။

## ၂-၄။ "လှိုင်သာယာမြို့သစ်ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်း (သို့မဟုတ်) လှိုင်သာယာမြို့သစ်ဖြစ်ပေါ်မှုဆက်စပ်တင်ပြချက်

လှိုင်သာယာမြို့သစ်ဖြစ်ပေါ်လာပုံကိုရန်ကုန်မြို့၏မြို့ပြထွန်းကားလာမှုအဆင့်ပေါ်အခြေခံ၍တင်ပြသွားပါမည်။ ရန်ကုန်မြို့သည်ကိုလိုနီခေတ်မှစ၍မြို့တော်အဆင့်သို့ရောက်ရှိခဲ့၍၊ မျက်မှောက်ကာလတွင်လည်းမြန်မာနိုင်ငံ၏အုပ်ချုပ်ရေး၊ စီးပွားရေးအရအဓိကအရေးပါသောမြို့တော်အဖြစ်တည်ရှိနေပေသည်။

(၁၉၂၀)ခုနှစ်တွင်လူဦးရေ(၃)သိန်းထိတိုးတက်လာ၍မြို့တော်၏အကျယ်အဝန်းသည်လူဦးရေနှင့်နှိုင်းယှဉ်လျှင်ကျဉ်းမြောင်းနေပေသည်။ ထို့ကြောင့်(၁၉၂၁)ခုနှစ်တွင်မြို့သစ်ပုံစံရေးဆွဲရေးအတွက်ကော်မတီတစ်ရပ်ကိုဖွဲ့စည်း၍မြို့သစ်ပုံစံကိုရေးဆွဲခဲ့ပါသည်။ ၎င်းမြို့သစ်ပုံစံတွင်ရွှေတိဂုံကိုဗဟိုပြု၍ကန်တော်ကြီး၊ သံလျင်ကျွန်း၊ ကမာရွတ်နှင့် –သမိုင်းတို့ကိုမြို့တော်၏ဆင်ခြေဖုံးများအဖြစ်ပါဝင်စေပြီး၊ မြို့ပြတိုးချဲ့

များကိုအကောင်အထည်ဖော်ခဲ့ပါသည်။ မြို့ပြဧရိယာမှာစတုရန်းမိုင် (၇၆) မိုင်အထိတိုးချဲ့လာခဲ့ပါသည်။

ရန်ကုန်မြို့တော်အတွက်မြို့သစ်ပုံစံရေးဆွဲအကောင်အထည်ဖော်နေချိန်တွင်တဖက်ကလည်း မြို့အင်္ဂါရပ်နှင့်အညီအဆောက်အအုံများကိုနေရာအနှံ့အပြားတွင်တည်ဆောက်ခဲ့လေသည်။ အများစုဖြစ်သောသုံးထပ်အဆောက်အဦများ အစိုးရရုံးအုပ်ချုပ်ရေးအဆောက်အဦးများနှင့်ကုန်တိုက်များမှာဆူးလေဘုရားလမ်းနှင့်ကမ်းနားလမ်းကြားတွင်တည်ဆောက်ခဲ့သည်။ (၁၉၅၈) ခုနှစ်မှ (၁၉၆၀) ခုနှစ်အတွင်းအိမ်စောင့်အစိုးရလက်ထက်တွင်အရပ်သားများနှင့်စစ်ဘက်အင်ဂျင်နီယာများပူးပေါင်း၍ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သာကေတအစရှိသည့်မြို့သစ် (၃) မြို့ကိုတည်ဆောက်ခဲ့ပါသည်။ (၁၉၅၉) ခုနှစ်တွင် တောင်ဥက္ကလာပမြို့သစ်သို့နေရပ်အသီးသီးမှလူများပြောင်းရွှေ့လာခဲ့ကြပေသည်။ တောင်ဥက္ကလာပမြို့သစ်တွင်အိမ်ခြေမြေကွက်စုစုပေါင်း (၁၁၀၅၃) ရှိ၍၊ ရပ်ကွက်တစ်ခုစီတွင် မြေကွက်များသတ်မှတ်ထားပါသည်။ တောင်ဥက္ကလာပမြို့ရှိအိုးအိမ်အခြေအနေသည်အိမ်ထောင်စုအတော်များများတွင်သင့်တင့်မျှရှိ၍သွပ် (သို့မဟုတ်) အုတ်ကြွပ်မိုးသောအိမ်ထောင်စုထက်ဝက်ကျော်ပါဝင်သည်ကိုတွေ့ရသည်။ အကာအတွက်အသုံးပြုသောပစ္စည်းများတွင်လည်း သစ်သားသုံးသောအိမ်ထောင်စုမှာထက်ဝက်ကျော်ရှိသည်ကိုတွေ့ရသည်။

အလားတူမြောက်ဥက္ကလာပမြို့သစ်သို့ (၁၉၅၉) ခုနှစ်၌နေရပ်အသီးသီးမှလူများပြောင်းရွှေ့လာကြပြီး၊ အိမ်မြေကွက်ပေါင်း (၁၁၉၁၆) ကွက်ရှိသည်။ ရပ်ကွက်တစ်ခုစီတွင် မြေကွက်များသတ်မှတ်ထားပါသည်။ မြောက်ဥက္ကလာပမြို့သစ်ရှိအိုးအိမ်အခြေအနေသည်သင့်တင့်သောနေထိုင်မှုရှိသည်ကိုတွေ့ရပါသည်။ (၁၉၇၃-၇၄) ခုနှစ်လူမှုရေးနှင့်စီးပွားရေးစစ်တမ်းအရ မြောက်ဥက္ကလာပမြို့နယ်တွင်လျှပ်စစ်မီးသွယ်သောအိမ်ထောင်စုမှာတစ်မြို့နယ်လုံး၏ ၂၅.၇၁ ရာခိုင်နှုန်းခန့်ရှိသည်ကိုတွေ့ရပါသည်။[၁]

၁။ ငွေးနိုင်၊ မောင်။ ရန်ကုန်မြို့တော်၏ မြို့ပြတွန်းကားမှုနှင့်အိမ်ရာပြဿနာ။ (၁၉၈၁)၊ စီးပွားရေးတက္ကသိုလ်။ ရန်ကုန် (မဟာစီးပွားရေးပညာဘွဲ့အတွက် တင်သွင်းသည့်ကျမ်း) စာမျက်နှာ ( )။

သာကေတမြို့သစ်သည် ဒေါပုံကျေးရွာ၊ ညောင်တိုင်းနှင့် ကျောက်ရည်ရွာမှလယ်ကွင်းများတွင်တည်ထားခြင်းဖြစ်သည်။ မြို့သစ်ကို ရပ်ကွက်(၈)ခုအဖြစ် ပိုင်းခြားထား၍ ရပ်ကွက်တစ်ခုစီ၌ မြေကွက်များကို အလျားပေ(၆၀)၊ အနံပေ(၄၀)ရှိ မြေကွက်များအဖြစ်ထပ်မံစိတ်ဖြာထားပါသည်။ သာကေတမြို့သစ်တွင်အိမ်ခြေ မြေကွက်စုစုပေါင်း(၉၅၀၄)ကွက်ရှိသည်။ ၎င်းမြို့သစ်သို့(၁၉၅၉)နှစ်ဦးပိုင်းမှစ၍လူများပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။ ထိုအချိန်က သာကေတမြို့သစ်၌ နေရာအချို့တွင် ရေကို သင်္ဃန်းကျွန်းနှင့်ဆန်စက်အတွင်းရှိ ရေတွင်းများမှရယူပြီး၊ စက်ရုံအလုပ်ရုံများတိုးချဲ့ဆောက်လုပ်နိုင်ရန်အတွက်လည်း မလုံလောက်သေးသည်ကို တွေ့ရသည်။

(၁၉၆၂)ခုနှစ်တွင်ဆင်ခြေဖုံးမြို့(၅)မြို့ဖြစ်သော - သင်္ဃန်းကျွန်း၊ ကန်ဘဲ့၊ အင်းစိန်၊ ကမာရွတ်နှင့်သမိုင်းတို့ကိုရန်ကုန်မြို့နယ်နိမိတ်အတွင်းတွင်ထည့်သွင်း၍တိုးချဲ့ရန်ကုန်ဟု ခေါ်ဝေါ်ခဲ့သည်။ ဧရိယာအကျယ်အဝန်းအားဖြင့်(၇၈)စတုရန်းမိုင်ခန့်ရှိခဲ့ပေသည်။ (၁၉၆၅)ခုနှစ်တွင်သုဝဏ္ဏမြို့သစ်ကိုအစိုးရဝန်ထမ်းများနေထိုင်ရေးအတွက်တည်ဆောက်ပေးခဲ့သည်။ သုဝဏ္ဏမြို့သစ်သည်သာကေတမြို့သစ်၏ မြောက်ဘက်၊ သင်္ဃန်းကျွန်းမြို့နယ်အတွင်း ပုဇွန်တောင်ချောင်းကွေ့ဝိုက်စီးဆင်းရာအနောက်ဘက်ခြမ်းတွင်တည်ရှိသည်။ သုဝဏ္ဏမြို့သစ်၏အကျယ်အဝန်းမှာ(၂.၅)စတုရန်းမိုင်ရှိသည်။ ထို့ပြင်(၁၉၆၈-၆၉)ခုနှစ်တွင်လည်း ဧရိယာ(၀.၂)စတုရန်းမိုင်ခန့်ရှိသည့်မြင်သာစုပေါင်းအိမ်ရာစခန်းကို တောင်ဥက္ကလာပမြို့နယ်အရှေ့ဘက်ခြမ်းတွင်တည်ဆောက်ခဲ့ပါသည်။

(၁၉၇၀)ပြည့်နှစ်စာရင်းအရ ရန်ကုန်မြို့တော်၌ အစိုးရနှင့်ပုဂ္ဂလိကမြေပေါ်ရှိကျူးကျော်တဲပေါင်း(၄၂၂၀၄)တဲရှိ၍ အိမ်ထောင်စုပေါင်း(၁၁၂၇၁၃)ရှိသည့်အနက်အစိုးရမြေပေါ်ရှိ ကျူးကျော်အိမ်ထောင်စုပေါင်း(၅၂၀၂၀)နှင့်ပုဂ္ဂလိကမြေပေါ်ရှိ

ကျူး ကျော်အိမ်ထောင်စု ပေါင်း (၆၀၆၉) ရှိသည်။ ကျူး ကျော်လူဦးရေ ပေါင်း (၅၄၉၁၆) ယောက်ရှိသည်။ ထို့ကြောင့် ရန်ကုန်မြို့တော်တွင် လူနေသိပ်သည်းသဖြင့် မီး လောင်မှုများ မကြာခဏဖြစ်ပွား ခြင်း၊ နေထိုင်ရေး အခက်အခဲများ ကြုံတွေ့ရခြင်း၊ ကျူး ကျော်အဆောက်အအုံများနှင့် ကျူး ကျော်ရပ်ကွက်များ တိုးပွား လာခြင်း ကြောင့် ရန်ကုန်မြို့တော်သည် မြို့တော်အင်္ဂါရပ်နှင့် မညီညွတ်ဖြစ်လာခဲ့ပါသည်။ သို့ဖြစ်ရာ ရန်ကုန်မြို့တော်ကို မြို့တော်အင်္ဂါရပ်နှင့် အညီအညွတ်ဖြစ်လာစေရန် ဆောင်ရွက် ရာတွင် ကျူး ကျော်တဲများ ဖယ်ရှား ခြင်း နှင့် လူနေရပ်ကွက်သိပ်သည်းမှုကြောင့် မီး ဘေး ကြုံတွေ့ရသူများ အား ရွှေ့ပြောင်း နေရာချထား နိုင်ရေး အတွက် မြေကွက်သစ်များ ကို (၁၉၈၁) ခုနှစ်မှစတင် ဖော်ထုတ်ခဲ့ရာ ၊ (၁၉၈၆) ခုနှစ်ထိ မြေကွက် ပေါင်း (၇၄၃၈) ကွက် ဖော်ထုတ်နိုင်ခဲ့ ပါသည်။ ဖော်ထုတ်ခဲ့ သောနယ် မြေများ မှာ မြောက်ဥက္ကလာပ (၅) အနောက်တိုး ချဲ့ရပ်ကွက်၊ မင်္ဂလာဒုံ ပျဉ်းမပင်၊ မင်္ဂလာဒုံ ပဥ္စမြွား ကျေး ရွာ ၊ သစ်သီးဆိမ့်ကုန်း ၊ သုဝဏ္ဏမြို့နယ်၊ ရွှေဝါဆန်မြေ၊ အင်းစိန်မြို့နယ်–လှိုင်သာယာ ကျေး ရွာ၊ သင်္ဃန်း ကျွန်း မြို့နယ်၊ ကြီး ပွား ရေး ရပ်ကွက်နှင့်အင်းစိတ်မြို့နယ်–အုတ်ဖိုတို့ဖြစ်ကြသည်။

ထို့ကြောင့် (၁၉၇၄) ခုနှစ်တွင် ရန်ကုန်မြို့တော်၏ မြို့နယ်အားလုံး၏ အကျယ်အဝန်း မှာ ဧရိယာစတုရန်း မိုင် (၈၀ ဒသမ ၅၅) မိုင်ရှိ၍၊ (၁၉၈၅) ခုနှစ်တွင် မြို့တော်၏ စည်ပင်သာယာနယ်နမိတ်သည် (၁၃၃ ဒသမ ၆၄) စတုရန်း မိုင်အထိကျယ်ဝန်း လာခဲ့ပါသည်။

ထို့ပြင် ရန်ကုန်မြို့သည် ပထဝီအနေအထား အရအနောက်ဘက်တွင် လှိုင်မြစ်၊ အရှေ့ဘက်တွင် ငမိုး ရိပ်ချောင်း ၊ တောင်ဘက်တွင် –ရန်ကုန်မြစ်တို့ရှိနေသည်ဖြစ်ရာ သဘာဝတား ဆီး နေမှုများ ကို မကျော်လွှားနိုင်ခဲ့ခြင်း ကြောင့် မြစ်တစ်ဖက်ကမ်း ဒေသတွင် လူနေမှုနှင့် မြို့ပြ တိုးတက်မှု မရှိခဲ့ပေ။ ရန်ကုန်မြို့၏ ဗဟိုမှ မြောက်ဘက်သို့သာ ရပ်ကွက်များ တိုးချဲ့

လာကာ တောင်နှင့်မြောက်၊ အလျား ရှည်သော မြို့ပြတည်နေပုံဖြစ်နေပြီး နေ့စဉ်ခရီး သွားလာမှုရှည်လျား ကာအခက်အခဲများ ကြုံတွေ့နေရပေသည်။ ထို့ကြောင့်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်တွင်ရန်ကုန်စည်ပင်သာယာနယ်နမိတ်အပြင်ဘက်၌ ရှိသော မြို့နယ်များတွင်မြို့ပြလူဦး ရေကိုဖြန့်ဖြူး နေရာချထားခြင်း ၊ ရန်ကုန်စည်ပင်သာယာနယ်နမိတ်အတွင်း နှင့်ရန်ကုန်မြို့၏ ဧရိယာကိုတိုး ချဲ့၍မြို့သစ်များ ကိုတည်ဆောက်ခဲ့ပါသည်။ ထို့ကြောင့်ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးနယ်နမိတ်သည်(၁၉၉၁)ခုနှစ်၊ ဇွန်လ(၁၉)ရက်နေ့တွင်နယ်မြေဧရိယာ (၂၂၃ဒသမ၂၂)စတုရန်း မိုင်အထိကျယ်ဝန်း လာခဲ့ပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်တွင်မြို့ပြနှင့်ဒေသစီမံကိန်းလုပ်ငန်းများအနေဖြင့်အောက်ပါလုပ်ငန်းများကို(၁၉၈၈)ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်နေ့မှ (၁၉၉၁)ခုနှစ်၊ မတ်လ(၃၁)ရက်နေ့အထိ ဆောင်ရွက်ခဲ့ပါသည်။

(က) ရန်ကုန်မြို့တော်ဝန်းကျင်မြို့ပြဖွံ့ဖြိုး ရေးလုပ်ငန်းစီမံကိန်းများ

(ခ) ပြည်နယ်နှင့်တိုင်းများ မြို့ပြဖွံ့ဖြိုး ရေးလုပ်ငန်းစီမံကိန်းများ

(ဂ) မီး လောင်မြေပြန်လည်နေရာချထား ရေးစီမံကိန်းများ

(ဃ) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး အစီအစဉ်အရ ဆောင်ရွက်သော နယ်စပ်ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းစီမံကိန်းများ

(င) ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ဖြင့်ဆောင်ရွက်သောလုပ်ငန်းများ

(စ) သန်လျင်မြို့နှင့်ပတ်ဝန်းကျင်ဖွံ့ဖြိုး ရေးစီမံကိန်းလုပ်ငန်းများ ဖြစ်ပါသည်။ *

---

* အောင်နိုင်မြင့်၊ ဦး ။ မြန်မာ့မြို့ပြ။ စာမျက်နှာ (၁၀၇)။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်တွင်တိုင်းနှင့်ပြည်နယ်အသီးသီး၌တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း မြို့များကိုမြို့နှင့်တူအောင်တည်ဆောက်ပြုပြင်၍မြို့ကွက်များတိုးချဲ့ခြင်း၊ မြို့သစ်တည်ဆောက်ခြင်း၊ ပြည်သူများအနားယူအပန်းဖြေနိုင်ရန် ပတ်ဝန်းကျင်သာယာရေးအတွက်ဥယျာဉ်၊ ပန်းခြံများ၊ ကလေးကစားကွင်းနှင့်ဈေးများတည်ဆောက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးအတွက်လမ်း၊ တံတားချဲ့ထွင်ခြင်း၊ လမ်းသစ်ဖောက်လုပ်ခြင်းများကိုဆောင်ရွက်ခဲ့ပါသည်။

မြို့ရွာလူနေရပ်ကွက်၊ အိမ်ယာမြေကွက်များဖော်ထုတ်နိုင်ရေးစီမံကိန်းရေးဆွဲခြင်းသည်မြို့ရွာဖော်ထုတ်ခြင်းစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုသာဖြစ်သည်။ မြို့ရွာဖော်ထုတ်ခြင်းသည်အိမ်ရာမြေကွက်များအပါအဝင်မြို့ရွာတစ်ခုအတွက်လိုအပ်သောစီးပွားရေး၊ လူမှုရေးနှင့်အခြေခံအဆောက်အအုံများအားလုံးအကျုံးဝင်သည်။ မြို့ရွာတည်ဆောက်ပြီးစီးပါကဆက်လက်တည်နေမှုနှင့်ရှင်သန်ကြီးထွားမှုတို့အတွက်လိုအပ်ချက်များကိုခြုံငုံစဉ်းစား၍ရေးဆွဲသောစီမံကိန်းသာလျှင်ပြီးပြည့်စုံသောမြို့ရွာစီမံကိန်းတစ်ရပ်ဖြစ်သည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏မှတ်တမ်းများအရနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏သက်တမ်းကာလ(၂)နှစ်ခွဲကာလအတွင်းအိမ်ရာမြေကွက်ပေါင်း (၁၄၃၇၈၈) ဖော်ထုတ်နိုင်ခဲ့သည်။ ၎င်းအနက်ရန်ကုန်တိုင်းအတွင်းအိမ်ရာမြေကွက်ပေါင်း (၁၁၈၆၆၁) ကိုဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဖော်ထုတ်ခဲ့ရာတွင်ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌ရွှေပြည်သာမြို့သစ်၊ လှိုင်သာယာမြို့သစ်နှင့်ဒဂုံမြို့သစ်တို့တွင် ပေ၄၀×ပေ၆၀ အိမ်ရာမြေကွက်ပေါင်း (၉၈၁၁၇) ဖော်ထုတ်နိုင်ခဲ့ပါသည်။

ထိုသို့ဖော်ထုတ်ရာတွင်ရန်ကုန်မြို့တော်၏နှစ်စဉ်တိုးတက်လာသောလူဦးရေ၊ မြို့ပြတည်နေပုံအနေအထားတို့အရရန်ကုန်မြို့တော်တိုးချဲ့ရေးကိုအရှေ့ဘက်ခြမ်းနှင့်အနောက်ဘက်ခြမ်းတို့တွင်တိုးချဲ့ဆောင်ရွက်ခြင်းဖြင့်ရန်ကုန်မြို့တော်သည်မြို့ပိုင်းအသွင်းသို့ကူးပြောင်းသွားမည်ဖြစ်ပေသည်။ တဆက်တည်းမှာပင်လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးတွင်လည်းအဆင်ပြေချောမွေ့လာမည်ဖြစ်သည်။

ထို့ကြောင့် ၁၉၈၈–၈၉ ခုနှစ်မှစ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည်ရန်ကုန်မြို့တော်၏လက်ရှိတောင်နှင့်မြောက်ကြီးထွားနေသည့်ပုံသဏ္ဌာန်မှမြို့တော်၏အရှေ့ဘက်နှင့် အနောက်ဘက်နယ်မြေများသို့ချဲ့ထွင်ရန်လိုအပ်နေသဖြင့်မြို့တော်၏အရှေ့ဘက်ခြမ်းတွင်ဒဂုံမြို့သစ်၊ ဝေဘာဂီနှင့်ရွှေပေါက်ကံ ( ပေါက်တလောက် ) မြို့သစ်များအားလည်းကောင်း၊ ရန်ကုန်မြို့တော်၏အနောက်ဘက်ခြမ်းတွင်လှိုင်သာယာနှင့်ရွှေပြည်သာမြို့သစ်များအားလည်းကောင်း စီမံချက်များဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည်ပြည်သူပြည်သားများစိတ်အေးချမ်းသာစွာဖြင့်စားဝတ်နေရေးပြေလည်စေရေးအတွက်တာဝန်ကြီး များအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့်နယ်မြေအေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ ပြည်သူများ၏စားဝတ်နေရေးချောင်လည်စေရေးတည်းဟူသောတာဝန်ကြီးများကိုကမ်းဆောင်ရင်းနိုင်ငံတဝန်းလုံးလွင်ဖွံ့ဖြိုးတိုးတက်ရေးအတွက်မြို့သစ်တည်ဆောက်ရေးလုပ်ငန်းများကိုစီမံကိန်းများဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ တစ်ဖက်ကလည်းတိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံး၍၊ ၁၉၉၆–၉၇ ခုနှစ်ကိုစီးပွားရေးနှစ်အဖြစ်သတ်မှတ်ကာအလေးထားဆောင်ရွက်နေပေသည်။

ထိုသို့မြို့သစ်များ တည်ဆောက်ဖော်ထုတ်ခဲ့ရာတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အနေဖြင့်အိမ်ရာမဲ့များနှင့်ဝန်ထမ်းများ ကိုယ်ပိုင်အိမ်ရာရရှိရေး အတွက်ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ တည်ဆောက်ခဲ့သောမြို့သစ်များ မှာအင်းစိန်မြို့နယ် အင်းစိန်တဖက်ကမ်း၌လှိုင်သာယာမြို့သစ်ကိုလည်းကောင်း၊ အုတ်ဖိုကျေးရွာအနီး၌ ရွှေပြည်သာမြို့သစ်ကိုလည်းကောင်း၊ သင်္ဃန်းကျွန်းမြို့နယ်၌ ဒဂုံမြို့သစ်ကိုလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ်တွင် ဝေဘာဂီနှင့် ပေါက်တလောက်မြို့သစ်တို့ကိုလည်းကောင်း၊ မြို့အင်္ဂါရပ်နှင့်အညီရုံး၊ ဆေးရုံ၊ စာသင်ကျောင်း၊ ဈေးအစရှိသည့်လူနေမှုအခြေအနေလိုအပ်ချက်များနှင့်ပြည့်စုံစေရန် ဆောင်ရွက်ခဲ့ပါသည်။ လှိုင်သာယာမြို့နယ်ကို (၂၆ဒသမ ၀၁ စတုရန်းမိုင်)၊ ရွှေပြည်သာမြို့နယ်ကို (၁၅ဒသမ၂၁၁စတုရန်းမိုင်)၊ ဒဂုံမြို့နယ်ကို (၁၀၇ဒသမ၄၆) စတုရန်းမိုင်)၊ ဖြင့်သတ်မှတ်ပေးခဲ့သည်။ ရွှေပေါက်ကံမြို့သစ် (၅ဒသမ၅၅) စတုရန်းမိုင်နှင့် ဝေဘာဂီမြို့သစ် (၀ဒသမ၅၉) စတုရန်းမိုင်) တို့ကိုတိုးချဲ့၍ မြောက်ဥက္ကလာပမြို့နယ် အတွင်း ထည့်သွင်းခဲ့ပါသည်။

(၁၉၈၉) ခုနှစ်၊ မတ်လ (၁၈) ရက်နေ့မှစတင်ဆောင်ရွက်ခဲ့သောမြို့သစ်တည်ဆောက်ရေးလုပ်ငန်းများမှလှိုင်သာယာမြို့သစ်၏ ၁၉၉၀ပြည့်နှစ်၊ မတ်လ (၁၀) ရက်နေ့အထိပြီးစီးသမျှအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

လှိုင်သာယာမြို့သစ်၏အကျယ်အဝန်းမှာမြို့မဧရိယာ (၁၀) စတုရန်းမိုင်နှင့်မြို့နယ်ဧရိယာ (၂၆ .၀၀) စတုရန်းမိုင်ကျယ်ဝန်းပါသည်။ မြို့နယ်တစ်ခုလုံးအနေဖြင့်ရပ်ကွက် (၃၅) ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၉) အုပ်စုတို့ပါဝင်သည်။ (၁၉၉၀) ပြည့်နှစ်စာရင်းအရ သောင်ကြီးအပါအဝင် မြေကွက်ပေါင်း (၂၆၉၅၉) ကွက်ဖော်ထုတ်ပေးခဲ့သည်။ ၁၉၉၂ ခုနှစ်အထိလှိုင်သာယာမြို့သစ်သို့ပြောင်းရွှေ့လာသောအိမ်ထောင်ဦးရေ

မှာ(၃၀၂၂၉)စုရှိသည်ကို တွေ့ရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့်လှိုင်သာယာမြို့သစ်ကိုစီမံကိန်း ချမှတ်၍အကောင်အထည်ဖော်တည်ဆောက်ပေးခဲ့ရာတွင်အဓိက–ရည်ရွယ်ချက်များမှာ– ရန်ကုန်မြို့တော်၏ တောင်နှင့်မြောက်ကြီးထွားနေသောပုံသဏ္ဌာန်မှအရှေ့နှင့်အနောက်ခြမ်း ဒေသသို့တိုးချဲ့စေခြင်းဖြင့်အဝန်းအဝိုင်းကောင်းသောမြို့ပြဖွံ့ဖြိုးမှုပုံသဏ္ဌာန်ဖြစ်ပေါ်စေရန်၊ ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း မီးလောင်မြေများမှ မီးဘေးဒုက္ခသည်များအား နေရာချထားနိုင်ရေးအတွက် မြေကွက်သစ်များ ဖော်ထုတ်ပေးရန်နှင့်ကျူးကျော်များအား ပြောင်းရွှေ့နေရာချထားရန်တို့ဖြစ်ပါသည်။ ထိုသို့လှိုင်သာယာမြို့သစ်တည်ဆောက်ရေးအတွက် (၁၉၈၅)ခုနှစ်၊ မေလ(၁၃)ရက်နေ့မှစတင်၍ စီမံကိန်းဖြင့်အကောင်အထည်ဖော်ခဲ့ရာ၊ စီမံကိန်းတန်ဖိုးမှာ(၉၁၂.၅၃)သိန်းဖြစ်ကြောင်း သိရှိရပေသည်။ လှိုင်သာယာမြို့သစ်၏အကောင်အထည်ဖော်မှုအစီအစဉ်မှာ (၁၉၈၅)ခု၊ မေလ(၁၃)ရက်နေ့မှစ၍ ပထမအဆင့်တွင်ရပ်ကွက်(၁) မှ(၆)အတွင်း ပေ၄၀၊ ပေ၆၀ မြေကွက်ပေါင်း (၃၃၆၈)ကွက် အား လည်းကောင်း၊ (၁၉၈၈)ခု၊ စက်တင်ဘာလ(၁၈)ရက်နေ့တွင်ဒုတိယအဆင့်အနေဖြင့် ပေ၄၀၊ ပေ၆၀ မြေကွက်ပေါင်း (၁၃၁၁၈)ကွက်အား လည်းကောင်း ဖော်ထုတ်နိုင်ခဲ့ပေသည်။ လှိုင်သာယာမြို့သစ်ကိုစတင်၍ တည်ဆောက်စဉ်ကရပ်ကွက်(၈)ခုနှင့် ကျေးရွာအုပ်စု(၉)စုတို့ဖြင့် ဖွဲ့စည်းခဲ့သော်လည်း၊ ပြောင်းရွှေ့လာသောအိမ်ထောင်စုနှင့်လူဦးရေ မှာတစ်နှစ်ထက်တစ်နှစ်တိုးလာခြင်းကြောင့်(၁၉၉၀–၉၁)ခုနှစ်၌ ရပ်ကွက်(၃၅)စုနှင့် ကျေးရွာအုပ်စု(၉)စုတို့ဖြင့်ပြင်ဆင်ဖွဲ့စည်းခဲ့ရ ပေသည်။ လှိုင်သာယာမြို့သစ်ကိုအင်းစိန်မြို့နယ်တစ်ဖက်ကမ်းတွင်တည်ဆောက် ခဲ့သော်လည်း နိုင်ငံတော်အနေဖြင့်မြို့သစ်နေထိုင်သူများ အဆင်ပြေချော မွေ့စေရန်လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး၊ စီးပွားရေးအဆင့်

မြင့်မား စေရန် ဆောင်ရွက်ပေး ခဲ့ပါသည်။ ထို့ကြောင့်ဤသာယာမြို့သစ်တွင် ပြောင်း ရွှေ့နေထိုင်သူများ၏လူမှုစီး ပွား ရေး အခြေအနေ ဖြစ်ပေါ် မှုကို လေ့လာရာတွင်လူမှုစီး ပွား ရေး ဆိုင်ရာအခြေခံသီအိုရီ များ ပေါ်အခြေခံ၍ လေ့လာတင်ပြမည်ဖြစ်ပါသည်။ ထိုသို့လေ့လာရာမှ တွေ့ ရှိချက်များ နှင့်အကြံပေး သုံး သပ်ချက်များ ကိုဆက်လက်တင်ပြသွား ပါမည်။

ယခုဆက်လက်၍ဤသာယာမြို့သစ်ကိုဘည် ဆောက်ရာတွင် နိုင်ငံ တော်၏ ပံ့ပိုး ကူညီ ဆောင်ရွက်ချက်များ ကိုမြို့သစ်အဆင့်အတန်းလေ့လာ သုံး သပ်ချက်အ နေဖြင့် လေ့လာတင်ပြသွား မည်ဖြစ်ပါသည်။

## ၂-၅။ မြို့သစ်အခြေအနေအဆင့်အတန်းသုံးသပ်ချက်။

မြို့သစ်အခြေအနေကို လေ့လာမည်ဆိုပါက နိုင်ငံတော်အစိုးရပိုင်း အနေဖြင့်လှိုင်သာယာမြို့သစ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ချက်များ ကို လေ့လာရန်လိုအပ် ပေမည်။ မြို့သစ်၏အခြေအနေအဆင့်အတန်း ဟုဆိုရာတွင်မြို့တစ်ခုတွင်ပါဝင်ရမည့်အင်္ဂါရပ်များ နှင့်ကိုက်ညီမှုရှိ မရှိ လေ့လာမည်ဖြစ်ပါသည်။ မြို့သစ်တည်ဆောက်ရာတွင်သတ်မှတ်ထားသော ဒေသတစ်ခုတွင် မြေကွက်များ ချ၍အိမ်ရာများ ဆောက်လုပ်နေထိုင်ကြရုံဖြင့်မြို့တစ်မြို့ဖြစ်လာမည်မဟုတ်ပေ။ ထို့ကြောင့်မြို့နေလူထု၏လူမှု အဆင့်အတန်း မြှင့်တင်ရန်နှင့်မြို့တစ်မြို့ကြီး ထွားလာစေရန်အတွက်နိုင်ငံတော်အစိုးရအနေဖြင့်မြို့ပြစီမံကိန်း နှင့် ဒေသဖွံ့ဖြိုး မှုဆိုင်ရာစီမံကိန်းများ ရေးဆွဲ၍ ဆောင်ရွက်ရပေသည်။

ထိုသို့စီမံကိန်း များ ရေးဆွဲရာတွင်နိုင်ငံရေး ၊ လူမှုရေး ၊ စီးပွားရေး နှင့်ပတ်ဝန်းကျင်ဖွံ့ဖြိုး မှုပိုင်း ဆိုင်ရာကဏ္ဍရပ်များ မပါဝင်လျှင်မပြည့်စုံပေ။ ယင်း သို့ကဏ္ဍပေါင်း စုံပါဝင် သည့်စီမံကိန်း မျိုး ကို Spatial Planning ဟုခေါ်ဆိုပေသည်။ ထိုစီမံကိန်း ကိုဆိုရှယ်လစ်နိုင်ငံများ ၌အဆင့်(၃)ဆင့်ထား၍ ရေးဆွဲကြသည်။ ဗဟိုအဆင့် National or Central level ၊ ဒေသအဆင့် - Regional Level နှင့် ဒေသန္တရအဆင့် Local Level စသည်ဖြင့်အဆင့်ဆင့် ရေးဆွဲကြသည်။ မြို့ပြစီမံကိန်း သည် ဒေသန္တရအဆင့် Local Level တွင်အကြုံး ဝင်ပေသည်။ ထို့ကြောင့်မြို့ပြစီမံကိန်း ပညာရပ်သည်အမျိုး သား စီး ပွား ရေး စီမံကိန်း ၏ ဘောင်အတွင်း ၌ ရေးဆွဲရသောအဆင့်ပွား စီမံကိန်း တစ်ရပ်ဖြစ်ပါသည်။

မြို့ပြစီမံကိန်း ဘာသာရပ်တွင်လူနေရပ်ကွက်၊ စက်မှုဇုံ၊ ကလေး ကစား ကွင်း နှင့်ပန်း ခြံစသည်တို့အတွက် နေရာချထား မှု

**Locational Aspect** ကိုထည့်သွင်းစဉ်းစားရသည်။ ထို့ကြောင့်မြို့ပြစီမံကိန်းဘာသာရပ်သည်လူမှုစီးပွားရေး၊ ကျန်းမာရေး၊ နိုင်ငံရေး၊ ပထဝီအင်ဂျင်နီယာပိုင်းဆိုင်ရာကဏ္ဍများ ရောယှက်ပါဝင်နေပေသည်။ မြို့ပြစီမံကိန်းပညာရပ်သည်မြို့၏လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုစသည့်လိုအပ်ချက်များကို သေချာစွာလေ့လာ၍ပကတိအခြေအနေပေါ်အခြေခံ၍ ရေးဆွဲရခြင်းဖြစ်သည်။

မြို့ပြစီမံကိန်း ရေးဆွဲရာတွင်မြို့နေလူထု၏လူမှုအဆင့်အတန်းမြှင့်တင်ရန်ထည့်သွင်းစဉ်းစားရသည်။ သို့မှသာနိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ တစ်ဖန်မြို့ပြစီမံကိန်း၌ မြေနေရာသတ်မှတ်မှုနှင့်ပတ်သက်၍ **Location or Economics Activities** ဘာသာရပ်ကို ထည့်သွင်းစဉ်းစားရသည်။ မြို့နေလူထုသည် ယေဘုယျအားဖြင့်စားဝတ်နေရေးအဆင်ပြေရန်ကိုလည်းကောင်း၊ လွယ်လင့်တကူအလုပ်လုပ်ရန်ကိုလည်းကောင်း၊ အလုပ်လုပ်ရာတွင်ပို့ဆောင်ဆက်သွယ်ရေးချောမွေ့ကောင်းမွန်ရန်ကိုလည်းကောင်း၊ သက်တောင့်သက်သာအနားယူရန်ကိုလည်းကောင်း လိုလားကြသည်။ ထိုလိုအပ်ချက်များကိုအတတ်နိုင်ဆုံးဖြည့်ဆည်းပေးနိုင်ရေးအတွက် ငွေရင်းနှီးမြှုပ်နှံရာ၌ကုန်ကျစရိတ်အသက်သာဆုံးနှင့်ထိရောက်စေမည့်နည်းလမ်းများဖြင့်စီမံကိန်းကို ရေးဆွဲရန်လိုအပ်ပေသည်။ ထို့ကြောင့်မြို့တစ်ကြို့ကိုစီမံကိန်းမရေးဆွဲမှီထိုမြို့၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပထဝီစသည့်နောက်ခံသမိုင်းကို လေ့လာမှုများပြုလုပ်ရပေသည်။

ထို့ကြောင့်စီမံကိန်းမစမှီ အောက်ပါပဏာမ လေ့လာဆန်းစစ်မှုများ **Preliminary Survey** ကို၂လုပ်ဆောင်ရပေသည်။

(က) လူဦးရေနှင့်ပတ်သက်သော လေ့လာဆန်းစစ်ချက်

(ခ) လူမှုရေး နှင့်ပတ်သက်သော လေ့လာဆန်းစစ်ချက်

(ဂ) စီးပွားရေးနှင့်ပတ်သက်သောလေ့လာဆန်းစစ်ချက်

(ဃ) အင်ဂျင်နီယာပိုင်းဆိုင်ရာ လေ့လာဆန်းစစ်ချက် တို့ဖြစ်ပါသည်။

လူဦးရေဆန်းစစ်ချက် Demography ပြုလုပ်ရာတွင်လူဦးရေသွင်ပြင် Population Structure ကို လေ့လာဆန်းစစ်ရသည်။ လူဦးရေအသက်အပိုင်းအခြား အလိုက်ကျား၊ မခွဲခြား၍ လေ့လာရသည်။ လူဦးရေတိုးတက်မှုအပိုင်းကို လေ့လာရသည်။ မြို့တစ်မြို့၏လူဦးရေတိုးတက်မှုသည်သဘာဝတိုးနှုန်းနှင့် ပြောင်းရွှေ့ဝင်ရောက်နေထိုင်ခြင်း Migration ကြောင့်ဖြစ်သည်။ ပြောင်းရွှေ့ဝင်ရောက်နေထိုင်ခြင်းနှင့်ပတ်သက်၍စီးပွားရေး စီမံကိန်း၏လမ်းညွှန်မှုကိုအခြေခံပြီး မြို့ပြစီမံကိန်းကအထောက်အကူပေးရသည်။

လူမှုရေးနှင့်ပတ်သက်၍ လေ့လာရာတွင်မြို့တစ်မြို့၏ လူမှုရေး၊ ယဉ်ကျေးမှု၊ နောက်ခံသမိုင်းကို လေ့လာရသည်။ ထိုမြို့အတွင်း ရှိလူမှုရေး မညီမျှမှုများပြားသည်ကိုလည်း လေ့လာရသည်။ ဓလေ့ထုံးတမ်း စဉ်လာများကိုလည်း လေ့လာရသည်။ အလုပ်ခွင်သို့သွားရောက်ရပုံအခြေအနေကိုလည်း လေ့လာရပေသည်။ ဤသို့ လေ့လာပြီး မှရည်မှန်းချက်နှင့်ကိုက်ညီသည့်ပုံသဏ္ဌာန်ကိုစီမံရပေသည်။

စီးပွားရေးကဏ္ဍနှင့်ပတ်သက်သော လေ့လာမှုများကိုလည်း ပြုလုပ်ရန်လိုအပ်သည်။ မြို့တစ်မြို့ကြီးထွားမှုသည်ယင်းမြို့၏စီးပွားရေးအခြေခံပေါ်တည်မှီနေရာ၊ မြို့တစ်မြို့၏မြို့ပြစီမံကိန်း မရေးဆွဲမှီ စီးပွားရေးစနစ်တမ်းများကိုပြုစု လေ့လာရန်လိုအပ်ပေသည်။ မြို့တစ်မြို့၏ပတ်ဝန်းကျင်ဒေသရှိစီးပွားရေး ဖွံ့ဖြိုးမှုအလားအလာများကိုတွက်ချက်ရသည်။ ထိုပတ်ဝန်းကျင်ရှိ မြေပေါ် မြေအောက်သယံဇာတများ

ရေကာတာများ ဆောက်လုပ်ရန်အခြေအနေပေးမှု၊ ကမ္ဘာလှည့်ခရီးသည်များအတွက်သဘာဝ တောတောင် ရေမြေရှုခင်းများ အခြေအနေနှင့် ရှေးဟောင်း စေတီပုထိုး အဆောက်အဦးများကိုလည်း တိကျစွာ လေ့လာဆန်းစစ်ရပေသည်။ ယင်းဆန်းစစ်ချက်များအပေါ်အခြေခံပြီး စီးပွားရေး ဖွံ့ဖြိုးမှုစီမံကိန်းကို ရေးဆွဲ၍တစ်ချိန်တည်း တွင် မြို့ကြီးတွားလာမည့်ပြဿနာအရပ်ရပ်ကို ဖြေရှင်းပေး နိုင်မည့်မြို့ပြစီမံကိန်းများကိုလည်း ရေးဆွဲရပေသည်။ ဤနည်းအားဖြင့်စီးပွားရေး လုပ်ငန်းရပ်များ၊ မြေနေရာသတ်မှတ်မှုသီအိုရီနှင့်အခြားသော နိုင်ငံရေး၊ လူမှုရေး လိုအပ်ချက်ကိုချိန်ဆ၍ ရေရှည်မြို့ပြစီမံကိန်းကိုရေး ဆွဲကြခြင်းဖြစ်သည်။

အင်ဂျင်နီယာပိုင်းဆိုင်ရာ လေ့လာရာတွင်ပို့ဆောင် ဆက်သွယ်ရေး၊ ရေပေးရေး၊ အညစ်အကြေးစွန့်ပစ်မှု၊ မိလ္လာစနစ်များ၊ မြေသားပထဝီအခြေအနေအရမြို့တည်ရန်သင့်၊ မသင့်စူးစမ်းမှုနှင့်ရာသီဥတုစသည်တို့ပါဝင်သည်။

ဒေသဆိုင်ရာဖွံ့ဖြိုးမှု Regional Development ပညာ ရပ်သည်ကျယ်ပြန့်၍လူနှင့်စီးပွားရေးအခြေအနေသာမက ၄င်းတို့နှင့် ဆက်စပ်နေသောလူမှုရေး၊ နိုင်ငံရေး၊ သဘာဝအခြေအနေအရပ် ရပ်တို့၏အကျိုးအကြောင်းဆက်သွယ်မှုကို လေ့လာသည့်ဘာသာရပ်ဖြစ်ပေသည်။

ဒေသဖွံ့ဖြိုးမှုဆိုင်ရာစီမံကိန်း Regional Development Planning ဆိုသည်မှာ ဒေသတစ်ခု၏အခြေအနေအရပ် ရပ်ပေါ်မူတည်၍အချိန်ကာလတစ်ခုအတွက်ရည်မှန်းချက်များချမှတ်ပြီး ထိုရည်မှန်းချက်များကိုအကောင်အထည်ဖော်ရန်သင့်လျော်သောနည်း စနစ်များဖြင့်သတ်မှတ်ထားသောအချိန်အတွင်းပြီးစီးအောင်ဆောင် ရွက်ခြင်းဖြစ်သည်။

စီးပွားရေးဖွံ့ဖြိုးမှုမညီမျှသောကြောင့်တိုင်းပြည်တစ်ပြည်၏ဒေသအသီးသီးရှိလူတို့၏ဝင်ငွေမှာလည်းခြားနားပေသည်။ အချို့နိုင်ငံများတွင်မဖွံ့ဖြိုးသေးသောဒေသရှိလူတစ်ဦး၏ဝင်ငွေမှာတိုးတက်နေသောဒေသရှိလူတစ်ဦး၏ဝင်ငွေထက်များစွာလျော့နည်းနေသည်ကိုတွေ့ရပေသည်။ ထိုသို့ခြားနားနေသောအခြေအနေများကြောင့်ဖြစ်ပေါ်လာသောစီးပွားရေးပြဿနာများ၊ လူမှုရေးပြဿနာများနှင့်ဝင်ငွေခြားနားမှုလျော့နည်းစေရန်သက်ဆိုင်ရာနိုင်ငံများရှိအစိုးရအသီးသီးတို့သည်ဒေသဖွံ့ဖြိုးမှုဆိုင်ရာစီမံကိန်းကိုအထူးတလည်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ဒေသတစ်ခုနှင့်တစ်ခုဖွံ့ဖြိုးမှုကွာခြားချက်ကြီးမားသည်ကိုတွေ့ရသည်။ ထိုသို့ဖြစ်ရခြင်းမှာသမိုင်းဆိုင်ရာဖြစ်စဉ်အကြောင်းချင်းရာများနှင့်မျက်မှောက်ကာလစီးပွားရေးလုပ်ငန်းဆောင်တာများနေရာချထားပေးမှုအပေါ်မူတည်နေပေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ဗဟိုမြို့ကြီးတစ်မြို့(သို့မဟုတ်)နှစ်မြို့နှင့်မြို့တော်ပတ်ဝန်းကျင်၌သာလုပ်ငန်းဆောင်တာများစုပုံနေသည်ကိုတွေ့ရသည်။ ဤသို့စုပုံနေခြင်းမှာလည်းအခြေခံအဆောက်အအုံ **Infrastructure** များသည်မြို့တော်နှင့်မြို့တော်ကြီးများ၌သာကောင်းမွန်ခြင်း၊ နည်းပညာ ... 

တိုးတက်နေသောနိုင်ငံများနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ကြုံတွေ့နေရသောမြို့ကြီးပြများ၌သာလုပ်ငန်းဆောင်တာများနှင့်

လူဦး ရေစုပုံနေခြင်း ၊ စသောပြဿနာများသည် ဒေသဆိုင်ရာ စီမံကိန်း လိုအပ်ကြောင်း ဖော်ပြချက်တစ်ရပ်ဖြစ်သည်။ ၎င်းတွင်မြို့ကြီးဖြစ်လာခြင်း ၊ လမ်းပန်းတည်ဆောက်ခြင်း ၊ လူဦး ရေစုပုံခြင်း ၊ အလုပ်လက်မဲ့ပြဿနာ ပေါ်ပေါက်ခြင်း စသောပြဿနာအရပ်ရပ်ကို ဒေသအပေါ်မူတည်၍ ဖြေရှင်း မှသာရနိုင်ကြောင်းနှင့်ထိုပြဿနာရပ်များကို ဖြေရှင်းပေး နိုင်သောနည်းလမ်း မှာ ဒေသဖွံ့ဖြိုး မှုဆိုင်ရာစီမံကိန်းဖြင့် ဖြေရှင်း နိုင်ကြောင်း သိရှိနား လည်လာကြ ပေသည်။

စီး ပွား ရေး နှင့်လူမှု ရေး ဖွံ့ဖြိုး ရရှိ ရေး အတွက် ဆောင်ရွက်ရာတွင် ဒေသဖွံ့ဖြိုး မှုဆိုင်ရာစီမံကိန်း သည်အ ရေး ပါသော ကဏ္ဍမှပါဝင်နေ ပေသည်။ ၁၉၆၅ ခုနှစ်၊ မေလ(၁) ရက်နေ့ တွင် ကုလသမဂ္ဂလူမှု ရေး ကော်မရှင်က ဖွံ့ဖြိုး ဆဲနိုင်ငံများ တိုး တက် စေရန်ထိုနိုင်ငံများ တွင်စက်မှုလုပ်ငန်း များ ထူ ထောင် ရေး နှင့်လယ်ယာကဏ္ဍကို ခေတ်မီ အောင် ဆောင်ရွက် ရေး တို့ကိုအဆိုပြုခဲ့သည်။ အကယ်၍ စင်စစ် ဒေသတိုး တက်မှုနှင့်လူဦး ရေကိုမှုတစ္စာဖြန့်ဖြူး ရေး သည်တိုင်းပြည်၏ လူမှု ရေး ၊ စီး ပွား ရေး တိုး တက်ရန်အ ခြေခံလိုအပ်ချက်ဖြစ် ပေသည်။

စီး ပွား ရေး နှင့်လူဦး ရေတိုး တက်မှု ကြောင့်နိုင်ငံတိုင်း တွင်လူမှု ရေး နှင့်စီး ပွား ရေး ပြဿနာများ ပေါ် ပေါက်လာသည်။ လူအများ စုသည်မြို့ကြီး များ ၏လုပ်အား လိုအပ်မှုနှင့်အခြား လူနေမှုလိုအပ်ချက် ပေး စွမ်း နိုင်မှုထက် ကျော်လွန်၍မြို့ကြီး များ တွင်လာရောက် နေထိုင်ကြ သော ကြောင့်ပြဿနာများ ပေါ် ပေါက်လာရခြင်းဖြစ်သည်။ ထိုပြဿနာများ ကို ဖြေရှင်း နိုင်ရန် ဒေသ၏အ ခြေအ နေအရပ်ရပ်ကို သေချာစွာ လေ့လာ၍ ရရှိလာ သောအ ချက်အလက်များ ပေါ်အ ခြေခံ၍ စီမံကိန်း ချမှတ် ဆောင်ရွက်ရ ပေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဒေသဖွံ့ဖြိုးမှုဆိုင်ရာစီမံကိန်း အရေးကြီးပုံကို၎င်း ပညာရပ်နှင့်ပတ်သက်သော ဆွေးနွေးပွဲတစ်ခုက ဒေသဖွံ့ဖြိုးမှုဆိုင်ရာစီမံကိန်းသည် တိုင်းပြည်အတွက်အရေးကြီးသောစီမံကိန်းများနှင့် ဒေသန္တရများ၏ ဦးဆောင်မှု (သို့မဟုတ်) ဒေသန္တရများ၏ စိတ်ဝင်စားမှုများကို မျှတစွာ ပူးပေါင်းဆောင်ရွက်ရန်သင့်လျော်သော အခြေအနေများ ပေးသင့်သည်ဟုဆိုသည်။

ထို့ကြောင့် လှိုင်သာယာမြို့သစ်သည် နိုင်ငံတော် အစိုးရအနေဖြင့် စီမံကိန်းချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သောမြို့ဖြစ်သည်နှင့်အညီ မြို့၏အင်္ဂါရပ်များနှင့် လျော်ညီစွာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး နှင့် လုံခြုံရေး စသည့်လုပ်ငန်းများနှင့် စည်ပင်သာယာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်ကို လေ့လာတွေ့ရှိရပေသည်။ ထို့ပြင် လှိုင်သာယာမြို့သစ်သို့ ပြောင်းရွှေ့ရောက်ရှိလာသူများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံရေး ချောမွေ့စေရေး အစစအဆင်ပြေစေရန် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ရပေသည်။ ဤသို့တာဝန်ယူဆောင်ရွက်နိုင်ရန် (၁၉၈၉ ခုနှစ်၊ ဇွန်လ-၅) ရက်တွင် ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် လှိုင်သာယာမြို့နယ်တွင် မြို့နယ်အထူးအုပ်ချုပ်ရေးအဖွဲ့ကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် (၆) ဦးဖြင့်ဖွဲ့စည်းပေးခဲ့ပါသည်။ ထို့နောက် ၁၉၈၉ ခု၊ ဇူလိုင်လ (၂၇) ရက်နေ့တွင် ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးအထူးအဖွဲ့ကို မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

လှိုင်သာယာမြို့သစ်ရှိ တည်ဆောက်ရေးလုပ်ငန်းများ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေး စသည့်လုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်

၏ ဆောင်ရွက်ချက်များကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပေသည်။

ဂျိုင်သာယာမြို့သစ်တည်ဆောက်ရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့်တိုးတက်လာစေရန် ဆောင်ရွက်ရာတွင်လမ်းပန်းဆက်သွယ်မှုလုံခြုံရေး ချောမွေ့ခြင်းသည်အဓိကအခန်းကဏ္ဍမှပါဝင်နေပေသည်။ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ ၁၉၉၁ ခုနှစ်အထိ မြို့နယ်အတွင်း မြို့အင်္ဂါရပ်နှင့်အညီကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ မြေကြီးလမ်း စသည်များကို ဖောက်လုပ်ထားသည်ကို တွေ့ရှိရပါသည်။ ၄င်းလမ်းများအနက်ကတ္တရာလမ်း ဖောက်လုပ်မှုအခြေအနေမှာ (၁၄၅၂၀) ပေအရှည်ထိ ဖောက်လုပ်ပြီးဖြစ်၍ (၁၂) ပေ ကျောက်ခင်းလမ်း မှာ (၇၅၀၀၀) ပေနှင့် (၃) ပေ ကျောက်ခင်းလမ်းမှာ (၈၀၆၀၀) ပေအထိအသီးသီး ဖောက်လုပ်ပြီးစီးခဲ့ပါသည်။ မြေကြီးလမ်း ဖောက်လုပ်ထားမှုမှာ (၄၈၇၄၈၀) ပေ ဖောက်လုပ်ခဲ့ပါသည်။ အဆိုပါမြေကြီးလမ်းနှင့် ကျောက်ခင်းလမ်းများကိုကတ္တရာလမ်းအဖြစ်အဆင့်ဆင့် တိုးမြှင့်သွားပြီး၊ ယာဉ်လိုင်းအသစ်များကိုပါတိုးချဲ့ပြေးဆွဲသွားရန်စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။ ၁၉၉၁ ခုနှစ်အတွင်း ပြေးဆွဲနေသောကားလိုင်းပေါင်း (၄) လိုင်းရှိ၍ကားစီးရေ (၁၃၀) ခန့်ဖြင့် ပြေးဆွဲလျက် ရှိရာခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်သည်ကို တွေ့ရပါသည်။ ထို့ပြင်ဂျိုင်သာယာမြို့နယ်တွင်း၌လမ်းပန်းဆက်သွယ်ရေး ချောမွေ့အဆင်ပြေမှုကြောင့်ဧရာဝတီတိုင်းနှင့်ရန်ကုန်တိုင်း၏ဆက်သွယ်ရေးလမ်းကြောင်းမှာလည်း၊ လမ်းပန်းဆက်သွယ်ရေးမကောင်းမွန်သေးမှီအချိန်ကပုသိမ်သို့ (၁၈) နာရီကြာသွားရသောခရီးမှ – ၁၉၉၁ ခုနှစ်တွင် (၄) နာရီနှင့် (၅) နာရီအတွင်း ရောက်ရှိနိုင်သဖြင့်ကုန်ဈေးနှုန်းကိုကျဆင်းစေပါသည်။

ဂျိုင်သာယာမြို့နယ်အတွင်း မော်တော်ယာဉ်လိုင်းများဖြင့်လမ်းပန်းဆက်သွယ်ရေး ချောမွေ့စေခဲ့သည့်နည်းတူဂျိုင်သာယာ

နှင့်ရန်ကုန်တစ်ဖက်ကမ်း သယ်ယူပို့ဆောင်ရာတွင်အဆင်ပြေစေရန် ဟိုင်သာယာ–အင်းစိန်ရုပေါင်း စက်တပ်သမ္ဗာန်ပို့ဆောင်ရေးလုပ်ငန်း စက်သမ္ဗာန်ပို့ဆောင်ရေးလုပ်ငန်း၊ ဖာက်ရေယာဉ်သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ သင်္ဘောပို့ဆောင်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဟိုင်သာယာ–အင်းစိန်ရုပေါင်း စက်တပ်သမ္ဗာန်ပို့ဆောင်ရေးလုပ်ငန်းကို ၁၉၇၉ ခုနှစ်တွင်ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့က ငွေကြေး၊ ယန္တယားနှင့်လုပ်အားပါဝင်မှုတို့ဖြင့် ခရီးသည်များသွားလာရေးအဆင်ပြေစေရန်ရည်ရွယ်၍ ဆောက်လုပ်ခဲ့ပါသည်။ ထိုအတူစက်သမ္ဗာန်ပို့ဆောင်ရေးလုပ်ငန်းကို ၁၉၇၇ ခုနှစ်မတိုင်မီကစက်လှေ(၆)စီးဖြင့်ဆောင်ရွက်ခဲ့ပြီး ၁၉၇၉ ခုနှစ်တွင်စက်လှေ(၁၆)စီးတိုးလာ၍ ဟိုင်သာယာ–အင်းစိန်သွားလာရာတွင်ခရီးသည်များအဆင်ပြေစေခဲ့ပါသည်။ ၁၉၇၉ ခုနှစ်တွင် ဖာက်ရေယာဉ်ဖြင့်အင်းစိန်–ဟိုင်သာယာခရီးသည်များကိုစီးရေ(၂)စီးဖြင့်တစ်နေ့လျှင်ခေါက်ရေ(၃၅)ခေါက်ပြေးဆွဲစေခဲ့ပါသည်။ ဖာက်ရေယာဉ်တစ်စီးလျှင်ခရီးသည်ဦးရေ(၁၄,၀၀၀)ခန့်လိုက်ပါနိုင်ပါသည်။ တစ်ဖန်ဟိုင်သာယာမှကြည့်မြင်တိုင်သွားလာရေးအဆင်ပြေစေရန်သင်္ဘောပို့ဆောင်ရေးလုပ်ငန်းကို ၁၉၈၀ ခုနှစ်မှစတင်၍ နေ့စဉ်(၇)စီး၊ အခေါက်ရေ(၃၂)ခေါက်တစ်စီးလျှင်လူဦးရေ –(၁၃,၀၀၀)ခန့်ကိုသယ်ယူပို့ဆောင်ပေးခဲ့ပါသည်။

ထို့ကြောင့်လမ်းပန်းဆက်သွယ်ရေးအနေဖြင့်ဟိုင်သာယာမြို့နယ်အတွင်းသာမက၊ ဟိုင်သာယာမှရန်ကုန်၊ ဟိုင်သာယာမှပုသိမ်သို့ဆက်သွယ်သည့်လမ်းများမှာလည်းအဆင်ပြေချောမွေ့လာခဲ့ကြောင်း တွေ့ရပေသည်။ ထို့ပြင်ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းမှဟိုင်သာယာ–ကြည့်မြင်တိုင်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းအသော်အဦးကိုငွေကျပ်(၃၀၀,၀၀၀)ကျော်ခန့်ဖြင့် ၁၉၈၀ ခုနှစ်၊ မေလ

(၁၀) ရက်နေ့တွင်ခရီးသည်များ သွားလာရေး အဆင်ပြေစေရန် ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

ထို့ပြင် မော်တော်ယာဉ်များ ၊ ခရီးသည်များသွားလာမှုအဆင်ပြေချောမွေ့စေရန်မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့၏ကြီးကြပ်မှုဖြင့်လှိုင်သာယာကမ်းနားဆိပ်ကမ်း (၃၅၀ ပေ ၂၅၀ ပေ)ကို ၁၉၉၀ ခုနှစ်မှစတင်၍ပြုပြင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၁ ခုနှစ်တွင်ကျုန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ က ဦးစီး၍အလျား ပေ(၁၀၀)ရှိသော ဘောလ်တံတားနှင့်( ပေ ၃၀ ၊ ပေ ၂၀) ရှိချဉ်းကပ်တံတားများကို ငွေကျပ်(၁၂)သိန်းဖြင့် ဆောက်လုပ်ပေးခဲ့ပါသည်။ အလားတူပင် ၁၉၉၁ ခုနှစ်၌ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်း ၊ တံတား)မှ ငွေကျပ်(၅)သိန်း အကုန်အကျခံ၍လှိုင်သာယာဆိပ်ကမ်းတွင်သစ်သား ဆိပ်ခံဘောတံတား ( ပေ ၆၀၊ ပေ ၄၀)ကိုပြုပြင်တည်ဆောက် ပေးခဲ့ပါသည်။

ထို့ပြင် ၁၉၉၀ ခုနှစ်တွင်လှိုင်သာယာ ဆောက်လုပ်ရေး သမဝါယမအသင်း မှဦးစီး၍မြို့နယ်သမဝါယမဦးစီးမှူးရုံး ကို သမဝါယမဦးစီးဌာနလုပ်ငန်းများ ဆောင်ရွက်ရန်ရည်ရွယ်က ငွေ (၃၅၀၀၀၀)ကျပ်အကုန်အကျခံ၍ ဆောက်လုပ်ခဲ့ပါသည်။ ပြည်သူများ၏ စားဝတ်နေရေး ချောင်လည်စေရေး ၊ လုပ်သားပြည်သူများ လိုအပ်သောကုန်ပစ္စည်းများ ဈေးနှုန်းချိုသာစွာဖြင့်စိတ်အေးချမ်းသာစွာ ဝယ်ယူနိုင်ရေး အတွက်လှိုင်သာယာမြို့နယ်၊ တံတားဖြူအနီး ၊ (၁၂) ရပ်ကွက်တွင်မြို့နယ်သမဝါယမအသင်း ကုန်ပဒေသာဆိုင်ကို ၁၉၉၁ ခုနှစ်တွင် ဆောက်လုပ်ပေးခဲ့ပါသည်။ ထိုသို့ ဆောက်လုပ်ရာတွင်လှိုင် ဆောက်လုပ်ရေး နှင့်အထွေထွေပစ္စည်းထုတ်လုပ်ရေး သမဝါယမအသင်း မှဦးစီး၍ ငွေ(၅၇၈၁၅၄)ကျပ်ကုန်ကျ၍ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။

57578



ဂျိုင်သာယာမြို့သစ်တွင်မြို့ပြလုပ်ငန်းတည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

ရန်ကုန်တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကကြီးကြပ်ကွပ်ကဲ၍မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကိုမြို့နယ်၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအား ဆောင်ရွက်ရန်ရည်ရွယ်၍ ၁၉၉၀ ခုနှစ်တွင်၊ ငွေကျပ်(၁၄,၅၀,၀၀၀)အကုန်အကျခံကာ ငွေကြေး၊ စက်ယန္တရားနှင့်လုပ်အားပါဝင်မှုတို့ဖြင့်တည်ဆောက် ပေး ခဲ့သည်။ မီးသတ်ဦးစီးဌာနကမီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဂျိုင်သာယာမြို့၊ အင်းစိန်ညောင်တုန်းကားလမ်းမနဘေး၊ အမှတ်(၇)ရပ်ကွက်တွင်မီးသတ်တစ်ဖွဲ့စခန်းကိုတည်ဆောက်ပေးခဲ့ပါသည်။ ၎င်းကို ၁၉၉၀ ခုနှစ်တွင်တည်ဆောက်ပြီးစီးခဲ့၍ ငွေကျပ် -(၆၇၈,၀၀၀)ကျပ်ကုန်ကျ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အလားတူပင် ၁၉၉၀ ခုနှစ်၌တရားရုံးချုပ်ကဦးစီး၍ဂျိုင်သာယာမြို့နယ်အတွင်းတရားဥပဒေစိုးမိုးရေးနှင့်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်ဂျိုင်သာယာမြို့နယ်တရားရုံးကို ငွေကျပ်(၁၈,၇၆,၀၀၀)ကျပ်အကုန်အကျခံ၍တည်ဆောက်ပေးခဲ့ပေသည်။ ၁၉၉၀ ခုနှစ်တွင်ပင်မြို့နယ်ဥပဒေရုံးကိုနိုင်ငံတော်ဘက်မှတရားလိုအကျိုးဆောင်အဖြစ်လိုက်ပါဆောင်ရွက်ခွင့်ဥပဒေနှင့်ပတ်သက်သောအကြံဉာဏ်များ ပေးရန်ရည်ရွယ်၍တည်ဆောက်ပေးခဲ့ပါသည်။ ၎င်းအဆောက်အဦးကို ဆောက်လုပ်ရာ၌ ငွေကျပ်(၂၂၀,၀၀၀)သုံးစွဲ၍ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ ၁၉၉၁ ခုနှစ်တွင်မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)ကဦးစီးကွပ်ကဲ၍ မြေငှားခများ ကောက်ခံခြင်းနှင့်မြေယာစီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ၊

ကျိုင်းသုံယာမြို့နယ်၊ အမှတ်(၁၂) ရပ်ကွက်တွင် မြေနှင့်အခွန်ဌာနခွဲ ၊ မြေယာရုံး ခွဲ(၁၀)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦး စီး ဌာန ကို ငွေကျပ်(၁၀၀,၀၀၀) အကုန်အကျခံ၍ ဆောက်လုပ် ပေး ခဲ့ပါသည်။ ၁၉၉၁ ခုနှစ်တွင်ကျိုင်းသုံယာမြို့နယ်စာရင်း ရုံးကိုအစိုးရဌာနများ၏လုပ်ငန်း နှင့်ရငွေ၊ သုံး ငွေများ ကိုမှန်ကန်မှုရှိ၊ မရှိစစ် ဆေး နိုင်ရန်အတွက် ရည်ရွယ်၍ စာရင်း စစ်ချုပ်ရုံး (ရန်ကုန်) ကကြီး ကြပ်ကွပ်ကဲပြီး နိုင်ငံ တော်ဘတ်ဂျက်မှ ငွေ(၅၃၃,၄၀၀) ကျပ်ကျခံကာတည် ဆောက်ပေးခဲ့ ပါသည်။ ၁၉၉၁ ခုနှစ်တွင်မြန်မာ့သစ်လုပ်ငန်း ဌာနကကြီး ကြပ် မှု ဖြင့်လုပ်သား ပြည်သူများ အတွက်အိမ်ဆောက် ရန်နှင့်ဖွံ့ဖြိုး ရေး လုပ် ငန်း များ အတွက်အထပ်သား နှင့်သစ်ခွဲသား များ ရောင်း ချရန်ရည် ရွယ်၍သစ် ရောင်း ချ ရေး လုပ်ငန်း (သစ်ဆိုင်အမှတ်(၁) ကို ငွေကျပ် (၆၀၀၀) ကျခံ၍ ဆောက်လုပ်ခဲ့ပါသည်။ ၁၉၉၁ ခုနှစ်တွင်ပင်ရန်ကုန် မြို့ တော်စည်ပင်သာယာ ရေး ကော်မတီ၏ကြီး ကြပ်မှုဖြင့်ကျိုင်းသုံယာ မြို့ နယ်အတွင်း စည်ပင်သာယာ ရေး လုပ်ငန်း များ ကို ဆောင်ရွက် နိုင်ရန် အတွက်ကျိုင်းသုံယာမြို့နယ်စည်ပင်သာယာအုပ်ချုပ် ရေး မှူး ရုံး ကို ကန်ထ ရိုက်စနစ်ဖြင့် ငွေကျပ်(၁၀.၃၅) သိန်း ကျခံ၍ ဆောက်လုပ်ပြီး စီး ခဲ့ပါ သည်။ ၁၉၉၁ ခုနှစ်တွင်မြန်မာ့ဆက်သွယ် ရေး လုပ်ငန်း ကဦး စီး ၍ အင်း စိန်- ညောင်တုန်း ကား လမ်း မန် ဘေး အမှတ်(၁၂) ရပ်ကွက် တွင်ကျိုင်းသုံယာမြို့နယ်ဆက်သွယ် ရေး စခန်း (စာတိုက်) ကို ငွေကျပ် - (၅၀၀,၀၀၀) ကျခံ၍ ဆောက်လုပ်ခဲ့ပါသည်။

ကျိုင်းသုံယာမြို့နယ်အတွင်း လူမှု ရေး လိုအပ်ချက်အ နေ ဖြင့်စာသင် ကျောင်း များ နှင့်မြို့နယ်ပညာ ရေး မှူး ရုံးများ ကို တည် ဆောက် ပေး ခဲ့ပါသည်။ သို့မှသာကျိုင်းသုံယာမြို့သစ်သို့ ပြောင်း ရွှေ့ ရောက်ရှိလာ သောအိမ် ထောင်စုများ ရှိသား သမီး များ ၏ပညာရေး

အတွက်အဆင်ပြေစေမည်ဖြစ်ပါသည်။ ဂျိုင်သာယာမြို့နယ်ပညာရေး မှူးရုံးကို ပညာရေးဝန်ကြီးဌာနကကြီးကြပ်၍ ပညာရေးဌာနဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၁၉၉၁ ခုနှစ်တွင် (၇၃၁,၆၀၀) ကျပ်ကျခံ၍ ဆောက်လုပ်ခဲ့ပါသည်။ ၁၉၉၀ ခုနှစ်တွင်ဂျိုင်သာယာမြို့နယ်တွင်အခြေခံပညာအထက်တန်း ကျောင်း (၂) ကျောင်းကိုပညာရေးဝန်ကြီးဌာနကပင်စာပေသင်ကြားပို့ချနိုင်ရန်ရည်ရွယ်၍ ဆောက်လုပ်ပေးခဲ့ပါသည်။ ထို့ကြောင့် ၁၉၉၁-၉၂ ခု၊ ပညာသင်နှစ်အတွင်း အခြေခံပညာအထက်တန်း ကျောင်း (၂) ကျောင်း၊ အခြေခံပညာအလယ်တန်း ကျောင်း (၃) ကျောင်း နှင့်မူလတန်း ကျောင်း (၄၃) ကျောင်း၊ စုစုပေါင်း (၄၈) ကျောင်း ရှိ၍ ၎င်း ကျောင်းများ တွင်ပညာသင်ကြားလျက်ရှိသော ကျောင်းသား နှင့် ကျောင်းဆရာဦးရေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ကျောင်းသား၊ ကျောင်းသူအင်အားစာရင်း

| | | |
|---|---|---|
| (က) အထက်တန်း ကျောင်းသား၊ ကျောင်းသူ | ဂ၄၁ | ဦး |
| (ခ) အလယ်တန်း ကျောင်းသား၊ ကျောင်းသူ | ၄၉၅၆ | ဦး |
| (ဂ) မူလတန်း ကျောင်းသား/သူ | ၂၀၂၁၁ | ဦး |
| စုစုပေါင်း | ၂၆၀၀ဂ | ဦး |

(၂) ဆရာ၊ ဆရာမများ အင်အား

| | | |
|---|---|---|
| (က) အထက်တန်း ပြဆရာ၊ ဆရာမ | ၃၆ | ဦး |
| (ခ) အလယ်တန်း ပြဆရာ၊ ဆရာမ | ၁၇ဂ | ဦး |
| (ဂ) မူလတန်း ပြဆရာ၊ ဆရာမ | ၂၆၉ | ဦး |
| စုစုပေါင်း | ၄ဂ၃ | ဦး |

ထို့ကြောင့်ဂျိုင်သာယာမြို့နေပြည်သူများ၏သားသမီးများအနေဖြင့်ပညာသင်ကြားရေး တွင်အခက်အခဲမရှိအဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ ၁၉၉၁-၉၂ ဘဏ္ဍာရေးနှစ် အတွင်း ကျောင်းဆောင်သစ် (၂၂) ဆောင်ကိုခွင့်ပြုရန်ပုံငွေ (၁၅၄) သိန်းဖြင့်ဆောက်လုပ်ပြီးစီးပြီးဖြစ်ပေသည်။

၁၉၉၀ ခုနှစ်တွင်လူမှုဝန်ထမ်း ဝန်ကြီး ဌာနက ဟိုင်သာယာမြို့နယ် နေ့ကလေး ထိန်း ကျောင်း (လူမှုဝန်ထမ်း ဝန်ကြီးဌာန)ကိုအမှတ်(၂) ရပ်ကွက်ဗိုလ် အောင်ဆန်း လမ်း တွင် ငွေကျပ် - (၈၁၁၀၀၀)ကျခံ၍တည် ဆောက် ပေး ခဲ့ပါသည်။

ဟိုင်သာယာမြို့သစ် နေပြည်သူများ ၏ကျန်း မာ ရေး အတွက် ဆေး ကုသ ပေး နိုင်ရန်ရည် ရွယ်၍၊ ကုတင်(၂၅)လုံး ဆန့် မြို့နယ်ပြည်သူ့ ဆေး ရုံကို(၁၉၉၀) ခုနှစ်တွင်ဖက်စပ်(၅)က ငွေကျပ်သိန်း(၉၀) ဖြင့် ဆောက်လုပ် ပေး ခဲ့ပါသည်။ ထို့ပြင်၎င်း အဖွဲ့အစည်းကပင်လုပ် သား ပြည်သူများ ဆေး နှင့် ဆေး ကိရိယာလွယ်ကူစွာဝယ်ယူနိုင် စေရန် ဆေး နှင့် ဆေး ကိရိယာ ရောင်း ဝယ် ရေး အ ရောင်း ဆိုင်ကို ၁၉၉၀ ခုနှစ်တွင်ပင် ငွေကျပ်(၃)သိန်း ကျခံ၍ ဆောက်လုပ် ပေး ခဲ့ပါသည်။ ၁၉၉၂ ခုနှစ်တွင်ဟိုင်သာယာမြို့ သောင်ကြီး မောက်တွင် ဆောက်လုပ် လျှက်ရှိသော ဒေသန္တရကျန်း မာ ရေး အ ဆောက်အဦး မှာ(၉၀)ရာခိုင် နှုန်း ပြီး စီး လျှက်ရှိပြီး ၊ အမှတ်(၃) ရပ်ကွက်ရှိ ဒေသန္တရကျန်း မာရေး ဌာနမှာ(၈၀) ရာနိုင်နှုန်း ဆောက်လုပ်ပြီး ဖြစ် ပေသည်။ ၁၉၉၁ - ၉၂ ခုနှစ်တွင် (၂၅)ကုတင်ဆန့်ဟိုင်သာယာမြို့နယ်ပြည်သူ့ ဆေး ရုံ ၊ ဒေသန္တရကျန်း မာ ရေး ဌာနနှင့် ဒေသန္တရကျန်း မာ ရေး ဌာန ခွဲ (၂) ခုတို့တွင်ကျန်း မာ ရေး ဝန်ထမ်း အင်အား အပြည့်ဖြင့်ပြည်သူ့ကျန်း မာ ရေး နှင့် ရောဂါကာကွယ် ရေး လုပ်ငန်း များ ကို(၂၄)နာရီ အချိန်ပြည့်တာဝန်ယူ ဆောင်ရွက်လျှက်ရှိ နေပြီဖြစ် ပေသည်။

၁၉၉၂ ခုနှစ်တွင်မြို့နယ်လူဦး ရေတိုး လာသည်နှင့် အမျှပြည်သူများ ၏လုံခြုံ ရေး ၊ တရား ဥပဒေစိုး မိုး ရေး အတွက်(က) အဆင့်ရဲစခန်း တစ်ခုအပြင်၊ ရဲစခန်း တစ်ခုကိုထပ်မံ၍ ဆောက်လုပ်ထား ပြီး ဖြစ်ရာမြို့နယ်ကိုတစ်ခြမ်း စီခွဲ၍တာဝန်ယူ ဆောင်ရွက် နေ ပေသည်။

ရပ်ကွက်(၃၅)ခုတွင်ရပ်ကွက်နှင့် ကျေးရွာတစ်ခုစီအလိုက် ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့များကလည်း ဖြန့်ကြက်တာဝန်ယူလျက်ရှိရာ၊ မြို့နယ်၏လုံခြုံရေး အခြေအနေမှာထိရောက်ကောင်းမွန်လျက်ရှိပေသည်။

အခြားလူမှုရေးနှင့်ပတ်သက်သော ဆောင်ရွက်ချက်မှာကျေးကျော်ရပ်ကွက်များကိုဖယ်ရှားစဉ်ကပါဝင်လာသော ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း(၃၀)ခန့်ကို နေရာချထားပေးခြင်းနှင့် ဗုဒ္ဓဘာသာဓမ္မာရုံများကိုရပ်ကွက်အလိုက်ကိုယ်ထူကိုယ်ထတည်ဆောက်ခြင်းနှင့်ကိုးကွယ်သည့်ဘာသာအလိုက်သုသာန်များကိုခွဲခြားနေရာချထားပေးခြင်းများပြုလုပ်ပေးခဲ့ပေသည်။

ထို့ပြင်ဂျိုင်သာယာမြို့သစ်တွင်လုပ်သားပြည်သူများ သောက်သုံးရန်အတွက်မရှိမဖြစ်လိုအပ်သော ရေရရှိရေး ဆောင်ရွက်ချက်ကိုဖြည့်ဆည်းပေးခဲ့သည်။ ဂျိုင်သာယာမြို့နယ်အတွင်း လက်နှိပ်တုံကင်တပ်ဆင်ပြီးတွင်းပေါင်း(၃၀၁)တွင်း၊ ရေမှုတ်စက်တပ်ဆင်ပြီးတွင်းပေါင်း(၉)တွင်းနှင့်ဆိုလာရေတင်စက်တပ်ဆင်ပြီးတွင်း(၁)တွင်းတို့ကိုတူးဖော်ပေးခဲ့သည်။ ထို့ပြင်ဂါလံ(၆၀၀၀)ဆန့်အုတ်ရေကန်(၇)လုံး၊ ရေစစ်ကန်(၇)လုံး၊ မိုးရေခံသောက်သုံးရေကန်(၅)ကန်တို့ကိုလည်းတူးဖော်ပေးခဲ့ပါသည်။ ထို့ကြောင့်ဂျိုင်သာယာမြို့နယ်ရှိပြည်သူများအနေဖြင့် ရေရရှိရေးအတွက်အခက်အခဲမရှိစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၁၉၈၉ ခုနှစ်တွင်မြို့နယ်နေပြည်သူများ လျှပ်စစ်မီးရရှိရေးနှင့်ကုန်ထုတ်လုပ်ငန်းများကိုအဆင်မြင့်ဆောင်ရွက်နိုင်ရန် မြန်မာ့လျှပ်စစ်ဓါတ်အားလုပ်ငန်းကဦးစီး၍ဂျိုင်သာယာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးကို ငွေကျပ်(၅၀၀၀၀)ဖြင့်တည်ဆောက်ပေးခဲ့သည်။

ဂျိုင်သာယာမြို့နယ်အတွင်း လျှပ်စစ်ဓါတ်အား ဖြန့်ဖြူး သုံးစွဲမှုအခြေအနေနှင့်ပတ်သက်၍ ၁၉၉၀ ခုနှစ်အထိတပ်ဆင်ပြီးစီးမှုအခြေအနေကို လေ့လာပါက မီးလုံး (၄၇၉)လုံး ၊ (၄) ပေမီးချောင်း (၁၄၃)ချောင်း မာကျူရီ(၂၉)လုံး ၊ အိမ်သုံးမီတာ(၁၂၀၂)လုံး ၊ ထရန်စဖော်မာ (၅၀၀) ကေဗွီ(၅)လုံး ၊ ထရန်စဖော်မာ(၃၀၀) ကေဗွီ(၃) လုံး တို့ကိုတပ်ဆင်ပေးခဲ့ပြီး ၊ (၄၀၀) ဗို့လိုင်း (၁၈.၆၇) မိုင်၊ (၆.၆) ကေဗွီလိုင်း (၉၇) မိုင်နှင့်(၂၃၀) ဗို့(၁၀.၉၄) မိုင်တို့ဖြင့်လျှပ်စစ် ဓါတ်အားဖြန့်ဖြူး ပေးနိုင်ခဲ့သည်။

စည်ပင်သာယာရေး လုပ်ငန်းများအနေဖြင့် ၊ ဂျိုင်သာယာမြို့နယ်အတွင်း၌ ဈေးများ ဆောက်လုပ်ခြင်း ၊ ပန်းခြံများ အားကစားကွင်းများ ဆောက်လုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေး ခဲ့ပါသည်။ ဂျိုင်သာယာမြို့နယ်၊ ရပ်ကွက်(၃)တွင်ဂျိုင်သာယာ ဈေးကြီးကို ရန်ကုန်မြို့စည်ပင်သာယာရေး ကော်မတီမှ ဆောက်လုပ်ပေးခဲ့ပြီး၄င်း ကော်မတီကပင်ဂျိုင်သာယာမြို့နယ်(၁) ရပ်ကွက်ရှိဆိုင်ခန်း ပေါင်း - (၉၆) ခန်း ပါရှိသည့်ယာယီမှတ်ပုံတင်(၁) ဈေးကိုလည်း ဆောက်လုပ် ပေးခဲ့ပြီး ၁၉၉၀ ခုနှစ်၊ ဇန်နဝါရီလတွင်ဖွင့်လှစ် ပေးခဲ့ပါသည်။

၁၉၉၁ ခုနှစ်၌ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသော ဈေးများမှာ(၁) ရပ်ကွက်တွင်ကျွန်းသီရိဈေး ၊ (၁၀) ရပ်ကွက်တွင် မိတောက်မြိုင်ဈေး ၊ (၂၀) ရပ်ကွက်နှင့်(၂၁) ရပ်ကွက်တွင်ပင်လုံဈေး (၂၈) ရပ်ကွက်တွင် အောင်မင်္ဂလာဈေး (၂၂) ရပ်ကွက်နှင့်(၂၃) ရပ်ကွက်တွင်အမည်မပေးရသေးသော ဈေးများ ပါဝင်ပါသည်။ ၄င်း ကိုယ်ထူကိုယ်ထ ဈေးများကိုရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှအခွန်ငွေ၊ ဈေးကောက်များ ကောက်ယူစည်းကြပ်၍ စည်ပင်သာယာ ရေး အတွက်တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင်(၁)တေ

အကျယ်ရှိ သောဂျိုင်သာယာပန်း ခြံကိုလည်း အမှတ်(၂) ရပ်ကွက်ရှိ ညောင်တုန်း လမ်း နှင့်နဝဒေး လမ်း ဒေါင့်တွင်တည် ဆောက်ထား ပေသည်။

၁၉၉၁ ခုနှစ်စာရင်းအရ နိုင်ငံတော်ငြိမ်ဝပ်ပိပြား မှုတည် ဆောက်ရေး အဖွဲ့အတွင်း ရေး မှူး (၂)၏လမ်း ညွှန်ချက်ဖြင့်မြို့ပြလုပ်ငန်း များ ကိုအ ကောင်အထည် ဖော်လျက်ရှိရာ ပေ(၆၀၀)၊ ပေ(၄၀၀)အကျယ်ရှိ သောမြို့နယ်အား ကစား ကွင်း ကြီး ကိုဝင်း ကာရံရန်အတွက် ငွေကျပ်(၅၀၀၀၀၀) ချထား ပေး မည်ဖြစ်သည်။ ထို့အတူ ၁၉၉၁ ခုနှစ်တွင်အထက(၂) ကျောင်း အား ကစား ကွင်း(ပေ၆၀၀ ပေ ၄၀၀)ကိုလည်း ကောင်း ၊ အမှတ်(၁) ရပ်ကွက်အား ကစားကွင်း (ပေ ၃၀၀၊ ပေ ၁၅၀)ကိုလည်း ကောင်း တည် ဆောက်ရန်လျာ ထား ပြီး ဖြစ် ပေသည်။ ပေ(၃၀၀၊ ပေ ၁၅၀)အကျယ်ရှိ သောအား ကစား ကွင်း( ၄)ကွင်း အတွက် မြေ နေရာ ဖော်ရန်လည်း လျာထား ကြောင်း သိရှိရသည်။

ထို့ပြင်ဂျိုင်သာယာမြို့သစ်တည် ဆောက် ရေး လုပ်ငန်း များ ကိုဌာနတစ်ခုတည်း ကတာဝန်ယူ ဆောင်ရွက်ခြင်း မျိုး မဟုတ်ဘဲ၊ ဌာနစုံမှ ငွေအား ၊ လူအား ၊ စက်ယန္တယား များ ဖြင့်ပူး ပေါင်းဆောင် ရွက်ခဲ့ခြင်း ဖြစ် ပေသည်။ ယင်း သို့စု ပေါင်း ဆောင်ရွက်ခြင်း သည်ဂျိုင် သာယာမြို့သစ်တည် ဆောက် ရေး လုပ်ငန်း များ အချိန်မှီပြီး စီး ရေး ၏ အနှစ်သာရတစ်ခု ပင်ဖြစ်သည်။

ဂျိုင်သာယာမြို့သစ်ကိုမြို့နယ်အဆင့်သတ် မှတ်ထား ပြီး ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာရုံး ပေါင်း (၂၉) ခုကိုဖွင့်လှစ်ထား ရှိ ပေး ပြီး ဖြစ်သည်။

၁၉၉၁ ခုနှစ်ထိရှိင်သာယာမြို့နယ်အတွင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသောရုံး ဌာနများ မှာမြန်မာ့သစ်လုပ်ငန်း (သစ်အရောင်းဆိုင်၊ မြို့နယ်ပညာရေး မှူး ရုံး ၊ မြို့နယ်ကျန်း မာရေး ဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေး လုပ်ငန်း ၊ မြို့နယ်သစ်တော ဦး စီး ဌာန၊ ပြည်သူ့ရဲတပ်ဖွဲ့မှူး ရုံး ၊ မြို့နယ်သမဝါယမဦး စီး ဌာန ၊ မြို့နယ်သမဝါယမအသင်း ၊ မြို့နယ်စာရင်း ဦး စီး မှူး ရုံး ၊ မြို့နယ်ဥပဒေရုံး ၊ မြို့နယ်တရား ရုံး ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦး စီး ဌာန ၊ စား သောက်ကုန်နှင့်အဖျော်ယမကာလုပ်ငန်း ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ၊ ဆည်မြောင်း ဦး စီး ဌာန၊ မြို့နယ် ဆောက်လုပ်ရေး အင်ဂျင်နီယာ၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း (စာတိုက်)၊ ဆေး နှင့် ဆေးပစ္စည်းအရောင်း ဆိုင်၊ ပြန်ကြား ရေး နှင့်ပြည်သူ့ဆက်ဆံရေး ဦး စီး ဌာန ၊ မြို့နယ်မီး သတ်ဦး စီး ဌာန၊ ရှိင်သာယာပြည်သူ့ဆေး ရုံ၊ ရှိင်သာယာဆက်သွယ်ရေး စခန်း နှင့်မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့စခန်း နှစ်ခုတို့ကိုဖွင့်လှစ်ထား ရှိပါသည်။ အချို့ရုံး ဌာနများ မှာ ဆောက်လုပ်ဆဲဖြစ်၍အထက် ပါအဖွဲ့အစည်း များ တွင်ထည့်သွင်း ဖော်ပြမှုမရှိပေ။

ထို့ပြင်ရှိင်သာယာမြို့နယ်အတွင်း နေထိုင်သူများအတွက်စား ဝတ် နေရေး ချောင်လည်စေရန်နှင့် ဈေး နှုန်း သက်သာစွာဖြင့် ဝယ်ယူနိုင်ရန်ရပ်ကွက်အလိုက်အခြေခံစား သုံး သူသမဝါယမအသင်း ဆိုင်များ ကိုဖွင့်လှစ် ပေး ခဲ့ကြောင်း တွေ့ရှိရပါသည်။ ရှိင်သာယာမြို့ နယ်သမဝါယမအသင်း ကို ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ(၁၅) ရက် နေ့မှစတင်၍ဖွဲ့စည်း ပေး ခဲ့ပြီး ၊ အထူး အရောင်း ဆိုင်များ အနေဖြင့်အမှတ်(၁)စား သုံး သူသမဝါယမအသင်း ဆိုင်၊ အမှတ်(၂)စား သုံး သူသမဝါယမအသင်း ဆိုင်၊ အမှတ်(၃)စား သုံး သူသမဝါယမအသင်း ဆိုင်နှင့် အမှတ်(၄)စား သုံး သူသမဝါယမအသင်း ဆိုင်များ ကို ၁၉၉၀ ခုနှစ်တွင်

ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါသမဝါယမအသင်းဆိုင်များမှ ဂျိုင်သာယာမြို့နယ်ရှိပြည်သူများ၏စားဝတ်နေရေးအဆင်ပြေချောမွေ့စေရေးအတွက်အခြေခံစားကုန်ပစ္စည်းများ၊ သား ငါး၊ ကုန်စိမ်းနှင့်မီး ဖိုချောင်သုံးပစ္စည်းများကိုဈေးနှုန်းသက်သာချောင်ချိစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

ထိုပြင်ဂျိုင်သာယာမြို့နယ်သည်ဧရိယာစတုရန်းမိုင် (၂၆.၀၁) ကျယ်ဝန်းပြီး၊ ရပ်ကွက်(၃၅) ရပ်ကွက်နှင့်ကျေးရွာအုပ်စု (၉) အုပ်စုတို့ဖြင့်ဖွဲ့စည်းထားပါသည်။ ၁၉၉၂ ခုနှစ်တွင်ဂျိုင်သာယာမြို့နယ်အတွင်းအိမ်ထောင်စု (၃၀၂၂၉) ခုမှစုစုပေါင်းလူဦးရေ (၁၅၄၆၃၆) ဦးရွှေ့ပြောင်းနေထိုင်လျက်ရှိပါသည်။ ထိုသို့ပြောင်းရွှေ့နေထိုင်သူများအနက်အများစုမှာလက်လုပ်လက်စားဆင်းရဲသားများဖြစ်ပြီး စားဝတ်နေရေးအတွက်ရန်ကုန်ဘက်ကမ်းသို့နေ့စဉ်သွားလာလုပ်ကိုင်နေရသူများလည်းပါဝင်ပေသည်။

သို့ဖြစ်ရာနိုင်ငံတော်အစိုးရအနေဖြင့်ဂျိုင်သာယာမြို့နယ်အတွင်းနေထိုင်သူများမြို့နယ်အတွင်း၌ပင်အလုပ်အကိုင်များရရှိစေရေးနှင့်စီးပွားရေးအဆင်ပြေစေရန်တပ်မတော်အထည်ချုပ်စက်ရုံကို ၁၉၉၂ ခုနှစ်တွင်စတင်၍ဖွင့်လှစ်ရန်စီစဉ်နေပြီဖြစ်ပေသည်။ ၎င်းစက်ရုံကိုပုသိမ်–ညောင်တုန်းကားလမ်းဘေးတွင်တည်ဆောက်ထားပြီး (ပေ ၉၀၊ ပေ ၃၀) ကျယ်ဝန်းသည့်အထည်ချုပ်စက်ရုံ (၆) လုံးမှာလည်းရာနိုင်နှုန်းပြည့်နီးပါးပြီးစီးနေပြီဖြစ်ပါသည်။ အဆိုပါစက်ရုံများတွင်ဂျိုင်သာယာမြို့နယ်၌နေသူများကိုခန့်ထားမည်ဖြစ်ပြီး၊ ဆင်းရဲနွမ်းပါးသူများကိုဦးစားပေးခန့်ထားမည်ဟုသိရှိရပေသည်။

အလားတူပင်သမဝါယမကဏ္ဍနှင့်ပုဂ္ဂလိကကဏ္ဍများမှလည်းစက်မှုလက်မှုလုပ်ငန်းများထူထောင်လာနိုင်စေရန်ရည်ရွယ်ထားပြီး

နယ်မြေခံလူထုများ၏အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်စေ၍၊ အရင်းအနှီး စိုက်ထုတ်သည့်လုပ်ငန်းရှင်များလည်း အကျိုးဖြစ်စေမည် ဖြစ်သည်။

၁၉၉၂ ခုနှစ် လေ့လာချက်အရ မြို့နယ်နေသူများ သွားလာမှုအဆင်ပြေစေရေးအတွက် ဘုရင့်နောင်တံတားကို သတ်မှတ်ရက်ထက်စောစွာပြီးစီးရန်လည်း ကြိုးပမ်းဆောင်ရွက်နေပေသည်။ နိုင်ငံတော်အစိုးရအနေဖြင့် လှိုင်သာယာမြို့တိုးတက်ဖွံ့ဖြိုးစေရန်လည်းကောင်း၊ မြို့နေပြည်သူလူထုစားဝတ်နေရေး ပြေလည်စေရေးအတွက်လည်းကောင်း၊ သွားလာမှုနှင့်နေထိုင်မှုအဆင်ပြေစေရေးအတွက်လည်းကောင်း၊ နည်းလမ်းများ ကြံဆ၍ တစ်ဆင့်ပြီး တစ်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပေသည်။

ထိုသို့ လှိုင်သာယာမြို့သစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို တစ်ဆင့်ပြီး တစ်ဆင့်အကောင်အထည်ဖော်ရခြင်းမှာလည်း နိုင်ငံတော်ဘ႑ာငွေအကန့်အသတ်ရှိမှု၊ လိုအပ်ချက်အတိုင်း ဆောက်လုပ်ရေးပစ္စည်း စုံရှိရန်အခက်အခဲရှိမှုတို့ကြောင့်ဖြစ်ပေသည်။[၁]

ထို့ပြင် နိုင်ငံတော်၏ စီးပွားရေးတိုးတက်လာစေရန် ၁၉၉၂ – ၉၃ ခုနှစ်ကို စီးပွားရေးနှစ်အဖြစ်သတ်မှတ်ကာ အလေးထားဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှသာ လှိုင်သာယာမြို့စည်ပင်သာယာရေး ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်၊ ဘ႑ာငွေပို၍သုံးစွဲနိုင်မည်ဖြစ်ပါသည်။ တဖက်ကလည်း မီသားစုအလိုက်၊ ရပ်ကွက်အလိုက် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို စီမံချက်ချမှတ်၍ အကောင်အထည်

---

၁။ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ အတွဲ( ၂၉ )၊ အမှတ်( ၂၀၀ )၊ ၆၊ ၇၊ ၉၂ စာမျက်နှာ ၁ နှင့် ၇။

ဖော်ဆောင်ရွက်ရန်လည်း ကြိုးပမ်းလျက်ရှိပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့်လှိုင်သာယာမြို့သစ်ကိုမြို့အင်္ဂါရပ်နှင့်အညီတည်ဆောက်ပေးခဲ့ရုံသာမက၊ မြို့နေပြည်သူလူထု၏အလုပ်အကိုင်၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့်လုံခြုံရေးလုပ်ငန်းများကို ပါဖွံ့ဖြိုးတိုးတက်စေရန်တက်တက်ကြွကြွကူညီပံ့ပိုး ဆောင်ရွက်ပေးခဲ့သည်မှာထင်ရှားလှပေသည်။ ထိုသို့နိုင်ငံတော်အစိုးရမှစွမ်းစွမ်းတမံဆောင်ရွက်ပေးသကဲ့သို့မြို့နေပြည်သူလူထုအနေဖြင့်လည်း တစ်ဦးချင်းမှတစ် မြို့နယ်လုံး အထိမိမိတို့နေထိုင်ရာမြို့နယ်၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းရပ်များတွင်လက်တွဲပါဝင်ကူညီ ဆောင်ရွက်သင့်ပေသည်။ နိုင်ငံတော်ကမြို့၏အင်္ဂါရပ်နှင့်အညီမြို့ပြဆိုင်ရာအဆောက်အဦးများ ဆောက်လုပ်ထားသကဲ့သို့တစ်ဖက်ကမြို့နေလူထုအနေဖြင့်လည်း မြို့ကြီးသားများ ဝိဝိစည်းကမ်းသေဝပ်မှု၊ သန့်ရှင်းမှုလုပ်ငန်းများအပြင်၊ မိမိတို့ရပ်ရွာအလိုက်အုပ်စုများဖွဲ့စည်းကာ၊ ရပ်ကွက်အလိုက်လိုအပ်ချက်များကိုစီမံခန့်ခွဲ၍ဖြည့်ဆည်း ဆောင်ရွက်ရန်လိုပါသည်။

# အခန်း (၁)

## သုတေသနပြုပုံနည်းများ

ရန်ကုန်မြို့တော်ကိုမြို့ပြအင်္ဂါရပ်နှင့်လျော်ညီစေရန် ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကမြို့သစ်များ ကို စနစ်တကျအကွက်များ ချပေး ပြီး တည်ဆောက်ပေး ခဲ့ပါသည်။ ထိုသို့တည်ဆောက်ခဲ့သောမြို့သစ်များ အနက်လှိုင်သာယာမြို့သစ်ကို ရွေး ချယ်၍လေ့လာထား ပါသည်။ လှိုင်သာယာမြို့သစ်တွင်မည်သူများ ပြောင်းရွှေ့ နေထိုင်သည်ကိုသိရှိနိုင်ရန်လှိုင်သာယာမြို့သစ်သို့ ပြောင်း ရွှေ့လာရသည့် အကြောင်း ရင်း များ မေး မြန်း လေ့လာထား ပါသည်။ ၎င်းအကြောင်း ရင်း များ တွင်မီး ဘေး ကြောင့်သော်လည်း ကောင်း ၊ ကျူးကျော်ဖြစ်၍ သော်လည်း ကောင်း ၊ ဆွေမျိုး မိတ် ဆွေရှိ၍ သော်လည်း ကောင်း ၊ အလုပ်အကိုင် ကြောင့်သော်လည်း ကောင်း ၊ အိမ် မြေတန်ဘိုး သက်သာ၍ သော်လည်း ကောင်း ဖြစ်နိုင်ပါသည်။

ဤကျမ်းစာအတွက် လေ့လာမှုပြုရာတွင် ရှိုင်သာယာမြို့သစ်သို့ ပြောင်းရွှေ့နေထိုင်သူအားလုံးကို လေ့လာရန်မလွယ်ကူသဖြင့်၊ ဖြစ်ရပ်လေ့လာမှု (Case Study) အနေဖြင့်သာ လေ့လာနိုင်ခဲ့ပါသည်။ လေ့လာမှုမှ တွေ့ရှိချက်မှာ အထက်ဖော်ပြပါအကြောင်းရင်းများအနက်မှ ရှိုင်သာယာသို့ ပြောင်းရွှေ့လာသူအများစုသည် ကျူးကျော်ဖြစ်သောကြောင့် ပြောင်းရွှေ့လာသူများဖြစ်သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ရှိုင်သာယာမြို့သစ်သို့ ပြောင်းရွှေ့နေထိုင်သူအိမ်ထောင်စုများ၏ လက်ရှိနေထိုင်မှုအခြေအနေကို ယခင်မပြောင်းရွှေ့မီက နေထိုင်မှုအခြေအနေနှင့် နှိုင်းယှဉ်လေ့လာနိုင်ရန် ကွင်းဆင်းလေ့လာခြင်းနှင့် မေးခွန်းလွှာပုံစံကိုအသုံးပြု၍ မေးမြန်းလေ့လာခြင်းတို့ပြုလုပ်မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်အနေဖြင့် မြို့သစ်၏အင်္ဂါရပ်များဖြစ်သည့် ဆေးပေးခန်း၊ ဆေးရုံ၊ ကျောင်း၊ သမဝါယမဆိုင်၊ ဈေး၊ ရုံး လမ်းပန်းဆက်သွယ်ရေး အခြေအနေများကိုလည်း မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ထံမှ စုံစမ်းမေးမြန်းခြင်းဖြင့် လေ့လာမည်ဖြစ်ပါသည်။

ထိုသို့ လေ့လာရာတွင် ရှိုင်သာယာမြို့သစ်သို့ ပြောင်းရွှေ့လာသောအိမ်ထောင်စုများ၏ လူမှုစီးပွားရေးအသွင်သဏ္ဍာန်များ အနေဖြင့် တိုင်းတာသိရှိရန်လွယ်ကူသောအလုပ်အကိုင်၊ ပညာအဆင့်၊ ဝင်ငွေ၊ အသုံးစရိတ်နှင့် နေထိုင်မှုအခြေအနေတို့ကို လေ့လာ၍ ၎င်းအခြေအနေများသည် မပြောင်းရွှေ့မီကအိမ်ထောင်စုများ၏ လူမှုစီးပွားရေးအသွင်သဏ္ဍာန်များနှင့် မည်သို့ကွာခြားသည်ကို လေ့လာမည်ဖြစ်ပါသည်။

ယခု လေ့လာမည့် စာတမ်း သည် လှိုင်သာယာမြို့သစ်တွင် နေထိုင်သူများ၏ လူမှုစီးပွားရေး အသွင်သဏ္ဍာန်များ ကို လေ့လာရန် ရည်ရွယ်ရင်း ဖြစ်သော ကြောင့် လှိုင်သာယာမြို့သစ်ကို ရန်ကုန်မြို့တော်၏ နယ်မြေတိုး ချဲ့ရန် စုစည်းမှုအား ( Agglomeration Forces ) ကြောင့် တစ်စုတစ်စပ်တည်း ဖြစ်ပေါ်တည်ရှိလာသည့် မြို့ပြစီးပွားရေး ဒေသ ( Urban Economic Region ) အနေဖြင့် လည်းကောင်း၊ ကာလဒေသ ( Time and Space ) အလိုက် မြို့ပြအခြေခံအဆောက်အအုံများ တည်ဆောက်ရန် ရင်းနှီး မြှုပ်နှံနိုင်မှု၊ ကျွမ်းကျင်မှုဆိုင်ရာ အဆင့်နှင့်ပြည့်ဆည်း ဆောင်ရွက်ပေး နိုင်မှု ( Technical Standard and Capability ) စသည်တို့အရ ရုပ်ပိုင်း ဆိုင်ရာမြို့ပြဖွဲ့စည်းမှု၊ ( Physical Urban Structure - ) အနေဖြင့် လည်းကောင်း လေ့လာသုံးသပ်ရန်မှာ ဤစာတမ်း အနေဖြင့် လူမှုရေး သိပ္ပံရှုဒေါင့်မှ လေ့လာမှုဖြစ်သည်ကတစ်ကြောင်း ၊ လေ့လာရန်အတွက်ရရှိသည့် အချိန်အတိုင်း အတာ၊ လူအင်အား ၊ ငွေအင်အား စသည်တို့ဖြင့် မလုံလောက်သည်ကတစ်ကြောင်း တို့ကြောင့် ဤစာတမ်း တွင် အထက်ဖော်ပြပါ ရုပ်ပိုင်း ဆိုင်ရာမြို့ပြဖွဲ့စည်းမှုအခြေအနေများ ပါဝင်ခြင်း မရှိကြောင်း ဦးစွာ တင်ပြအပ်ပါသည်။

## လှိုင်သာယာမြို့သစ်ဖြစ်ပေါ်လာပုံ

လှိုင်သာယာမြို့သစ်ဖြစ်ပေါ်လာခဲ့သည့်နောက်ခံအကြောင်းများကိုအခန်း ( ၂ ) တွင်တင်ပြခဲ့ပြီးဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့်လှိုင်သာယာမြို့သစ်တည်ဆောက်ပေးရခြင်း၏ရည်ရွယ်ချက်များတွင်ရန်ကုန်မြို့တော်၏ကြီးထွားနေသောပုံသဏ္ဌာန်မှအရှေ့-နှင့်အနောက်ခြမ်းဒေသသို့တိုးချဲ့စေခြင်းဖြင့်အဝန်းအဝိုင်းကောင်းသောမြို့ပြဖွံ့ဖြိုးမှုပုံသဏ္ဌာန်ဖြစ်ပေါ်စေရန်၊ ရန်ကုန်စည်ပင်သာယာနယ်နမိတ်အတွင်းမီးလောင်မြေများမှမီးဘေးဒုက္ခသည်များအားနေရာချထားနိုင်ရေးအတွက်မြေကွက်သစ်များဖော်ထုတ်ပေးရန်နှင့်ကျူးကျော်များအားပြောင်းရွှေ့နေရာချထားပေးရန်တို့ပါဝင်ပါသည်။ လှိုင်သာယာမြို့သစ်သည်လှိုင်မြစ်တစ်ဖက်ကမ်း၊ အင်းစိန်-ညောင်တုန်းကားလမ်းအနီးအင်းစိန်မြို့နယ်သာယာကုန်းနယ်မြေအတွင်း၌တည်ရှိပါသည်။ လှိုင်သာယာမြို့သစ်၏မြို့ကွက်များဖော်ထုတ်ထားသည့်မြေမှာမူလကလယ်မြေများဖြစ်ပါသည်။ သို့သော်တစ်ဧကစပါးအထွက်နှုန်းညံ့ဖျင်းသည့်မြေအမျိုးအစားသာဖြစ်ခြင်းကြောင့်နိုင်ငံတော်၏စပါးအထွက်နှုန်းကိုမထိခိုက်နိုင်ပေ။ ၎င်းမြို့သစ်ဖော်ထုတ်ရေးအတွက်မြေသိမ်းခံရသည့်လယ်သမားများအားနယ်မြေအလိုက်ဖော်ထုတ်ပြီးသောမြေကွက်များတွင်နေရာချထားပေးခြင်း၊ ဒေသခံရွာမြေများကိုချန်လှပ်ပြီးမြေကွက်များဖော်ထုတ်ခြင်း၊ မြို့နယ်အတွင်းပါဝင်သောရွာများအတွက်လမ်း၊ မီး၊ ရေစသည်တို့ကိုစီစဉ်ဆောင်ရွက်ပေးခြင်းတို့ကြောင့်မြို့ကွက်ဖော်ထုတ်ရာတွင်အခက်အခဲမရှိပြုလုပ်နိုင်ခဲ့ကြောင်းလေ့လာသိရှိရပါသည်။

( ၁၉၈၀ ) ခုနှစ်မတိုင်မီကလှိုင်သာယာမြို့သစ်တွင်ကျေးရွာအုပ်စု ( ၁၁ ) ခုရှိခဲ့သော်လည်း၊ ကျေးရွာအုပ်စုတစ်ခု

သည်အင်း ဆိန်မြို့နယ် နယ်နမိတ်တွင် ပါဝင်သွားပြီး ၊ ကျန် ကျေးရွာ အုပ်စုတစ်စုမှာ လှိုင်သာယာမြို့သစ်၌ ရပ်ကွက်များတွင် အကျုံးဝင်သွား သဖြင့် မြို့သစ်တည် ဆောက်သောအခါ ကျေးရွာအုပ်စု (၉) ခု ကျန်ရှိ ပါ သည်။ ထို့ကြောင့် (၁၉၉၁) ခုနှစ် လှိုင်သာယာမြို့သစ်၏ ဖွဲ့စည်း ပါဝင် မှုတွင် မြို့နယ်တစ်ခုလုံး အနေဖြင့် ရပ်ကွက်ပေါင်း (၃၅) ရပ်ကွက် ၊ ကျေးရွာအုပ်စု (၉) ခုပ်စုတို့ဖြင့် ဖွဲ့စည်း တည်ဆောက်ထားပြီး ၊ မြို့ နယ်အကျယ်အဝန်း (၂၆ .၀၁) စတုရန်း မိုင်ရှိပါသည်။ (၁၉၉၁) ခုနှစ် စာရင်း အရ လှိုင်သာယာမြို့နယ်၏ ရပ်ကွက်အမှတ် (၁) မှ အမှတ် (၃၅) အထိ ရပ်ကွက်အလိုက် ရပ်ကွက်များ၏ ဧရိယာအကျယ်အဝန်း နှင့် ဖော်ထုတ် ထားသော မြေကွက်များ စာရင်းကို နောက်ဆက်တွဲဇယား (၃-၁) တွင် ဖော်ပြထားပါသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် လှိုင်သာယာမြို့သစ်– တည်ဆောက်ရေး စီမံကိန်းကို (၁၉၈၅) ခု၊ မေလ (၁၃) ရက်နေ့ တွင် စတင်၍ အကောင်အထည် ဖော် ဆောင်ရွက်ခဲ့ပါသည်။ ထိုအချိန် က လှိုင်သာယာမြို့သစ်တွင် ရပ်ကွက်ကြီး (၁) မှ (၈) အထိ အစဉ်လိုက် ဖွဲ့စည်း တည်ဆောက်ခဲ့ပါသည်။ ပထမအဆင့်အနေဖြင့် ရပ်ကွက်ကြီး (၁) မှ ၊ ရပ်ကွက်ကြီး (၆) အတွင်း (ပေ၄၀၊ ပေ၆၀) မြေကွက်ပေါင်း – (၃၃၆၈) ကွက်ကိုလည်း ကောင်း ၊ (၁၉၈၈) ခုနှစ်တွင် ဒုတိယ အ ဆင့်အနေဖြင့် သောင်ကြီး ရွင် တောင်ပိုင်း တွင် (ပေ၄၀၊ ပေ၆၀) မြေကွက် ပေါင်း (၁၇၈၉) ကွက်၊ သောင်ကြီး ရွင် မြောက်ပိုင်း တွင် (ပေ၄၀၊ ပေ၆၀) မြေကွက် ပေါင်း (၁၁၃၂၉) ကွက်၊ စုစုပေါင်း (၁၃၁၁၈) ကွက်အား လည်း ကောင်း ဖော်ထုတ် ပေးခဲ့ပါသည်။ ရှသောင်ကြီး ရွင်ဆိုသည်မှာ လှိုင်သာယာမြို့နယ်ကို ပင် ခေါ်ဆိုထား ခြင်း ဖြစ်ပြီး ၊ လှိုင်သာယာမြို့၏ မြောက်ဘက်ခြမ်း ကို သောင်ကြီး မြောက် ဟု၍လည်း ကောင်း ၊ လှိုင်သာယာမြို့၏ တောင်ဘက်အခြမ်း ကိုသောင်ကြီး

တောင်ဖူး၍လည်း ခေါ်ဆိုသည်ကိုသိရှိရပေသည်။ သောင်ကြီး ရွင် တောင်ပိုင်း နှင့် သောင်ကြီး ရွင် မြောက်ပိုင်း ဘိုကိုအင်း စိန်- သောင်တုန်းကါး လမ်း မဖြင့်ပိုင်း ခြား ထား သည်ကို တွေ့ရှိရပါသည်။ ( [illegible]

(၁၉၇၅) ခုနှစ်စာရင်း အရ နေရာချပေး ပြီးမြေကွက်ပေါင်း မှာ (၁၂၇၂၆) ကွက်ဖြစ်ပြီး ၊ မြို့နေလူဦး ရေမှာ အိမ်ထောင်စု (၂၃၂၇၁) စုမှလူဦး ရေစုစုပေါင်း (၁၁၃၃၆၉) ဦး နေထိုင်လျက်ရှိပါသည်။ * ၁၉၉၁ ခုနှစ်စာရင်း အရ၊ လှိုင်သာယာမြို့နယ်၌ ရပ်ကွက်အလိုက် ဖော်ပြထား သောအိမ် ထောင်စုနှင့်လူဦး ရေစာရင်း ချပ်ကို နောက်ဆက်တွဲဇယား (၃-၄) တွင် ဖော်ပြထား ပါသည်။ ထို့ပြင်(၁၉၉၂) ခုနှစ်၊ ဇူလိုင်လ (၆) ရက် နေ့အထိလှိုင်သာယာမြို့နယ်သို့အိမ်ထောင်စု - (၃၀၂၂၉) စုမှလူဦး ရေ(၁၅၄၆၃၆) ဦး ရွှေ့ပြောင်း နေထိုင်လျက်ရှိပါသည်။ ထို့ကြောင့်တစ်နှစ်ထက်တစ်နှစ်လှိုင်သာယာမြို့နယ်သို့ပြောင်းရွှေ့လာ သောအိမ် ထောင်စုများ ကြောင့်မြို့နေလူဦး ရေမှာလည်း တိုး ပွားလျက်ရှိ ကြောင်း တွေ့ရပေသည်။

### ၃-၁။ <u>လေ့လာမည့်နယ်ပယ်သတ်မှတ်ခြင်း</u>

ရန်ကုန်မြို့၏ မြို့ပြထွန်း ကား မှုနှင့်လှိုင်သာယာမြို့သစ်-ဖြစ်ပေါ်မှုဆက်စပ်တင်ပြချက်အနေဖြင့်အခန်း (၂) တွင်အသေး စိတ်ဆွေးနွေး တင်ပြပြီး ဖြစ်ရာ၊ ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း တွင်မြို့သစ်များ တည် ဆောက်၍မြို့၏ ဧရိယာကိုချဲ့ထွင်ခဲ့ကြောင်း လေ့လာသိရှိနိုင်ပါသည်။ ထိုသို့မြို့၏အကျယ်အဝန်း ကိုချဲ့ထွင်ရာတွင်ရန်ကုန်မြို့၏ ပထဝီအ နေအထား အရ တောင်နှင့် မြောက်အရပ်များ တွင်သာချဲ့ထွင်မှုများ ပြုလုပ်နိုင်ခဲ့ကြောင်း နှင့်ရန်ကုန်မြို့၏ တောင်ဘက်အစွန်း မှာမြို့၏ ပဟိုဖြစ်၍ ၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှု၊ စီမံခန့်ခွဲမှု၊ အချက်အချာ ဒေသဖြစ်ပြီး ဥက္ကလာ

---

* လှိုင်သာယာမြို့နယ်ငြိမ်ဝပ်ပိပြား မှုတည် ဆောက်ရေး အဖွဲ့မှတ်တမ်း အကျဉ်း ချုပ်၊ ၁၉၉၀။

ပနှင့်သာကေတမြို့များ သည်လူနေရပ်ကွက်အဖြစ်ဖြင့်လည်းကောင်း၊ အင်းစိန်၊ လှိုင်စသည့်မြို့နယ်များ မှာစက်မှုလုပ်ငန်းများ တည်ရှိသောဒေသများ အဖြစ်လည်းကောင်း တည်ရှိနေကြောင်း တင်ပြခဲ့ပါသည်။

ထို့ကြောင့်မြို့ပြဆိုင်ရာယန္တရားများ လည်ပတ်မှုဖြစ်ပေါ်စေရန်ဖွံ့ဖြိုး မှုအားနည်း ချက်ရှိပြီး၊ မြို့နယ်များ သည်တစ်ခုကိုတစ်ခုအပြန်အလှန်အထောက်အကူပြုခြင်း ထက်မြို့နယ်အားလုံး က တောင်ဘက်စွန်းရှိမြို့လယ်ဗဟိုကိုသာမှီခိုအားပြုနေသည့်ပုံသဏ္ဌာန်ဖြစ်နေပေသည်။ ထိုသို့ဖြစ်ရခြင်း မှာရန်ကုန်မြို့သည်ပထဝီအနေအထားအရအနောက်ဘက်တွင် လှိုင်မြစ်၊ အရှေ့ဘက်တွင်ငမိုးရိပ်ချောင်း ၊ တောင်ဘက်တွင်ရန်ကုန်မြစ် တို့ရှိနေသဖြင့်သဘာဝအတားအဆီး များ ကိုမကျော်လွှား နိုင်ခဲ့ခြင်းကြောင့် မြစ်တစ်ဖက်ကမ်း ဒေသများ ထွင်လုနေမှုနှင့်ဖွံ့ဖြိုး တိုး တက်မှုမရှိခြင်း ဖြစ်ပါသည်။ ရန်ကုန်မြို့၏ ဟိုမှ မြောက်ဘက်သို့သာရပ်ကွက်များ တိုး ချဲ့နိုင်ပြီး ၊ တောင်နှင့်မြောက်အလျား ရှည်သောမြို့ပြတည်နေပုံဖြစ်လာခဲ့သည်။ ထို့ကြောင့် ၁၉၈၈–၈၉ ခုနှစ်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့လက်ထက်တွင်မြို့သစ်များ ကိုရန်ကုန်မြို့၏အရှေ့နှင့်အနောက်အရပ်များ သို့ချဲ့ထွင်တည်ဆောက်နိုင်ခဲ့ပါသည်။ အဆိုပါမြို့သစ်များ မှာရန်ကုန်မြို့၏အရှေ့ဘက်တွင်ဒဂုံမြို့သစ် ( တောင်ပိုင်း ) နှင့်ဒဂုံမြို့သစ် ( မြောက်ပိုင်း) အပြင် ဝေဘာဂီမြို့သစ်၊ အနောက်ဘက်တွင်လှိုင်သာယာမြို့သစ်နှင့် ရွှေပြည်သာမြို့သစ်များ ဖြစ်ပေသည်။

အဆိုပါမြို့သစ်များ အနက်မှလှိုင်သာယာမြို့သစ်သည် – (၁၉၈၅) ခုနှစ်မှစတင်၍ ပြောင်း ရွှေ့နေထိုင်သူများ ရှိနေခြင်း တို့ကြောင့်ဤကျမ်း စာ လေ့လာမှုပြုချိန် ( ၁၉၉၁ ) ခုနှစ်အထိ ( ၆ ) နှစ်တာကာလမျှရှည်ကြာပြီး ဖြစ်၍ နေထိုင်သူများ ၏လူမှုစီး ပွား ရေး အ သွင်သဏ္ဌာန်များ အတော်အသင့်ဖြစ် ပေါ် ပြောင်း လဲပြီး အခြေကျနေပြီ ဟု ယူဆရ သော ကြောင့်လည်း ကောင်း ၊ ၎င်း မြို့သစ်တွင် နေထိုင်သူအများစု သည်လက်လုပ်လက်စား များ နှင့် စာနည်း ဝန်ထမ်း များ ဖြစ် ခြင်း ၊

ကြောင့်လူမှုလူတန်းစား တစ်ရပ်ဖြစ်ပေါ်နေခြင်း ကြောင့်လည်းကောင်း သွား ရောက် လေ့လာရန်လွယ်ကူသည့်ဒေသဖြစ်ခြင်း ကြောင့်လည်း ကောင်း လှိုင်သာယာမြို့သစ်ကို ရွေး ချယ်ပြီး လေ့လာခဲ့ပါသည်။

လှိုင်သာယာမြို့နယ်တစ်ခုလုံး၏ လူမှုစီးပွား ရေးအသွင်သဏ္ဌာန်များ ကို လေ့လာရန်ရည်ရွယ်ရင်း ဖြစ်သော်လည်း ၊ အချိန်အား ၊ ငွေအား ၊ လူအင်အား အခက်အခဲများ ရှိသော ကြောင့်ဖြစ်ရပ်တစ်ခု အနေဖြင့်လှိုင်သာယာမြို့သစ်ရှိ ရပ်ကွက် ( ၂ ) ခုအား စိတ်ကြိုက်နမူနာ ရွေးချယ်နည်း (Purposive Sampling Method ) အရ ရပ်ကွက် ( ၃၅ ) ခုအနက် ၊ လူတန်းစား အလွှာစုံသည့်အပြင်လူမှုလူတန်းစား တစ်ရပ်အနေဖြင့်သွား ရလာရလွယ်ကူသော ရပ်ကွက်အမှတ် ( ၂၀ ) နှင့်အမှတ် ( ၂၄ ) တို့ကို ရွေးချယ်၍ လေ့လာခဲ့ပါသည်။ လေ့လာမည့်အိမ်ထောင်စုများ ကိုမူ ၄င်း ရပ်ကွက်များ ရှိအိမ်ထောင်စုစာရင်း များ မှအိမ်ထောင်စုများ ကိုသာမန်ကျပန်း နမူနာ ကောက်ယူနည်း အရ(၁၉၉၂) ခုနှစ် ဧပြီလတွင် ကွင်းဆင်းလေ့လာခဲ့ပါသည်။

## ၃ – ၂။ <u>သုတေသနပြုပုံနည်း များ</u>

လှိုင်သာယာမြို့သစ်ရှိအိမ်ထောင်စုများ ၏လူမှုစီးပွား ရေး ဆိုင်ရာအချက်အလက်များ ကို ကောက်ယူစုဆောင်း ရာတွင်ပထမအဆင့်အနေဖြင့်အစမ်း ကွင်း ဆင်း လေ့လာမှုကိုပြုလုပ်၍ ရရှိသောအချက် အလက်များ သည် လေ့လာလိုသောအကြောင်း အရာအတွက်လိုအပ်သောအချက်အလက်များ နှင့်တိကျ ကောင်း မွန်သောအချက်အလက်များ ဖြစ် – မဖြစ်ဆန်းစစ်ကြည့်ပါသည်။ ထို့နောက်လှိုင်သာယာမြို့သစ်ရှိရပ်ကွက် ( ၃၅ ) ခုမှအမှတ် ( ၂၀ ) နှင့်အမှတ် ( ၂၄ ) တို့ကိုစိတ်ကြိုက်နမူနာ ရွေး ချယ်၍ ၄င်း ရပ်ကွက်များ ၏အိမ်ထောင်စုစာရင်း ကို ကောက်ယူပါသည်။ အိမ်ထောင်စု အရေအတွက် ( ၁၇၈၆ ) ခုရှိရာ၊ ၄င်း ၏ ( ၂၀ ) ရာနိုင်နှုန်း ခန့်ဖြစ် သော နမူနာအိမ်ထောင်စုအရေအတွက် ( ၃၄၇ ) စုအား သာမန်ကျပန်းနမူနာ ကောက်ယူနည်း ( Random Sampling Method) အရ ရွေး ချယ်၍ ၊

၎င်းတို့၏လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များကိုကွင်းဆင်းလေ့လာခဲ့ပါသည်။ သို့ရာတွင်အသုံးစရိတ်မဖော်ပြနိုင်သောအိမ်ထောင်ရှစ်ခုနှင့်ဝင်ငွေမရှိပဲသားသမီး ထောက်ပံ့ငွေနှင့်စုဆောင်းငွေများကိုထိုင်စားနေရသောအိမ်ထောင်စု (၃) စုတို့ကိုလေ့လာသည့်အိမ်ထောင်စုစာရင်းမှဖယ်ထုတ်ထားသဖြင့်ရပ်ကွက်အမှတ် (၂၀) နှင့်အမှတ် (၂၄) ရှိအိမ်ထောင်စုများ၏ (၁၉.၁၅) ရာနိုင်နှုန်းရှိသောအိမ်ထောင်စု (၃၄၂) စုကိုလေ့လာထားပါသည်။ နမူနာကောက်ယူလေ့လာထားသည့်အိမ်ထောင်စုများကိုဇယား (၃-၁) တွင်ဖော်ပြထားပါသည်။

ဇယား (၃-၁)

<u>ရပ်ကွက် (၂) ခုရှိအိမ်ထောင်စုဦးရေနှင့်နမူနာအိမ်ထောင်စုဦးရေ စာရင်းပြဇယား</u>

| ရပ်ကွက်အမည် | အိမ်ထောင်စုဦးရေ | နမူနာအိမ်ထောင်စုဦးရေ |
|---|---|---|
| ရပ်ကွက်အမှတ် (၂၀) | ၆၁၀ | ၁၂၀ |
| ရပ်ကွက်အမှတ် (၂၄) | ၁၁၇၆ | ၂၂၂ |
| စုစုပေါင်း | ၁၇၈၆ | ၃၄၂ |

ဇစ်မြစ်။ ။ ဂျိုင်သာယာမြို့နယ်အိမ်ထောင်စုစာရင်းနှင့်လူဦးရေ စာရင်းချုပ်၊ ၁၉၉၁။

အိမ်ထောင်စုများ၏အချက်အလက်များကို ကောက်ယူစုဆောင်းရာတွင် သက်ဆိုင်ရာမြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ၏ ခွင့်ပြုချက်ရယူပါသည်။ ဤကျမ်းစာအတွက် ပြုလုပ်မည့်သုတေသနလုပ်ငန်း၏ ရည်ရွယ်ချက်များ၊ ကောက်ယူစုဆောင်းမည့်ရပ်ကွက်များ၊ ကောက်ယူစုဆောင်းမည့်လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များကို မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြပြီး နောက်နမူနာအိမ်ထောင်စုများကို ကွင်းဆင်းပြီး ကောက်ယူခဲ့ပါသည်။

အိမ်ထောင်စုများ၏လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များကို ကောက်ယူရာတွင် မေးခွန်းလွှာပုံစံကိုအသုံးပြု၍ကောက်ယူပါသည်။ မေးခွန်းလွှာပုံစံအသုံးပြုရာတွင် စာတိုက်မှ မေးခွန်းလွှာပေးပို့၍ မေးမြန်းခြင်းနှင့် လူကိုယ်တိုင် မေးခွန်းလွှာများဖြင့် မေးမြန်းခြင်း စသည့်နည်းလမ်းများအနက် လူကိုယ်တိုင် မေးခွန်းလွှာများဖြင့် သွားရောက်မေးမြန်းလေ့လာခြင်းနည်းကို အသုံးပြုခဲ့ပါသည်။

ဤကဲ့သို့ လေ့လာရာတွင် အိမ်ထောင်စုနှင့်ပတ်သက်၍ ယူဆချက်မှာ သွေးမျိုးတော်စပ်သည်ဖြစ်စေ၊ သွေးမျိုးမတော်စပ်သည်ဖြစ်စေ တစ်အိမ်တည်းတွင် အတူနေထိုင်၍ စားဝတ်နေထိုင်မှုအသုံးစရိတ်အားလုံးတွင် အချိုးကျကျခံသည့်လူတစ်စုကို အိမ်ထောင်စုဟု သတ်မှတ်လေ့လာပါသည်။ ထို့ကြောင့် အိမ်ထောင်စုဝင်ဦးရေတွင် အတူနေသူ အိမ်ထောင်စုဝင်ဦးရေကိုသာ ထည့်သွင်းထားပြီး၊ အတူမနေမိသားစုဦးရေများကို ဖယ်ထုတ်ထားပါသည်။ ထို့ကြောင့် အိမ်ထောင်စုသည် မိသားစုနှင့် အဓိပ္ပါယ်ချင်းကွာခြားပါသည်။

မေးခွန်းလွှာပါအချက်အလက်များနှင့်ပတ်သက်၍ အလွယ်ဆုံးအချက်အလက်များကို ဦးစွာမေးမြန်းပြီးမှ ၎င်းတို့၏ အလုပ်အကိုင်အခြေအနေ၊ ပြောင်းရွှေ့ရသည့်အကြောင်းရင်း၊

အလုပ်အကိုင် ပြောင်းလဲရသည့်အကြောင်းရင်း ၊ ဝင်ငွေ၊ အသုံးစရိတ်၊ နေအိမ်အခြေအနေ၊ ရေသုံးစွဲမှုအခြေအနေ၊ မီးတပ်ဆင်မှုအခြေအနေ စသောအချက်များကိုကောက်ယူပါသည်။ လေ့လာရာတွင်အသုံးပြုသည့်မေးခွန်းလွှာပုံစံကိုနောက်ဆက်တွဲ ဃ တွင်ထည့်သွင်းဖော်ပြထားပါသည်။

၃-၃။ **မေးခွန်းလွှာတွင်ပါဝင်သည့်အချက်များ**

၁။ **အိမ်ထောင်ဦးစီး၏အလုပ်အကိုင်**

ဤအချက်နှင့်ပတ်သက်၍အိမ်ထောင်ဦးစီး၏အလုပ်အကိုင်သည်အစိုးရဝန်ထမ်း ၊ ပုဂ္ဂလိကလုပ်ငန်းတွင်လုပ်ကိုင်သူနှင့်ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူဟူ၍ ခွဲခြားပါရှိပါသည်။ အစိုးရဝန်ထမ်းတွင်လုပ်ကိုင်သောဌာနနှင့်ရာထူးအဆင့်ကိုမေးမြန်းပါသည်။ အငြိမ်းစားယခင်ကအစိုးရဝန်ထမ်းဖြစ်ခဲ့ပြီး လက်ရှိပုဂ္ဂလိကနှင့်ကိုယ်ပိုင်လုပ်ငန်းများလုပ်ကိုင်ခြင်းများအတွက်အလုပ်အကိုင်ပြောင်းလဲရသည့်အကြောင်းရင်းများကိုထည့်သွင်းမေးမြန်းထားပါသည်။ အစိုးရဝန်ထမ်းအနေဖြင့်အစိုးရဌာနများတွင်နေ့စားလုပ်ကိုင်သူမှအစအမြဲခန့်လစာဝန်ထမ်းလုပ်ကိုင်သူများအားလုံးကိုအစိုးရဝန်ထမ်းဟုသတ်မှတ်ပါသည်။ ပုဂ္ဂလိကလုပ်ကိုင်သူများအနေဖြင့်စက်ရုံ၊ အလုပ်ရုံနှင့်ပုဂ္ဂလိကပိုင်လုပ်ငန်းများတွင် ၊ အခစားဖြင့်ဝင်ရောက်လုပ်ကိုင်သူများ ၊ ကျောင်းဝင်ရောက်လုပ်ကိုင်သူများ ၊ ပန်းညီးယူ၍နေ့ပြန်သွင်းစနစ်ဖြင့်အရောင်းအဝယ်လုပ်ကိုင်သူများ ၊ မိမိကိုယ်တိုင်အရင်းအနှီးမစိုက်ထုတ်ဘဲအခြားသူများထံ၌အခကြေးငွေရယူ၍လုပ်ကိုင်သူများအားလုံးကိုပုဂ္ဂလိကလုပ်ငန်းတွင်လုပ်ကိုင်သူများဟုသတ်မှတ်ပါသည်။ ကိုယ်ပိုင်လုပ်ငန်းတွင်မိမိကိုယ်ပိုင်အရင်းအနှီးစိုက်ထုတ်၍တည်ထောင်ထားသောခေါင်းရွက်ဈေးသည်မှအစလုပ်ငန်းကြီးလုပ်ကိုင်သူများအထိကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများဟုသတ်မှတ်ပါသည်။

၂။ အိမ်ထောင်ဦးစီး၏တွဲဖက်အလုပ်အကိုင်

အိမ်ထောင်ဦးစီး အနေဖြင့်အဓိကအလုပ်အကိုင်တစ်ခုတည်း ရှိနိုင်သကဲ့သို့တွဲဖက်အလုပ်အကိုင်လည်း ရှိနိုင်ကြောင်း တွေ့ရပါသည်။ သို့ရာတွင်တွဲဖက်အလုပ်အကိုင်များ ကိုမသိရှိနိုင်သဖြင့်၍ လေ့လာမှုတွင်အိမ်ထောင်ဦးစီး၏အဓိကအလုပ်အကိုင်ကိုသာသုံး သပ်တင်ပြထားပါသည်။

၃။ ဖခင်၏အလုပ်အကိုင်

အိမ်ထောင်ဦးစီး၏အလုပ်အကိုင်အပြင်အိမ်ထောင်ဦးစီး၏ ဖခင်အလုပ်အကိုင်ကိုမေးမြန်းထားပါသည်။ ထိုသို့မေးမြန်းရခြင်းမှာအိမ်ထောင်ဦးစီး၏ ဖခင်အလုပ်အကိုင်နှင့်အိမ်ထောင်ဦးစီး၏အလုပ်အကိုင်မည်သို့ဆက်စပ်နေသည်ကိုသိရှိနိုင်ရန်အတွက်ဖြစ်ပါသည်။ ၎င်းပြင်အိမ်ထောင်ဦးစီး၏ဇနီး (သို့မဟုတ်) ခင်ပွန်းဖြစ်သူ၏ အလုပ်အကိုင်နှင့်အခြားအိမ်ထောင်စုဝင်များ၏အလုပ်အကိုင်များကို ပါ မေးမြန်းထားပါသည်။

၄။ ဦးစီး၏ပညာအဆင့်နှင့်အိမ်ထောင်ဦးစီး၏ဖခင်ပညာအဆင့်

အိမ်ထောင်ဦးစီး၏ပညာအဆင့်နှင့်အိမ်ထောင်ဦးစီး၏ ဖခင်ပညာအဆင့်တို့ကိုမေးမြန်း လေ့လာပါသည်။ ၎င်းမှအိမ်ထောင်ဦးစီး၏ ပညာအရည်အချင်းကိုလည်း ကောင်း၊ ၎င်းတို့၏ဖခင်များ၏ ပညာအရည်အချင်း နှင့်ဆက်စပ်၍လည်း ကောင်း၊ အိမ်ထောင်ဦးစီး၏ ပညာအဆင့်အလိုက်အလုပ်အကိုင်အခြေအနေကိုလည်း ကောင်း လေ့လာနိုင်ပေသည်။

၅။ <u>အိမ်ထောင်စု၏ စုစုပေါင်း ဝင်ငွေ</u>

အိမ်ထောင်စု၏ စုစုပေါင်း ဝင်ငွေကိုတွက်ချက်ရာတွင် အိမ်ထောင်ဦးစီး၏ဝင်ငွေနှင့် ၎င်း၏ဇနီး (သို့မဟုတ်) ခင်ပွန်း၏ဝင်ငွေ၊ အခြား အိမ်ထောင်စုဝင်များ တွင်ဝင်ငွေရအလုပ်အကိုင်များ လုပ်ကိုင်လျှင် ၎င်းတို့၏ဝင်ငွေများ ကိုထည့်သွင်း တွက်ချက်ထား ပါသည်။ အချို့အိမ်ထောင်စုများ တွင်စုစုပေါင်း ဝင်ငွေထက်စုစုပေါင်း အသုံး စရိတ်ကပိုမိုနေပါက ၎င်း အသုံး စရိတ်ကိုပင်အိမ်ထောင်စု၏ စုစုပေါင်း ဝင်ငွေအဖြစ်သတ်မှတ်ပါသည်။

၆။ <u>အိမ်ထောင်စု၏ စုစုပေါင်း အသုံး စရိတ်</u>

အိမ်ထောင်စု၏ စုစုပေါင်း အသုံး စရိတ်ကိုအသုံး စရိတ် အုပ်စု (၇) ခုဖြင့်ခွဲခြား မေးမြန်း ပါသည်။ ၎င်းတို့မှာ (၁) အစား အသောက်အသုံး စရိတ် (၂) အဝတ်အထည်အသုံး စရိတ် (၃) အိမ်အသုံး အဆောင်အသုံး စရိတ် (၄) ပညာရေး အသုံး စရိတ် (၅) ကျန်းမာရေး အသုံး စရိတ် (၆) ခရီး စရိတ်နှင့် (၇) အထွေထွေအသုံး စရိတ်တို့၌ ခွဲခြား ထား ပါသည်။

အစား အသောက်အသုံး စရိတ်တွင် (၁) ဆန်နှင့်အခြား သီးနှံ (ပဲအမျိုးမျိုး အပါအဝင်) (၂) အသားနှင့်ဥ (၃) ငါး၊ ပုဇွန် ဇို/ခြောက် (၄) ဆီအမျိုးမျိုး (၅) အသီးနှင့်ဟင်းသီးဟင်းရွက် (၆) ဟင်းခတ်အမွှေးအကြိုင် (၇) နို့နှင့်နို့ထွက်ပစ္စည်း (၈) အဖျော်ယမကာ အမျိုးမျိုး (၉) သွားရေစာ (၁၀) ပြင်ပအစား အသောက်တို့ကို ထည့်သွင်း လေ့လာပါသည်။

အဝတ်အထည်အသုံး စရိတ်တွင် (၁) ယောကျ်ား အဝတ်အထည် (၂) မိန်းမအဝတ်အထည် (၃) ကလေး အဝတ်အထည် (၄) အဝတ်အထည်နှင့်စပ်ဆိုင်သော ကုန်ကျစရိတ်များ ဖြစ်သည့်အဝတ်လျှော်ဖွတ်ခ ၊ စက်ချုပ်ခ၊ ဆပ်ပြာ၊ မဲနယ်နှင့် (၅) အိမ်အသုံး အဆောင်အဝတ်အထည် ပစ္စည်း များ အတွက်ကုန်ကျသောအသုံး စရိတ်များ ပါဝင်ပါသည်။

အိမ်အသုံး အဆောင်ပစ္စည်း အသုံး စရိတ်တွင်ပါဝင်သော အသုံး စရိတ်များ မှာ (၁) အိမ်ငှား ခ (၂) မီးခွန် (၃) မြူနီစပါယ် ခွန် (၄) အခြား အခွန် (၅) ပြုပြင်စရိတ် (၆) အိမ် ထောင်ပရိဘောဂ နှင့်အခြား အိမ်သုံး ပစ္စည်း များ ကိုထည့်သွင်း လေ့လာပါသည်။

ပညာရေး အသုံး စရိတ်တွင် (၁) ကျောင်း သားအတွက် စာအုပ်စာတမ်း၊ (လခနှင့်အခြား အသုံး အဆောင်စရိတ် (၂) သတင်း စာ၊ မဂ္ဂဇင်း ၊ ဝတ္ထုစသည့်စာအုပ်စာပေများ ဝယ်ယူ ငှားရမ်း သည့်စရိတ် တို့ ပါဝင်ပါသည်။

ကျန်း မာရေး အသုံး စရိတ်တွင် (၁) ဆေး ဝါးအတွက် ကုန်ကျစရိတ် (၂) သန့်ရှင်း ရေး အတွက်လိုအပ် သောပစ္စည်း နှင့် ဆောင်ရွက်မှု (၃) ဆရာဝန်၊ ဆေး ဆရာများ နှင့်သူနာပြုများ စောင့်ရှောက်မှုအတွက်ကုန်ကျစရိတ်များ ပါဝင်ပါသည်။

ခရီး စရိတ်တွင် (၁) နေ့စဉ်အသုံး ပြုရသော ဘတ်စ်ကား ခ၊ (၂) အခြား ယာဉ်စီး ခများ အတွက်အသုံး စရိတ် (၃) စက်ဘီး ၊ မော်တော်ကား ကိုယ်ပိုင်ကား ရှိပါက ဓါတ်ဆီ၊ ဒီဇယ်ဆီနှင့်ပြုပြင် ခ၊ အပို ပစ္စည်း အသုံး စရိတ်၊ တခါတရံခရီး သွား လာခြင်း အတွက်ကုန်ကျစရိတ် များ ပါဝင်ပါသည်။

အထွေထွေအသုံး စရိတ်တွင်အလှူအတန်း နှင့်သာရေးနာရေး စရိတ်များ၊ လောင်စာထွန်းညှိမှုနှင့်ရေဘိုး ကုန်ကျစရိတ်နှင့်အထက်ပါအသုံး စရိတ်အုပ်စု (၆) ခုတွင်မပါဝင်သောအခြားအသုံး စရိတ်များ ကိုထည့်သွင်း တွက်ချက်ပါသည်။

အဆိုပါအသုံး စရိတ်တစ်ခုချင်း အနေဖြင့်မေးမြန်းရာတွင်အချို့အသုံး စရိတ်များ တွင်နေ့စဉ်သုံး စွဲရခြင်း ရှိသကဲ့သို့အချို့အသုံး စရိတ်များ မှာလအလိုက် (သို့မဟုတ်) တစ်နှစ်တွင်ဝယ်ယူသည့်အကြိမ် ပေါ် မူတည်၍ကုန်ကျခြင်း မျိုး ရှိသည်ကိုတွေ့ရပါသည်။ ထို့ကြောင့်အသုံး စရိတ်အုပ်စုများ ကိုအိမ်ထောင်စုများ ၏ ဖြေကြား ချက်အလိုက်အဆင် ပြေသည့် ကုန်ကျစရိတ်ကိုမေးမြန်း ၍၊ တစ်နှစ်အတွက်အသုံး စရိတ်ကိုတွက်ချက်ထား ပါသည်။

အိမ်ထောင်စုအစား အသောက်အသုံး စရိတ်နှင့် ပတ်သက်၍ မေးမြန်း ရာတွင် နေ့အလိုက်ကုန်ကျစရိတ်နှင့်လအလိုက်ကုန်ကျစရိတ်တို့တွင်အိမ်ထောင်စု၏ ဖြေကြား ချက်အလိုက်အဆင် ပြေရာကုန်ကျစရိတ် ကို မေးမြန်း ၍တစ်နှစ်အတွက်အိမ်ထောင်စုအစား အသောက်ကုန်ကျစရိတ် ကိုတွက်ချက်ပါသည်။

အိမ်ထောင်စုအဝတ်အထည်အတွက်အသုံး စရိတ်နှင့် ပတ်သက်၍ ၄င်း စရိတ်သည်လစဉ်မှန်မှန်ဝယ်ယူသောစရိတ်မျိုး မဟုတ်ဘဲ တစ်နှစ်အတွင်း အလျဉ်း သင့်သလိုဝယ်ယူသောစရိတ်ဖြစ်၍၊ တစ်ကြိမ်ဝယ်ယူလျှင် ကုန်ကျမည့်ပျမ်း မျှစရိတ်နှင့်တစ်နှစ်အတွင်း ပျမ်း မျှဝယ်ယူသည့်အကြိမ် ကို မြှောက်ခြင်း ဖြင့်ရရှိသောစရိတ်ကိုအဝတ်အထည်သုံး စရိတ်အဖြစ်တွက်ချက် ထား ပါသည်။

အိမ်အသုံး အဆောင်ပစ္စည်း အသုံး စရိတ်ကို မေးမြန်း ရာတွင်၄င်း စရိတ်သည်လည်း လစဉ်ဝယ်ယူရန်မလိုအပ်သဖြင့်တစ်နှစ် အတွင်း ဝယ်ယူသည့်အကြိမ်ကိုတစ်ကြိမ်ဝယ်ယူလျှင်ကုန်ကျမည့်ပျမ်း မျှစရိတ် ဖြင့်

မြှောက်ခြင်းဖြင့်တစ်နှစ်အတွက်အိမ်အသုံးအဆောင်ပစ္စည်း အသုံးစရိတ်ကိုတွက်ချက်ထားပါသည်။

ကျန်းမာရေး အသုံးစရိတ်ကိုအချို့အိမ်ထောင်စုများတွင်တစ်နှစ်လျှင်ဆေးရုံ၊ ဆေးခန်းသို့သွားရောက်ကုသခြင်းအတွက်၊ ကုန်ကျစရိတ်အနေဖြင့်ဖြေကြားကြ၍ ဆေးရုံ၊ ဆေးခန်းမသွားရပဲ၊ တစ်လကုန်ကျသည့်ပျမ်းမျှဆေးဘိုးဝါးခနှင့်ဆေးကုသခတို့ကိုဖြေကြားခြင်းလည်းရှိပေသည်။ ထို့ကြောင့်အိမ်ထောင်စုများ၏တစ်နှစ်အတွက်ပျမ်းမျှကျန်းမာရေး အသုံးစရိတ်ကိုတွက်ချက်၍ဖော်ပြထားပါသည်။

တစ်နှစ်အတွက်ပညာရေး အသုံးစရိတ်ကိုမေးမြန်းရာတွင်လစဉ်ပညာရေး အသုံးစရိတ်အားမေးမြန်း၍၊ ပညာသင်နှစ်တွင်ပါဝင်သောလဖြင့်မြှောက်၍ရသောစရိတ်ကိုတွက်ချက်ဖော်ပြထားပါသည်။

အိမ်ထောင်စုခရီးစရိတ်ကိုမေးမြန်းရာတွင်အလုပ်သို့သွားရောက်ပုံအဆင့်ဆင့်နှင့်အဆင့်တစ်ခုစီအတွက်ကုန်ကျစရိတ်ကိုမေးမြန်း၍အသွားအပြန်အတွက်ကုန်ကျစရိတ်ကိုတွက်ချက်ပါသည်။

အထွေထွေအသုံးစရိတ်ကိုလည်းတစ်နှစ်အတွက်ကုန်ကျမည့်ပျမ်းမျှအထွေထွေအသုံးစရိတ်အနေဖြင့်ဖော်ပြထားပါသည်။

## နေအိမ်အခြေအနေ

နေအိမ်အခြေအနေကိုကောက်ယူရာတွင်နေအိမ်အမျိုးအစား၊ နေအိမ်ပိုင်ဆိုင်မှုအခြေအနေ၊ မြေအကျယ်အဝန်း၊ အိမ်အကျယ်အဝန်း၊ လျှပ်စစ်မီးတပ်ဆင်မှုစသည်တို့ပါဝင်ပါသည်။ ထို့ပြင်လှိုင်သာယာသို့ပြောင်းရွှေ့လာသည့်အချိန် နှင့်မပြောင်းရွှေ့မီကနေထိုင်ခဲ့သောအရပ်ဒေသနှင့်၎င်းဒေသတွင်နေထိုင်ခဲ့သောအချိန်ကာလတို့

ကိုမေးမြန်းထားပါသည်။ ဂျိုင်သာယာသို့မပြောင်းရွှေ့မီနေထိုင်ခဲ့သောအခြေအနေတွင်လည်း နေအိမ်အမျိုးအစား၊ နေအိမ်ပိုင်ဆိုင်မှု၊ မြေအကျယ်အဝန်း၊ အိမ်အကျယ်အဝန်း နှင့်လျှပ်စစ်မီး တပ်ဆင်မှုအခြေအနေတို့ကို မေးမြန်းထားပါသည်။

အထက်ပါအချက်အလက်များ အပြင်ဂျိုင်သာယာမြို့သစ်၏ အဆင့်အတန်းကို လေ့လာနိုင်ရန်မြို့သစ်နှင့် လျော်ညီစွာ ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ ရုံး၊ သမဝါယမဆိုင်၊ ဈေး၊ ရုပ်ရှင်ရုံ၊ ပန်းခြံ၊ အားကစားကွင်း နှင့်မြို့သစ်ဖွံ့ဖြိုးတိုးတက်ရေး အတွက်နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးချက်များကိုမြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ထံမှ မေးမြန်းကောက်ယူခဲ့ပါသည်။

ထို့ကြောင့်ဂျိုင်သာယာမြို့သစ်တွင် ပြောင်းရွှေ့နေထိုင်သူများ၏လူမှုစီးပွားရေး အသွင်သဏ္ဌာန်ကိုလေ့လာရာတွင်အသုံးပြုသောသုတေသနပြုပုံနည်းလမ်းများ အနေဖြင့်ရွေးချယ်ထားသော နည်းလမ်းများ သည်မှန်ကန်ပြီး လေ့လာခဲ့သောအချက်များ အနေဖြင့်လည်း နောင်ကာလတွင်ဤမြို့သစ်နှင့်ပတ်သက်သောလူမှုစီးပွားရေးဆိုင်ရာ လေ့လာချက်များ တွင်အသုံးဝင်မည်ဟုယူဆမိပါသည်။ အဆိုပါအချက်အလက်များ ပေါ်အခြေခံ၍ လေ့လာတွေ့ရှိချက်များ နှင့်သုံးသပ်ချက်များ ကိုအခန်း (၄) တွင်ဆက်လက်ဖော်ပြသွားပါမည်။

# အခန်း (၄)

## တွေ့ရှိချက်များကို လေ့လာစိစစ်ခြင်း ။

ဂျိုင်သာယာမြို့သစ်သို့ ပြောင်းရွှေ့နေထိုင်သူများ၏ လူမှုစီးပွားရေး အခြေအနေများကို လေ့လာရာတွင် ရပ်ကွက်အမှတ် (၂၀) နှင့်အမှတ် (၂၄) တို့ကို ရွေးချယ်၍ ဖြစ်ရပ်လေ့လာမှု ( Case Study ) ဖြင့် လေ့လာပါသည်။ ထိုရပ်ကွက်များမှနမူနာအိမ်ထောင်စုများကို ကောက်ယူရာတွင် အသုံးပြုသောနည်းလမ်းများကိုလည်း အခန်း (၃) တွင် ဖော်ပြပြီး ဖြစ်ပါသည်။ ဤအခန်းတွင် အိမ်ထောင်စုများ၏ လူမှုစီးပွားရေး အခြေအနေများကိုတိုင်းတာသိရှိရန်လွယ်ကူသည့်အလုပ်အကိုင်အရလည်းကောင်း၊ စုစုပေါင်းဝင်ငွေအရလည်းကောင်း၊ စုစုပေါင်းအသုံးစရိတ်အရလည်းကောင်း၊ ပညာအဆင့်အရလည်းကောင်း၊ နေထိုင်မှုအခြေအနေအရလည်းကောင်း။

သာလျှင် လေ့လာသုံးသပ်ပြီး တင်ပြမည်ဖြစ်ပါသည်။ ၎င်း ပြင်ဆိုင်သာယာ မြို့သစ်သို့ ပြောင်းရွှေ့နေထိုင်သူများ၏ လူမှုစီးပွားရေး ဆိုင်ရာ အချက်များ ဖြစ်သည့်အလုပ်အကိုင်၊ စုစုပေါင်း ဝင်ငွေ၊ စုစုပေါင်း အသုံးစရိတ်၊ နေထိုင်မှုအခြေအနေများ ကိုမပြောင်းရွှေ့မီကလူမှုစီးပွားရေး ဆိုင်ရာအချက်များ နှင့်နှိုင်းယှဉ်သုံးသပ်တင်ပြသွားမည်ဖြစ်ပါသည်။ မြို့သစ်အခြေအနေကိုလည်း မြို့သစ်၏အင်္ဂါရပ်များ ဖြစ်သည့် ဆေးရုံ၊ ဆေးခန်း ၊ စာသင်ကျောင်း ၊ ရုံး ၊ အားကစားကွင်း ၊ ပန်းခြံ၊ စသည်တို့အရလည်းကောင်း ၊ မြို့သစ်နေသူများ၏လူမှုရေး ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်နိုင်ငံတော်၏ ပံ့ပိုးကူညီဆောင်ရွက်ချက်များ အရလည်းကောင်း လေ့လာတင်ပြသွားပါမည်။

## ၄——၁။ အိမ်ထောင်စုများ၏လူမှုစီးပွားရေး အဆင့်အတန်း သုံးသပ်ချက်

နမူနာအိမ်ထောင်စုများ၏လူမှုစီးပွားရေးအဆင့်အတန်းကို လေ့လာရာတွင်အိမ်ထောင်ဦးစီး၏အလုပ်အကိုင်၊ အိမ်ထောင်စု၏တစ်နှစ်စုစုပေါင်း ဝင်ငွေနှင့်တစ်နှစ်စုစုပေါင်း အသုံးစရိတ် ၊ အိမ်ထောင်ဦးစီး၏ပညာအဆင့်၊ လူမျိုး ၊ ဘာသာ၊ အသက်အုပ်စုစသည့် အချက်များ ပေါ်အခြေခံ၍ လေ့လာပါမည်။ နမူနာအိမ်ထောင်စုများရှိအိမ်ထောင်ဦးစီးများ၏အလုပ်အကိုင်အမျိုးအစားကို အစိုးရဝန်ထမ်း လုပ်ကိုင်သူ၊ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူနှင့်ပုဂ္ဂလိကလုပ်ငန်းများတွင်ဝင်ရောက်လုပ်ကိုင်သူဟူ၍ ခွဲခြားသတ်မှတ်ပါသည်။ အဆိုပါအလုပ်အကိုင်အမျိုးအစားများမှာအခြေခံအားဖြင့်ကွဲပြားခြားနားပြီး လူမှုရေးစီးပွားရေး အသွင်သဏ္ဌာန်ကိုလေ့လာရာ၌ဤအလုပ်အကိုင်၊ အဆင့်အတန်းများကလူတန်းစားအလွှာတစ်ရပ်ကိုကောင်းစွာဖော်ဆောင်နိုင်သောကြောင့်ဖြစ်ပါသည်။

အိမ်ထောင်ဦးစီး၏အလုပ်အကိုင်အခြေအနေကိုဇယား (၄-၁) တွင်ဖော်ပြထားပါသည်။

ဇယား (၄-၁)

အိမ်ထောင်ဦးစီး၏အလုပ်အကိုင်အခြေအနေပြဇယား

| အလုပ်အကိုင် | အိမ်ထောင်ဦးစီးဦးရေ | ရာခိုင်နှုန်း |
|---|---|---|
| အစိုးရဝန်ထမ်း | ၇၄ | ၂၁.၆၄ |
| ပုဂ္ဂလိက | ၁၄၂ | ၄၁.၅၂ |
| ကိုယ်ပိုင် | ၁၂၆ | ၃၆.၈၄ |
| စုစုပေါင်း | ၃၄၂ | ၁၀၀.၀၀ |

ဇယား (၄-၁) အရအိမ်ထောင်ဦးစီးများ၏အလုပ်အကိုင်အမျိုးအစား (၃) ခုတွင်ပုဂ္ဂလိကလုပ်ငန်းတွင်ဝင်ရောက်လုပ်ကိုင်သူရာခိုင်နှုန်းမှာ (၄၁.၅၂) ရာခိုင်နှုန်းရှိသဖြင့်အများဆုံးဖြစ်ပါသည်။ ဒုတိယအများဆုံးမှာကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများဖြစ်၍ (၃၆.၈၄) ရာခိုင်နှုန်းပါဝင်ပါသည်။ အစိုးရဝန်ထမ်းလုပ်ကိုင်သူအိမ်ထောင်ဦးစီးအရေအတွက်မှာ (၂၁.၆၄) ရာခိုင်နှုန်းရှိပြီး၊ အနည်းဆုံးဖြစ်ကြောင်းတွေ့ရပေသည်။

ထို့ကြောင့်လေ့လာသောအိမ်ထောင်စုများ၏ အိမ်ထောင်ဦးစီးအရေအတွက်အများဆုံးသည်ပုဂ္ဂလိကလုပ်ငန်းတွင်ဝင်ရောက်လုပ်ကိုင်သူများဖြစ်ပြီး၊ အစိုးရဝန်ထမ်းလခစားများမှာ အနည်းဆုံးဖြစ်ခြင်းကြောင့်လေ့လာမှုတွင်ပါဝင်သည့်အိမ်ထောင်စုများအနေဖြင့်လူမှုစီးပွားရေးအဆင့်အတန်းအတော်အသင့်ရှိသူများသာဖြစ်

ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဒုတိယအများဆုံး မှာ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများ ဖြစ်သည်ကို တွေ့ရှိရပါသည်။

ဆက်လက်၍နမူနာအိမ်ထောင်စုများ၏တစ်နှစ်စုစုပေါင်း ဝင်ငွေရရှိမှုအလိုက်အိမ်ထောင်စုပါဝင်မှုအခြေအနေကိုဇယား (၄-၂.၈) တွင် ဖော်ပြထားပါသည်။

ဇယား (၄-၂.၈)

တစ်နှစ်စုစုပေါင်း ဝင်ငွေအလိုက်အိမ်ထောင်စုအခြေအနေပြဇယား

| တစ်နှစ်ဝင်ငွေ (ကျပ်ထောင်ပေါင်း) | အိမ်ထောင်စု ဦးရေ | ရာခိုင်နှုန်း |
|---|---|---|
| ၆-၂၄ | ၂၄၀ | ၇၀.၁၈ |
| ၂၄-၄၂ | ၆၉ | ၂၀.၁၈ |
| ၄၂-၆၀ | ၃၃ | ၉.၆၄ |
| စုစုပေါင်း | ၃၄၂ | ၁၀၀.၀၀ |

ဝင်ငွေအဆင့်ကို (၃) ဆင့်ခွဲခြားသတ်မှတ်ထားရာ တွင်တစ်လဝင်ငွေအနိမ့်ဆုံးအဆင့်သည်ကျပ် ၅၀၀ မှကျပ် ၂၀၀၀ အထိ သတ်မှတ်ထားပြီး အတိုးရာခိုင်နှုန်းအိမ်ထောင်စုများတွင်လည်း အိမ်ထောင်ဦးစီး တစ်ဦးတည်းသာဝင်ငွေရှာဖွေသူဖြစ်ခြင်း၊ အခြားထွက်ပေါက်အလုပ်အကိုင်မရှိခြင်းတို့ကြောင့်၄င်း အိမ်ထောင်စုများသည် ဝင်ငွေအနိမ့်ဆုံးအဆင့်တွင်သာပါဝင်နေမည်ဖြစ်ပါသည်။ ဝင်ငွေအဆင့်ကို လေ့လာရာတွင်အိမ်ထောင်စုများ ဖြေကြားသည့်ဝင်ငွေပမာဏကိုလိုက်၍အနိမ့်ဆုံးမှအမြင့်ဆုံး ရရှိသည့်ဝင်ငွေပမာဏအထိ ပါဝင်နိုင်ရန်အဆင့် (၃) ဆင့်ခွဲခြားထားပါသည်။

ဇယား (၄-၂)က) အရ ဝင်ငွေအနိမ့်ဆုံး အဆင့်၌ အိမ်ထောင်စုအရေအတွက် (၇၀.၁၈) ရာခိုင်နှုန်း ပါဝင်၍ အများဆုံး ဖြစ်သည်။ တစ်နှစ်ဝင်ငွေ ဒုတိယအဆင့်တွင် အိမ်ထောင်စုအရေအတွက် (၂၀.၁၈) ရာခိုင်နှုန်း ရှိပြီး၊ ဒုတိယအများဆုံး ဖြစ်သည်။ ဝင်ငွေအမြင့်ဆုံးအဆင့်တွင် အိမ်ထောင်စုဦးရေ (၉.၆၄) ရာခိုင်နှုန်း သာရှိ၍၊ အနည်းဆုံး ဖြစ်သည်ကို တွေ့ရပါသည်။

ယို့ကြောင့် နမူနာအိမ်ထောင်စုများ အနေဖြင့်တစ်နှစ် ဝင်ငွေအနိမ့်ဆုံး အဆင့်တွင်ပါဝင် သောအိမ်ထောင်စုအရေအတွက်မှာ အများဆုံး ဖြစ်ပြီး၊ တစ်နှစ်ဝင်ငွေအမြင့်ဆုံး ရှိသောအဆင့်တွင်ပါ ဝင်သောအိမ်ထောင်စုအရေအတွက်မှာအနည်းဆုံး ဖြစ်သည်ကို တွေ့ရပါသည်။ထို့ပြင်ဖင်ငွေ အဆင့် (၃) ဆင့်တွင်အစိုးရ ဝန်ထမ်း လုပ်ကိုင်သူများ၏ ဝင်ငွေအဆင့်သည်များ သောအားဖြင့်ဝင်ငွေအနိမ့်ဆုံး အဆင့်တွင်သာပါဝင်နေခြင်း ကိုဆက်လက်ပြီး လေ့လာချက်မှ တွေ့ရှိနိုင်ပါသည်။

အိမ်ထောင်စု၏တစ်နှစ်ဝင်ငွေအုပ်စုအလိုက်အိမ်ထောင်ဦးစီး၏အလုပ်အကိုင်ကို လေ့လာရာတွင်အစိုးရ ဝန်ထမ်း လုပ်ကိုင်သော အိမ်ထောင်ဦးစီး ဦးရေနှင့်ဝန်ယမ်း မဟုတ်သောအိမ်ထောင်ဦးစီး ဟူ၍ ခွဲခြား လေ့လာပါသည်။ ၎င်းကိုဇယား (၄-၂.ခ) တွင် ဖော်ပြထား ပါသည်။

ဇယား (၄-၂၁)

အိမ်ထောင်စု၏တစ်နှစ်ဝင်ငွေအုပ်စုအလိုက်အိမ်ထောင်ဦးစီး၏အလုပ်အကိုင်အခြေအနေပြဇယား

| တစ်နှစ်ဝင်ငွေ (ကျပ်ထောင်ပေါင်း) | ဝန်ထမ်း | ဝန်ထမ်း မဟုတ်သူ | စုစုပေါင်း |
|---|---|---|---|
| ၆-၂၄ | ၂၆.၂၅ | ၇၃.၇၅ | ၁၀၀ |
| ၂၄-၆၀ | ၁၀.၇၈ | ၈၉.၂၂ | ၁၀၀ |
| စုစုပေါင်း | ၇၄ | ၂၆၈ | ၃၄၂ |

အထက်ပါဇယားတွင်တစ်နှစ်ဝင်ငွေကျပ် (၆၀၀၀) မှ ကျပ် (၂၄၀၀၀) ရရှိသည့်အုပ်စုတွင် (၇၃.၇၅) ရာခိုင်နှုန်းသည်ဝန်ထမ်းမဟုတ်သူများဖြစ်သည်ကိုတွေ့ရ၍၊ (၂၆.၂၅) ရာခိုင်နှုန်းသည် ဝန်ထမ်းလုပ်ကိုင်သူများဖြစ်သည်ကိုတွေ့ရပေသည်။ တစ်နှစ်ဝင်ငွေ-ကျပ် (၂၄၀၀၀) မှကျပ် (၆၀၀၀၀) အထိရရှိသူများတွင် (၁၀.၇၈) ရာခိုင်နှုန်းမှာအစိုးရဝန်ထမ်းများထဲမှဖြစ်ပြီး (၈၉.၂၂) ရာခိုင်နှုန်းမှာဝန်ထမ်းမဟုတ်သူအိမ်ထောင်စုများထဲမှဖြစ်ကြောင်းတွေ့ရှိရပါသည်။ တဖန်ဝန်ထမ်းလုပ်ကိုင်သူဦးရေမှာနမူနာအိမ်ထောင်စုများ၏ (၂၁.၆၄) ရာခိုင်နှုန်းသာရှိပြီး၊ အနည်းဆုံးဖြစ်သဖြင့်၊ ဝန်ထမ်းလုပ်ကိုင်သူများ၏ဝင်ငွေရရှိမှုအခြေအနေကိုလေ့လာလျှင်ဝင်ငွေအနိမ့်ဆုံးအဆင့်တွင် (၈၅.၁၄) ရာခိုင်နှုန်းရှိ၍အများဆုံးပါဝင်နေပါသည်။ အလားတူပင်ဝန်ထမ်းမဟုတ်သူများ၏ဝင်ငွေရရှိမှုအခြေအနေကိုလေ့လာရာတွင်ဝင်ငွေအနိမ့်ဆုံးအဆင့်တွင် (၆၆.၀၄)၊

ရာခိုင်နှုန်း ရှိသဖြင့်ဝန်ထမ်း မဟုတ်သူများ၏ဝင်ငွေရရှိမှုအခြေအနေသည်ဝန်ထမ်းများ၏ဝင်ငွေရရှိမှုအခြေအနေထက်ပိုမိုကောင်းမွန်နေပေသည်။ ထိုသို့ဖြစ်ရခြင်းမှာ အချို့အိမ်ထောင်စုများ၏ဝင်ငွေသည် ဝန်ထမ်းများ၏အမြင့်ဆုံးလစာထက်မြင့်မားနေခြင်းနှင့်အချို့အိမ်ထောင်စုများ၏တစ်နှစ်စုစုပေါင်းဝင်ငွေမြင့်မားရခြင်းမှာဝင်ငွေရှာဖွေသူဦးရေများခြင်းကြောင့်လည်းဖြစ်နိုင်သည်ကိုတွေ့ရှိရပါသည်။

အစိုးရဝန်ထမ်း၊ ပုဂ္ဂလိကလုပ်ငန်းနှင့်ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ဝင်ငွေအုပ်စုအလိုက်ပါဝင်မှုတွင်ဝန်ထမ်းများ၏ဝင်ငွေသည်ဝန်ထမ်းမဟုတ်သူများ၏ဝင်ငွေထက်လျော့နည်းနေရခြင်းမှာ လှိုင်သာယာမြို့သစ်တွင်နေထိုင်သူဝန်ထမ်းများတွင်အများစုမှာလစာနည်းဝန်ထမ်းများဖြစ်ခြင်းကြောင့်ဖြစ်နိုင်ပါသည်။ ဝန်ထမ်းမဟုတ်သော အိမ်ထောင်စုများတွင်ဝင်ငွေများရခြင်းအကြောင်းမှာအိမ်ထောင်ဝင်ငွေဖော်ပြရာတွင်ဝင်ငွေရှိသူတစ်ဦးထက်များ၍ဖော်ပြခြင်းကြောင့်လည်းကောင်းဖြစ်နိုင်ပါသည်။ ဤကဲ့သို့သောဝင်ငွေအနဲအများ ပုံစံ၊ အလုပ်အကိုင်ခွဲခြားမှုပုံစံမှ တွေ့ရှိချက်အရလှိုင်သာယာမြို့သစ်တွင်ပုဂ္ဂလိကနှင့်ကိုယ်ပိုင်လုပ်ငန်းတွင်လုပ်ကိုင်သူများမှာရရာလုပ်ငန်းများကိုလုပ်ကိုင်ကြသူများဖြစ်နိုင်ကြောင်းနှင့်လှိုင်သာယာမြို့သစ်တွင်အရင်းအနှီးမြှုပ်နှံ၍ပုဂ္ဂလိကနှင့်ကိုယ်ပိုင်လုပ်ငန်းများပေါ်ထွန်းလာစေရန်အစီအစဉ်တစ်ရပ်ချမှတ်ဆောင်ရွက်ရန်လိုအပ်နေကြောင်း တွေ့ရှိနိုင်ပါသည်။

အိမ်ထောင်စုများ၏ဝင်ငွေရရှိမှုအခြေအနေသာမက၊ ၎င်းတို့၏တစ်နှစ်အသုံးစရိတ်သုံးစွဲမှုအခြေအနေကိုဆက်စပ်လေ့လာနိုင်ရန် နမူနာအိမ်ထောင်စုများ၏အသုံးစရိတ်ကိုလည်းအုပ်စု (၃) စုအလိုက်ခွဲခြား၍အိမ်ထောင်စုအခြေအနေကိုဇယား (၄-၂.၈) တွင်ဖော်ပြထားပါသည်။

ဇယား (၄-၂.၈)

တစ်နှစ်အိမ်ထောင်စု-စုစုပေါင်းအသုံးစရိတ်အလိုက်အိမ်ထောင်စုအခြေအနေပြဇယား

| တစ်နှစ်အိမ်ထောင်စု-စုစုပေါင်းအသုံးစရိတ် (ကျပ်ထောင်ပေါင်း) | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| ၆-၂၄ | ၂၅၂ | ၇၃.၆၈ |
| ၂၄-၄၂ | ၇၅ | ၂၁.၉၃ |
| ၄၂-၆၀ | ၁၅ | ၄.၃၉ |
| စုစုပေါင်း | ၃၄၂ | ၁၀၀.၀၀ |

ဇယား (၄-၂.ဂ) အရ နမူနာအိမ်ထောင်စုများ၏တစ်နှစ်စုစုပေါင်း အသုံးစရိတ်အနိမ့်ဆုံး အဆင့်တွင်ပါဝင်သော အိမ်ထောင်စုရာခိုင်နှုန်းမှာ (၇၃ .၆၈) ရာခိုင်နှုန်းရှိ၍ အများဆုံးဖြစ်ပြီး ၊ ဒုတိယအများဆုံးမှာတစ်နှစ်စုစုပေါင်း အသုံးစရိတ်ဒုတိယအဆင့်တွင်ပါဝင်ပြီး ၊ အသုံးစရိတ်အမြင့်ဆုံး အဆင့်တွင်အိမ်ထောင်စု- (၄ .၃၀) ရာခိုင်နှုန်းသာပါဝင်၍အနည်းဆုံး ဖြစ်ပါသည်။

အိမ်ထောင်စုများ၏တစ်နှစ်စုစုပေါင်း ဝင်ငွေ အလိုက်တစ်နှစ်စုစုပေါင်း အသုံးစရိတ်အခြေအနေကို လေ့လာပါက၎င်းတို့၏ဝင်ငွေရရှိမှုအခြေအနေအလိုက်သုံးစွဲသည့်အခြေအနေကို လေ့လာသိရှိနိုင်ပေသည်။ ထို့ကြောင့်တစ်နှစ်စုစုပေါင်း ဝင်ငွေရရှိမှုအခြေအနေအလိုက်တစ်နှစ်စုစုပေါင်း အသုံးစရိတ်အခြေအနေကိုဇယား (၄-၂.ဃ) တွင်ဖော်ပြထားပါသည်။

ဇယား (၄-၂.ဃ)

တစ်နှစ်စုစုပေါင်း ဝင်ငွေရရှိမှုအခြေအနေအလိုက်တစ်နှစ်အသုံးစရိတ်သုံးစွဲမှုအခြေအနေပြဇယား

| တစ်နှစ်အသုံးစရိတ် (ကျပ်ထောင်ပေါင်း) / တစ်နှစ်ဝင်ငွေ (ကျပ်ထောင်ပေါင်း) | ၆-၂၄ | ၂၄-၄၂ | ၄၂-၆၀ | စုစုပေါင်း |
|---|---|---|---|---|
| ၆-၂၄ | ၈၇.၅၀ | ၁၀.၄၂ | ၂.၀၈ | ၁၀၀.၀၀ |
| ၂၄-၄၂ | ၃၃.၃၃ | ၅၉.၄၂ | ၇.၂၅ | ၁၀၀.၀၀ |
| ၄၂-၆၀ | ၅၇.၅၈ | ၂၇.၂၇ | ၁၅.၁၅ | ၁၀၀.၀၀ |
| စုစုပေါင်း | ၂၅၂ | ၇၅ | ၁၅ | ၃၄၂ |

ဇယား (၄-၂-ဃ) အရ တစ်နှစ်ဝင်ငွေအနိမ့်ဆုံးရှိအိမ်ထောင်စုဦးရေများ အနက်တစ်နှစ်အသုံးစရိတ်အနိမ့်ဆုံး အဆင့်တွင်အိမ်ထောင်စု (၈၇ ၅၀) ရာခိုင်နှုန်း ပါဝင်၍၊ တစ်နှစ်အသုံး စရိတ်ဒုတိယအဆင့်တွင် (၁၀.၃၂) ရာခိုင်နှုန်း ရှိပြီး၊ အသုံးစရိတ်အမြင့်ဆုံး အဆင့်တွင်အိမ်ထောင်စု (၂.၀၈) ရာခိုင်နှုန်း ရှိသည်ကို တွေ့ရပါသည်။ တစ်နှစ်ဝင်ငွေအနိမ့်ဆုံး အဆင့်၌အသုံးစရိတ်အနိမ့်ဆုံး အဆင့်၌သုံးစွဲသော အိမ်ထောင်စုဦးရေမှာ အများဆုံး ဖြစ်၍ အသုံးစရိတ်အမြင့်ဆုံး အဆင့်၌သုံးစွဲသော အိမ်ထောင်စုဦးရေမှာ အနည်းဆုံး ဖြစ်သည်ကို တွေ့ရပါသည်။

တစ်နှစ်ဝင်ငွေဒုတိယမြင့်သော အဆင့်ရှိအိမ်ထောင်စုဦးရေများ အနက်တစ်နှစ်အသုံးစရိတ်အနိမ့်ဆုံး အဆင့်တွင်အိမ်ထောင်စု (၃၃.၃၃) ရာခိုင်နှုန်း ရှိ၍အသုံးစရိတ် အလယ်အလတ်အဆင့်တွင် အိမ်ထောင်စု (၅၉.၄၂) ရာခိုင်နှုန်း ပါဝင်၍အသုံးစရိတ်အမြင့်ဆုံး အဆင့်တွင်အိမ်ထောင်စု (၇.၂၅) ရာခိုင်နှုန်း ရှိကြောင်းတွေ့ရပါသည်။ ထို့ကြောင့်တစ်နှစ်ဝင်ငွေဒုတိယမြင့်သော အဆင့်၌အသုံးစရိတ် ဒုတိယအဆင့်တွင်သုံးစွဲသော အိမ်ထောင်စုဦးရေမှာ အများဆုံး ဖြစ်သည်ကို တွေ့ရ၍၊ အသုံးစရိတ်အမြင့်ဆုံး အဆင့်တွင်သုံးစွဲသော အိမ်ထောင်စုဦးရေမှာ အနည်းဆုံး ဖြစ်သည်ကို တွေ့ရပါသည်။

တစ်နှစ်ဝင်ငွေအမြင့်ဆုံး အဆင့်ရှိအိမ်ထောင်စုဦးရေများ အနက်တစ်နှစ်အသုံးစရိတ်အနိမ့်ဆုံး အဆင့်တွင်အိမ်ထောင်စု (၅၇.၅၈) ရာခိုင်နှုန်း ပါဝင်၍တစ်နှစ်အသုံးစရိတ်ဒုတိယအဆင့်တွင်အိမ်ထောင်စု (၂၇.၂၇) ရာခိုင်နှုန်း ရှိပြီး အသုံးစရိတ်အမြင့်ဆုံး အဆင့်တွင်အိမ်ထောင်စု (၁၅.၁၅) ရာခိုင်နှုန်း ရှိသည်ကို တွေ့ရပါသည်။ ထို့ကြောင့်တစ်နှစ်ဝင်ငွေအမြင့်ဆုံး ရရှိသောအိမ်ထောင်စု

များ အနက်အသုံး စရိတ်အနိမ့်ဆုံး အဆင့်တွင်သုံး စွဲသောအိမ်ထောင်စုမှာ (၅၇ .၅၈) ရာခိုင်နှုန်း ရှိ၍အများ ဆုံး ဖြစ်ပြီး အသုံး စရိတ်အမြင့်ဆုံး အဆင့်တွင်အိမ် ထောင်စုဦး ရေအနည်းဆုံး ဖြစ်သည်ကို တွေ့ရပါသည်။

ဝင်ငွေအမြင့်ဆုံး အုပ်စုတွင်ဝင်ငွေထက် လျော့သုံးသော အုပ်စုသည်အခြား ကုန်ကျစရိတ်များ အနေဖြင့်အိမ် ဆောက်ရာတွင်သုံး စွဲခြင်း နှင့်အခြား ရင်း နှီး မြှုပ်နှံမှုများ တွင်သုံး စွဲခြင်း တို့ဖြစ် နိုင်ပါသည်။ အသုံး စရိတ်များ ကိုမေး မြန်း ရာတွင်အိမ် ဆောက်လုပ်ရာတွင်ကုန်ကျစရိတ် များ ကိုထည့်သွင်း တောက်ယူခြင်း မရှိသော်လည်း ကြွေး တင်သည့်အိမ် ထောင် စုများ မှာအိမ် ဆောက်လုပ်ရန်ငွေ ကြေး မလုံလောက်မှုကြောင့် ချေး ငှား ရခြင်း များ လည်း ရှိပါသည်။

ဝင်ငွေအနိမ့်ဆုံး အဆင့်ရှိအိမ် ထောင်စုများ ၏အသုံး စရိတ်သုံး စွဲမှုအခြေအနေအား လေ့လာပါကငှင်း တို့၏ဝင်ငွေအဆင့် ထက် ကျော်လွန်၍အသုံး စရိတ်တိုး ၍သုံး စွဲသောအိမ် ထောင်စုရာခိုင်နှုန်း – (၁၂ .၅၀) ရာခိုင်နှုန်း ရှိသည်ကို တွေ့ရပါသည်။ တစ်နှစ်ဝင်ငွေ ဒုတိယ မြင့်သောအဆင့်ရှိအိမ် ထောင်စုများ ၏အသုံး စရိတ်သုံး စွဲမှုအခြေအနေ အား လေ့လာပါကငှင်း တို့၏ဝင်ငွေအဆင့်ထက် လျော့နဲ၍သုံး စွဲသော ၊ အိမ် ထောင်စုဦး ရေ (၃၃ .၃၃) ရာခိုင်နှုန်း ရှိ၍ဝင်ငွေထက်တိုး၍သုံး စွဲသောအိမ် ထောင်စုဦး ရေမှာ (၇ .၂၅) ရာခိုင်နှုန်း ရှိပါသည်။ တစ်နှစ်အတွက်စုစုပေါင်း ဝင်ငွေသည်တစ်နှစ်စုစုပေါင်း အသုံး စရိတ်ထက်လျော့နည်း နေသဖြင့်၄င်း အိမ်ထောင်စုများတွင်ဝင်ငွေဟုမသတ်မှတ်နိုင်သော် လည်း ပိုင်ဆိုင်ပစ္စည်းရောင်း ရငွေ (သို့မဟုတ်) ချေး ငှား ၍ရငွေဖြင့်စား သုံး ခြင်း ၊ အခမဲ့ကုန်စည်နှင့်ဆောင်ရွက်မှုများ ကိုအသုံး စရိတ်တွင် ဖော် ပြထား ခြင်း နှင့်အသေး အဖွဲ့ဝင်ငွေများ ကိုမမှတ်မိခြင်း တို့ကြောင့်စုစု ပေါင်း ဝင်ငွေသည်အသုံး စရိတ်စုစုပေါင်း အသုံး စရိတ်ထက် လျော့နည်း နေ ခြင်း ဖြစ်နိုင်ပါသည်။

ဝင်ငွေအမြင့်ဆုံး အဆင့်ရှိအိမ်ထောင်စုများတွင်၄င်း တို့၏ဝင်ငွေအဆင့်ထက်လျော့နည်း၍သုံး စွဲ သောအိမ် ထောင်စုများ မှာအသုံးစရိတ် အနိမ့်ဆုံး အဆင့်တွင် (၅၇ .၅၈) ရာခိုင်နှုန်းနှင့် အသုံး စရိတ် ဒုတိယ- အဆင့်တွင် (၂၇ .၂၇) ရာခိုင်နှုန်း ရှိပါသည်။

ဤအဆင့်တွင် အသုံးစရိတ်အမြင့်ဆုံးအဆင့်နှင့် ဝင်ငွေအဆင့်မှာ တူညီနေသဖြင့် ပို၍သုံးစွဲသော အိမ်ထောင်စုမရှိပေ။

ထို့ကြောင့် အိမ်ထောင်စုများ၏ တစ်နှစ်ဝင်ငွေ အုပ်စု (၃) ခုတွင် မိမိတို့ရရှိသော ဝင်ငွေအဆင့်ထက် ပို၍သုံးစွဲသော အိမ်ထောင်စုများ အနေဖြင့် ဝင်ငွေအနိမ့်ဆုံးအဆင့်၌ (၁၂.၅၀) ရာခိုင်နှုန်း နှင့် ဝင်ငွေဒုတိယအဆင့်၌ (၇.၂၅) ရာခိုင်နှုန်း ရှိပြီး၊ ၎င်းမှာ ဝင်ငွေကို လျှော့ဖြေခြင်း၊ အသုံးစရိတ်ကိုတိုး၍ ဖြေခြင်းမျိုး ရှိနိုင်ပြီး၊ ပိုင်ဆိုင်ပစ္စည်း ရောင်းရငွေနှင့် ချေးငှား၍ ရငွေများကို ဝင်ငွေတွင် ထည့်သွင်းမထားဘဲ၊ အသုံးစရိတ်တွင် သုံးစွဲထားခြင်းကြောင့် စုစုပေါင်း အသုံးစရိတ်သည် စုစုပေါင်း ဝင်ငွေထက် ပိုများနေရခြင်း ဖြစ်ပါသည်။

တဖန် နမူနာ အိမ်ထောင်စုများရှိ အိမ်ထောင်ဦးစီး၏ ပညာအဆင့်ကို ဇယား (၄-၃.၈) တွင် ဖော်ပြထားပါသည်။

အိမ်ထောင်ဦးစီးများ၏ ပညာအဆင့်ကို လေ့လာရာတွင် အောက်ပါအတိုင်း အဆင့် (၆) ဆင့် ခွဲခြား၍ လေ့လာထားပါသည်။ ၎င်းတို့မှာ စာမတတ်သည့်အဆင့်၊ ဘုန်းကြီးကျောင်းအဆင့်၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့်တို့ ဖြစ်ပါသည်။ ထိုသို့ခွဲခြားထားရခြင်းမှာ အိမ်ထောင်ဦးစီးများတွင် စာမတတ်သူ ပါဝင်မှုရှိနေခြင်း၊ ၎င်းပြင် ဘုန်းကြီးကျောင်းအဆင့် စာတတ်မြောက်သူများမှ မူလတန်းအဆင့်၊ ၎င်းမှ တက္ကသိုလ်အဆင့်ထိ ပညာတတ်မြောက်သူများ ရှိခြင်းကြောင့် ဖြစ်ပါသည်။

ဇယား (၄–၃.၈)

ပညာအဆင့်အလိုက်အိမ်ထောင်ဦးစီး ပါဝင်မှု[illegible]း

| ပညာအဆင့် | အိမ်ထောင်ဦးစီး ဦးရေ |
|---|---|
| စာမတတ် | ၆ |
| ဘုန်းကြီးကျောင်းအဆင့် | ၈၆ |
| မူလတန်းအဆင့် | ၆၀ |
| အလယ်တန်းအဆင့် | ၁၄၁ |
| အထက်တန်းအဆင့် | ၄၃ |
| တက္ကသိုလ်အဆင့် | ၆ |
| စုစုပေါင်း | ၃၄၂ |

ဇယား (၄–၃.၈) အရအိမ်ထောင်ဦးစီးများ၏ ပညာအဆင့်တွင်အလယ်တန်း ပညာအဆင့်ရှိသောအိမ်ထောင်ဦးစီးများမှာ (၁၄၁) ဦးရှိ၍အများဆုံးဖြစ်သည်ကိုတွေ့ရပါသည်။ ဘုန်းကြီးကျောင်း ပညာအဆင့်ရှိအိမ်ထောင်ဦးစီးအရေအတွက်မှာ (၈၆) ဦးရှိ၍ဒုတိယအများဆုံးဖြစ်သည်ကိုတွေ့ရပါသည်။ မူလတန်း ပညာအဆင့်ရှိ အိမ်ထောင်ဦးစီး ဦးရေမှာ (၆၀) ဦးရှိ၍တတိယအများဆုံးဖြစ်၍၊ အထက်တန်း ပညာအဆင့်ရှိသောအိမ်ထောင်ဦးစီး ဦးရေမှာ (၄၃) ဦးရှိပြီး၊ စတုတ္ထအများဆုံးဖြစ်ပါသည်။

တက္ကသိုလ်ပညာအဆင့်ရှိသော အိမ်ထောင်ဦးစီး ဦးရေနှင့် စာမတတ်သော အိမ်ထောင်ဦးစီး ဦးရေတို့မှာ (၆) ဦးစီသာ ရှိ၍ အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့် အိမ်ထောင်ဦးစီးများ၏ ပညာအဆင့်သည် အလယ်တန်းအဆင့်တွင်သာ အများဆုံး ရှိနေကြောင်း တွေ့ရပါသည်။ အဆိုပါ အိမ်ထောင်ဦးစီးများသည် ပညာအဆင့် အတန်းမညီမျှ ရှိသည့် ဖခင်များမှ ဆင်းသက်လာသူများ ဖြစ်သည်ကို လေ့လာနိုင်ရန် ဖခင်၏ ပညာအဆင့်အလိုက် အိမ်ထောင်ဦးစီး၏ ပညာအဆင့် အခြေအနေကို ဇယား - (၄-၃.၁) တွင် ဖော်ပြထားပါသည်။

ဇယား (၄-၃.၁)

ဖခင်၏ ပညာအဆင့်အလိုက် အိမ်ထောင်ဦးစီး၏ ပညာအဆင့်ဆက်စပ်မှု ပြဇယား

| ဦးစီး ပညာအဆင့် / ဖခင် ပညာအဆင့် | စာမတတ် | ဘုန်းကြီးကျောင်းမှ အလယ်တန်းအဆင့်ထိ | အထက်တန်းအဆင့်မှ တက္ကသိုလ်အဆင့်ထိ | စုစုပေါင်း |
|---|---|---|---|---|
| စာမတတ် | - | ၄ | - | ၄ |
| ဘုန်းကြီးကျောင်းအဆင့်မှ အလယ်တန်းအဆင့်ထိ | ၆ | ၂၆၆ | ၄၅ | ၃၁၇ |
| အထက်တန်းအဆင့်မှ တက္ကသိုလ်အဆင့်ထိ | - | ၁၇ | ၄ | ၂၁ |
| စုစုပေါင်း | ၆ | ၂၈၇ | ၄၉ | ၃၄၂ |

ဇယား (၄-၃.ခ) အရ ဖခင်၏ပညာအဆင့်စာမတတ်သောအဆင့်တွင် အိမ်ထောင်ဦးစီးတို့၏ပညာအဆင့်မှာ ဘုန်းကြီးကျောင်းအဆင့်မှ အလယ်တန်းအဆင့်ထိ ပညာတတ်မြောက်သူများဖြစ်ကြသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ၄င်းတို့၏ဖခင်၏ပညာအဆင့်ထက် အိမ်ထောင်ဦးစီးတို့၏ပညာအဆင့် ပိုမိုမြင့်မားလာသည်ကို တွေ့ရပါသည်။

ဖခင်၏ပညာအဆင့်သည် ဘုန်းကြီးကျောင်းအဆင့်မှ အလယ်တန်းအဆင့်တွင် ၄င်းတို့၏သားသမီးတို့၏ပညာအဆင့်မှာ စာမတတ်သောအဆင့်တွင် (၁.၈၉) ရာခိုင်နှုန်းရှိပြီး၊ ဘုန်းကြီးကျောင်းအဆင့်မှ အလယ်တန်းအဆင့်တွင် (၈၃.၉၁) ရာခိုင်နှုန်းရှိ၍၊ အထက်တန်းအဆင့်မှ တက္ကသိုလ်အဆင့်တွင် (၁၄.၂၀) ရာခိုင်နှုန်းပါဝင်နေသည်ကို တွေ့ရပါသည်။ ဖခင်၏ပညာအဆင့်ထက် ပို၍နိမ့်သောအိမ်ထောင်ဦးစီး ရာခိုင်နှုန်း (၁.၈၉) ရာခိုင်နှုန်းသာရှိ၍၊ ကျန်အိမ်ထောင်ဦးစီးများ၏ပညာအဆင့်သည် ဖခင်၏ပညာအဆင့်နှင့် တူညီခြင်းနှင့် သာလွန်ခြင်းတို့ကို တွေ့ရပါသည်။

ဖခင်၏ပညာအဆင့်သည် အထက်တန်း၊ အဆင့်မှ တက္ကသိုလ်အဆင့်တွင် ၄င်းတို့၏သားသမီးများ၏ပညာအဆင့်သည် စာမတတ်သူလုံးဝမရှိသည်ကို တွေ့ရပြီး၊ ဘုန်းကြီးကျောင်းအဆင့်မှ အလယ်တန်းအဆင့်ထိ ပညာတတ်မြောက်သူ (၈၀.၉၅) ရာခိုင်နှုန်းရှိ၍၊ ကျန်- (၁၉.၀၅) ရာခိုင်နှုန်းသည် အထက်တန်းအဆင့်မှ တက္ကသိုလ်အဆင့်ထိ၊ ပညာတတ်မြောက်သူများဖြစ်သည်ကို တွေ့ရပါသည်။ ဤအဆင့်တွင် ဖခင်၏ပညာအဆင့်မြင့်မားလာသော်လည်း အိမ်ထောင်ဦးစီး၏ပညာအဆင့်မှာ အလယ်တန်းအဆင့်တွင်သာ အများဆုံးဖြစ်နေပြီး၊ ပညာအဆင့်မြင့်သော အိမ်ထောင်ဦးစီးရာခိုင်နှုန်းမှာ နည်းနေသည်ကို တွေ့ရပါသည်။ ဖခင်၏ပညာအဆင့်အလိုက် ပါဝင်မှုရာခိုင်နှုန်းကို လေ့လ

ကြည့်လျှင်ဘုန်းကြီးကျောင်းမှအလယ်တန်းအဆင့်ထိပညာတတ်မြောက်သူဦးရေရာခိုင်နှုန်းမှာ (၉၂.၆၉) ရာခိုင်နှုန်းရှိ၍အများဆုံးဖြစ်ပြီး၊ အထက်တန်းအဆင့်မှတက္ကသိုလ်အဆင့်ထိပညာတတ်သူဦးရေမှာ (၆.၁၄) ရာခိုင်နှုန်းသာရှိသည်ကိုတွေ့ရပေသည်။

ထို့ကြောင့်ဖခင်၏ပညာအဆင့်သည်ဘုန်းကြီးကျောင်းအဆင့်မှအလယ်တန်းအဆင့်တွင်ရာခိုင်နှုန်းအများဆုံးရှိသည့်အနက်၊ အိမ်ထောင်ဦးစီး၏ပညာအဆင့်မှာလည်းဘုန်းကြီးကျောင်းအဆင့်မှအလယ်တန်းအဆင့်တွင်ပင်အများဆုံးပါဝင်နေသည်ကိုတွေ့ရသောကြောင့်သားသမီးများ၏ပညာအဆင့်သည်ဖခင်၏ပညာအဆင့်နှင့်တိုက်ရိုက်ဆက်စပ်နေပါသည်။

တဖန်အိမ်ထောင်ဦးစီး၏ပညာအဆင့်အလိုက်ငွေတို့၏အလုပ်အကိုင်ရရှိမှုအခြေအနေကိုဇယား (၄-၃.၈) တွင်တင်ပြထားပါသည်။

ဇယား (၄-၃.၈)

အိမ်ထောင်ဦးစီး၏ ပညာအဆင့်အလိုက်အလုပ်အကိုင်ရရှိမှုအခြေအနေ ပြဇယား

| ပညာအဆင့် \ အလုပ်အကိုင် | အစိုးရဝန်ထမ်း | ပုဂ္ဂလိက | ကိုယ်ပိုင် | စုစုပေါင်း |
|---|---|---|---|---|
| စာမတတ် | - | ၆ | - | ၆ |
| ဘုန်းကြီးကျောင်းအဆင့်မှအလယ်တန်းအဆင့်ထိ | ၅၀ | ၁၂၄ | ၁၁၃ | ၂၈၇ |
| အထက်တန်းအဆင့်မှ ဘွဲ့ကြိုဆိုလ်အဆင့်ထိ | ၂၄ | ၁၂ | ၁၃ | ၄၉ |
| စုစုပေါင်း | ၇၄ | ၁၄၂ | ၁၂၆ | ၃၄၂ |

ဇယား (၄-၃.၈) အရအိမ်ထောင်ဦးစီး၏ ပညာအဆင့်အလိုက်အလုပ်အကိုင်ရရှိမှုအခြေအနေကို လေ့လာပါကအိမ်ထောင်ဦးစီး၏ ပညာအဆင့်သည်အနိမ့်ဆုံးအဆင့်တွင် ပုဂ္ဂလိကလုပ်ငန်းတွင်လုပ်ကိုင်သူများ များသာရှိသည်ကို တွေ့ရပါသည်။ ဘုန်းကြီးကျောင်းအဆင့်မှအလယ်တန်းအဆင့်ထိတတ်မြောက်သူအိမ်ထောင်ဦးစီးများ အနက် - (၄၃.၂၀) ရာခိုင်နှုန်းသည်ပုဂ္ဂလိကလုပ်ငန်းတွင်လုပ်ကိုင်သူများ ဖြစ်ပြီး အများဆုံးဖြစ်ပါသည်။ ဒုတိယအများဆုံး မှာကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများဖြစ်၍ (၃၉.၃၇) ရာခိုင်နှုန်းရှိပါသည်။ အစိုးရဝန်ထမ်း လုပ်ကိုင်သူမှာ (၁၇.၄၂) ရာခိုင်နှုန်းရှိ၍ အနည်းဆုံးဖြစ်သည်ကို တွေ့ရပါသည်။

ပညာအဆင့်အမြင့်ဆုံး ဖြစ်သောအထက်တန်း အဆင့်မှ တက္ကသိုလ်အဆင့်ထိ ပညာတတ်မြောက်သူ အိမ်ထောင်ဦးစီးများ အနက်၊ အစိုးရဝန်ထမ်း လုပ်ကိုင်သူရာခိုင်နှုန်း (၄၈.၉၈) ရာခိုင်နှုန်း ရှိ၍၊ အများဆုံး ဖြစ်ပြီး ဒုတိယအများဆုံး မှာ (၂၆.၅၃) ရာခိုင်နှုန်း ရှိ၍၊ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများ ဖြစ်ပါသည်။ ကျန်အိမ်ထောင်ဦးစီး (၂၄.၄၉) ရာခိုင်နှုန်း သည်ပုဂ္ဂလိကလုပ်ငန်း တွင်လုပ်ကိုင်သူများ ဖြစ်သည်ကို တွေ့ရပါသည်။

ဇယား (၄-၃.၈) အရအိမ်ထောင်ဦးစီး၏ ပညာအဆင့်အလိုက်အလုပ်အကိုင်အခြေအနေကို လေ့လာလျှင်ပညာအဆင့်မြင့်မားလာသည်နှင့်အမျှအစိုးရဝန်ထမ်း လုပ်ကိုင်သူရာခိုင်နှုန်း မြင့်လာသည်ကို တွေ့ရပေသည်။ ထို့ကြောင့် လေ့လာသောအိမ်ထောင်စုများ တွင်ပုဂ္ဂလိကလုပ်ငန်း တွင်ဝင်ရောက်လုပ်ကိုင်သူဦး ရေမှာအများဆုံး ဖြစ်သော်လည်း ပညာအမြင့်ဆုံး အဆင့်တွင်မူအစိုးရဝန်ထမ်း လုပ်ကိုင်သူအများဆုံး ပါဝင်နေသဖြင့်ပညာအဆင့်မြင့်သောအိမ်ထောင်ဦးစီး အများစုသည် အစိုးရဝန်ထမ်း လုပ်ကိုင်သူများ ဖြစ်ကြောင်း ကို တွေ့ရှိနိုင်ပါသည်။

ရှိုင်းသာယာမြို့သစ်ရှိနမူနာအိမ်ထောင်စုများ၏အိမ်ထောင်ဦးစီး များ ကိုလူမျိုး ၊ ဘာသာ၊ အသက်စသည်ဖြင့်လူမှုရေး ရှုဒေါင့်မှအခြေအနေများ ကိုထပ်ဆင့် လေ့လာနိုင်ပါသည်။ သို့ရာတွင်လူမျိုး အနေဖြင့်နမူနာအိမ်ထောင်စုများ တွင်မြန်မာလူမျိုး အများဆုံး ပါဝင်၍ (၈၇.၇၂) ရာခိုင်နှုန်း ရှိသည်ကို တွေ့ရသည်။ ကရင်လူမျိုး - (၇.၃၁) ရာခိုင်နှုန်း ၊ မွန်လူမျိုး (၂.၉၂) ရာခိုင်နှုန်း နှင့် ၊ ရခိုင်လူမျိုး (၂.၀၅) ရာခိုင်နှုန်း တို့ပါဝင်ကြပြီး ၊ နိုင်ငံခြားသား လုံး ဝမပါဝင်ကြောင်း တွေ့ရပါသည်။ နမူနာအိမ်ထောင်စုများ၏လူမျိုး ကိုဇယား (၄-၄.၈) တွင် ဖော်ပြထား ပါသည်။

ဇယား (၄-၄.၃)

အိမ်ထောင်ဦးစီးများ၏လူမျိုးအလိုက်အိမ်ထောင်စုပါဝင်မှုရာခိုင်နှုန်းပြဇယား

| လူမျိုး | အိမ်ထောင်စုဦးရေ | ရာခိုင်နှုန်း |
|---|---|---|
| မြန်မာ | ၃၀၀ | ၈၇.၇၂ |
| ကရင် | ၂၅ | ၇.၃၁ |
| မွန် | ၁၀ | ၂.၉၂ |
| ရခိုင် | ၇ | ၂.၀၅ |
| စုစုပေါင်း | ၃၄၂ | ၁၀၀.၀၀ |

အိမ်ထောင်ဦးစီးများ၏ကိုးကွယ်သည့်ဘာသာမှာ နမူနာအိမ်ထောင်စုအားလုံးသည်ဗုဒ္ဓဘာသာဝင်များချည်းသာဖြစ်ကြသည်ကိုတွေ့ရပါသည်။ အိမ်ထောင်ဦးစီးတို့၏အသက်ကို (၄၅) နှစ်အောက်နှင့် (၄၅) နှစ်နှင့်အထက်ဟူ၍အုပ်စု (၂) ခုခွဲခြားပြီး လေ့လာရာတွင် ဇယား (၄-၄.၁) တွင်ဖော်ပြထားသည့်အတိုင်းတွေ့ရှိရပါသည်။

ဇယား (၄-၄.ခ)

အိမ်ထောင်ဦးစီး တို့၏အသက်အုပ်စုအလိုက်အိမ်ထောင်စုပါဝင်မှု ရာခိုင်နှုန်းပြဇယား

| အသက်အုပ်စု | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| ၄၅နှစ်အောက် | ၁၇၇ | ၅၁ .၇၅ |
| ၄၅နှစ်နှင့်အထက် | ၁၆၅ | ၄၈ .၂၅ |
| စုစုပေါင်း | ၃၄၂ | ၁၀၀ .၀၀ |

ဇယား (၄-၄.ခ) အရအသက်(၄၅)နှစ်အောက် အိမ်ထောင်ဦးစီး အရေအတွက်မှာ(၅၁ .၇၅)ရာခိုင်နှုန်း ရှိ၍၊ အများဆုံး ဖြစ်သည်ကိုတွေ့ရပါသည်။ အသက်(၄၅)နှစ်နှင့်အထက် အိမ်ထောင်ဦးစီး အရေအတွက်မှာ(၄၈ .၂၅)ရာခိုင်နှုန်း ပါဝင် ပါသည်။

တဖန်အိမ်ထောင်ဦးစီး များ ထွင်ကျား ၊ မအလိုက် ပါဝင်မှုရာခိုင်နှုန်း ကိုဇယား (၄-၄.ဂ)တွင် လေ့လာနိုင် ပေသည်။

ဇယား (၄-၄.က)

ကျား-မအလိုက်ပါဝင်မှုရာခိုင်နှုန်းပြဇယား

| ကျား-မ ခွဲခြားမှု | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| ကျား | ၂၇၉ | ၈၁.၅၈ |
| မ | ၆၃ | ၁၈.၄၂ |
| စုစုပေါင်း | ၃၄၂ | ၁၀၀ |

ဇယား (၄-၄.က)အရအိမ်ထောင်ဦးစီးများအတွက် အမျိုးသားအိမ်ထောင်ဦးစီးပါဝင်မှုရာခိုင်နှုန်းသည်(၈၁.၅၈) ရာခိုင်နှုန်းရှိ၍အမျိုးသမီးအိမ်ထောင်ဦးစီးပါဝင်မှုရာခိုင်နှုန်း ထက်သိသာစွာများနေသည်ကိုတွေ့ရပေသည်။ ထိုသို့အမျိုးသားအိမ်ထောင်ဦးစီးပါဝင်မှုများနေရခြင်းသည်ထုံးတမ်းအစဉ်အလာအရအိမ်ထောင်ဦးစီးကိုအမျိုးသားများကပင်ဆက်ခံလေ့ရှိကြပြီး၊ အမျိုးသားမရှိသေ့ါ အခြေအနေမျိုး၌သာအမျိုးသမီးများကိုအိမ်ထောင်ဦးစီးအနေဖြင့် သတ်မှတ်ကြသောကြောင့်ဖြစ်ပါသည်။

ထို့ပြင်အိမ်ထောင်ဦးစီးများ၏အသက်အုပ်စုအလိုက်အမျိုးသားနှင့်အမျိုးသမီးပါဝင်မှုရာခိုင်နှုန်းကိုဇယား (၄-၄.ဃ)၌ ဖော်ပြထားပါသည်။

ဇယား (၄-၄.ဃ)

အိမ်ထောင်ဦးစီးများ၏အသက်အုပ်စုအလိုက်အမျိုးသားနှင့်အမျိုးသမီး ပါဝင်မှုရာခိုင်နှုန်းပြဇယား

| အသက်အုပ်စု | ကျား | မ | ပေါင်း |
|---|---|---|---|
| ၄၅နှစ်အောက် | ၅၈.၀၆ | ၂၃.၈၁ | ၁၇၇ |
| ၄၅နှစ်နှင့်အထက် | ၄၁.၉၄ | ၇၆.၁၉ | ၁၆၅ |
| စုစုပေါင်း | ၁၀၀ | ၁၀၀ | ၃၄၂ |

အမျိုးသားအိမ်ထောင်စုဦးရေမှာ(၈၁.၅၈) ရာခိုင်နှုန်းရှိ၍၊ ၎င်းတို့၏အသက်အုပ်စုအလိုက်ပါဝင်မှုရာခိုင်နှုန်းမှာ(၄၅)နှစ်အောက်တွင်(၅၈.၀၆)ရာခိုင်နှုန်းရှိ၍၊ အများဆုံးဖြစ်ပြီး၊ (၄၅)နှစ်နှင့်အထက်ဦးရေမှာ(၄၁.၉၄)ရာခိုင်နှုန်းရှိပါသည်။ အမျိုးသမီးအိမ်ထောင်ဦးစီးဦးရေမှာ(၄၅)နှစ်နှင့်အထက်တွင်(၇၆.၁၉)ရာခိုင်နှုန်းရှိ၍၊ အများဆုံးဖြစ်ပြီး၊(၄၅)နှစ်အောက်ဦးရေမှာ(၂၃.၈၁)ရာခိုင်နှုန်းဖြစ်သည်ကိုတွေ့ရပါသည်။ ထို့ကြောင့်အမျိုးသမီးအိမ်ထောင်ဦးစီးပါဝင်မှုသည်အသက်(၄၅)နှစ်နှင့်အထက်အုပ်စုတွင်ပါဝင်မှုပိုများ၍၊ အမျိုးသားအိမ်ထောင်ဦးစီးပါဝင်မှုသည်အသက်(၄၅)နှစ်အောက်တွင်ပါဝင်မှုပိုများကြောင်းတွေ့ရှိရပါသည်။

အိမ်ထောင်စုများ၏လူမှုစီးပွားရေးအသွင်သဏ္ဍာန်များကိုလေ့လာခဲ့ရာတွင်အလုပ်အကိုင်အမျိုးအစား (၃)ခုတွင်ပုဂ္ဂလိကလုပ်ငန်းတွင်ဝင်ရောက်လုပ်ကိုင်သူအိမ်ထောင်ဦးစီးဦးရေမှာ -

အများဆုံးဖြစ်၍၊ အစိုးရဝန်ထမ်းလုပ်ကိုင်သူမှာ အနည်းဆုံးဖြစ်ပါသည်။ ထို့ပြင် ဝန်ထမ်းလုပ်ကိုင်သူများ၏ ဝင်ငွေရရှိမှုအခြေအနေကို လေ့လာရာ၌ ဝင်ငွေအနိမ့်ဆုံး အဆင့်တွင် အများဆုံး ပါဝင်နေပြီး ၊ ဝန်ထမ်း မဟုတ်သူများသည် ဝန်ထမ်းများထက် ဝင်ငွေရရှိမှုအခြေအနေ ပိုမိုကောင်းမွန်ကြောင်း တွေ့ရပါသည်။ ထိုသို့ ဝင်ငွေပိုမိုကောင်းမွန်ရခြင်းမှာ ဝန်ထမ်းများသည် ၎င်းတို့၏ ဝန်ထမ်းလစာကိုသာ ဖြေကြား၍ အခြားအပိုဝင်ငွေများကို မဖြေလို၍ (သို့မဟုတ်) မမှတ်မိ၍ ဖြေကြားခြင်း မရှိသောကြောင့်လည်းကောင်း ၊ ဝန်ထမ်း မဟုတ်သူများ အနေဖြင့် ရှိုင်သာယာမြို့သစ်တွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် အလုပ်အကိုင်များ ပိုမိုတိုးတက်လာခြင်းကြောင့်လည်းကောင်း ၊ ဝန်ထမ်း မဟုတ်သူများ၏ ဝင်ငွေရရှိမှုအခြေအနေသည် ဝန်ထမ်းများထက် ပိုမိုကောင်းမွန်နေခြင်း ဖြစ်နိုင်ပါသည်။

ထိုသို့ အစိုးရဝန်ထမ်းလုပ်ကိုင်သူများ၏ ဝင်ငွေရရှိမှုသည် ဝန်ထမ်း မဟုတ်သူများထက် လျော့နည်းနေသော်လည်း ၎င်းတို့၏ ပညာအဆင့်မှာ အထက်တန်းအဆင့်မှ တက္ကသိုလ်အဆင့်ထိ ပညာသင်ကြားခဲ့သူများ ပါဝင်နေသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ပညာအဆင့်မြင့်သည့် အိမ်ထောင်ဦးစီးများသည် အစိုးရဝန်ထမ်း လုပ်ကိုင်သူများ အများဆုံး ဖြစ်သည်ကို တွေ့ရပါသည်။

အိမ်ထောင်စုများ၏ ဝင်ငွေရရှိမှုအလိုက် အသုံးစရိတ်သုံးစွဲမှုအခြေအနေကို လေ့လာရာတွင် ဝင်ငွေထက် ကျော်လွန်၍ သုံးစွဲရသော အိမ်ထောင်စုများ ပါဝင်နေသည်ကို တွေ့ရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာလည်း ဝင်ငွေကို လျော့ဖြေခြင်း ၊ အသုံးစရိတ်ကို တိုးဖြေခြင်း ၊ ပိုင်ဆိုင်ပစ္စည်း ရောင်းရငွေနှင့် ချေးငှားရငွေများကို ဝင်ငွေတွင် ထည့်သွင်းမထားသော်လည်း ၊ အသုံးစရိတ်တွင် သုံးစွဲထားခြင်းကြောင့်

စုစု ပေါင်း အသုံး စရိတ်သည်စုစု ပေါင်း ဝင် ငွေထက်ပိုများနေရခြင်း ဖြစ် ပေသည်။

အိမ် ထောင်ဦး စီး တို့၏အသက်အုပ်စုအလိုက်အမျိုး သား နှင့်အမျိုး သမီး ပါဝင်မှုရာခိုင်နှုန်း ကို လေ့လာ ပါက အမျိုး သား အိမ် ထောင်ဦး စီး ရာခိုင်နှုန်း သည်အမျိုးသမီး ဦး စီး ရာခိုင်နှုန်း ထက်ပိုများ သည်ကို တွေ့ရ ပါသည်။ ထိုသို့အမျိုး သား အိမ် ထောင်ဦး စီး ပါဝင်မှုရာခိုင်နှုန်း ပိုများ နေခြင်း မှာမြန်မာ နိုင်ငံတွင်မ လေ့ထုံး စံအရအိမ် ထောင်ဦး စီး အဖြစ်အမျိုး သား များက သာလုပ်ကိုင်ကြခြင်း ကြောင့်ဖြစ်သည်ဟုဆိုနိုင်ပါသည်။

အိမ် ထောင်စု၏ နေထိုင်မှုအခြေအနေကို လေ့လာရာ မှ တွေ့ရှိချက်များ ကိုဆက်လက်တင်ပြသွား ပါမည်။

၄ – ၁ – ၂။ <u>အိမ် ထောင်စုများ ၏ နေထိုင်မှုအခြေအနေသုံး သပ်ချက်</u>

နမူနာအိမ် ထောင်စုများ ၏ နေထိုင်မှုအခြေအနေ ကို လေ့လာရာတွင် ° နေအိမ်အမျိုး အစား ကို (၁) တိုက် (၂) ပျဉ်ထောင် အိမ်နှင့် (၃) တဲဟူ၍ (၃) မျိုး ခွဲခြား ပြီး လေ့လာထား ပါသည်။

သို့ရာတွင် လေ့လာ သောအိမ် ထောင်စုများ သည်တိုက် အမျိုး အစား လုံး ဝမပါဝင်သဖြင့်ဇယား (၄–၅.က) တွင်၎င်း အမျိုး အစား ဖော်ပြမထား ပေ။ ထို့ပြင်နမူနာအိမ် ထောင်စုများ ၏ နေ အိမ်အမျိုး အစား သာမက နေအိမ်ပိုင်ဆိုင်မှုအခြေအနေကိုပါ လေ့လာထား ပါသည်။ ထိုသို့ လေ့လာရခြင်း မှာ နေအိမ်ပိုင်ဆိုင်သူနှင့်ငှား ရမ်း နေ ထိုင်သူများ ပါဝင်မှုကို လေ့လာ နိုင်ရန်ဖြစ်ပါသည်။ ထို့ကြောင့်ရှိုင်သာယာ မြို့သစ်သို့ ပြောင်း ရွှေ့ပြီး ချိန်၌နမူနာအိမ် ထောင်စုများ ၏ နေအိမ် အမျိုး အစား အလိုက် နေအိမ်ပိုင်ဆိုင်မှုအခြေအနေကိုဇယား (၄–၅.က) အရ လေ့လာ နိုင်ပါသည်။

ဇယား (၄-၅.၈)

လှိုင်သာယာမြို့သစ်သို့ ပြောင်းရွှေ့ပြီး ချိန်ညှိနမူနာအိမ်ထောင်စုများ
၏ နေအိမ်အမျိုးအစား အလိုက် နေအိမ်ပိုင်ဆိုင်မှုအခြေအနေပြဇယား

| ပိုင်ဆိုင်မှု<br>နေအိမ်<br>အမျိုးအစား | ပိုင် | ငှား | စုစုပေါင်း |
|---|---|---|---|
| ပျဉ်ထောင် | ၁၈၀ | ၃ | ၁၈၃ |
| တဲ | ၁၅၀ | ၉ | ၁၅၉ |
| စုစုပေါင်း | ၃၃၀ | ၁၂ | ၃၄၂ |

ဇယား (၄-၅.၈) အရ နမူနာအိမ်ထောင်စုများ၏ နေအိမ်အမျိုးအစားသည် ပျဉ်ထောင်အိမ်အမျိုးအစားတွင် (၅၃.၅) ရာခိုင်နှုန်း ရှိ၍အများဆုံး ဖြစ်ပါသည်။ တဖန်ပျဉ်ထောင်အိမ်ဖြင့်နေထိုင်သောအိမ်ထောင်စုများတွင်အိမ်ပိုင်ဆိုင်သောအိမ်ထောင်စုမှာ (၉၈ .၃၆) ရာခိုင်နှုန်း ရှိ၍အိမ်ငှား နေထိုင်သူအိမ်ထောင်စုမှာ (၁ .၆၄) ရာခိုင်နှုန်း သာရှိသည်ကို တွေ့ရပါသည်။ တဲဖြင့် နေထိုင်သောအိမ်ထောင်စုများမှာ (၄၆ .၄၉%) အနက်အိမ်ပိုင်ဆိုင်သောအိမ်ထောင်စုရာခိုင်နှုန်းမှာ (၉၄ .၃၄) ရာခိုင်နှုန်း ရှိ၍အိမ်ငှား နေထိုင်သောအိမ်ထောင်စုရာခိုင်နှုန်းမှာ (၅ .၆၆) ရာခိုင်နှုန်း သာရှိသည်ကို တွေ့ရပါသည်။

ထို့ကြောင့်နမူနာအိမ်ထောင်စုများ၏အိမ်အမျိုးအစား ဖြင့်ပျဉ်ထောင်အိမ်အမျိုးအစား အများဆုံး ဖြစ်သည်ကို တွေ့ရပြီး အိမ်ပိုင်ဆိုင်မှုအခြေအနေအရ လေ့လာပါကလည်း အိမ်ပိုင်ဆိုင်၊ သူ့အိမ် ထောင်စုဦးရေမှာ (၈၉ ,၄၇) ရာခိုင်နှုန်းရှိ၍အများဆုံးဖြစ်သည်ကို တွေ့ရပါသည်။ အိမ်ငှား နေထိုင်သူရာခိုင်နှုန်းမှာ (၁၀ ,၅၃ ) ရာခိုင်နှုန်း ရှိ၍ ၎င်းတို့သည်အလုပ်အကိုင်ကြောင့်ဟိုင်းသာယာမြို့သစ်သို့ ပြောင်းရွှေ့ပြီး ငှားရမ်း နေထိုင်သူများဖြစ်ကြောင်း သိရှိရ ပါသည်။

ဟိုင်းသာယာသို့မပြောင်းရွှေ့မီအချိန်တွင်နမူနာ အိမ်ထောင်စုများ၏ နေအိမ်အခြေအနေနှင့်ပိုင်ဆိုင်မှုအခြေအနေကို လေ့လာရခြင်းမှာ ပြောင်းရွှေ့ပြီး အချိန်၌၎င်းတို့၏ နေအိမ်အခြေ အနေနှင့်ပိုင်ဆိုင်မှုအခြေအနေတို့နှင့်နှိုင်းယှဉ် လေ့လာရန်ဖြစ်ပါသည်။

ဇယား (၄-၅.ခ)

ဟိုင်းသာယာ သို့မပြောင်းရွှေ့မီနေအိမ်အခြေအနေပြဇယား

| အိမ်အမျိုးအစား | ပိုင် | ငှား | စုစုပေါင်း |
|---|---|---|---|
| ပျဉ်ထောင် | ၁၇၆ | ၂၀ | ၁၉၆ |
| တဲ | ၁၃၀ | ၁၆ | ၁၄၆ |
| | ၃၀၆ | ၃၆ | ၃၄၂ |

ဇယား (၄-၅.ခ) အရဟိုင်းသာယာသို့မပြောင်း ရွှေ့မီ နေအိမ်အခြေအနေကိုလေ့လာရာတွင်နမူနာအိမ် ထောင်စုများ ၏ (၅၇ ,၃၁) ရာခိုင်နှုန်း သည်ပျဉ်ထောင်အိမ်အမျိုး အစား ဖြစ်၍၊ အများဆုံး ဖြစ်ပြီး ၊ ကျန် (၄၂ ,၆၉) ရာခိုင်နှုန်း သည်တဲအိမ်အမျိုးအစား ဖြစ်သည်ကို တွေ့ရပေသည်။ ဟိုင်းသာယာမြို့သစ်သို့မပြောင်း ရွှေ့မီက

နမူနာအိမ်ထောင်စုများ၏ နေအိမ်အမျိုးအစားတွင်လည်း တိုက်အိမ်အမျိုးအစားလုံး ဝမပါဝင်သဖြင့် ဇယားတွင် ဖော်ပြမထားပါ။

မပြောင်းရွှေ့မီက နမူနာအိမ်ထောင်စုများ၏ နေအိမ်ပိုင်ဆိုင်မှုအခြေအနေကို လေ့လာပါကလည်း အိမ်ပိုင်ဆိုင်သောအိမ်ထောင်စုရာခိုင်နှုန်းမှာ (၈၉.၄၇) ရာခိုင်နှုန်းရှိ၍၊ အိမ်ငှားနေထိုင်သောအိမ်ထောင်စုရာခိုင်နှုန်းမှာ (၁၀.၅၃) ရာခိုင်နှုန်းရှိသည်ကို တွေ့ရပါသည်။ သို့သော်လည်း ပြောင်းရွှေ့ပြီးချိန်ရှိအိမ်ကိုနှိုင်းယှဉ် လေ့လာပါကပျဉ်ထောင်အိမ်အမျိုးအစားသည် ပြောင်းရွှေ့ပြီးချိန်တွင် (၅၃.၅၁) ရာခိုင်နှုန်းရှိသည့်အနက်အိမ်ပိုင်ဆိုင်သောအိမ်ထောင်စုဦးရေမှာ (၉၈.၃၆) ရာခိုင်နှုန်းရှိ၍၊ မပြောင်းရွှေ့မီအချိန်ရှိပျဉ်ထောင်အိမ်အမျိုးအစား (၅၇.၃၀) ရာခိုင်နှုန်းရှိသည့် အနက်အိမ်ပိုင်ဆိုင်သောအိမ်ထောင်စုဦးရေမှာ (၈၉.၁၀) ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရပေသည်။ ထို့ကြောင့်ပျဉ်ထောင်အိမ်အမျိုးအစားဖြင့်နေထိုင်သောနမူနာအိမ်ထောင်စုများ၏အိမ်ပိုင်ဆိုင်မှုရာခိုင်နှုန်းသည် ပြောင်းရွှေ့ပြီးချိန်တွင်မပြောင်းရွှေ့မီကထက်တိုး လာသည်ကို တွေ့ရပါသည်။ အလားတူပင်တဲအိမ်အမျိုးအစားတွင်လည်း ပြောင်းရွှေ့ပြီးချိန်တွင် (၅၆.၄၉) ရာခိုင်နှုန်းရှိသည့်အနက်အိမ်ပိုင်ဆိုင်သောအိမ်ထောင်စုဦးရေမှာ (၉၄.၃၄) ရာခိုင်နှုန်းရှိ၍၊ မပြောင်းရွှေ့မီအချိန်ရှိတဲအိမ်အမျိုးအစား (၄၂.၆၉) ရာခိုင်နှုန်းရှိသည့်အနက်အိမ်ပိုင်ဆိုင်သောအိမ်ထောင်စုဦးရေမှာ (၈၉.၀၄) ရာခိုင်နှုန်းသာရှိသောကြောင့်တဲအိမ်အမျိုးအစားဖြင့်နေထိုင်သောနမူနာအိမ်ထောင်စုများ၏အိမ်ပိုင်ဆိုင်မှုရာခိုင်နှုန်းသည်လည်း ပြောင်းရွှေ့ပြီးချိန်တွင်မပြောင်းရွှေ့မီကထက်သိသာစွာတိုး လာသည်ကို တွေ့ရပါသည်။

ထို့ကြောင့်ပြောင်းရွှေ့ပြီး ချိန်တွင်နမူနာအိမ်ထောင်စုများ၏ နေအိမ်အခြေအနေသည်မပြောင်းရွှေ့မီက နေအိမ်အခြေအနေထက်တိုး တက်ကောင်းမွန်လာသည်ကို တွေ့ရှိရပါသည်။ ၄င်းမှာအဆိုပါအိမ်ထောင်စုများ၏ နေထိုင်မှုအခြေအနေသိသိသာသာတိုးတက်လာခြင်းကို ဖော်ပြပါသည်။

နမူနာအိမ်ထောင်စုများကိုလေ့လာရာတွင်နိုင်ငံတော်မှအိုးမဲ့အိမ်မဲ့များကိုနေရာချထားပေးခဲ့သော်လည်းအိမ်ငှားနေထိုင်သူ (၅.၅၁) ရာခိုင်နှုန်းပါဝင်နေသေးသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့်လှိုင်သာယာမြို့သစ်သို့ ပြောင်းရွှေ့နေထိုင်သူများတွင်အိုးမဲ့အိမ်မဲ့များသာမက၊ အခြားအကြောင်းတစ်ခုခုကြောင့်လာရောက်နေထိုင်သူများရှိကြောင်း နှင့်လှိုင်သာယာမြို့သစ်သို့ ပြောင်းရွှေ့လာရသည့်အကြောင်းရင်းများကိုပါ လေ့လာထားပါသည်။

ဇယား (၄-၅.၈) တွင်မြို့သစ်သို့ ပြောင်းရွှေ့လာရသောအကြောင်းရင်းကို ဖော်ပြထားပါသည်။

ဇယား (၄-၅.၈)

 လှိုင်သာယာမြို့သစ်သို့ပြောင်း ရွှေ့လာရသောအကြောင်းရင်း

| ပြောင်းရွှေ့လာရသောအကြောင်းရင်း | အစိုးရဝန်ထမ်း | ပုဂ္ဂလိက | ကိုယ်ပိုင် | စုစုပေါင်း |
|---|---|---|---|---|
| မီးဘေး | - | [illegible] | [illegible] | [illegible] |
| ကျူးကျော် | ၆၈ | ၁၂၂ | ၁၁၄ | ၃၀၄ |
| ဆွေမျိုးမိတ်ဆွေ | - | ၅ | - | ၅ |
| အလုပ်အကိုင် | - | ၃ | ၆ | ၉ |
| အိမ်မြေတန်ဘိုး | ၆ | ၁၂ | ၆ | ၂၄ |
| စုစုပေါင်း | ၇၄ | ၁၄၂ | ၁၂၆ | ၃၄၂ |

လှိုင်သာယာမြို့သစ်သို့ ပြောင်းရွှေ့လာရသောအကြောင်းရင်းများကို မီးဘေးကြောင့်သော်လည်းကောင်း ၊ ကျူးကျော်အိမ်ဖြစ်၍လည်းကောင်း ၊ ဆွေမျိုးမိတ်ဆွေရှိ၍လည်းကောင်း ၊ အလုပ်အကိုင်ကြောင့်လည်းကောင်း ၊ အိမ်မြေတန်ဘိုးသက်သာ၍ သော်လည်းကောင်း စသည်ဖြင့် (၅) ခုခွဲခြား၍ မေးမြန်းခဲ့ပါသည်။ သို့သော်လည်း လေ့လာသောအိမ်ထောင်စုများတွင်မီးဘေးကြောင့်ပြောင်းရွှေ့လာသူများ မပါဝင်ပေ။

ဇယား (၄-၅.၈) အရလှိုင်သာယာမြို့သစ်သို့ ပြောင်းရွှေ့လာသောအကြောင်းရင်းကို လေ့လာကြည့်ပါကနမူနာအိမ်ထောင်စုများ၏ (၈၈.၉၀) ရာခိုင်နှုန်းသည်ကျူးကျော်အိမ်များဖြစ်၍ ၊ ပြောင်းရွှေ့လာရသူများဖြစ်ပြီး အများဆုံးဖြစ်သည်ကို တွေ့ရပါသည်။ ကျန်အကြောင်းရင်းများမှာပိမိ၏ဆန္ဒသဘောအလျောက် ပြောင်းရွှေ့လာကြသူများ ဖြစ်ကြပါသည်။

မိမိဆန္ဒအလျောက် ပြောင်းရွှေ့လာသူအိမ်ထောင်စုများတွင် ဆွေမျိုးနှင့်မိတ်ဆွေများ ရှိ၍ ပြောင်းရွှေ့လာသော အိမ်ထောင်စုဦးရေမှာ (၁.၄၆) ရာခိုင်နှုန်း ရှိ၍၊ အလုပ်အကိုင်ကြောင်း - ပြောင်းရွှေ့လာသော အိမ်ထောင်စုဦးရေ (၂.၆၃) ရာခိုင်နှုန်းနှင့် အိမ်မြေတန်ဘိုး သက်သာသောကြောင့် ပြောင်းရွှေ့လာသော အိမ်ထောင်စုဦးရေ ရာခိုင်နှုန်းမှာ (၇.၀၂) ရာခိုင်နှုန်း ရှိသည်ကို တွေ့ရပါသည်။ ထိုသို့ မိမိသဘောဆန္ဒအလျောက် ပြောင်းရွှေ့လာသူများလည်း ရှိနေသည်ကို တွေ့ရ၍ လှိုင်သာယာမြို့သစ်သည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်၍ နေထိုင်ရန်သင့်တော်သော မြို့သစ်တစ်ခုဖြစ်သည်ဟု ယူဆရပါသည်။

နမူနာအိမ်ထောင်စုများ၏ နေထိုင်မှုအခြေအနေကို လေ့လာရာတွင် နေအိမ်များတွင် လျှပ်စစ်မီး တပ်ဆင်မှု ရှိ/မရှိနှင့် ရေရယူသုံးစွဲပုံကို မေးမြန်းလေ့လာခဲ့ပါသည်။ လေ့လာခဲ့သော နမူနာအိမ်ထောင်စုများ၏ လျှပ်စစ်မီး တပ်ဆင်မှုအခြေအနေကို ဇယား - (၄-၅.ဃ) တွင် ဖော်ပြထားပါသည်။

ဇယား (၄-၅.ဃ)

ပြောင်းရွှေ့ပြီး နေထိုင်နမူနာအိမ်ထောင်စုများ၏ လျှပ်စစ်မီးတပ်ဆင်မှုအခြေအနေ

| အိမ်အမျိုးအစား | လျှပ်စစ်မီး တပ်ဆင်မှု | | စုစုပေါင်း |
|---|---|---|---|
| | ရှိ | မရှိ | |
| ပျဉ်ထောင် | ၆ | ၁၇၇ | ၁၈၃ |
| တဲ | - | ၁၅၉ | ၁၅၉ |
| စုစုပေါင်း | ၆ | ၃၃၆ | ၃၄၂ |

နမူနာအိမ်ထောင်စုများ၏လျှပ်စစ်မီး တပ်ဆင်မှု အခြေအနေကို လေ့လာပါကမူဦ ထောင်အိမ်အမျိုး အစား တွင်(၃.၂၈) ရာနှုန်း သာလျှပ်စစ်မီး တပ်ဆင်မှုရှိပြီး ၊ ကျန်အိမ်ထောင်စုများ တွင်လျှပ်စစ်မီး မတပ်ဆင်ရသေး သည်ကို တွေ့ရပါသည်။ သို့သော်လည်းငင်း အိမ်ထောင်စုများ သည်လျှပ်စစ်မီး မတပ်ဆင်ရသေး သည်မှာ၎င်း တို့ ပြောင်း ရွှေ့လာသည့်အချိန် နောက်ကျသော ကြောင့်မတပ်ဆင်ရသေး ခြင်း ဖြစ်နိုင်ပေသည်။

ထို့ကြောင့်အိမ်ထောင်စုများ၏လှိုင်သာယာသို့ပြောင်း ရွှေ့လာ သောအချိန်ကိုလေ့လာရာတွင်ဇယား (၄-၅.၈)တွင် ဖော် ပြထား သည့်အတိုင်း သိရှိနိုင်ပါသည်။

ဇယား (၄-၅.၈)

လှိုင်သာယာမြို့သစ်သို့ပြောင်း ရွှေ့လာသည့်အချိန်ပြဇယား

| ပြောင်းရွှေ့လာသည့်အချိန် ခုနှစ် | အိမ်ထောင်စု ဦးရေ |
|---|---|
| ၁၉၈၉ | ၂ |
| ၁၉၉၀ | ၃၁၈ |
| ၁၉၉၁ | ၂၂ |
| စုစုပေါင်း | ၃၄၂ |

ဇယား (၄-၅.၈)အရ၊ လှိုင်သာယာမြို့သစ်သို့ - ပြောင်း ရွှေ့လာ သောအချိန်ကိုလေ့လာရာတွင်(၁၉၈၉)ခုနှစ် နောက်ပိုင်း မှ ပြောင်း ရွှေ့နေထိုင်သူများ ဖြစ်သည်ကို တွေ့နိုင်ပါသည်။ ထို့ကြောင့်ယခု လေ့လာခဲ့သောအိမ်ထောင်စုများ အနေဖြင့်လျှပ်စစ်မီး

ရရှိမှုနှင့်ပတ်သက်၍ အခက်အခဲများ ရှိနိုင်ကြောင်း တွေ့ရပြီး ၊ ၎င်း အိမ်ထောင်စုများသည် လျှပ်စစ်မီး ရရှိရန် လျှောက်ထားဆဲဖြစ်၍ ၊ (၁၉၉၁) ခုနှစ်အတွင်း လျှပ်စစ်မီး တပ်ဆင်မှုမရှိသေး ကြောင်း သိရှိရပါသည်။

တဖန်အိမ်ထောင်စုများ၏ ရေရယူသုံးစွဲမှုနှင့်ပတ်သက်၍ လေ့လာရာတွင်အစိုးရ ရေတွင်းများ မှလည်း ကောင်း ၊ ပုဂ္ဂလိပိုင် ရေတွင်း များ မှလည်း ကောင်း ရယူသုံး စွဲသည်ကို တွေ့ရပါသည်။

နမူနာအိမ်ထောင်စုများ၏ ရှိုင်းသာယာမြို့သစ် သို့ ပြောင်း ရွှေ့လာ သောအချိန်ကို လေ့လာကြည့်ပါက ( ၁၉၉၀ ) ခုနှစ်တွင် ၊ ပြောင်း ရွှေ့လာ သောအိမ်ထောင်စုဦး ရေမှာအများ ဆုံး ဖြစ်၍ ၊ ၎င်း ခုနှစ်တွင်နိုင်ငံတော်အစိုးရက ကျူးကျော်တဲများ ကိုနေရာချပေး သောအချိန်ဖြစ် သော ကြောင့်ထိုခုနှစ်တွင် ပြောင်း ရွှေ့သူဦး ရေအများ ဆုံး ဖြစ် နေခြင်း ဖြစ်ပါသည်။

ထို့ကြောင့်ရှိုင်းသာယာမြို့သစ်တွင် နေထိုင်သူများ ၏ နေထိုင်မှုအခြေအနေကို လေ့လာရာတွင်မ ပြောင်း ရွှေ့မီကထက်အိမ်ပိုင်ဆိုင်သူအိမ် ထောင်စုမှာသိသိသာသာတိုး လာပြီး ၊ အိမ်ပိုင်ဆိုင် သောအိမ်ထောင်စုများ ၏ နေအိမ်အမျိုး အစား မှာလည်း ပျဉ်ထောင်အိမ်အမျိုး အစား အများ ဆုံး ဖြစ် သော ကြောင့်သင့်တင့် ကောင်း မွန်သည်ဟုဆိုနိုင်ပါသည်။ လျှပ်စစ်မီး တပ်ဆင်မှုအခြေအနေမှာယခုမတပ်ဆင်ရ သေး သော်လည်း ၊ မကြာမီအချိန်၌လျှပ်စစ်မီး ရရှိမည့်အလား အလာရှိသည်ကို တွေ့ရပါသည်။ ထို့ပြင်ရှိုင်းသာယာမြို့သစ်သည်လမ်း ပန်း ဆက်သွယ်ရေး အဆင် ပြေခြင်း ၊ အလုပ်အကိုင်အခွင့်အလမ်း များ လာခြင်း နှင့်အတူ ပြောင်း ရွှေ့လာသည့် အိမ် ထောင်စုများ ၏ နေထိုင်မှုအခြေအနေမှာလည်း မြင့်မား လာမည်ဖြစ်ပြီး နောင်ကာလများ တွင်ရှိုင်းသာယာမြို့သစ်သို့မိမိသဘောဆန္ဒအလျောက် ပြောင်း ရွှေ့နေထိုင်သူများ ပိုမိုတိုး တက်လာမည့်အလား အလာများ ရှိ နေကြောင်း တွေ့ရှိရပါသည်။

၄-  -၃။ <u>အိမ်ထောင်စုများ၏ဝင်ငွေနှင့်အသုံးစရိတ်များအား လေ့လာချက်</u>။

ဟိုင်သာယာမြို့သစ်ရှိနမူနာအိမ်ထောင်စုများ၏စုစုပေါင်း ဝင်ငွေရရှိမှုနှင့်စုစုပေါင်း အသုံးစရိတ်သုံးစွဲမှုအခြေအနေကို ဇယား (၄-၂-က) နှင့်ဇယား (၄-၂-ဃ) တို့တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ဟိုင်သာယာမြို့သစ်ကို (၁၉၈၅) ခုနှစ်ကပင်စတင် ၍ ပြောင်းရွှေ့နေထိုင်သူများ ရှိနေပြီဖြစ်၍အခြားမြို့သစ်များ ထက် စောစွာ အကောင်အထည် ဖော်လာခဲ့သည့်မြို့သစ်တစ်ခုဖြစ်သည့်အား လျော်စွာ၄င်း မြို့သစ်တွင် နေထိုင်သူများ၏လူမှုစီး ပွား ရေး အသွင်သဏ္ဍာန်များအတော်သင့်ဖြစ် ပေါ် ပြောင်း လဲနေမည်ဟုယူဆပါသည်။လေ့လာခဲ့သည့်ရပ်ကွက်အမှတ် (၂၀) နှင့် (၂၄) ကိုမှာ (၁၉၈၉) ခုနှစ်နှင့်၄င်း နောက်ပိုင်း တွင် ၊ ပြောင်း ရွှေ့လာသည့်အိမ်ထောင်စုများ ဖြစ်ကြရာ၄င်း တို့၏ မပြောင်းရွှေ့မီအချိန်ကဖြစ် ပေါ် နေသည့် ရေး နှုန်းနှင့် ပြောင်း ရွှေ့ပြီး အချိန်ရှိ ရေး နှုန်း အခြေအနေမှာ (၂) နှစ်တာကာလတွင်များစွာကွာခြားလှမည်မဟုတ် ဟုယူဆထား သဖြင့် ကောက်ယူရရှိသည့်ကိန်း ဂဏန်းတန်ဖိုး အရသာ နှိုင်းယှဉ် တွက်ချက် ဖော်ပြထား ခြင်း ဖြစ်ပါသည်။

အဆိုပါအိမ် ထောင်စုများ၏ ပြောင်းရွှေ့ပြီး တစ်နှစ်ဝင်ငွေရရှိမှုအခြေအနေကိုမ ပြောင်း ရွှေ့မီဝင်ငွေရရှိမှုအခြေအနေဖြင့်နှိုင်းယှဉ် လေ့လာမည်ဖြစ်ပါသည်။ ထို့ကြောင့်တစ်နှစ်ဝင်ငွေအုပ်စုအလိုက်ပြောင်း ရွှေ့ပြီး နှင့်မ ပြောင်း ရွှေ့မီအိမ်ထောင်စုပါဝင်မှုအခြေအနေကိုဇယား - (၄-၆) တွင် ဖော်ပြထား ပါသည်။

<u>ဇယား (၄-၆)</u>။ တစ်နှစ်ဝင်ငွေအုပ်စုအလိုက်အိမ်ထောင်စုပါဝင်မှုအခြေ. အနေနှိုင်း ယှဉ် ဖော်ပြချက်ဇယား ။

| တစ်နှစ်ဝင်ငွေ (ကျပ်ထောင်ပေါင်း) | ပြောင်း ရွှေ့ပြီး အိမ်ထောင်စု ရာခိုင်နှုန်း | မပြောင်း ရွှေ့မီ အိမ်ထောင်စု ရာခိုင်နှုန်း |
|---|---|---|
| ၆-၂၄ | ၇၀ .၁၁ | ၈၃ .၃၃ |
| ၂၄-၄၂ | ၂၀ .၁၁ | ၁၂ .၂၅ |
| ၄၂-၆၀ | ၉ .၆၄ | ၄ .၄၂ |
| စုစုပေါင်း | ၁၀၀ | ၁၀၀ |

ဇယား (၄-၆) အရ ပြောင်းရွှေ့ပြီး ချိန်တွင်ဝင်ငွေ အနိမ့်ဆုံး အဆင့်တွင်အိမ်ထောင်စု ၇၀.၁၈ ရာခိုင်နှုန်း ရှိ၍၊ မပြောင်းရွှေ့မီက ထိုအဆင့်တွင် ၈၃.၃၃ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရပါသည်။ ထို့ကြောင့်မပြောင်းရွှေ့မီကထက် ပြောင်းရွှေ့ပြီး ချိန်တွင်ဝင်ငွေအနိမ့်ဆုံး အဆင့်၌အိမ်ထောင်စုပါဝင်မှုရာခိုင်နှုန်း နိမ့်ကျသွားသည်ကိုသိနိုင်ပေသည်။ ပြောင်းရွှေ့ပြီး ချိန်တွင်ဝင်ငွေဒုတိယအဆင့်တွင် ၂၀.၁၈ ရာခိုင်နှုန်း ပါဝင်၍၊ မပြောင်းရွှေ့မီကထိုအဆင့်တွင် ၁၂.၂၅ ရာခိုင်နှုန်း သာပါဝင်ပေသည်။ ပြောင်းရွှေ့ပြီး ချိန်တွင်ဝင်ငွေအမြင့်ဆုံးအဆင့်တွင် ၉.၆၄ ရာခိုင်နှုန်း ပါဝင်၍၊ မပြောင်းရွှေ့မီက ၄.၄၂ ရာခိုင်နှုန်း သာပါဝင်နေပေသည်။ ထို့ကြောင့် ပြောင်းရွှေ့ပြီး ချိန်တွင်ဝင်ငွေမြင့်သော အဆင့်များ၌အိမ်ထောင်စုပါဝင်မှုရာခိုင်နှုန်းသည်မပြောင်းရွှေ့မီကထက်တိုးလာသဖြင့်၊ ပြောင်းရွှေ့ပြီး ချိန်၌အိမ်ထောင်စုများ၏ဝင်ငွေရရှိမှုအခြေအနေပိုမိုကောင်းမွန်လာသည်ကို တွေ့ရပါသည်။ ထိုသို့ဝင်ငွေတိုးလာခြင်းသည်- ပြောင်းရွှေ့ပြီး ချိန်တွင်မပြောင်းရွှေ့မီကထက် ဝင်ငွေပိုများသောအလုပ်အကိုင်သို့ ပြောင်းလဲလုပ်ကိုင်ခြင်း၊ သို့မဟုတ် အလုပ်အကိုင်တိုးတက်ကောင်းမွန်လာခြင်းနှင့်ဝင်ငွေရအိမ်ထောင်စုဦးရေတိုးလာခြင်း၊ လုပ်ခနှုန်း နှင့် လစာနှုန်း ထားတိုးလာခြင်း တို့ကြောင့် ဖြစ်နိုင်ပါသည်။

တစ်ဖန်အိမ်ထောင်စုများ၏ဝင်ငွေရရှိမှုအခြေအနေသာမကတစ်နှစ်အသုံးစရိတ်သုံးစွဲမှုအခြေအနေကို လေ့လာရန်လိုအပ်ပေသည်။ ထို့ကြောင့်နမူနာအိမ်ထောင်စုများ၏တစ်နှစ်အသုံးစရိတ်သုံးစွဲမှုအခြေအနေကို ပြောင်းရွှေ့ပြီး နှင့်မပြောင်းရွှေ့မီအချိန်တို့အတွက် နှိုင်းယှဉ်ဖော်ပြထားပါသည်။

ဇယား ( ၄-၇ ) တစ်နှစ်ရရပေါင်း အသုံးစရိတ်အလိုက်အိမ်ထောင်စု ပါဝင်မှုအား ရွှေ့အနေ နှိုင်းယှဉ် ဖော်ပြချက်ဇယား

| တစ်နှစ်ရရပေါင်း အသုံးစရိတ် ( ကျပ်ထောင်ပေါင်း ) | အိမ်ထောင်စု ရာခိုင်နှုန်း | |
|---|---|---|
| | ပြောင်းရွှေ့ပြီး | မပြောင်းရွှေ့မီ |
| ၆-၂၄ | ၇၃.၆၀ | ၉၀.၆၃ |
| ၂၄-၄၂ | ၂၁.၉၃ | ၈.၄၉ |
| ၄၂-၆၀ | ၄.၃၉ | ၀.၈၈ |
| ရရပေါင်း | ၁၀၀ | ၁၀၀ |

ဇယား ( ၄-၇ ) အရ ပြောင်းရွှေ့ပြီး ချိန်တွင်အသုံးစရိတ်အနိမ့်ဆုံး အဆင့်တွင်အိမ်ထောင်စု ၇၃.၆၀ ရာခိုင်နှုန်း ရှိ၍ မပြောင်းရွှေ့မီအချိန်တွင်ထိုအဆင့်၌အိမ်ထောင်စု ၉၀.၆၃ ရာခိုင်နှုန်း ပါဝင်နေပါသည်။ ထို့ကြောင့်မပြောင်းရွှေ့မီကထက် ပြောင်းရွှေ့ပြီး အချိန်တွင်ရရပေါင်း အသုံးစရိတ်သုံးစွဲမှုမှာ တိုးလာသည်ကို တွေ့ရပါသည်။ အသုံးစရိတ်ဒုတိယအဆင့်တွင် ပြောင်းရွှေ့ပြီး ချိန်၌အိမ်ထောင်စု ၂၁.၉၃ ရာခိုင်နှုန်း ရှိ၍ မပြောင်းရွှေ့မီက ၈.၄၉ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရသည်။ အသုံးစရိတ်အမြင့်ဆုံး အဆင့်တွင် ပြောင်းရွှေ့ပြီး ချိန်၌အိမ်ထောင်စု ၄.၃၉ ရာခိုင်နှုန်း ပါဝင်၍၊ မပြောင်းရွှေ့မီက ၀.၈၈ ရာခိုင်နှုန်း ရှိပေသည်။ ထို့ကြောင့်အသုံးစရိတ်မြင့်သောအဆင့်များ ရှိအိမ်ထောင်စု ပါဝင်မှုရာခိုင်နှုန်း သည်မပြောင်းရွှေ့မီကထက် ပြောင်းရွှေ့ပြီးချိန်တွင် ပိုများလာသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် ပြောင်းရွှေ့ပြီး ချိန်ရှိနမူနာအိမ်ထောင်စုများ၏ တစ်နှစ်စုစုပေါင်း အသုံးစရိတ်သုံးစွဲမှုအခြေအနေကို မပြောင်းရွှေ့မီအခြေအနေနှင့်နှိုင်းယှဉ် လေ့လာပါက ပြောင်းရွှေ့ပြီးချိန်တွင် အသုံးစရိတ်တိုး၍ သုံးစွဲလာသည့်အိမ်ထောင်စုရာခိုင်နှုန်း တိုးလာကြောင်း တွေ့ရပါသည်။ ထိုသို့အသုံးစရိတ်တိုးလာခြင်းမှာ–အဆိုပါအိမ်ထောင်စုများ၏ဝင်ငွေ တိုးလာခြင်းကြောင့်လည်းကောင်း၊ ကုန်စည်နှင့်ဆောင်ရွက်မှုအသုံးစရိတ်များ တိုးလာခြင်းကြောင့်လည်းကောင်း၊ ကုန်စည်များဈေးနှုန်းကြီးမြင့်လာမှုကြောင့်လည်းကောင်း အသုံးစရိတ်များတိုးလာနိုင်ပေသည်။ ထို့ကြောင့်စုစုပေါင်းအသုံးစရိတ်တွင်အသုံးစရိတ်အုပ်စု(၇) စုခွဲခြား၍မည်သည့်အသုံးစရိတ်တွင်သုံးစွဲသည့်ရာခိုင်နှုန်း မည်မျှရှိသည်ကိုဆက်လက် လေ့လာပါမည်။ ၎င်းမှအိမ်ထောင်စုများ၏အသုံးစရိတ်ခွဲဝေသုံးစွဲမှုအခြေအနေကို လေ့လာနိုင်ပေသည်။ ထို့နောက်အသုံးစရိတ်အုပ်စုတစ်ခုချင်းအလိုက်အိမ်ထောင်စုများ၏သုံးစွဲမှုအခြေအနေအားလည်းကောင်း၊ မပြောင်းရွှေ့မီကသုံးစွဲမှုအခြေအနေနှင့်နှိုင်းယှဉ်၍လည်းကောင်း တင်ပြသွားမည်ဖြစ်သည်။

ထို့ကြောင့်လှိုင်သာယာမြို့သစ်ရှိနမူနာအိမ်ထောင်စုများ၏အသုံးစရိတ်ခွဲဝေသုံးစွဲမှုနှင့်ပတ်သက်၍ဇယား (၄-၈) တွင် လေ့လာချက်များကိုတင်ပြထားပါသည်။

ဇယား ( ၄-၈ ) အိမ်ထောင်စုများ၏ ပျမ်းမျှအသုံးစရိတ်
ခွဲဝေမှုပြဇယား

| အသုံးစရိတ်အုပ်စု | တစ်လ (ကျပ်) ပျမ်းမျှအသုံးစရိတ် | ရာခိုင်နှုန်း |
|---|---|---|
| ၁။ အစားအသောက် | ၁၅၅၀.၃၄ | ၈၃.၁၁ |
| ၂။ အဝတ်အထည် | ၂၇.၀၅ | ၁.၄၉ |
| ၃။ အိမ်အသုံးအဆောင် | ၂၁.၂၅ | ၁.၁၄ |
| ၄။ ပညာရေး | ၅၁.၇၇ | ၂.၇၈ |
| ၅။ ကျန်းမာရေး | ၆၈.၈၄ | ၃.၆၉ |
| ၆။ ခရီးစရိတ် | ၁၁၀.၈၁ | ၅.၉၄ |
| ၇။ အထွေထွေ | ၃၅.၄၆ | ၁.၈၅ |
| တစ်လ စုစုပေါင်းအသုံးစရိတ် | ၁၈၆၅.၃၂ | ၁၀၀.၀၀ |

ဇယား ( ၄-၈ ) အရ နမူနာအိမ်ထောင်စုများ၏ ပျမ်းမျှအသုံးစရိတ်တန်ဖိုးကို အသုံးစရိတ်အုပ်စု ( ၇ ) ခု ခွဲခြား၍ ဖော်ပြထားပါသည်။ ၎င်းတို့မှာ-

( ၁ ) အစားအသောက်အသုံးစရိတ်
( ၂ ) အဝတ်အထည်အသုံးစရိတ်
( ၃ ) အိမ်အသုံးအဆောင်ပစ္စည်းအသုံးစရိတ်
( ၄ ) ပညာရေးအသုံးစရိတ်
( ၅ ) ကျန်းမာရေးအသုံးစရိတ်
( ၆ ) ခရီးစရိတ်နှင့်
( ၇ ) အထွေထွေအသုံးစရိတ်တို့ဖြစ်ပါသည်။

အသုံးစရိတ်အုပ်စု (၇) စုခွဲ၍ လေ့လာရာတွင် အသုံးစရိတ်အုပ်စုတစ်စုချင်း အလိုက်သုံးစွဲမှုရာခိုင်နှုန်းကို လေ့လာပါက – အစားအသောက်အတွက် တစ်လပျမ်းမျှ အသုံးစရိတ်မှာ ၀၃.၁၁ ရာခိုင်နှုန်းရှိ၍၊ အသုံးစရိတ် (၇) စုအနက် အများဆုံးကုန်ကျသည်ကို တွေ့ရပါသည်။ ဒုတိယအများဆုံး အသုံးစရိတ်မှာ တစ်လပျမ်းမျှ ခရီးစရိတ်ဖြစ်ပြီး၊ ၁.၉၄ ရာခိုင်နှုန်းရှိပါသည်။ တစ်လပျမ်းမျှ ကျန်းမာရေးအသုံးစရိတ်နှင့် တစ်လပျမ်းမျှ ပညာရေးအသုံးစရိတ်တို့တွင် ၃.၆၉ ရာခိုင်နှုန်းနှင့် ၂.၇၀ ရာခိုင်နှုန်းစီ သုံးစွဲသည်ကို တွေ့ရပြီး၊ ပျမ်းမျှအဝတ်အထည် အသုံးစရိတ်၊ ပျမ်းမျှအိမ်အသုံးအဆောင်ပစ္စည်း အသုံးစရိတ်နှင့် ပျမ်းမျှ အထွေထွေအသုံးစရိတ်တို့တွင် ၁.၄၉ ရာခိုင်နှုန်း၊ ၁.၁၄ ရာခိုင်နှုန်းနှင့် ၁.၀၅ ရာခိုင်နှုန်းစီ အသီးသီး သုံးစွဲကြသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် နမူနာအိမ်ထောင်စုများ၏ အသုံးစရိတ်ခွဲဝေသုံးစွဲမှုရာခိုင်နှုန်းအရ လေ့လာရာတွင် အစားအသောက်အသုံးစရိတ်တွင် အဓိကကျခံသုံးစွဲနေရပြီး၊ ပညာရေးအသုံးစရိတ်နှင့် ကျန်းမာရေး အသုံးစရိတ်၊ အဝတ်အထည်နှင့် အိမ်အသုံးအဆောင်ပစ္စည်း အသုံးစရိတ်တို့ထက် အိမ်ထောင်စုများ၏ ခရီးစရိတ်တွင် ပိုမိုကုန်ကျသည်ကို တွေ့ရှိရပေသည်။

အိန်ဂျယ်၏ လေ့လာချက်တွင် အစားအသောက်ပေါ်တွင် အသုံးစရိတ်ကျဆင်းလာမှုသည် အိမ်ထောင်စု၏ဝင်ငွေတိုးတက်လာခြင်းဖြစ်သည်ဟူသော အချက်ကို တွေ့ရှိခဲ့ပေသည်။ ထို့ကြောင့် အိမ်ထောင်စုများ၏ အစားအသောက်ပေါ် အသုံးစရိတ်ကို မြှုသစ်သို့မပြောင်းရွှေ့မီ အစားအသောက်

ပေါ်အသုံး စရိတ်ရာခိုင်နှုန်း ဖြင့်နှိုင်းယှဉ် လေ့လာရန်လိုပေသည်။ သို့မှသာအိမ်ထောင်စုများ၏အစား အသောက် ပေါ်အသုံး စရိတ်ကွာဆင်း မှု ရှိမရှိ လေ့လာသုံးသပ်နိုင်မည်ဖြစ်သည်။ ၎င်း နှိုင်းယှဉ်သုံးသပ်ချက်ကို ဇယား (၄-၁၁) တွင် ဖော်ပြထားပါသည်။

အိမ်ထောင်စု၏တစ်လပျမ်းမျှခရီးစရိတ်မှာ - တစ်လပျမ်းမျှအလုပ်သို့အသွားအပြန်ကုန်ကျစရိတ်ဖြစ်၍ ၎င်းစရိတ်ကြီးမြင့်နေရခြင်းမှာ - လှိုင်သာယာမြို့သစ်တွင် နေထိုင်သူများ အနေဖြင့်အလုပ်အကိုင်ကိုရန်ကုန်တစ်ဖက်ကမ်းသို့သွား ရောက်လုပ်ကိုင်နေရခြင်းကြောင့်ဖြစ်ပါသည်။ ထို့ကြောင့်လှိုင်သာယာမြို့သစ်ရှိ နမူနာအိမ်ထောင်စုများ၏ အလုပ်အကိုင်တည်ရှိရာဒေသကိုလှိုင်သာယာနှင့်ရန်ကုန်ဟူ၍အုပ်စု (၂) စု ခွဲ၍ လေ့လာတင်ပြပါမည်။ ၎င်းနှင့်ပတ်သက်၍ဇယား (၄-၉) တွင်ဖော်ပြထားပါသည်။

ဇယား (၄-၉) အိမ်ထောင်ဦးစီး၏အလုပ်အကိုင်ကို အလုပ်အကိုင်ရှိရာဒေသအုပ်စုအလိုက် ဖော်ပြချက်ဇယား

| အလုပ်အကိုင် | လှိုင်သာယာတွင် လုပ်ကိုင်သူဦးရေ | | ရန်ကုန်နှင့်အခြားတွင် လုပ်ကိုင်သူဦးရေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ဦးရေ | ရာခိုင်နှုန်း | ဦးရေ | ရာခိုင်နှုန်း | ဦးရေ | ရာခိုင်နှုန်း |
| အစိုးရဝန်ထမ်း | ၇ | ၂.၀၄ | ၆၇ | ၁၉.၆၉ | ၇၄ | ၂၁.၆၄ |
| ပုဂ္ဂလိက | ၄၄ | ၁၂.၈၇ | ၉၈ | ၂၈.၆၅ | ၁၄၂ | ၄၁.၅၂ |
| ကိုယ်ပိုင် | ၆၆ | ၁၉.၃၀ | ၆၀ | ၁၇.၅၄ | ၁၂၆ | ၃၆.၈၄ |
| စုစုပေါင်း | ၁၁၇ | ၃၄.၂၁ | ၂၂၅ | ၆၅.၇၉ | ၃၄၂ | ၁၀၀ |

ဇယား (၄-၉) အရ နမူနာအိမ်ထောင်စုများ အနက်လှိုင်သာယာတွင်လုပ်ကိုင်သောအိမ်ထောင်စုဦးရေရာခိုင်နှုန်းမှာ ၃၄.၂၁ ရာခိုင်နှုန်းသာရှိ၍ ရန်ကုန်နှင့်အခြားဒေသတွင်လုပ်ကိုင်သောအိမ်ထောင်စုဦးရေမှာ ၆၅.၇၉ ရာခိုင်နှုန်းရှိနေသည်ကို တွေ့ရှိရပါသည်။ လှိုင်သာယာတွင်လုပ်ကိုင်သူများ အနက်အများစုမှာကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများဖြစ်၍ ၁၉.၃၀ ရာခိုင်နှုန်းရှိပါသည်။ အစိုးရဝန်ထမ်းလုပ်ကိုင်သူမှာအနည်းစုဖြစ်ပါသည်။ လှိုင်သာယာတွင်လုပ်ကိုင်သူများမှာ အရင်းအနှီးစိုက်ထုတ်နိုင်လျှင်အခြားဒေသနှင့်ရန်ကုန်တွင်လုပ်ကိုင်ခြင်းထက်မိမိနေထိုင်ရာမြို့နယ်တွင်လုပ်ကိုင်ခြင်းဖြင့် ခရီးစရိတ်သက်သာခြင်း၊ အချိန်ကုန်သက်သာခြင်း၊ ဝင်ငွေကောင်းမွန်ခြင်းတို့ဖြစ်နိုင်သောကြောင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများသည် လှိုင်သာယာတွင်လုပ်ကိုင်ကြခြင်းဖြစ်နိုင်ပါသည်။ ရန်ကုန်နှင့်အခြားဒေသတွင်လုပ်ကိုင်သောအိမ်ထောင်စုများ အနက်အများစုမှာ ပုဂ္ဂလိကလုပ်ငန်းတွင်လုပ်ကိုင်သူများဖြစ်၍ ၂၇.၆၅ ရာခိုင်နှုန်းရှိပြီး၊ ဒုတိယအများဆုံးမှာ အစိုးရဝန်ထမ်းများဖြစ်၍၊ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူမှာအနည်းဆုံးဖြစ်ပါသည်။ လှိုင်သာယာသို့မပြောင်းရွှေ့မီကအိမ်ထောင်ဦးစီးတို့၏ အလုပ်အကိုင်သည်ရန်ကုန်မြို့တွင်သာလုပ်ကိုင်ခဲ့ခြင်းဖြစ်ရာ၊ လှိုင်သာယာသို့ပြောင်းရွှေ့ပြီးချိန်၌လည်း ၎င်းအိမ်ထောင်စုများအနေဖြင့် ရန်ကုန်မြို့ကိုပင်အမှီပြု၍ဆက်လက်လုပ်ကိုင်နေရသူများ ပိုမိုများနေရခြင်းဖြစ်သည်။ ဥပမာ- လှိုင်သာယာမြို့သစ်သို့မပြောင်းရွှေ့မီက ရန်ကုန်မြို့လယ်ရှိရုံးတစ်ရုံးတွင် အစိုးရဝန်ထမ်းအဖြစ်လုပ်ကိုင်နေပါက၊ လှိုင်သာယာမြို့သစ်သို့ပြောင်းရွှေ့ပြီးသည့်အချိန်၌လည်း၊ အဆိုပါရုံး၌ပင်ဆက်လက်လုပ်ကိုင်နေရခြင်းမျိုးဖြစ်ပေသည်။ အလားတူပင် ပုဂ္ဂလိကလုပ်ငန်းများတွင်လုပ်ကိုင်သူများ အနေဖြင့် ရန်ကုန်မြို့တွင်အလုပ်အကိုင်အခွင့်အလမ်းပေါများ

မှုကြောင့် ရန်ကုန်၌ပင် ဆက်လက်လုပ်ကိုင်သူများ ရှိနေခြင်း ဖြစ်ပါသည်။ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများ အနေဖြင့်မူ ရန်ကုန်မြို့တွင်လုပ်ကိုင်သူ နည်းပါးပေသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများ အနေဖြင့် မိမိအရင်းအနှီး စိုက်ထုတ်၍လုပ်ကိုင်နိုင်ခြင်း၊ မိမိတို့ နေထိုင်ရာ ဒေသတွင်ပင် ပြောင်းလဲလုပ်ကိုင်နိုင်ခြင်း တို့ကြောင့် ရန်ကုန်မြို့တွင်သွားရောက်လုပ်ကိုင်သူနည်းသွားခြင်း ဖြစ်ပါသည်။

ထို့ကြောင့်လှိုင်သာယာမြို့သစ် နေအိမ်ထောင်စုများ အတွက် ၄င်း မြို့သစ်တွင်ပင် အလုပ်အကိုင်အခွင့်အလမ်း များ တိုးတက်လာစေရန် ဖန်တီး ရမည်ဟုယူဆပါသည်။

အိမ်ထောင်စုများ၏ စုစုပေါင်း တစ်နှစ်အသုံးစရိတ် အခြေအနေကိုအုပ်စု (၇) စုဖြင့်ခွဲခြား လေ့လာခဲ့ရာ တစ်နှစ်အစားအသောက် အသုံး စရိတ်အလိုက်အိမ်ထောင်စု၏ဖြန့်ဝေမှုအခြေအနေ၊ တစ်နှစ်အဝတ် အထည်အသုံး စရိတ်အလိုက်အိမ်ထောင်စု၏ ဖြန့်ဝေမှုအခြေအနေ၊ တစ်နှစ် ပညာရေး အသုံး စရိတ်အလိုက်အိမ်ထောင်စုအခြေအနေ၊ တစ်နှစ်ကျန်းမာရေး အသုံး စရိတ်အလိုက်အိမ်ထောင်စုအခြေအနေနှင့်တစ်နှစ်အထွေထွေ အသုံး စရိတ်အလိုက်အိမ်ထောင်စုအခြေအနေများ ကိုဆက်လက်ဖော်ပြသွားပါမည်။

ပထမဦးစွာအိမ်ထောင်စုများ၏တစ်နှစ်အစား အသောက်အသုံး စရိတ်အုပ်စုအလိုက် အိမ်ထောင်စုဦးရေအခြေအနေ ကို ဇယား (၄-၁၀-၈) တွင် ဖော်ပြ၍ လေ့လာပါမည်။

ဇယား ( ၄-၁၀-က ) တစ်နှစ်အစားအသောက် အသုံးစရိတ်အုပ်စုအလိုက်အိမ်ထောင်စုအရေအတွက်

| အစားအသောက် အသုံးစရိတ် (ကျပ်) ထောင်ပေါင်း | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|
| ၆ - ၂၄ | ၂၆၄ | ၇၇.၁၉ |
| ၂၄ - ၄၂ | ၆၉ | ၂၀.၁၈ |
| ၄၂ - ၆၀ | ၉ | ၂.၆၃ |
| စုစုပေါင်း | ၃၄၂ | ၁၀၀.၀၀ |

ဇယား ( ၄-၁၁-က ) အရ နမူနာအိမ်ထောင်စုများ၏အစားအသောက်အသုံးစရိတ်အုပ်စုအလိုက် အိမ်ထောင်စုဦးရေကို လေ့လာပါက အသုံးစရိတ်အနိမ့်ဆုံးအဆင့်တွင် ၇၇.၁၉ ရာခိုင်နှုန်းရှိ၍၊ အိမ်ထောင်စုဦးရေအများဆုံးဖြစ်ပြီး၊ အသုံးစရိတ်ဒုတိယအဆင့်တွင် အိမ်ထောင်စုဦးရေ ၂၀.၁၈ ရာခိုင်နှုန်းရှိပြီး၊ အသုံးစရိတ်အမြင့်ဆုံးအဆင့်တွင် အိမ်ထောင်စုဦးရေ ၂.၆၃ ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရသည်။ အသုံးစရိတ်အုပ်စု ( ၃ ) ခု ခွဲခြားထားသည့်အနက် အိမ်ထောင်စု ၇၇.၁၉ ရာခိုင်နှုန်းသည် အသုံးစရိတ်အနိမ့်ဆုံးအုပ်စုတွင် ပါဝင်နေသည်ကို တွေ့ရှိရပါသည်။ ထိုသို့ အစားအသောက်အသုံးစရိတ်အနိမ့်ဆုံးအုပ်စုတွင် အိမ်ထောင်စုအများဆုံးပါဝင်နေခြင်းသည် ၄င်းတို့ ၏

ဝင်ငွေရရှိမှုတိုး တက်ခြင်းကို ဖော်ပြသည်ဟုဆို သော်လည်း ၊ အခြား အသုံး စရိတ်များ တွင်အိမ် ထောင်စု၏ဖြန့် ဝေပုံကို လေ့လာမှသာ ငွေ၏တို၏အသုံး စရိတ်အခြေအ နေအလိုက်လူမှုစီး ပွား ရေး အသွင်သဏ္ဍာန်များ ကို ပေါ် လွင်စွာသိရှိနိုင်မည်ဖြစ် ပေသည်။ ထို့ကြောင့်အခြား အသုံး စရိတ်အုပ်စုများ အလိုက်အိမ် ထောင်စု၏ဖြန့် ဝေချက်ဇယား များ ကို ဖော်ပြ လေ့လာသွား မည်ဖြစ် ပါသည်။

အလင်း တုပင်အိမ် ထောင်စုများ ၏အဝတ် အ ထ ည် အသုံး စရိတ်အုပ်စုအလိုက်အိမ် ထောင်စုအ ခြေအ နေကို လေ့လာပါက ဇယား ( ၄-၁၀-၁ ) အတိုင်း တွေ့ရှိရပါသည်။

ဇယား ( ၄-၁၀-၁ ) တစ်နှစ်အဝတ်အထည်အသုံး စရိတ်အုပ်စုအလိုက်အိမ် ထောင်စုအ ခြေအ နေပြဇယား

| တစ်နှစ်အဝတ်အထည် အသုံးစရိတ် (ကျပ်) | အိမ်ထောင်စုဦး ရေ | ရာခိုင်နှုန်း |
|---|---|---|
| မဝယ်ဖြစ် | ၂၂၀ | ၆၄ .၃၃ |
| ၅၀၀-၂၀၀၀ | ၁၀၅ | ၃၀ .၇၀ |
| ၂၀၀၀-၃၅၀၀ | ၁၂ | ၃ .၅၁ |
| ၃၅၀၁-၅၀၀၀ | ၅ | ၁ .၄၆ |
| စုစု ပေါင်း | ၃၄၂ | ၁၀၀ .၀၀ |

အိမ် ထောင်စုများ ၏တစ်နှစ်အတွက်အဝတ်အထည်အသုံး စရိတ်အ ခြေအ နေကို လေ့လာပါကလုံး ဝမဝယ်ဖြစ်သူအိမ် ထောင်စုဦး ရေ ၆၄ .၃၃ရာခိုင်နှုန်း ရှိ၍ ၁နှစ်အဝတ်အထည်အသုံး စရိတ်၅၀၀ ကျပ် မှ

၂၀၀၀ ကျပ်အတွင်း ဝယ်ယူသောအိမ်ထောင်စုမှာ ၁၃၀.၇၀ ရာခိုင်နှုန်း ရှိပေသည်။ ထို့ကြောင့်နမူနာအိမ်ထောင်စုများအနေဖြင့်အဝတ်အထည်ဝယ်ယူနိုင်မှုနည်းပါးပြီး၊ မဝယ်နိုင်သောအိမ်ထောင်စုဦးရေတိုးလာသည်ကို တွေ့ရှိရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ- အိမ်ထောင်စုများ၏ဝင်ငွေကို အစားအသောက်အသုံးစရိတ်ပေါ်တွင်အဓိကကျခံနေရခြင်းနှင့်အခြေခံကုန်စည်များ၏ကုန်ဈေးနှုန်းမြင့်မားနေမှု တို့ကြောင့်ဖြစ်နိုင်ပါသည်။ အိမ်ထောင်စုများ၏အိမ်အသုံးအဆောင်ပစ္စည်းအသုံးစရိတ်အုပ်စုအလိုက် အိမ်ထောင်စုအခြေအနေကိုဆက်လက်ဖော်ပြ၍ လေ့လာပါမည်။

အိမ်ထောင်စုများ၏တစ်နှစ်အတွက်အိမ်အသုံးအဆောင်ပစ္စည်းအသုံးစရိတ်အလိုက်အိမ်ထောင်စု၏အခြေအနေကိုဇယား(၄-၁၀-၈) တွင်ဖော်ပြထားပါသည်။

ဇယား (၄-၁၀-၈) တစ်နှစ်အိမ်အသုံးအဆောင်ပစ္စည်းအသုံးစရိတ်အလိုက်အိမ်ထောင်စုအခြေအနေပြဇယား

| တစ်နှစ်အိမ်အသုံးအဆောင်ပစ္စည်းအသုံးစရိတ် (ကျပ်) | အိမ်ထောင်စု ဦးရေ | ရာခိုင်နှုန်း |
|---|---|---|
| မဝယ်ဖြစ် | ၂၇၅ | ၈၀.၄၁ |
| ၅၀၀-၂၀၀၀ | ၄၆ | ၁၃.၄၅ |
| ၂၀၀၁-၃၅၀၀ | ၉ | ၂.၆၃ |
| ၃၅၀၀-၅၀၀၀ | ၁၂ | ၃.၅၁ |
| စုစုပေါင်း | ၃၄၂ | ၁၀၀.၀၀ |

ဇယား ( ၄-၁၀-ဂ ) အရ တစ်နှစ်အိမ်အသုံးအဆောင်ပစ္စည်း အသုံး စရိတ်အလိုက်အိမ်ထောင်စုအခြေအနေကို လေ့လာပါက မဝယ်ဖြစ်သော အိမ်ထောင်စုဦးရေ ရာခိုင်နှုန်းမှာ ၈၀.၄ ရာခိုင်နှုန်း ရှိ၍၊ ဝယ်ယူသူအိမ်ထောင်စု ရာခိုင်နှုန်း နည်းပါးသည်ကို တွေ့ရှိရပါသည်။ အိမ်အသုံးအဆောင်ပစ္စည်း ဝယ်ယူသုံးစွဲသော အိမ်ထောင်စုဦးရေ အလွန်နည်းပါးရခြင်းမှာ- အိမ်ထောင်စုများတွင်အိမ်ထောင်ပြုစဉ်က သော်လည်းကောင်း၊ မိဘများထံမှ သော်လည်းကောင်း ဝယ်ယူရရှိထားသော အိမ်အသုံးအဆောင်ပစ္စည်းများ မှလွဲ၍၊ တန်ဖိုးကြီးသော အိမ်အသုံးအဆောင်ပစ္စည်းများ ထပ်မံဝယ်ယူမှုမရှိခြင်း ကြောင့်ဖြစ်သည်။ အချို့အိမ်အသုံး ပစ္စည်းများသည်တစ်ခါဝယ်ယူပြီး လျှင်ကာလကြာရှည် စွာ အသုံးပြုနိုင်သော ပစ္စည်းများ ဖြစ်သောကြောင့်၊ အိမ်အသုံးအဆောင် ပစ္စည်း ကုန်ကျစရိတ်နိမ့်ကျနေခြင်း ဖြစ်ပေသည်။

ထို့ကြောင့်အိမ်အသုံးအဆောင်ပစ္စည်း ကုန်ကျစရိတ် တွင်ဝယ်ယူသုံးစွဲသော အိမ်ထောင်စုများ အနေဖြင့်လည်း တန်ဖိုးမကြီး မားသော အိမ်အသုံးအဆောင်ပစ္စည်းများ ကိုသာဝယ်ယူကြသည်ကို တွေ့ရှိရပါသည်။

တဖန်အိမ်ထောင်စုများ အနေဖြင့်လူမှုရေးဆိုင်ရာ လိုအပ်ချက်များ ဖြစ်သော ပညာသင်ကြား ရေးနှင့်ကျန်းမာ ရေးဆိုင်ရာ အသုံး စရိတ်များ သုံးစွဲမှုအခြေအနေနှင့်ပတ်သက်၍ဆက်လက် ဖော်ပြသွား ပါမည်။ အိမ်ထောင်စုများ၏တစ်နှစ်ပညာရေး အသုံး စရိတ်အုပ်စုအလိုက် အိမ်ထောင်စုအခြေအနေကို လေ့လာနိုင်ရန်ဇယား ( ၄-၁၀-ဃ ) တွင် ဖော်ပြထားပါသည်။

ဇယား (၄-၁၀-ဃ) တစ်နှစ်ပညာရေး အသုံး
စရိတ်အုပ်စုအလိုက်အိမ်ထောင်စုအခြေအနေပြဇယား

| တစ်နှစ် ပညာရေး အသုံး စရိတ် ကျပ် | အိမ်ထောင်စု ဦးရေ | ရာခိုင်နှုန်း |
|---|---|---|
| မကုန် | ၁၀၁ | ၅၂.၈၂ |
| ၅၀၀-၂၀၀၀ | ၁၂၂ | ၃၅.၆၇ |
| ၂၀၀၁-၃၅၀၀ | ၁၆ | ၄.၆၀ |
| ၃၅၀၁-၅၀၀၀ | ၂၃ | ၆.၇၃ |
| စုစုပေါင်း | ၃၄၂ | ၁၀၀.၀၀ |

ဇယား (၄-၁၀-ဃ) အရတစ်နှစ်အတွက်ပညာရေး အသုံး စရိတ်မသုံးစွဲသောအိမ်ထောင်စုရာခိုင်နှုန်း မှာ ၅၂.၈၂ ရာခိုင်နှုန်း ရှိ၍၊ အသုံး စရိတ်အနိမ့်ဆုံး အုပ်စုတွင်အိမ်ထောင်စု ၃၅.၆၇ ရာခိုင်နှုန်း ရှိပြီး ။ အသုံး စရိတ်အမြင့်ဆုံး အုပ်စုတွင်အိမ်ထောင်စု ၆.၇၃ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့်အိမ်ထောင်စုများ၏ ပညာရေး အသုံး စရိတ်အနေဖြင့်သုံးစွဲသောအိမ်ထောင်စုဦးရေမှာ ၄၇.၀၀ ရာခိုင်နှုန်း ရှိကြောင်း တွေ့ရပါသည်။ ထို့ပြင်အခြား အဝတ်အထည်အသုံး စရိတ်၊ အိမ်အသုံးအဆောင်ပစ္စည်း စရိတ်တွင်သုံးစွဲသော အိမ်ထောင်စုဦးရေရာခိုင်နှုန်းထက်ပညာရေး အသုံး စရိတ် တွင်

သုံးစွဲသောအိမ်ထောင်စုဦးရေရာခိုင်နှုန်း မှာပိုများသည်ကို တွေ့ရ၍၊ နမူနာအိမ်ထောင်စုများအနေဖြင့်ပညာရေးတွင်အဆင့်မြင့်မားမှုနှင့်အားပေးနှုတ်ကြောင်း သိနိုင်ပေသည်။ ပညာရေးအသုံးစရိတ်မကုန်ဟုဖြေသောအိမ်ထောင်စုများတွင်သားသမီးများအရွယ်ရောက်၍လုပ်ငန်းခွင်တွင်ဝင်ရောက်လုပ်ကိုင်နေခြင်းကြောင့်လည်းကောင်း၊ ကျောင်းနေရန်အရွယ်မရောက်သေးသောကြောင့်လည်းကောင်း ပညာရေးအသုံးစရိတ်မသုံးစွဲရခြင်းဖြစ်ပါသည်။ အသုံးစရိတ်အမြင့်ဆုံးအုပ်စုတွင်အိမ်ထောင်စုဦးရေမှာ ၆.၇၃ ရာခိုင်နှုန်းရှိ၍ ၎င်းအိမ်ထောင်စုများ၏ပညာရေးအသုံးစရိတ်မြင့်မားနေရခြင်းမှာ၊ ၎င်းတို့၏သားသမီးများ၏ပညာအဆင့်မြင့်မားလာခြင်းကြောင့်ဖြစ်သည်ကို တွေ့ရပါသည်။

အိမ်ထောင်စုများ၏တစ်နှစ်ကျန်းမာရေးအသုံးစရိတ်အုပ်စုအလိုက်အိမ်ထောင်စုအခြေအနေကိုဆက်လက်လေ့လာနိုင်ရန် ဇယား (၄-၁၀-၈) တွင် ဖော်ပြထားပါသည်။ ၎င်းဇယားအရ အိမ်ထောင်စုများ၏ကျန်းမာရေးနှင့်ပတ်သက်၍အသုံးစရိတ်မည်မျှ သုံးစွဲသည်ကို လေ့လာနိုင်ပေသည်။ ကျန်းမာရေးအသုံးစရိတ်သုံးစွဲရာ၌ အိမ်ထောင်စုများအနေဖြင့်ကျန်းမာရေးနှင့်ပတ်သက်၍သန့်ရှင်းရေး၊ ကျန်းမာသန်စွမ်းရန်အထောက်အကူပြုပစ္စည်းများ၏ကုန်ကျစရိတ်ထက် နေမကောင်းသောအခါဆေးဘိုးဝါးခကုန်ကျစရိတ်နှင့် ဆရာဝန်၊ ဆေးဆရာနှင့်သူနာပြုများအား စောင့်ရှောက်ကုသမှုအတွက်ကုန်ကျစရိတ်များကိုသာ ဖြေကြားသည်ကို တွေ့ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်မူကျန်းမာရေးအသုံးစရိတ်တိုးမြင့်လာခြင်းသည် ကျန်းမာရေးအဆင့်တိုးမြင့်လာစေရန်ကျန်းမာရေးအတွက်ကြိုတင်ပြင်ဆင်မှု၊ ကျန်းမာသန်စွမ်းမှုတို့အတွက်တိုး၍သုံးစွဲလာခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင်ကျန်းမာရေးအသုံးစရိတ် နှင့်ပတ်သက်၍ကျန်းမာ သန်စွမ်းစေရန်လိုအပ်ချက်များကိုဝယ်ယူသုံးစွဲသောအသုံးစရိတ်များ ထက်၊ မကျန်းမာသောကြောင့်ဆေးဝါးကုသရာတွင်ကုန်ကျစရိတ်များ ကိုသာကျန်းမာရေးအသုံးစရိတ်ဟုသတ်မှတ်ကြသည်ကိုတွေ့ရပေသည်။ ထို့ကြောင့်ကျန်းမာရေးအသုံးစရိတ်တက်လာခြင်းသည်ကျန်းမာရေး အဆင့်မြင့်မားလာသည်ဟုမဆိုနိုင်ပါ။

ဇယား (၄-၁၀-င) တစ်နှစ်ကျန်းမာရေးအသုံး စရိတ်အလိုက်အိမ်ထောင်စုအခြေအနေပြဇယား

| တစ်နှစ်ကျန်းမာရေး အသုံးစရိတ် (ကျပ်) | အိမ်ထောင်စု ဦးရေ | ရာခိုင်နှုန်း |
|---|---|---|
| မကုန် | ၁၂၆ | ၃၇.၇၂ |
| ၅၀၀-၂၀၀၀ | ၁၆၆ | ၄၀.၁၄ |
| ၂၀၀၁-၃၅၀၀ | ၂၀ | ၅.၀၅ |
| ၃၅၀၁-၅၀၀၀ | ၂၇ | ၇.၀၆ |
| စုစုပေါင်း | ၃၄၂ | ၁၀၀.၀၀ |

ဇယား (၄-၁၀-င) အရကျန်းမာရေးအသုံး စရိတ်တွင်အဆင့် (၄) ခုခွဲခြား၍အိမ်ထောင်စုဦးရေကိုဖော်ပြထား ပါသည်။

တစ်နှစ်ကျန်းမာရေး အသုံးစရိတ်သုံးစွဲသော အိမ်ထောင်စုဦးရေစုစုပေါင်းမှာ (၆၂.၂၈) ရာခိုင်နှုန်းရှိ၍၊ ကျန်းမာရေး အသုံးစရိတ်မကုန်သော အိမ်ထောင်စုမှာ (၃၇.၇၂) ရာခိုင်နှုန်းရှိသည်ကို တွေ့ရပါသည်။ တဖန်ကျန်းမာရေး အသုံးစရိတ် အနိမ့်ဆုံး အဆင့်တွင်အိမ်ထောင်စုဦးရေ (၄၈.၁၄) ရာခိုင်နှုန်းရှိ၍ ကျန်းမာရေး အသုံးစရိတ်အမြင့်ဆုံး အဆင့်တွင် (၇.၀၉) ရာခိုင်နှုန်း ရှိသည်ကို တွေ့ရပါသည်။

ကျန်းမာရေး အသုံးစရိတ်သုံးစွဲရသော အိမ်ထောင်စုများမှာ - အသက်အရွယ်ကြီးသော လူကြီးများ၏ ကျန်းမာရေး ချို့တဲ့မှုကြောင့်သုံးစွဲရသော အိမ်ထောင်စုများ ပါဝင်နေပြီး၊ လူငယ်များထက်လူကြီးများတွင် ကျန်းမာရေး အသုံးစရိတ်ပိုမိုသုံးစွဲရသည်ကို တွေ့ရှိရပါသည်။ အမှန်စင်စစ်တွင်အိမ်ထောင်စုများ အနေဖြင့်တစ်နှစ် အတွက်ကျန်းမာရေး အသုံးစရိတ်လုံးဝမကုန်ဟု ဖြေကြားသော အိမ်ထောင်စုများသည် ဆေးရုံနှင့် ဆေးခန်းများသို့သွားရောက်ပြသခြင်းမရှိသော်လည်း၊ အသေးအဖွဲ့ ဆေးဘိုးဝါး ကုန်ကျစရိတ်များကိုမှတ်မိလေ့မရှိသဖြင့်၊ လုံးဝမကုန်ဟု ဖြေကြားကြခြင်းဖြစ်ကြောင်း တွေ့ရှိရပေသည်။

အသုံးစရိတ်အုပ်စု (၇) ခုအနက်အိမ်ထောင်စုများ၏ ခရီးစရိတ်ကို မေးမြန်းရာတွင်ခရီးစရိတ်အနေဖြင့် နေအိမ်မှ အလုပ်ရှိရာသို့အသွားအပြန်ကုန်ကျစရိတ်ဖြစ်၍၊ အိမ်ထောင်စုများအနေဖြင့် ပြောင်းလဲမှုမရှိပေ။ ဥပမာ - အိမ်ထောင်စုတစ်ခု၏ နေ့စဉ်ခရီးစရိတ်မှာတစ်နေ့ ၄ကျပ်ကုန်ကျပါက ၄င်းအိမ်ထောင်စု၏နေ့စဉ်ခရီးစရိတ်အနေဖြင့်တခါတရံမှလွဲ၍ယင်း ကုန်ကျစရိတ်သည် ပြောင်းလဲမှုမရှိ

တတ်ပေ။ ထို့ကြောင့်နမူနာအိမ်ထောင်စု၏တစ်လပျမ်းမျှခရီးစရိတ်အနေဖြင့် ၁၁၀.၈၁ ကျပ်ရှိသည်ကို တွေ့ရှိရပြီး ၊ ခရီးစရိတ်အလိုက် ၊ အိမ်ထောင်စုအခြေအနေကို ဖော်မပြထားခြင်းဖြစ်ပါသည်။

တစ်နှစ်အထွေထွေအသုံးစရိတ်အလိုက်အိမ်ထောင်စုအခြေအနေကို လေ့လာရာတွင်အဆင့်(၄)ဆင့်ခွဲခြား၍ ဖော်ပြထားပါသည်။ ၄င်းတို့မှာအထွေထွေအသုံးစရိတ်ကုန်ကျမှုမရှိဟု ဖြေဆိုသောအိမ်ထောင်စုဦးရေနှင့်အထွေထွေအသုံးစရိတ်ကုန်ကျပါကလည်း ၄င်းအသုံးစရိတ်ကိုအုပ်စု(၃)စုခွဲခြား၍ လေ့လာထားခြင်းဖြစ်ပါသည်။

ဇယား (၄-၁၀-၈) တစ်နှစ်အထွေထွေအသုံးစရိတ်အလိုက်အိမ်ထောင်စုအခြေအနေပြဇယား

| တစ်နှစ်အထွေထွေအသုံးစရိတ် | အိမ်ထောင်စုဦးရေ | ရာခိုင်နှုန်း |
|---|---|---|
| မကုန် | ၁၈၀ | ၅၂.၆၃ |
| ၅၀၁-၂၀၀၀ | ၁၃၂ | ၃၈.၅၉ |
| ၂၀၀၁-၃၅၀၀ | ၁၅ | ၄.၃၉ |
| ၃၅၀၁-၅၀၀၀ | ၁၅ | ၄.၃၉ |
| စုစုပေါင်း | ၃၄၂ | ၁၀၀.၁၁ |

အိမ်ထောင်စုများ၏တစ်နှစ်အထွေထွေအသုံးစရိတ်အခြေအနေကို လေ့လာပါကအထွေထွေအသုံးစရိတ်လုံးဝမကုန်သောအိမ်ထောင်စုဦးရေမှာ ၅၂.၆၃ ရာခိုင်နှုန်းရှိပြီး ၊ အထွေထွေအသုံးစရိတ်

ကုန်ကျသောအိမ်ထောင်စုဦးရေမှာ ၁၄၇ .၃၇၇၁ ခိုင်နှုန်း ရှိကြောင်း တွေ့ရပါသည်။ အထွေထွေအသုံး စရိတ်ဟုဆိုရာတွင်အလှူအတန်း နှင့်သာရေး နာရေး အသုံး စရိတ်များ ၊ လောင်စာထွန်းညှိမှု၊ ရေဘိုး နှင့်အခြား စရိတ်များ ပါဝင်ပေသည်။

ဤအသုံး စရိတ်တွင်လည်း အထွေထွေအသုံး စရိတ် ကို နေ့စဉ်အသေးသုံး ငွေများ ဖြစ်သောကြောင့်မှတ်မိလေ့မရှိတတ်ပေ။ အချို့အိမ်ထောင်စုများက ဟ နေ့ကုန်ကျစရိတ်အားလုံး ကိုအစားအသောက် အသုံး စရိတ်ဟုယူဆကြသောကြောင့်လည်း အထွေထွေအသုံး စရိတ်မကုန်ဟု ဖြေကြားကြခြင်း ဖြစ်ပါသည်။

အထွေထွေအသုံး စရိတ်သုံးစွဲသောအိမ်ထောင်စု ၄၇ .၃၇၇၁ ခိုင်နှုန်း ရှိသည့်အနက်အသုံး စရိတ်အနိမ့်ဆုံး အုပ်စုတွင် ၃၀ .၅၉၇၁ ခိုင်နှုန်း ရှိ၍အများဆုံး ဖြစ်သည်ကို တွေ့ရပါသည်။

၎င်း အပြင်အိမ်ထောင်စုများ ၏စုဆောင်းနိုင်မှု၊ ကြွေးတင်မှုနှင့်မစုဆောင်းနိုင်သော်လည်း ကြွေးကင်းသောအိမ်ထောင်စုများကိုဇယား (၄-၁၀-ဆ) တွင်ဖော်ပြထားသည့်အတိုင်း တွေ့ရှိရပေသည်။

ဇယား (၄-၁၀-ဆ) ကြွေးတင်သောအိမ်ထောင်စု၊ စုဆောင်းနိုင်သောအိမ်ထောင်စု၊ နှင့် ကြွေးကင်းသောအိမ်ထောင်စုများ

| အကြောင်းအရာ | အိမ်ထောင်စုဦးရေ | ရာခိုင်နှုန်း |
|---|---|---|
| ၁။ ကြွေးတင်သောအိမ်ထောင်စု | ၁၁၇ | ၃၄.၂၁ |
| ၂။ ကြွေးကင်းသောအိမ်ထောင်စု | ၁၉၅ | ၅၇.၀၂ |
| ၃။ ကြွေးကင်း၍စုဆောင်းနိုင်သော အိမ်ထောင်စု | ၃၀ | ၈.၇၇ |
| စုစုပေါင်း | ၃၄၂ | ၁၀၀ |

ဇယား (၄-၁၀-ဘ) အရ နမူနာအိမ်ထောင်စုများတွင် ကျွေးတင်သောအိမ်ထောင်စု ၃၄.၂၀ ရာခိုင်နှုန်းရှိသော်လည်း ကျွေးကင်းသောအိမ်ထောင်စုမှာ ၁၅ရ.၀၂ ရာခိုင်နှုန်း ရှိ၍၊ ရုဆောင်းနိုင်သောအိမ်ထောင်စုမှာ ၁ဂ.ရရ ရာခိုင်နှုန်း ရှိသောကြောင့် နမူနာအိမ်ထောင်စု၏တစ်ဝက်ကျော်သောအိမ်ထောင်စုအနေဖြင့် စီးပွားရေးကောင်းမွန်သည်ဟုဆိုရပေမည်။ ကျွေးတင်သောအိမ်ထောင်စု ၃၄.၂၀ ရာခိုင်နှုန်းတွင် စားဝတ်နေရေးအတွက် ကျွေးတင်သောအိမ်ထောင်စုမှာ ၁၁ဖ.ဂဂ ရာခိုင်နှုန်း ပါဝင်၍၊ စားဝတ်နေရေးနှင့်လုပ်ငန်းအတွက် ကျွေးတင်သောအိမ်ထောင်စုမှာ ၁၄.၂၂ ရာခိုင်နှုန်းပါဝင်သည်ကို တွေ့ရှိရပါသည်။ ကျွေးတင်သောအိမ်ထောင်စုများအနေဖြင့် ကျွေးတင်ရသည့်အကြောင်းရင်းများမှာ-

(၁) စားဝတ်နေရေးအတွက်ဝင်ငွေမလုံလောက်မှု၊

(၂) လုပ်ငန်းလုပ်ကိုင်ရန်လိုအပ်မှုနှင့်

(၃) အထက်ပါအချက်နှစ်ခုစလုံး ကြောင့်ဖြစ်နိုင်သည်ကိုတွေ့ရှိရပါသည်။

ပြောင်းရွှေ့ပြီးချိန်နမူနာအိမ်ထောင်စုတို့သည် မပြောင်းရွှေ့မီကထက်ဝင်ငွေတိုးတက်လာသည်နှင့်အမျှ အသုံးစရိတ်လည်း တိုးလာကြောင်း တွေ့ရှိရပါသည်။ အသုံးစရိတ်တိုးလာသည်ဟုဆိုရာ၌ အသုံးစရိတ်ကိုအုပ်စု (၇) စုခွဲ၍ လေ့လာရာတွင် မည်သည့်အသုံးစရိတ်တွင် စုစုပေါင်းအသုံးစရိတ်၏ရာခိုင်နှုန်း မည်မျှသုံးစွဲသည်ကို ဇယား (၄.၈) တွင် ဖော်ပြထားပြီးဖြစ်ပေသည်။ သို့ရာတွင် မပြောင်းရွှေ့မီက နမူနာအိမ်ထောင်စုများ၏ စုစုပေါင်းအသုံးစရိတ်တွင် အသုံးစရိတ် (၇)

ရှတို့၏ခွဲဝေသုံးစွဲမှုနှင့်နှိုင်းယှဉ်လေ့လာရန်လိုပေသည်။ ထို့ကြောင့် ဇယား (၄-၁၁-က) တွင်နမူနာအိမ်ထောင်စုများ၏အသုံးစရိတ်အုပ်စု တစ်စုစီအလိုက်အသုံးစရိတ်ခွဲဝေသုံးစွဲမှုရာခိုင်နှုန်းများကိုပြောင်းရွှေ့ပြီး အခြေအနေနှင့်မပြောင်းရွှေ့မီအခြေအနေနှစ်ခုတို့အတွက် ဖော်ပြထားပါသည်။

ဇယား (၄-၁၁-က) အသုံးစရိတ်တစ်ခုစီအလိုက်တစ်လပျမ်းမျှအသုံးစရိတ်ပြဇယား

| အသုံးစရိတ်အုပ်စု | တစ်လပျမ်းမျှအသုံးစရိတ် | | | |
|---|---|---|---|---|
| | မပြောင်းရွှေ့မီး | | ပြောင်းရွှေ့ပြီး | |
| | ကျပ် | ရာခိုင်နှုန်း | ကျပ် | ရာခိုင်နှုန်း |
| ၁။ အစားအသောက် | ၁၁၉၈.၇၈ | ၈၄.၁၉ | ၁၅၅၀.၃၄ | ၈၃.၁၁ |
| ၂။ အဝတ်အထည် | ၅၀.၉၈ | ၃.၅၈ | ၂၇.၈၅ | ၁.၄၉ |
| ၃။ အိမ်အသုံးအဆောင် | ၂၃.၁၇ | ၁.၄၉ | ၂၃.၂၅ | ၁.၁၄ |
| ၄။ ပညာရေး | ၄၉.၃၁ | ၃.၄၆ | ၅၃.၇၇ | ၂.၇၈ |
| ၅။ ကျန်းမာရေး | ၄၉.၈၁ | ၃.၅၀ | ၆၈.၈၄ | ၃.၉၆ |
| ၆။ ခရီးစရိတ် | ၃၇.၃၀ | ၂.၆၂ | ၁၁၀.၈၁ | ၅.၉၄ |
| ၇။ အထွေထွေ | ၁၆.၅၂ | ၁.၁၆ | ၃၄.၄၆ | ၁.၈၅ |
| စုစုပေါင်းအသုံးစရိတ် | ၁၄၂၃.၀၇ | ၁၀၀.၀၀ | ၁၈၆၈.၃၂ | ၁၀၀.၀၀ |

ဇယား အရနမူနာအိမ်ထောင်စုများ၏တစ်လ ပျမ်းမျှအသုံးစရိတ်ကိုအသုံးစရိတ်အုပ်စု(၇)စုခွဲခြား၍ လေ့လာပါသည်။ ထိုသို့ လေ့လာရာတွင်အစားအသောက်အသုံးစရိတ်၌အပြောင်းအလဲမရှိဘဲ ပြောင်းလဲပြီးအခြေအနေနှစ်မျိုးစလုံးတွင်ရာခိုင်နှုန်းအများဆုံး သုံးစွဲသည်ကို တွေ့ရပြီး၊ ပြောင်းလဲပြီးအခြေအနေတွင်အစားအသောက်အသုံးစရိတ်တွင်၈၃.၁၁ရာခိုင်နှုန်းသာရှိ၍မပြောင်းလဲမီကငင်းအသုံးစရိတ်၌၈၄.၁၉ရာခိုင်နှုန်းသုံးစွဲသဖြင့်အစားအသောက် ပေါ်သုံးစွဲသည့်ရာခိုင်နှုန်းအနည်းငယ် လျော့သွားသည်ကိုတွေ့ရပါသည်။ အလားတူပင်ပြောင်းလဲပြီးချိန်တွင်အဝတ်အထည်အသုံးစရိတ်ရာခိုင်နှုန်းသည်မပြောင်းလဲမီကထက် လျော့နည်းသွားပြီး ခရီးစရိတ်တွင်သိသာစွာတိုးလာသည်ကို တွေ့ရပါသည်။ အကြောင်းမှာ-လှိုင်သာယာမြို့သစ်မှအလုပ်အကိုင်ရှိရာရန်ကုန်ဘက်သို့အဆင်းဆင့်လိုရောက်ရသောကြောင့်ဖြစ်ပေသည်။ အိမ်အသုံးအဆောင်ပစ္စည်းအသုံးစရိတ်နှင့် ပညာရေးအသုံးစရိတ်နှင့်အထွေထွေအသုံးစရိတ်ရာခိုင်နှုန်းမှာတက်လာကြောင်း တွေ့ရပါသည်။ ထို့ကြောင့်ပြောင်းလဲပြီးချိန်တွင်အစားအသောက်အသုံးစရိတ် ပေါ်သုံးစွဲသောရာခိုင်နှုန်းသည်မပြောင်းလဲမီကထက် လျော့နည်းသွားပြီး၊ ခရီးစရိတ်ရာခိုင်နှုန်းမှာသိသိသာသာတက်လာသည်ကို တွေ့ရသည်။

လှိုင်သာယာမြို့သစ်ရှိနမူနာအိမ်ထောင်စုများ၏ တစ်လပျမ်းမျှအသုံးစရိတ်ကို ၁၉၆၅ ခုနှစ်၊ Statistical Year Book တွင်ပါဝင်သောပျမ်းမျှအသုံးစရိတ်နှင့်လည်းကောင်း၊ ၁၉၆၉ခုနှစ် ရန်ကုန်မြို့၏ပျမ်းမျှအသုံးစရိတ်နှင့်၁၉၇၁ခုနှစ်ရန်ကုန်မြို့၏ပျမ်းမျှ အသုံးစရိတ်အခြေအနေနှင့်လည်းကောင်း၊ ၁၉၈၁ခုနှစ်မြောက်ဥက္ကလာပ မြို့နယ်၏ပျမ်းမျှအသုံးစရိတ်အခြေအနေနှင့်လည်းကောင်း နှိုင်းယှဉ်လေ့လာပါက ဇယား (၄-၁၂)တွင်ဖော်ပြထားသည့်အတိုင်း တွေ့ရှိရပါသည်။

ဇယား (၄-၁၁-က) တွင် ပြောင်း ရွှေ့ပြီး နှင့် မပြောင်း ရွှေ့မီအ ခြေအနေ ရှိ တစ်လပျမ်း မှုအသုံး စရိတ်များ ကို ကောက်ယူရရှိသော ကိန်း ဂဏန်း အချက်အလက်များ ဖြင့် နှိုင်း ယှဉ် ဖော်ပြထား ခြင်း ဖြစ် ပါသည်။ ပြောင်း ရွှေ့ပြီး အချိန် ရှိ အသုံး စရိတ်များ အား (၁၉၇၂) ခုနှစ် စား သုံး သူ ဈေး ဆနှုန်း အရ လျှော့ ချပြီး နောက်၊ မပြောင်း ရွှေ့မီအချိန် ရှိ အသုံး စရိတ်များ နှင့် နှိုင်း ယှဉ် လေ့လာမှု ဆိုင်ရာ အောက်ပါ ဇယား အတိုင်း ရှိရပေသည်။

ဇယား (၄-၁၁-ခ) အသုံး စရိတ်တစ်ခုစီအလိုက် တစ်လပျမ်း မှုအသုံး စရိတ်ကို စား သုံး သူ ဈေး ဆနှုန်း အရ လျှော့ ချ၍ နှိုင်း ယှဉ် ဖော်ပြထား

| တစ်လပျမ်း မှုအသုံးစရိတ် | မပြောင်း ရွှေ့မီ | | ပြောင်း ရွှေ့ပြီး | |
|---|---|---|---|---|
| | ကျပ် | ရာနှုန်း | ကျပ် | ရာနှုန်း |
| ၁။ အစား အသောက် | ၁၁၃၇.၉၀ | ၇၉.၁၈ | ၇၁၉.၃၃ | ၇၃.၁၁ |
| ၂။ အဝတ်အထည်နှင့်အိမ်သုံး | ၅၀.၃၇ | ၃.၅၇ | ၁၉.၆၇ | ၁.၄၈ |
| ၃။ အိမ်ဆိုင်ရာ အဆောင် | ၂၃.၁၉ | ၁.၄၈ | ၁၁.၂၀ | ၁.၁၄ |
| ၄။ ပညာရေး | ၄၈.၃၁ | ၃.၄၆ | ၂၉.၂၃ | ၂.၉၇ |
| ၅။ ကျန်းမာရေး | ၄၈.၇၁ | ၃.၅၀ | ၃၆.၂၈ | ၃.၈၆ |
| ၆။ ခရီး စရိတ် | ၃၉.၃၀ | ၂.၆၂ | ၅၇.၄၂ | ၅.၈၄ |
| ၇။ အထွေထွေ | ၁၆.၅၂ | ၁.၁၆ | ၁၇.၁၉ | ၁.၇၅ |
| စုစုပေါင်းအသုံးစရိတ် | ၁၄၂၇.၀၉ | ၁၀၀.၀၀ | ၉၇၃.၁၁ | ၁၀၀.၀၀ |

မပြောင်းရွှေ့မီအချိန်သည် (၁၉၇၉) ခုနှစ်ဝန်းကျင်ဖြစ်၍၊ ၎င်းနှစ်ကိုအခြေခံနှစ်အဖြစ်သတ်မှတ်ပြီး၊ အိမ်ထောင်စုများကွင်းဆင်း လေ့လာသောအချိန်မှာ ၁၉၉၂ ခုနှစ်ဝန်းကျင်ဖြစ်သောကြောင့် (၁၉၉၂) ခုနှစ်ရှိစားသုံးသူဈေးဆနှုန်းကိုတွက်ချက်၍၊ တစ်လပျမ်းမျှအသုံးစရိတ်များကိုလျှော့ချထားခြင်းဖြစ်ပါသည်။ ဇယား (၄-၁၁-ခ) အရ လေ့လာပါကနမူနာအိမ်ထောင်စုများ၏စားသုံးမှုအခြေအနေသည် မပြောင်းရွှေ့မီကထက်ပြောင်းရွှေ့ပြီးချိန်တွင်လျော့နည်းကျဆင်းနေသည်ကိုတွေ့ရပါသည်။ အိမ်ထောင်စုများအနေဖြင့်ဇယား (၄-၁၁-က) အရမပြောင်းရွှေ့မီကထက်ပြောင်းရွှေ့ပြီးချိန်တွင်ပိုမိုဝယ်ယူစားသုံးနိုင်သည်ဟုထင်မြင်ရသော်လည်း၊ စားသုံးသူဈေးဆနှုန်းအရတန်ဘိုးလျှော့ချလိုက်သောအခါဇယား (၄-၁၁-ခ) တွင်ဖော်ပြထားသည့်အတိုင်း မပြောင်းရွှေ့မီကထက်ပြောင်းရွှေ့ပြီးချိန်တွင်ခရီးစရိတ်မှတပါးအသုံးစရိတ်များတွင်ကျခံသုံးစွဲနိုင်ခြင်းမရှိတော့သည်ကိုတွေ့ရပေသည်။

ဤအချက်မှာအခြေခံအသုံးစရိတ်များနှင့်သယ်ယူပို့ဆောင်ရေးစရိတ်များပမာဏကြီးမြင့်လာမှုကြောင့်ပိုမိုဝယ်ယူစားသုံးနိုင်သည်ဟုအပေါ်ယံအားဖြင့်ထင်နိုင်သော်လည်း အမှန်တကယ်တွင်မူဝယ်ယူနိုင်စွမ်းကျဆင်းလာသည်ကိုတွေ့ရပါသည်။

ဇယား (၄-၁၂) အရ ပျမ်းမျှအသုံးစရိတ်ခွဲဝေသုံးစွဲမှုအာ ခြေအနေကို ၁၉၆၅ ခုနှစ်အခြေအနေ၊ ၁၉၆၉ ခုနှစ် ၊ ၁၉၇၁ ခုနှစ်၊ ၁၉၈၁ ခုနှစ်နှင့် ၁၉၉၁ ခုနှစ်အခြေအနေများနှင့် နှိုင်းယှဉ်လေ့လာရာတွင် ၁၉၆၅ ခုနှစ်ရန်ကုန်၏ပျမ်းမျှအစားအသောက်အသုံးစရိတ်တွင် ၆၆.၁ ရာခိုင်နှုန်းရှိ၍၊ ၁၉၆၉ ခုနှစ်တွင် ရန်ကုန်၏ပျမ်းမျှအစားအသောက်အသုံးစရိတ်မှာ ၆၃.၃၅ ရာခိုင်နှုန်းသို့ လျော့သွားပြီး ၊ ၁၉၇၁ ခုနှစ်ရန်ကုန်၏အစားအသောက်အသုံးစရိတ်မှာ ၆၆.၇၇ ရာခိုင်နှုန်းသို့တက်လာသည်ကို တွေ့ရသည်။ အိန်ဂျယ်၏လေ့လာချက်မှာ အစားအသောက်ပေါ်တွင်အသုံးစရိတ်အချိုး ကျဆင်းလာခြင်းသည် အိမ်ထောင်စု၏ဝင်ငွေတိုးတက်နေသည်ဟူသောအချက်ကို တွေ့ရှိခဲ့သည်။ ထို့ကြောင့်ရန်ကုန်မြို့၏ (၁၉၆၅) မှ (၁၉၆၉) ထိအစားအသောက်အသုံးစရိတ်ရာခိုင်နှုန်းမှာကျဆင်းလာခဲ့ပြီး (၁၉၇၁) တွင်ပြန်လည်မြင့်တက်လာပေသည်။ (၁၉၈၁) ခုနှစ် မြောက်ဥက္ကလာပ ၇-ရပ်ကွက်ရှိအိမ်ထောင်စုများ၏အစားအသောက်အသုံးစရိတ်ရာခိုင်နှုန်းမှာ ၅၇.၀၇ ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရပါသည်။ ၁၉၉၁ ခုနှစ်လှိုင်သာယာမြို့သစ်မှရပ်ကွက် (၂၂) နှင့် (၂၄) ရှိနမူနာအိမ်ထောင်စုများ၏ ပျမ်းမျှအသုံးစရိတ်တွင်အစားအသောက်အသုံးစရိတ်တွင်သုံးစွဲမှုရာခိုင်နှုန်းအများဆုံးဖြစ်နေပြီး ၊ ကျန်စရိတ်များတွင်သုံးစွဲသည့်ရာခိုင်နှုန်းမှာနိမ့်နေသည်ကို တွေ့ရသည်။ ထို့ကြောင့်လှိုင်သာယာမြို့သစ်ရှိ နမူနာအိမ်ထောင်စုများအနေဖြင့်ရုရပေါင်းအသုံးစရိတ်ခွဲဝေသုံးစွဲမှုမှာအစားအသောက်အသုံးစရိတ်တွင်အများဆုံးကျခံနေရသည်ကို တွေ့ရှိရပါသည်။ ဤအချက်ကိုကြည့်ခြင်းဖြင့်နမူနာအိမ်ထောင်စုများ၏ ဝင်ငွေရရှိမှုကောင်းမွန်တိုးတက်လာသော်လည်း ၊ အခြေခံစားသောက်

ကုန်စည်များ၏ ဈေးနှုန်းကြီးမြင့်မှုကြောင့်ပျမ်းမျှအစားအသောက်ပေါ်အသုံးစရိတ်ရာခိုင်နှုန်းမြင့်တက်နေခြင်းဖြစ်သည်ကိုတွေ့ရပါသည်။

အိမ်ထောင်စု၏အစားအသောက်ပေါ်အသုံးစရိတ်မြင့်မားနေပြီး အိမ်အသုံးအဆောင်ပစ္စည်းစရိတ်၊ အဝတ်အထည်အသုံးစရိတ်၊ ပညာရေးအသုံးစရိတ်နှင့်ကျန်းမာရေးအသုံးစရိတ်များတွင်သုံးစွဲမှုနိမ့်ကျနေခြင်းကြောင့်၊ အိမ်ထောင်စုများ၏ဝင်ငွေမှာတိုးတက်လာသည်ဟုမဆိုနိုင်ပေ။ ဝင်ငွေအမှန်တကယ်တိုးတက်လာစေရန်အိမ်ထောင်စုများ၏အစားအသောက်ပေါ်ကုန်ကျစရိတ်နိမ့်ကျရန်လိုပြီး ၊ အခြေခံစားသောက်ကုန်စည်များဈေးနှုန်းကျဆင်းရန်လိုအပ်ပေသည်။

| အသုံးစရိတ် | ၁၉၆၅ ရန်ကုန် ရာခိုင်နှုန်း | ၁၉၆၅ မြန်မာပြည်အလယ်ပိုင်း ရာခိုင်နှုန်း | ၁၉၆၅ ရေဝတီမြစ်ဝကျွန်းပေါ် ရာခိုင်နှုန်း | ၁၉၆၅ ရခိုင်ပြည်နယ် ရာခိုင်နှုန်း | ၁၉၆၅ တနင်္သာရီကိုင်း % | ၁၉၆၉ ရန်ကုန် % | ၁၉၇၁ ရန်ကုန် % | ၁၉၈၁ မြောက်ဥက္ကလာ ရာခိုင်နှုန်း | ၁၉၉၂ ထိုင်းသီယာ % |
|---|---|---|---|---|---|---|---|---|---|
| ၁။ အစားအသောက် | ၆၆.၁ | ၄၈.၀ | ၄၅.၈ | ၄၃.၆၀ | ၆၀.၁၀ | ၆၃.၃၅ | ၆၆.၇၇ | ၅၈.၀၇ | ၈၃.၁၁ |
| ၂။ အဝတ်အထည် | ၅.၈ | ၁၉.၈ | ၁၅.၄ | ၁၆.၆ | ၉.၇ | ၁၁.၀၁ | ၈.၂၇ | ၇.၃၁ | ၁.၄၉ |
| ၃။ အိမ်အသုံးအဆောင် | ၀.၃ | ၅.၄ | ၁၃.၆ | ၁၃.၆ | ၈.၈ | ၃.၅၆ | ၃.၁၅ | ၄.၉၆ | ၁.၁၄ |
| ၄။ ပညာရေး | ၂.၀ | ၀.၆ | ၁.၁ | ၁.၂ | ၂.၁ | ၁.၆၀ | ၂.၄၀ | ၁.၇၇ | ၂.၈၈ |
| ၅။ ကျန်းမာရေး | ၁.၀ | ၂.၂ | ၄.၆ | ၃.၃ | ၂.၄ | ၂.၁၀ | ၃.၀၅ | ၂.၀၄ | ၃.၆၉ |
| ၆။ ခရီးစရိတ် | ၂.၄ | ၁.၄ | ၄.၅ | ၁.၆ | ၂.၃ | ၂.၅၅ | ၁.၁၇ | ၅.၀၀ | ၁.၉၄ |
| ၇။ အထွေထွေ (သို့မဟုတ်) အခြား | ၂၂.၄ | ၂၂.၆ | ၁၅.၁ | ၂၀.၁ | ၁၄.၆ | ၁၅.၇၅ | ၁၄.၄၉ | ၂၀.၀၅ | ၁.၈၅ |
| စုစုပေါင်း | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ |

ဇစ်မြစ်။ (၁) Statistical Year Book (1965) Page 400, Table 209.

(၂) Report on the consumer Expenditures Survey, Rangoon January 1972. C.S.O. Rangoon. Page (10, 13).

(၃) လေး နွဲ့၊ မောင်- မြောက်ဥက္ကလာပမြို့နယ်၊ ရှု- ရပ်ကွက်အိမ်ထောင်စုများ၏ စားဝတ်နေမှုအသုံးစရိတ်ကိုသုံးသပ်လေ့လာခြင်း

ရှိင်သာယာမြို့သစ်ရှိ နမူနာအိမ်ထောင်စုများ၏အသုံးစရိတ်တစ်ခုချင်းအလိုက်အိမ်ထောင်စုအခြေအနေကို မပြောင်းရွှေ့မီ အိမ်ထောင်စုအခြေအနေနှင့်နှိုင်းယှဉ်လေ့လာမည်ဆိုပါက ရှေးဦးစွာအစားအသောက်အသုံးစရိတ်အုပ်စုအလိုက်အိမ်ထောင်စုအခြေအနေကိုနှိုင်းယှဉ်လေ့လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ဇယား - (၄.၁၃.က)တွင် နမူနာအိမ်ထောင်စုများ၏ပြောင်းရွှေ့ပြီးနှင့် မပြောင်းရွှေ့မီအစားအသောက်အသုံးစရိတ်အုပ်စုအလိုက်ဖြန့်ဝေပုံကို ဖော်ပြထားပါသည်။

ဇယား (၄.၁၃.က)အစားအသောက်အသုံးစရိတ်အုပ်စုအလိုက်
အိမ်ထောင်စုအခြေအနေကိုနှိုင်းယှဉ်ချက်

| တစ်နှစ်<br>အစားအသောက်<br>အသုံးစရိတ်(ကျပ်)<br>(ကျပ်ထောင်ပေါင်း) | ပြောင်းရွှေ့ပြီး<br>% | မပြောင်းရွှေ့မီ<br>% |
|---|---|---|
| ၆ - ၂၄ | ၇၇.၁၉ | ၉၄.၇၄ |
| ၂၄ - ၄၂ | ၂၀.၁၀ | ၅.၂၆ |
| ၄၂ - ၆၀ | ၂.၆၃ | - |
| စုစုပေါင်း | ၁၀၀ | ၁၀၀ |

ဇယား (၄.၁၃.က)အရ အစားအသောက်အသုံးစရိတ်အဆင့်(၃)ဆင့်ခွဲခြားထားသည့်အနက် အသုံးစရိတ် အ [illegible]

နိမ့်ဆုံး အဆင့်တွင် ပြောင်းရွှေ့ပြီး ချိန်တွင် အိမ်ထောင်စုဦး ရေ သည် ၇၇.၁၉ ရာခိုင်နှုန်း ရှိပြီး ၊ မပြောင်းရွှေ့မီက အိမ်ထောင် ဦး ရေမှာ ၉၄.၇၄ ရာခိုင်နှုန်း ရှိသောကြောင့်အစားအသောက် အသုံး စရိတ်အနိမ့်ဆုံး အဆင့်ရှိ အိမ်ထောင်စုဦး ရေ လျော့ နည်း သွား သည်ကို တွေ့ရသည်။

အစား အသောက်အသုံး စရိတ် ဒုတိယအဆင့် တွင် မပြောင်း ရွှေ့မီက အိမ်ထောင်စုဦး ရေ ၅.၂၆ ရာခိုင်နှုန်း သာရှိရာမှ၊ ပြောင်း ရွှေ့ပြီး ချိန်တွင် ၂၀.၁၀ ရာခိုင်နှုန်း တိုး လာ ကြောင်း တွေ့ရပါသည်။ အစား အသောက်အသုံး စရိတ်အမြင့် ဆုံး အဆင့်တွင် မပြောင်း ရွှေ့မီက အိမ်ထောင်စုဦး ရေလုံး ဝ မရှိ ခဲ့သော်လည်း ၊ ပြောင်း ရွှေ့ပြီး ချိန်တွင် အိမ်ထောင်စုဦး ရေ ၂.၆၃ ရာခိုင်နှုန်းရှိလာသည်ကို တွေ့ရပေသည်။

ထို့ ကြောင့်အစား အသောက်အသုံး စရိတ်သုံးစွဲမှု အခြေအနေကို လေ့လာလျှင် မပြောင်း ရွှေ့မီကထက် ပြောင်း ရွှေ့ ပြီး ချိန်တွင် အစား အသောက်အသုံး စရိတ် ပို၍ သုံး စွဲလာသည် ဟု ဆိုနိုင်ပေသည်။ ထိုသို့ ဖြစ်ရခြင်း နှင့်ပတ်သက်၍ လေ့လာသုံး သပ်ရာ တွင် နမူနာအိမ်ထောင်စုများ ၏ဝင်ငွေရရှိမှု တိုး လာသည် နှင့် အမျှ အသုံး စရိတ်ပါတိုး လာပြီး ၊ အသုံး စရိတ်အုပ်စုများ အနက်အစား အသောက်အသုံး စရိတ်တွင် ပို၍သုံး စွဲရသည်ကို တွေ့ရပေသည်။ ထို့ ကြောင့်အိမ်ထောင်စုများ ၏အစား အသောက် အသုံး စရိတ်တက်လာ ရခြင်း မှာ အခြေခံကုန်စည်များ ရှား ပါး မှုနှင့် ကုန်ဈေးနှုန်း ၊ ကြီး မြင့်မှု၊ ဈေး ကစား မှုများ ကြောင့် ဖြစ်နိုင်သည်ဟုယူဆရပါသည်။ ထို့ပြင်အိမ်ထောင်စုများ တွင် အဓိက မရှိမဖြစ် လိုအပ်ချက်များ - တွင် အစား အသောက်သည်အဓိက ကဏ္ဍမှပါဝင်နေ သော ကြောင့်

အဓိကကုန်ကျရသော အသုံးစရိတ်ဖြစ်ရာ၊ ယင်းအသုံးစရိတ်ကျဆင်းမှသာလျှင် အိမ်ထောင်စုများ၏ဝင်ငွေသည် အမှန်တကယ် တိုးတက်လာခြင်းဟုခေါ်ဆိုနိုင်ပေမည်။

ပြောင်းရွှေ့ပြီး အိမ်ထောင်စုများ၏အဝတ် အထည် ဝယ်ယူသုံးစွဲမှုနှင့်ပတ်သက်၍ အဝတ်အထည်အသုံးစရိတ်အုပ်စု အလိုက်အိမ်ထောင်စုအခြေအနေကို မပြောင်းရွှေ့မီ အိမ်ထောင်စု အခြေအနေနှင့်နှိုင်းယှဉ်ချက်ကို ဇယား (၄.၁၃.၈)တွင်ဖော်ပြထားပါသည်။

ဇယား (၄.၁၃.၈)အဝတ်အထည်အသုံးစရိတ်အုပ်စုအလိုက်
အိမ်ထောင်စုအခြေအနေနှိုင်းယှဉ်ချက်

| တစ်နှစ်အဝတ်အထည် အသုံးစရိတ် (ကျပ်) | ပြောင်းရွှေ့ပြီး အိမ်ထောင်စု % | မပြောင်းရွှေ့မီ အိမ်ထောင်စု % |
|---|---|---|
| မဝယ်ဖြစ် | ၆၄.၃၃ | ၄၀.၃၅ |
| ၅၀၀-၂၀၀၀ | ၃၀.၇၀ | ၅၂.၆၃ |
| ၂၀၀၀-၃၅၀၀ | ၃.၅၁ | ၅.၅၆ |
| ၃၅၀၀-၅၀၀၀ | ၁.၄၆ | ၁.၄၆ |
| စုစုပေါင်း | ၁၀၀.၀၀ | ၁၀၀.၀၀ |

ဇယား (၄.၁၃.၈) အရ တစ်နှစ်အဝတ်အထည်အသုံးစရိတ်အုပ်စုအလိုက်အိမ်ထောင်စုအခြေအနေကို လေ့လာပါက ၊ ပြောင်းရွှေ့ပြီးချိန်တွင် အဝတ်အထည်လုံးဝမဝယ်ဖြစ်သောအိမ်ထောင်စုဦးရေမှာ ၆၄.၃၃ရာခိုင်နှုန်းရှိ၍၊ မပြောင်းရွှေ့မီက လုံးဝမဝယ်ဖြစ်သော အိမ်ထောင်စုဦးရေမှာ ၄၀.၃၅ရာခိုင်နှုန်းသာရှိပေသည်။

အသည်လုံး [illegible]
[illegible] ။ ထို့ကြောင့် ပြောင်း ရွှေ့ပြီး ချိန်တွင်အဝတ်
အထည် လုံး ဝ မဝယ်ဖြစ်သောအိမ်ထောင်စုဦး ရေရာခိုင် နှုန်း
တိုး လာ ကြောင်း တွေ့ရ ပေသည်။ အဝတ်အထည်ဝယ်ဖြစ်သောအိမ်–
ထောင်စုများ အနေဖြင့် အသုံး စရိတ် အနိမ့်ဆုံး အဆင့်၌ပြောင်း
ရွှေ့ပြီး ချိန်ရှိအိမ်ထောင်စုဦး ရေမှာ ၃၀ .၇၀ရာခိုင်နှုန်းသာ
ရှိ၍ မပြောင်း ရွှေ့မီက အိမ်ထောင်စုဦး ရေမှာ၁၂ .၆၃ရာ
ခိုင်နှုန်း ရှိပြောင်း တွေ့ရပါသည်။ ထို့ကြောင့် ကျိုင်သာယာမြို့သစ်
သို့ ပြောင်း ရွှေ့ပြီး ချိန်တွင် အဝတ်အထည် ဝယ်ယူသုံး စွဲမှု လျော့
နည်း သွား သည်ကို တွေ့ရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ အိမ်ထောင်စု
များ အနေဖြင့် အစား အသောက်အသုံး စရိတ်တွင် ဝင်ငွေ၏ အချိုး
အများ ဆုံး ကုန်ကျခံနေရခြင်း ကြောင့် အဝတ်အထည် ဝယ်ယူမှု မပြု
နိုင်ခြင်း ဖြစ်နိုင်ပါသည်။

အိမ်အသုံး အဆောင်ပစ္စည်း အသုံး စရိတ် အုပ်စု အ
လိုက် အိမ်ထောင်စုအခြေအနေကို ပြောင်း ရွှေ့ပြီး နှင့် မပြောင်း
ရွှေ့မီ အခြေအနေနှစ်မျိုး အတွက် နှိုင်း ယှဉ် ၍ ဇယား (၄.၁၃.၈)
တွင် ဖော်ပြထား ပါသည်။

ဇယား (၄.၁၃.၈) တစ်နှစ်အိမ်အသုံးအဆောင်ပစ္စည်းအသုံးစရိတ် အလိုက်အိမ်ထောင်စုအခြေအနေ ရှင်းမှည် ချက်ပြ ဇယား

| တစ်နှစ် အိမ်အသုံးအဆောင် ပစ္စည်း ကုန်ကျစရိတ် (ကျပ်) | ပြောင်းရွှေ့ပြီး အိမ်ထောင်စု % | မပြောင်းရွှေ့မီ အိမ်ထောင်စု % |
|---|---|---|
| မဝယ်ဖြစ် | ၈၀.၄၁ | ၇၃.၉၈ |
| ၅၀၀-၂၀၀၀ | ၁၃.၄၅ | ၂၀.၇၆ |
| ၂၀၀၁-၃၅၀၀ | ၂.၆၃ | ၃.၈၀ |
| ၃၅၀၁-၅၀၀၀ | ၃.၅၁ | ၁.၄၆ |
| စုစုပေါင်း | ၁၀၀.၀၀ | ၁၀၀.၀၀ |

ဇယား (၄.၁၃.၈) အရနမူနာအိမ်ထောင်စုများ၏ အိမ်အသုံးအဆောင်ပစ္စည်း အနှံ့စရိတ်အလိုက် ဖြန့်ဝေပုံကို ပြောင်းရွှေ့ပြီး နှင့်မပြောင်းရွှေ့မီအခြေအနေ ၂ခုအတွက် လေ့လာပါက လုံးဝမဝယ်ဖြစ်သောအိမ်ထောင်စုဦးရေမှာ မပြောင်းရွှေ့မီက ၇၃.၉၈ရာခိုင်နှုန်းရှိ၍ ပြောင်းရွှေ့ပြီးချိန်တွင် ၈၀.၄၁ရာခိုင်နှုန်းသို့ တိုးလာသည်ကိုတွေ့ရပါသည်။ အသုံးစရိတ်အနိမ့်ဆုံးအဆင့်၌ မပြောင်းရွှေ့မီက အိမ်ထောင်စုဦးရေ ၂၀.၇၆ရာခိုင်နှုန်းရှိရာမှ ပြောင်းရွှေ့ပြီးချိန်တွင်အိမ်ထောင်စုဦးရေမှာ ၁၃.၄၅ရာခိုင်နှုန်းသို့လျော့နည်းသွားပြီးအသုံး

စရိတ်ဒုတိယအဆင့်တွင်လည်း မပြောင်းရွှေ့မီကအိမ်ထောင်စုဦး ရေ ၃.၈ ရာခိုင်နှုန်း ရှိရာမှ ပြောင်းရွှေ့ပြီး ချိန်တွင်အိမ်ထောင်စုဦး ရေမှာ ၁၂.၆၃ ရာခိုင်နှုန်း သို့ လျော့နည်း သွား ပါသည်။ သို့သော်အိမ် အသုံး အဆောင်ပစ္စည်း အသုံး စရိတ်အမြင့်ဆုံး အဆင့်တွင်မပြောင်းရွှေ့ မီကအိမ် ထောင်စု ၁.၄၆ ရာခိုင်နှုန်း ရှိရာမှ ပြောင်းရွှေ့ပြီး ချိန် တွင် အိမ် ထောင်စုဦး ရေ ၃.၅၁ ရာခိုင်နှုန်း သို့တိုး လာသည်ကို တွေ့ရပါသည်။ ထို့ကြောင့်နမူနာအိမ်ထောင်စုများ တွင် ပြောင်းရွှေ့ပြီး ချိန် တွင် အိမ်အသုံး အဆောင်ပစ္စည်း ဝယ်ယူသုံး စွဲသူအိမ်ထောင်စုဦး ရေသည် လျော့နည်း သွား သော်လည်း၊ အိမ်အသုံး အဆောင်ပစ္စည်း များကိုဝယ်ယူနိုင် ကြောင်း လေ့လာ တွေ့ရှိရပါသည်။ အိမ်အသုံး အဆောင်ပစ္စည်းများ မဝယ်ယူ သောအိမ်ထောင်စုများ အနေဖြင့်မိဘဘိုး ဘွား ထံမှဆက် ခံ သောအိမ်အသုံး အဆောင်ပစ္စည်း များ ရှိခြင်း၊ အချို့အိမ်ထောင်စုများ မှာ-အိမ်ထောင် ပြုစဉ်ကဝယ်ယူထား သောအိမ်အသုံး အဆောင်ပစ္စည်း များ ရှိခြင်း နှင့်အချို့အိမ်အသုံး အဆောင်ပစ္စည်း များ မှာအကြာ သုံး ပစ္စည်း များ ဖြစ်၍မကြာခဏဝယ်ယူရန်မလိုအပ်ခြင်း တို့ကြောင့်ထပ် မံ၍ဝယ်ယူခြင်း မရှိ ကြောင်း သိရှိရပါသည်။

ပညာရေး အသုံး စရိတ်အုပ်စုအလိုက်အိမ်ထောင်စု အခြေအနေကို ပြောင်းရွှေ့ပြီး နှင့်မပြောင်းရွှေ့မီအခြေအနေ နှစ်မျိုး အတွက် နှိုင်းယှဉ်ချက်ကိုဇယား (၄-၁၃-ဃ)တွင် ဖော်ပြထား ပါသည်။

ဇယား (၄.၁၃-ဃ) တစ်နှစ်ပညာရေး အသုံးစရိတ်အုပ်စုအလိုက်အိမ်ထောင်စုအခြေအနေပြဇယား

| တစ်နှစ်ပညာရေး အသုံးစရိတ်(ကျပ်) | ပြောင်းရွှေ့ပြီး အိမ်ထောင်စု % | မပြောင်းရွှေ့မီ အိမ်ထောင်စု % |
|---|---|---|
| မကုန် | ၅၂.၈၂ | ၆၁.၄၀ |
| ၅၀၀-၂၀၀၀ | ၃၅.၆၇ | ၂၈.၂၄ |
| ၂၀၀၁-၃၅၀၀ | ၄.၆၀ | ၃.၀၀ |
| ၃၅၀၁-၅၀၀၀ | ၆.၇၃ | ၅.၅၆ |
| စုစုပေါင်း | ၁၀၀.၀၀ | ၁၀၀.၀၀ |

ဇယားအရ ပညာရေးအသုံးစရိတ်မကုန်သောအိမ်ထောင်စုသည် မပြောင်းရွှေ့မီက ၆၁.၄၀ ရာခိုင်နှုန်းရှိရာမှ ပြောင်းရွှေ့ပြီးချိန်တွင် ၅၂.၈၂ ရာခိုင်နှုန်းသို့ လျော့သွားသည်ကို တွေ့ရသည်။ တစ်နှစ်ပညာရေးအသုံးစရိတ်အနိမ့်ဆုံးအဆင့်တွင် အိမ်ထောင်စုဦးရေသည် မပြောင်းရွှေ့မီက ၂၈.၂၄ ရာခိုင်နှုန်းရှိ၍ ပြောင်းရွှေ့ပြီးချိန်တွင် ၃၅.၆၇ ရာခိုင်နှုန်းသို့တိုးလာခဲ့သည်။ အလားတူပင်ပညာရေးအသုံးစရိတ်ဒုတိယမြင့်သောအဆင့်တွင်အိမ်ထောင်စုဦးရေသည် မပြောင်းရွှေ့မီက ၃.၀ ရာခိုင်နှုန်းရှိရာမှ ပြောင်းရွှေ့ပြီးချိန်တွင် ၄.၆၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ အသုံးစရိတ်အမြင့်ဆုံးအဆင့်တွင်အိမ်ထောင်စုဦးရေသည် မပြောင်းရွှေ့မီက - ၅.၅၆ ရာခိုင်နှုန်းရှိရာမှ ၆.၇၃ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးတိုးလာသည်ကို တွေ့ရသည်။

ထို့ကြောင့်ပညာရေး အသုံးစရိတ်အလိုက်အိမ်ထောင်စုဦးရေမှာတိုးလာပြီး၊ ပညာရေး အသုံးစရိတ်သုံးစွဲသောအိမ်ထောင်စုဦးရေရာခိုင်နှုန်းမှာလည်းတိုးလာသည်ကိုတွေ့ရပါသည်။

ပညာရေးအသုံးစရိတ်လုံးဝမကုန်သောအိမ်ထောင်စုများအနေဖြင့်အရွယ်မရောက်သေး၍ ကျောင်းမနေသေးသူများရှိခြင်းနှင့်အရွယ်ရောက်ပြီး ကျောင်းမနေတော့ဘဲအလုပ်တွင်ဝင်ရောက်လုပ်ကိုင်နေသူများသာရှိခြင်းတို့ကြောင့်ပညာရေးအသုံးစရိတ်မကုန်ရခြင်းဖြစ်ပါသည်။

ကျန်းမာရေးအသုံးစရိတ်အုပ်စုအလိုက်အိမ်ထောင်စုအခြေအနေကိုပြောင်းရွှေ့ပြီးနှင့်မပြောင်းရွှေ့မှီအခြေအနေနှစ်မျိုးအတွက်နှိုင်းယှဉ်၍ဇယား (၄.၁၃-င) တွင်ဖော်ပြထားပါသည်။

ဇယား (၄.၁၃-င) တစ်နှစ်ကျန်းမာရေးအသုံးစရိတ်အလိုက်အိမ်ထောင်စုအခြေအနေနှိုင်းယှဉ်ချက်ပြဇယား

| တစ်နှစ်ကျန်းမာရေး အသုံးစရိတ် (ကျပ်) | ပြောင်းရွှေ့ပြီး အိမ်ထောင်စု % | မပြောင်းရွှေ့မှီ အိမ်ထောင်စု % |
|---|---|---|
| မကုန် | ၃၇.၇၂ | ၅၂.၆၃ |
| ၅၀၀-၂၀၀၀ | ၄၈.၅၄ | ၄၀.၉၃ |
| ၂၀၀၁-၃၅၀၀ | ၅.၈၅ | ၂.၀၅ |
| ၃၅၀၁-၅၀၀၀ | ၇.၈၉ | ၄.၃၉ |
| စုစုပေါင်း | ၁၀၀.၀၀ | ၁၀၀.၀၀ |

တစ်နှစ်ကျန်းမာရေးအသုံးစရိတ်အလိုက်အိမ်ထောင်စုအခြေအနေကို လေ့လာရာတွင်ကျန်းမာရေးအသုံးစရိတ်လုံးဝမကုန်သောအိမ်ထောင်စုဦးရေသည်မပြောင်းရွှေ့မှီက ၅၂.၆၃ ရာခိုင်နှုန်းရှိရာမှ ပြောင်းရွှေ့ပြီးချိန်တွင် ၃၇.၇၂ ရာခိုင်နှုန်းသို့ လျော့သွားသည်။ ကျန်းမာရေးအသုံးစရိတ်အနိမ့်ဆုံးအဆင့်တွင်အိမ်ထောင်စုဦးရေသည်မပြောင်းရွှေ့မှီက ၄၀.၉၃% ရှိရာမှ ပြောင်းရွှေ့ပြီးချိန်တွင် ၄၈.၅၄ ရာခိုင်နှုန်းသို့လည်းကောင်း ၊ ဒုတိယမြင့်သော ကျန်းမာရေးအသုံးစရိတ်အုပ်စုတွင်အိမ်ထောင်စုဦးရေသည်မပြောင်းရွှေ့မှီက ၂.၀၅ ရာခိုင်နှုန်းရှိရာမှ ပြောင်းရွှေ့ပြီးချိန်တွင် ၅.၇၅ ရာခိုင်နှုန်းသို့လည်းကောင်း ၊ ကျန်းမာရေးအသုံးစရိတ်အမြင့်ဆုံးတွင် အိမ်ထောင်စုပေါင်းဦးရေသည်မပြောင်းရွှေ့မှီက ၄.၃၉ ရာခိုင်နှုန်းရှိရာမှ ၇.၇၉ ရာခိုင်နှုန်းသို့လည်းကောင်း ၊ အသီးသီးတိုးလာသည်ကို တွေ့ရပါသည်။ ထို့ကြောင့်ကျန်းမာရေးအသုံးစရိတ်အုပ်စုအလိုက် အိမ်ထောင်စုအခြေအနေကို လေ့လာလျှင်မပြောင်းရွှေ့မှီကထက် ပြောင်းရွှေ့ပြီးချိန်တွင်ကျန်းမာရေးအသုံးစရိတ်သုံးစွဲသောအိမ်ထောင်စုဦးရေတိုးတက်လာကြောင်း တွေ့ရပေသည်။ ကျန်းမာရေးအသုံးစရိတ်သုံးစွဲသောအိမ်ထောင်စုများမှာသက်ကြီးရွယ်အိုများ၏ကျန်းမာရေးချို့တဲ့မှုကြောင့်ကုန်ကျသောအိမ်ထောင်စုအများစုပါဝင်သည်ကို တွေ့ရှိရပါသည်။

အိမ်ထောင်စုများ၏တစ်နှစ်အထွေထွေအသုံးစရိတ်အုပ်စုအလိုက်အိမ်ထောင်စုဖြန့်ဝေပုံကို ပြောင်းရွှေ့ပြီးနှင့်မပြောင်းရွှေ့မှီအခြေအနေများအတွက်နှိုင်းယှဉ်၍ဇယား (၄.၁၃-စ) တွင်ဖော်ပြထားပါသည်။

ဇယား (၄.၁၃-စ) တစ်နှစ်အထွေထွေအသုံးစရိတ်အုပ်စုအလိုက်အိမ်ထောင်စုအခြေအနေရှိင်းယှဉ်ချက်ပြဇယား

| တစ်နှစ်အထွေထွေအသုံးစရိတ် (ကျပ်) | ပြောင်းရွှေ့ပြီး အိမ်ထောင်စု % | မပြောင်းရွှေ့မှီ အိမ်ထောင်စု % |
|---|---|---|
| မကုန် | ၁၂.၆၃ | ၆၄.၃၃ |
| ၅၀၀-၂၀၀၀ | ၁၈.၅၀ | ၃၂.၁၆ |
| ၂၀၀၁-၃၅၀၀ | ၄.၃၉ | ၃.၅၁ |
| ၃၅၀၁-၅၀၀၀ | ၄.၃၉ | |
| စုစုပေါင်း | ၁၀၀.၀၀ | ၁၀၀.၀၀ |

အိမ်ထောင်စုများ၏တစ်နှစ်အထွေထွေအသုံးစရိတ်အုပ်စုအလိုက်အိမ်ထောင်စုအခြေအနေကို လေ့လာပါကလုံးဝမကုန်သောအိမ်ထောင်စုဦးရေသည်မပြောင်းရွှေ့မှီက ၆၄.၃၃ ရာခိုင်နှုန်းရှိရာမှ ပြောင်းရွှေ့ပြီးချိန်တွင် ၁၂.၆၃ ရာခိုင်နှုန်းသို့ လျော့နည်းသွားပါသည်။ အထွေထွေအသုံးစရိတ်အနိမ့်ဆုံးအဆင့်တွင်အိမ်ထောင်စုဦးရေသည်မပြောင်းရွှေ့မှီက ၃၂.၁၆ ရာခိုင်နှုန်းရှိရာမှပြောင်းရွှေ့ပြီးချိန်တွင် ၁၈.၅၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ အထွေထွေအသုံးစရိတ်ဒုတိယအဆင့်တွင်အိမ်ထောင်စုဦးရေသည်မပြောင်းရွှေ့မှီက ၃.၅၁ ရာခိုင်နှုန်းရှိရာမှ ပြောင်းရွှေ့ပြီးချိန်တွင် ၄.၃၉ ရာခိုင်နှုန်းသို့လည်းကောင်း အသုံးစရိတ်အမြင့်ဆုံးအဆင့်တွင်မပြောင်းရွှေ့မှီကအိမ်ထောင်စုဦးရေပါဝင်ခြင်းမရှိသော်လည်း ပြောင်းရွှေ့ပြီးချိန်တွင် ၄.၃၉ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးတိုးလာသည်ကိုတွေ့ရပါသည်။

အထွေထွေအသုံးစရိတ်တွင်အလှူအတန်း သာရေး၊ နာရေး ပွဲလမ်းသဘင်စရိတ်များ၊ အပန်းဖြေမှုစရိတ်များ၊ ရေမီးသုံးစွဲမှုစရိတ်များ ပါဝင်ရာအထွေထွေအသုံးစရိတ်သုံးစွဲသည့်အိမ်ထောင်စုများမှာအဆိုပါအသုံးစရိတ်များအနက် ရေဘိုး၊ မီးနှင့် လောင်စာစရိတ်၊ အလှူအတန်းနှင့်သာရေး နာရေးအသုံးစရိတ်များအတွက် ကုန်ကျသည်ကို တွေ့ရပါသည်။

## အခန်း (၅)

### နိဂုံး

ဟိုင်သာယာမြို့သစ်သို့ ပြောင်းရွှေ့နေထိုင်သူများ၏ လူမှုစီးပွားရေးဆိုင်ရာအခြေအနေများအနေဖြင့် အိမ်ထောင်စုများ၏အလုပ်အကိုင်၊ ဝင်ငွေနှင့်အသုံးစရိတ်အခြေအနေ၊ ပညာအဆင့်၊ နေထိုင်မှုအခြေအနေတို့ကို လေ့လာခဲ့ပါသည်။ တို့နောက် ၄င်းအိမ်ထောင်စုများ၏ မပြောင်းရွှေ့မီအချိန်ရှိလူမှုစီးပွားရေးဆိုင်ရာအခြေအနေနှင့်ပြောင်းရွှေ့ပြီး ချိန်ရှိလူမှုစီးပွားရေးအခြေအနေကိုနှိုင်းယှဉ်လေ့လာခဲ့ပါသည်။ ထိုသို့လေ့လာခဲ့ရာမှ တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ဟိုင်သာယာမြို့သစ်သို့ ပြောင်းရွှေ့နေထိုင်သူများ၏အလုပ်အကိုင်ကို၊ ဇယား (၄-၁) လေ့လာရာတွင်ပုဂ္ဂလိကလုပ်ငန်းများတွင်ဝင်ရောက်လုပ်ကိုင်သူရာခိုင်နှုန်းမှာ (၄၁.၅၂) ရာခိုင်နှုန်းရှိ၍အများဆုံးဖြစ်သည်ကိုတွေ့ရပြီး၊ အစိုးရဝန်ထမ်းလုပ်ကိုင်သူအနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဟိုင်သာယာမြို့သစ်သို့ ပြောင်းရွှေ့နေထိုင်သူများအား လေ့လာရာတွင် မီးဘေးကြောင့်သော်လည်းကောင်း၊ ကျူးကျော်မှုဖြစ်၍ သော်လည်းကောင်း၊ အလုပ်အကိုင်ကြောင့်သော်လည်းကောင်း၊ ဆွေမျိုးမိတ်ဆွေရှိ၍ သော်လည်းကောင်း၊ အိမ်မြေတန်ဘိုးသက်သာသောကြောင့်သော်လည်းကောင်း စသော ပြောင်းရွှေ့နေထိုင်ကြသည့် -

အကြောင်း ရင်း များ အနက် ပြောင်း ရွှေ့ နေထိုင်သူအများ စုသည်ကျေး ကျော်ဖြစ်၍ ပြောင်း ရွှေ့လာကြသူများ ဖြစ်သည်ကို တွေ့ရပါသည်။ထို့ကြောင့် ပြောင်း ရွှေ့ နေထိုင်သူများ ၏အလုပ်အကိုင်ကို လေ့လာရာတွင်အများ စု သည်ကျွမ်း ဝင် ရောက်လုပ်ကိုင်သူများ ၊ လက်လုပ်လက်စား များ နှင့်၊ လစာနည်း ဝန်ထမ်း များ (လစာ၁၀၀၀နှင့်၁၀၀၀ကျပ် အောက်) ပါ ဝင် နေသည်ကို တွေ့ရပါသည်။ အလုပ်အကိုင်အလိုက်ဝင် ငွေရရှိမှုအခြေအနေ ကို လေ့လာရာတွင်ဝန်ထမ်း များ သည်ဝန်ထမ်း မဟုတ်သူများ ထက်ဝင်ငွေ အနိမ့်ဆုံး အဆင့်တွင်ပါဝင်မှုများ ၍ဝန်ထမ်း မဟုတ်သူများ က ဝင် ငွေရ ရှိမှုအခြေအနေပိုမို ကောင်း မွန် နေပေသည်။ ထိုသို့ဖြစ်ရခြင်း မှာ ဝန် ထမ်း များ ၏အိမ်ထောင်စုဝင်ငွေအား မေး မြန်းရာတွင်၄င်း တို့ ၏ လစာကိုသာ ဖြေကြား ပြီး ၊ အခြား အသေး အဖွဲ့ဝင်ငွေများ ကိုမမှတ်မိ ၍ သော်လည်း ကောင်း ၊ မဖြေဆိုလိုခြင်း ကြောင့် သော်လည်း ကောင်း ၊ ထည့်သွင်း မထား ခြင်း ဖြစ်နိုင်ပါသည်။ထို့ ကြောင့် နမူနာအိမ်ထောင်စုများ ၏ စုစုပေါင်း ဝင် ငွေအခြေအနေကို လေ့လာရာတွင်စုစုပေါင်း ဝင်ငွေထက် စုစုပေါင်း အသုံး စရိတ်ကပိုများ နေပါကစုစုပေါင်း အသုံး စရိတ်ကိုပင် ထိုအိမ်ထောင်စု၏ဝင် ငွေဟုသတ်မှတ် လေ့လာပါသည်။

တဖန်လှိုင်သာယာမြို့သစ် နေအလုပ်လုပ်သူ၏ (၆၅.၇၉) ရာခိုင်နှုန်း မှာ ရန်ကုန်မြို့နှင့်အခြားအရပ် ဒေသများ သို့သွားရောက်လုပ် ကိုင် နေရခြင်း ၊ ယင်း အနက်မှအများ စုမှာ ပုဂ္ဂလိကလုပ်ငန်းများ တွင် လုပ်ကိုင်သူများ ဖြစ်ခြင်း နှင့်ကျန် (၃၄.၂၁) ရာခိုင်နှုန်းသည်လှိုင်သာ ယာမြို့သစ်အတွင်း ၌ပင်ကိုယ်ပိုင်လုပ်ငန်း ကိုအများ စုလုပ်ကိုင် နေခြင်း ။ တို့သည်လှိုင်သာယာမြို့သစ် ၌အလုပ်အကိုင်သစ်ဖန်တီး ပေး ရေး အတွက်အ စီ အစဉ်တစ်ရပ်ချမှတ် ဆောင်ရွက် ပေး ရန်လိုအပ်လျက်ရှိသည်ကို ဖော်ပြ နေပါ သည်။ အဆိုပါအစီအစဉ်ကိုအကောင်အထည်ဖော်ဆောင်ရွက် နိုင်သည်နှင့်အမျှလှိုင် သာယာမြို့သစ်တွင်နေထိုင်သူများ ၏စီး ပွါး ရေးတည်တံ့ခိုင်မြဲလာမည်ဖြစ်သည်ကို ဖော်ပြ နေပါသည်။

၂။ နမူနာအိမ်ထောင်စုများ၏တစ်နှစ်ဝင်ငွေရရှိမှုအခြေအနေကို ဇယား (၄-၂-က)အရ လေ့လာရာတွင်ဝင်ငွေအနိမ့်ဆုံးအဆင့်တွင် (၇၀.၁၀) ရာခိုင်နှုန်းရှိ၍အများဆုံးဖြစ်ပြီး၊ ဝင်ငွေအမြင့်ဆုံးအဆင့်တွင် (၉.၆၄) ရာခိုင်နှုန်းရှိသောကြောင့်အနည်းဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ တစ်နှစ်ဝင်ငွေအဆင့်အလိုက်အိမ်ထောင်ဦးစီး၏ အလုပ်အကိုင်အခြေအနေကိုဇယား (၄-၂-ခ)အရ လေ့လာပါကဝင်ငွေအနိမ့်ဆုံး အဆင့်တွင်ဝန်ထမ်းဦးရေ (၂၆.၂၅) ရာခိုင်နှုန်းရှိ၍၊ ဝန်ထမ်းမဟုတ်သူဦးရေမှာ (၇၃.၇၅) ရာခိုင်နှုန်းရှိပြီး၊ ဝင်ငွေအမြင့်ဆုံး အဆင့်တွင်ဝန်ထမ်း (၁၅.၁၅) ရာခိုင်နှုန်းရှိ၍ဝန်ထမ်းမဟုတ်သူမှာ (၈၄.၈၅) ရာခိုင်နှုန်းရှိသည်ကိုတွေ့ရပါသည်။ နမူနာအိမ်ထောင်စုများရှိအိမ်ထောင်ဦးစီးများ၏အလုပ်အကိုင်တွင် ဝန်ထမ်းမှာ (၂၀.၆၄) ရာခိုင်နှုန်းသာရှိ၍ကျန်အိမ်ထောင်ဦးစီးများမှာဝန်ထမ်း မဟုတ်သူများဖြစ်သောကြောင့်ဝင်ငွေ၊ အဆင့်အလိုက်ဝန်ထမ်း လုပ်ကိုင်သူရာခိုင်နှုန်းသည်အဆင့်တိုင်းတွင်နည်းနေရခြင်းဖြစ်ပါသည်။ အိမ်ထောင်ဦးစီး၏အလုပ်အကိုင်အလိုက်ဝင်ငွေရရှိမှုအခြေအနေကို လေ့လာပါကဝင်ငွေအနိမ့်ဆုံးအဆင့်တွင်ဝန်ထမ်းလုပ်ကိုင်သူ (၈၃.၁၅) ရာခိုင်နှုန်းရှိ၍၊ ဝန်ထမ်းမဟုတ်သူ (၆၆.၁၄) ရာခိုင်နှုန်းဖြစ်သဖြင့် ဝန်ထမ်းလုပ်ကိုင်သူများ၏ဝင်ငွေရရှိမှုအခြေအနေထက်ဝန်ထမ်းမဟုတ်သူများ၏ဝင်ငွေရရှိမှုအခြေအနေမှာပိုကောင်းမွန်သည်ကိုတွေ့ရှိရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာဝန်ထမ်းများကအိမ်ထောင်စုဝင်ငွေကိုဖြေကြားရာတွင်မိမိတို့၏လစာနှင့်အခြားအိမ်ထောင်စုဝင်များ၏ဝင်ငွေများကို ဖြေကြားသော်လည်း၊ ၎င်းတို့၏အခြားအပိုဝင်ငွေများကိုမမှတ်မိ၍၊ (သို့မဟုတ်) မဖြေလို၍မဖြေကြားခြင်းကြောင့်ဝန်ထမ်းလုပ်ကိုင်သူများ၏အိမ်ထောင်စုဝင်ငွေမှာလျော့နည်းနေခြင်းဖြစ်နိုင်ပါသည်။ တစ်ဖန်ဝန်ထမ်းမဟုတ်သူအိမ်ထောင်ဦးစီးများ၏ဝင်ငွေရရှိမှုအခြေအနေပို၍ကောင်းမွန်နေခြင်းမှာကျိုင်သာယာမြို့သစ်တွင်အလုပ်အကိုင် အခွင့်အလမ်းရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေကောင်းမွန်ခြင်း တို့ကြောင့်လုပ်ငန်းများတိုးတက်လာပြီးဝင်ငွေရရှိမှုအခြေအနေကောင်း မွန်လာခြင်းဖြစ်နိုင်ပါသည်။

၃။ နမူနာအိမ်ထောင်စုများ၏တစ်နှစ်စုစုပေါင်းအသုံးစရိတ်သုံးစွဲမှုအခြေအနေကို လေ့လာပါကအသုံးစရိတ်အနိမ့်ဆုံးအဆင့်တွင်အိမ်ထောင်စု (၇၃.၆၀) ရာခိုင်နှုန်းပါဝင်၍အများဆုံးဖြစ်ပြီးအသုံးစရိတ်အမြင့်ဆုံး အဆင့်တွင်အိမ်ထောင်စု (၄.၃၉) ရာခိုင်နှုန်းဖြစ်၍အနည်းဆုံးဖြစ်ပါသည်။အိမ်ထောင်စု၏တစ်လစုစုပေါင်းပျမ်းမျှအသုံးစရိတ်ကိုအသုံးစရိတ်အုပ်စု (၇) ခုခွဲခြား လေ့လာကြည့်ရာတစ်လပျမ်းမျှအစားအသောက်အသုံးစရိတ်သည်၊ (၈၃.၁၁) ရာခိုင်နှုန်းရှိ၍အများဆုံးကုန်ကျသည်ကိုတွေ့ရပြီးအိမ်အသုံးအဆောင်ပစ္စည်းကုန်ကျစရိတ်၊အဝတ်အထည်အသုံးစရိတ်၊ ပညာရေးကျန်းမာရေး အသုံးစရိတ်များတွင်အသုံးစရိတ်နိမ့်ကျနေသည်ကို တွေ့ရပါသည်။ ယင်းနှင့်ပတ်သက်၍အိန်ဂျယ်၏ တွေ့ရှိချက်တွင်အစားအသောက် ပေါ်အသုံးစရိတ်အချိုး ကျဆင်းလာခြင်း သည်အိမ်ထောင်စု၏ဝင်ငွေတိုးတက် နေခြင်းဖြစ်သည်ဟု ဖော်ပြထား ခဲ့သည်။ထို့ကြောင့်အိမ်ထောင်စုများ၏အစားအသောက်ပေါ်အသုံးစရိတ်အချိုးကျဆင်း မှသာအဆိုပါအိမ်ထောင်စုများ၏ဝင်ငွေမှာအမှန်တကယ်တိုးတက်လာခြင်းဖြစ်ပေသည်။ အစားအသောက်အသုံးစရိတ်မြင့်မားရခြင်းမှာအခြေခံစားကုန်များ၏ကုန်ဈေး နှုန်းကြီးမြင့်မှုနှင့်ဈေးကစားမှု၊ကုန်စည်ရှားပါးမှုတို့ကြောင့်ဖြစ်နိုင်ပါသည်။ထို့ကြောင့်အခြေခံစားသောက်ကုန်စည်များ၏ ဈေး နှုန်း ကျဆင်း ရန်အထူး လိုအပ်ပါသည်။

ဇယား (၄-၂-ဆ) တွင်တစ်နှစ်စုစုပေါင်းဝင်ငွေရရှိမှုအလိုက်တစ်နှစ်အသုံး စရိတ်သုံး စွဲမှုအခြေအနေကို လေ့လာရာတွင်ဝင်ငွေအနိမ့်ဆုံး အဆင့်၌အသုံး စရိတ်အနိမ့်ဆုံး သုံး စွဲသောအိမ်ထောင်စု(၈၇.၅၀) ရာခိုင်နှုန်း ရှိ၍၊ ဝင်ငွေအဆင့်ထက် ကျော်လွန်သုံးစွဲ သောအိမ်ထောင် စု (၁၂.၅၀)ရာခိုင်နှုန်း ရှိသည်ကို တွေ့ရပါသည်။ဝင်ငွေဒုတိယအဆင့်တွင်အသုံးစရိတ်ဒုတိယအဆင့်သုံးစွဲသူ (၅၉.၄၂) ရာခိုင်နှုန်း ရှိ၍အသုံး စရိတ်အမြင့်ဆုံး သုံး စွဲသူ (၇.၂၂)ရာခိုင်နှုန်း ရှိပါသည်။ ဝင်ငွေအမြင့်ဆုံးအဆင့်တွင်အသုံး စရိတ်အမြင့်ဆုံး သုံး စွဲသူ (၁၅.၁၅) ရာခိုင်နှုန်း ရှိ၍ကျန်အိမ်ထောင်စုများမှာအသုံးစရိတ်နိမ့်သောအဆင့်များတွင်ပါဝင်ပါသည်။ ၎င်းလေ့လာမှုမှအိမ်ထောင်စုများ၏တစ်နှစ်ဝင်ငွေအုပ်စု (၃) ခုတွင်မိမိတို့ရရှိသောဝင်ငွေအ ဆင့်ထက်ပို၍သုံး စွဲသောအိမ်ထောင်စုများ ရှိနေသည်ကိုတွေ့ရှိရ ပေသည်။ အဆိုပါ အိမ် ထောင် စု များ မှာ ဝင်ငွေ အနိမ့် ဆုံး -

အဆင့်၌ ၁၂.၅၀ ရာခိုင်နှုန်း နှင့် ဝင်ငွေ ဒုတိယအဆင့်၌ ၇.၂၅ ရာခိုင်နှုန်း တို့ဖြစ်ပါသည်။ ထိုသို့ ဝင်ငွေထက် စုစုပေါင်း အသုံးစရိတ် ပိုများ နေရခြင်းမှာ ဝင်ငွေကို လျှော့ဖြေခြင်း၊ အသုံးစရိတ်ကို တိုးဖြေခြင်း၊ အခမဲ့ကုန်ပစ္စည်း နှင့် ဆောင်ရွက်မှုများ ကို အသုံး စရိတ် တွင် ဖော်ပြထားခြင်း၊ ပိုင်ဆိုင်ပစ္စည်း ရောင်း၍ ငွေ ချေးငှား၍ ရငွေများ ကိုဝင်ငွေတွင်ထည့်သွင်း မထားပဲ၊ အသုံး စရိတ် တွင်သုံးစွဲထားခြင်း တို့ကြောင့်စုစုပေါင်း အသုံး စရိတ်သည် စုစုပေါင်း ဝင်ငွေထက်ပိုများ နေရခြင်း ဖြစ်ပါသည်။

၄။ နမူနာအိမ်ထောင်စုများ ၏ပညာအဆင့်ကိုဇယား (၄-၃-က)

လေ့လာရာတွင် အိမ်ထောင်ဦး စီး ၏ပညာအဆင့်သည် အလယ်တန်း အဆင့်တွင် ၁၄၁ ဦး ရှိ၍အများ ဆုံး ဖြစ်ပြီး ၊ ဒုတိယအများဆုံးမှာ ဘုန်း ကြီး ကျောင်း အဆင်ဖြစ်၍၊ တတိယအများ ဆုံး မှာမူလတန်းအဆင့် တွင်ဖြစ်ပါသည်။ စာမတတ်သူမှာ ၆ ဦး ရှိ၍၊ တက္ကသိုလ်ပညာအဆင့် တွင်လည်း ၆ ဦး ရှိပြီး ၊ အနည်း ဆုံး ဖြစ်သည်ကို တွေ့ရပါသည်။

အိမ်ထောင်ဦး စီး ၏ပညာအဆင့်နှင့် ဖခင်၏ပညာ အဆင့်တို့၏ ဆက်စပ်မှုကို လေ့လာရာတွင်ဖခင်စာမတတ် သောအဆင့် တွင် ဦး စီး ၏ ပညာအဆင့်မှာဘုန်း ကြီး ကျောင်းမှအလယ်တန်းအဆင့် တွင်ရှိပြီး ၊ ဖခင်၏ပညာအဆင့်သည်ဘုန်း ကြီး ကျောင်း အဆင့်မှ အလယ် တန်း အဆင့်တွင် အိမ်ထောင်ဦး စီး ၏ပညာအဆင့်သည်စာ မတတ် သောအဆင့်တွင် ၁.၈၉ ရာခိုင်နှုန်း ရှိ၍၊ ဘုန်း ကြီး ကျောင်း အဆင့်မှ အလယ်တန်း အဆင့်တွင် ၈၃.၉၁ ရာခိုင်နှုန်း ရှိ၍၊ ၁၄.၂၀ ရာခိုင်နှုန်း မှာ အထက်တန်း အဆင့်မှ တက္ကသိုလ်အဆင့်တွင်ပါဝင်နေ သည်ကို တွေ့ရပါသည်။ ဖခင်၏ပညာ အမြင့်ဆုံး အဆင့်တွင် အိမ် ထောင် ဦး စီး ၏ပါဝင်မှု ရာခိုင်နှုန်း မှာ စာမတတ်သူလုံး ဝမရှိသည့် အပြင် ဘုန်း ကြီး ကျောင်း မှ အလယ်တန်း အဆင့်တွင် ၈၀.၉၅ ရာခိုင်နှုန်း နှင့်အထက်တန်း မှ တက္ကသိုလ်ပညာအဆင့်တွင် ၁၉.၀၅ ရာခိုင် နှုန်း ပါဝင်နေသည်ကို တွေ့ရပါသည်။

ကို ကြောင့်ဖခင်၏ပညာအဆင့်မြင့်မား လာလျှင်သား သမီးကို၏ ပညာအဆင့်မှာ ဖခင်လောက်မမြင့်မားသည့် တိုင် အနိမ့်ဆုံး အဆင့်တွင်ပါဝင်မှုနည်း သည်ကို တွေ့နိုင်ပါသည်။

ဘဖန်အိမ်ထောင်ဦး စီး၏ ပညာအဆင့်အလိုက်အလုပ် အကိုင်အခြေအနေကိုဇယား (၄-၃-၀) အရ လေ့လာရာတွင်ပညာ အဆင့်မြင့်လာသည်နှင့်အမျှ အစိုး ရဝန်ထမ်း ဝင်ငွေရောက် လုပ်ကိုင် သူရာခိုင်နှုန်း တိုး လာသည်ကို တွေ့ရ၍ ပညာအဆင့်မြင့်မားသူများ အနက်အများစုသည် ဝန်ထမ်း လုပ်ကိုင်လိုသူများ ဖြစ်ကြောင်း တွေ့ရ ပေသည်။ နမူနာအိမ်ထောင်စုများ တွင် ပညာအဆင့်မှာ အလယ် တန်း အဆင့်ထိတက်မြောက်သူရာခိုင်နှုန်း မှာအများ ဆုံး ဖြစ်၍ ၊ ယင်း အဆင့်တွင် အလုပ်အကိုင်အခြေအနေသည် ပုဂ္ဂလိကတွင်ဝင်ငွေရောက် လုပ်ကိုင်သူ ၄၃.၂၀ ရာခိုင်နှုန်း ပါဝင်သဖြင့် အများ ဆုံး ဖြစ်ကြောင်း တွေ့ရပါသည်။

အိမ်ထောင်ဦး စီး ၏ပညာအဆင့်ကိုအသက်အုပ်စု နှစ်စု ခွဲခြား၍ လေ့လာရာတွင် အသက် ၄၀ နှစ် အထက်အိမ်ထောင်ဦးစီး များ ၏ ပညာအဆင့်မှာ စာမတတ်သောအဆင့်တွင် ၂.၈၉ ရာခိုင် နှုန်း ရှိ၍၊ ဘုန်းကြီး ကျောင်း အဆင့်မှအလယ်တန်း အဆင့်တွင် - ၀၂.၅၉ ရာခိုင်နှုန်း ရှိပြီး ၊ အထက်တန်း မှတက္ကသိုလ်အဆင့်တွင် - ၁၄.၄၂ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရသည်။ အသက်၄၀ နှစ် နှင့် ၄၀ နှစ် အောက်အုပ်စုတွင် အိမ်ထောင်ဦး စီး များ ၏ပညာအဆင့် မှာ စာမတတ်သူလုံး ဝမပါဝင်ပဲ၊ ဘုန်းကြီး ကျောင်း အဆင့်မှအလယ် တန်း အဆင့်တွင် ၈၅.၈၂ ရာခိုင်နှုန်း ရှိ၍၊ ပညာအမြင့်ဆုံး အဆင့် တွင် ၁၄.၁၈ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရပါသည်။ ဤ လေ့လာမှု တွင် အသက် ၄၀နှစ်နှင့် ၄၀နှစ် အောက်အိမ်ထောင်ဦး စီး များ တွင်စါ မတတ်သူလုံး ဝမရှိခြင်း ကို တွေ့ရပါသည်။ ထိုသို့စာမတတ်သူလုံး ဝမရှိခြင်း သည် နိုင်ငံတော်အစိုး ရအနေဖြင့် (၁၉၇၀) ခုနှစ် နောက်ပိုင်းတွင် စာမတတ်သူ ပပျောက်ရေး နှင့်ပညာအဆင့်မြင့်မား စေရေး အ တွက်ဆောင်ရွက်ပေး ခဲ့ခြင်း ကြောင့် ဖြစ်ပါသည်။ အထူး သဖြင့် အိမ် ထောင်စုတိုင်း တွင်သား သမီး အား လုံး ကျောင်း မနေသူမရှိ သ

လောက်နည်းပါးသွားသည်ကို တွေ့ရပါသည်။

၅။ လှိုင်သာယာမြို့သစ်ရှိ နမူနာအိမ်ထောင်စုများ၏ လူမျိုး၊ ဘာသာနှင့် အသက်အုပ်စုများကို လေ့လာပါက မြန်မာလူမျိုး ၈၇.၇၂ ရာခိုင်နှုန်းရှိ၍ အများဆုံးဖြစ်ပြီး၊ နိုင်ငံခြားသားလုံးဝမပါဝင်သည်ကို တွေ့ရပါသည်။ ကိုးကွယ်သည့်ဘာသာအနေဖြင့် လေ့လာခဲ့သည့်နမူနာအိမ်ထောင်စုအားလုံးသည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပါသည်။

အိမ်ထောင်ဦးစီးများတွင် ကျား/မ အလိုက်အသက်အုပ်စုကို လေ့လာရာတွင် အမျိုးသားအိမ်ထောင်ဦးစီးများသည် အသက် ၄၅ နှစ်အောက်တွင် ၅၈.၀၆ ရာခိုင်နှုန်းရှိ၍၊ အများဆုံးဖြစ်သည်ကို တွေ့ရပါသည်။ အမျိုးသမီးအိမ်ထောင်ဦးစီးတွင်မူ အသက် ၄၅ နှစ်နှင့်အထက်အုပ်စုတွင် ၇၆.၁၉ ရာခိုင်နှုန်းရှိသဖြင့် အသက်ကြီးသောအုပ်စုတွင်ပိုများသည်ကို တွေ့ရပါသည်။ အိမ်ထောင်ဦးစီးများတွင်အမျိုးသားပါဝင်မှုရာခိုင်နှုန်းသည်အမျိုးသမီးပါဝင်မှုရာခိုင်နှုန်းထက်သိသာစွာများနေခြင်းမှာ- မြန်မာနိုင်ငံတွင် ဓလေ့ထုံးစံအရ အိမ်ထောင်ဦးစီးအဖြစ်အမျိုးသားများကသာလုပ်ကိုင်လေ့ရှိပြီး၊ အမျိုးသားမရှိတော့သည့်အချိန်မှသာ ဇနီးဖြစ်သူအမျိုးသမီးများသည် အိမ်ထောင်ဦးစီးအဖြစ်ဆက်လက်တာဝန်ယူရခြင်းကြောင့် အသက် ၄၅ နှစ်နှင့်အထက်အုပ်စုတွင် အမျိုးသမီးအိမ်ထောင်ဦးစီးပါဝင်မှုရာခိုင်နှုန်းပိုများနေသည်ကို တွေ့ရပါသည်။

၆။ အိမ်ထောင်စုများ၏ နေထိုင်မှုအခြေအနေကိုဇယား (၄-၅-၈) လေ့လာရာတွင် နေအိမ်အမျိုးအစား (၃) ခုခွဲခြားလေ့လာခဲ့သော်လည်း၊ ပျဉ်ထောင်အိမ်နှင့်တဲအိမ်အမျိုးအစားသာပါဝင်၍ တိုက်အိမ်လုံးဝမပါဝင်ခဲ့ပေ။ နမူနာအိမ်ထောင်စုများ၏ နေအိမ်အမျိုးအစားတွင်ပျဉ်ထောင်အိမ် ၅၃.၅၁ ရာခိုင်နှုန်းပါဝင်၍ အများဆုံးဖြစ်ပြီး၊ ကျန်နေအိမ်များမှာတဲအိမ်များဖြစ်သည်ကို တွေ့ရပါသည်။ ပျဉ်ထောင်အိမ်အမျိုးအစားတွင် အိမ်ပိုင်ဆိုင်သူအိမ်ထောင်စုမှာ ၉၀.၃၆ ရာခိုင်နှုန်းရှိ၍၊ ကျန်အိမ်ထောင်စုများမှာအိမ်ငှားနေထိုင်သူများဖြစ်ပါသည်။ အလားတူပင်တဲအိမ်အမျိုး

အစား ၅ှအိမ်နပိုင်ဆိုင်သူအိမ်ထောင်စုမှာ ၉၄.၃၄ ရာခိုင်နှုန်းရှိ၍၊ တဲအိမ် ၅.၆၆ ရာခိုင်နှုန်း မှာအိမ်ငှား နေထိုင်သူများဖြစ်ကြပါသည်။ ထို့ကြောင့် ပြောင်း ရွှေ့နေထိုင်ကြသောအိမ်ထောင် စုများ တွင်အိမ်ပိုင်ဆိုင်သူအိမ်ထောင်စုမှာ ၉၆.၄၉ ရာခိုင်နှုန်းရှိ၍ အများဆုံး ဖြစ်ပြီး ၊ အိမ်ငှားနေထိုင်သူအိမ်ထောင်စုမှာ ၃.၅၁ ရာခိုင်နှုန်း ပါဝင်နေပါသည်။ အဆိုပါအိမ်ငှား နေထိုင်သူများသည် လှိုင်သာယာသို့အလုပ်အကိုင်ကြောင့်နှင့်အခြား လူမှုရေး ၊ စီး ပွား ရေး အရ မိမိဆန္ဒအလျောက် ပြောင်း ရွှေ့လာသူများ ဖြစ်သည် ကို တွေ့ရပြီး ၊ ကျူး ကျော်ဖြစ်၍ ပြောင်း ရွှေ့လာသူအိမ် ထောင်စုများ မတွေ့သည်ကို တွေ့ရပါသည်။ ထို့ကြောင့်လှိုင်သာယာမြို့သစ်တွင်ကျူးကျော်ဖြစ်၍ ပြောင်း ရွှေ့လာသူများ အပြင်၊ မိမိဆန္ဒအလျောက်အခြားအကြောင်း များ ကြောင့်ပြောင်း ရွှေ့လာသူများ ပါဝင်နေသည် ကို တွေ့ရပေသည်။ ယင်း အကြောင်း များ မှာ– အိမ် မြေတန်ဘိုးသက်သာ၍လည်း ကောင်း ၊ အလုပ်အကိုင် ကြောင့်လည်း ကောင်း၊ ဆွေမျိုးမိတ်ဆွေရှိသော ကြောင့်လည်း ကောင်း ပြောင်း ရွှေ့နေထိုင်သူများ ပါဝင်နေခြင်း ဖြစ်ပါသည်။

နမူနာအိမ်ထောင်စုများ ၏ နေထိုင်မှုအခြေအနေကို လေ့လာရာတွင် နေအိမ်များ တွင်လျှပ်စစ်မီး တပ်ဆင်မှုရှိ၊ မရှိနှင့် ရေရယူသုံး စွဲပုံကို လေ့လာစဲ့ပါသည်။ နမူနာအိမ် ထောင်စုများ တွင်လျှပ်စစ်မီး တပ်ဆင်ပြီး နေအိမ်မှာ ၃.၂၈ ရာခိုင်နှုန်း သာ တပ်ဆင်မှုရှိပြီး ၊ ကျန်အိမ် ထောင်စုများ မှာလျှပ်စစ်မီး မတပ်ဆင်ရသေး ကြောင်း တွေ့ရှိရပါသည်။ လျှပ်စစ်မီး တပ်ဆင်ပြီးနေ အိမ် အရိုး အစား မှာပျဉ် ထောင်အိမ်များ ဖြစ်ပါသည်။ လျှပ်စစ်မီး မတပ်ဆင်ရသေး သောအိမ် ထောင်စုများ သည်လှိုင်သာယာသို့ ပြောင်း ရွှေ့လာသည့်အချိန်မှာ ၁၉၉၀ ခုနှစ်နှင့် ၁၉၉၁ ခုနှစ်တွင် ပြောင်း ရွှေ့လာသူများ ဖြစ်သော ကြောင့်လည်း ကောင်း ၊ လျှပ်စစ်မီးတပ်ဆင်ရန် လျှောက်ထား ဆဲဖြစ်သော ကြောင့်လည်း ကောင်း လျှပ်စစ်မီး မတပ်ဆင်ရသေး ခြင်း ဖြစ်သည်ကို တွေ့ရပါသည်။ လှိုင်သာယာမြို့ သစ်တွင် ကျူး ကျော်များ ကို (၁၉၈၉) ခုနှစ် နောက်ပိုင်း တွင် ပြောင်း

ရွှေ့နေရာချထား ခဲ့ခြင်း ဖြစ်ရာ၊ ယခု လေ့လာ သော အိမ်ထောင်စုများ တွင် အများ စုသည် (၁၉၅၀) ခုနှစ်တွင်ဝင် ရောက်လာသူများ ဖြစ်ကြသည်ကို တွေ့ရှိရ ပေသည်။ အိမ်ထောင်စုများ ၏ ရေရယူသုံးစွဲပုံမှာ–အဓိက ရေတွင်းကန်များ မှလည်း ကောင်း၊ ပုဂ္ဂလိကပိုင် ရေတွင်း များ မှလည်း ကောင်း ရယူသုံး စွဲကြသည်ကို တွေ့ရှိရ ပေသည်။

ဖျိုင်သာယာမြို့သစ်သို့ ပြောင်း ရွှေ့လာသူများ ၏ ဝင်ငွေနှင့်အသုံး စရိတ်များ ကို မပြောင်း ရွှေ့မီ ဝင်ငွေနှင့်အသုံး စရိတ်များ နှင့်နှိုင်း ယှဉ် လေ့လာ ချက်များ မှ တွေ့ရှိချက်များ အား လည်း ကောင်း၊ နေအိမ်အခြေအနေကို ပြောင်း ရွှေ့ပြီး နှင့် မပြောင်း ရွှေ့မီနှိုင်း ယှဉ် လေ့လာ ချက်မှ တွေ့ရှိချက်များ အား လည်း ကောင်း သုံး သပ်တင်ပြသွား ပါမည်။

(၁) ပြောင်း ရွှေ့ပြီး ချိန်တွင် အိမ် ထောင်စုများ ၏ ဝင် ငွေအဆင့်အလိုက် ပါဝင်မှုရာခိုင်နှုန်း သည် ဝင်ငွေအနိမ့်ဆုံး အဆင့်တွင် ၅၀.၁၀ ရာခိုင်နှုန်း ဖြစ်ပြီး၊ မပြောင်း ရွှေ့မီက ထိုအဆင့်တွင် ၈၀.၃၇ ရာခိုင်နှုန်း ပါဝင်ပါသည်။ ထို့ကြောင့်မပြောင်း ရွှေ့မီအချိန်ကထက် ပြောင်း ရွှေ့ပြီး ချိန် တွင်ဝင်ငွေပိုမိုရရှိလာသည့်အခြေအနေရှိ ပေသည်။ ထို့ပြင် ပြောင်း ရွှေ့ပြီး ချိန်တွင် မပြောင်း ရွှေ့မီကထက် ဝင်ငွေမြင့်မား သောအဆင့်များ တွင်အိမ် ထောင်စုပါဝင်မှုရာခိုင်နှုန်း တက်လာသည်ကို တွေ့ရှိရ ပေသည်။ ပြောင်း ရွှေ့ပြီး ချိန်တွင်မပြောင်း ရွှေ့မီကထက် အိမ် ထောင်စုများ ၏ဝင်ငွေတိုး လာခြင်း သည် ဝင်ငွေပိုမိုရရှိသော အလုပ်အကိုင်သို့ ပြောင်း လဲလုပ်ကိုင်ခြင်း၊ အိမ် ထောင်စုတွင်ဝင် ငွေရှာဖွေသူတိုး လာခြင်း၊ မပြောင်း ရွှေ့မီကထက် ပြောင်း ရွှေ့ပြီးချိန်တွင်အလုပ်အကိုင်ပိုမိုအဆင် ပြေ၍၊ ဝင်ငွေတိုး လာခြင်း တို့ကြောင့်ဖြစ်နိုင်ပါသည်။

(၂) ပြောင်း ရွှေ့ပြီး ချိန်နှင့်မပြောင်း ရွှေ့မီအိမ် ထောင်စုများ၏ တစ်နှစ်စုစု ပေါင်း အသုံး စရိတ်အခြေအနေကိုနှိုင်း ယှဉ် လေ့လာ ပါကပြောင်း ရွှေ့ပြီး ချိန်တွင် အသုံး စရိတ်အနိမ့်ဆုံး အဆင့်တွင်အိမ် ထောင်စု ၃၃.၆၁ ရာခိုင်နှုန်း ရှိ၍၊ မပြောင်း ရွှေ့မီက ထိုအဆင့်တွင်အိမ် ထောင် စု

၉၀.၆၃ ရာခိုင်နှုန်း ပါဝင်ကြောင်း တွေ့ရှိရပါသည်။ အလားတူ ပြောင်းရွှေ့ပြီး ချိန်၌ အသုံးစရိတ်အဆင့်များတွင်အိမ်ထောင်စု ပါဝင်မှုရာခိုင်နှုန်းသည် မပြောင်းရွှေ့မီကထက်တိုးလာသည်ကို တွေ့ရှိရပါသည်။ ယင်းအချက်ကို လေ့လာပါက အိမ်ထောင်စုများ၏ဝင်ငွေရရှိမှုအခြေအနေတိုးတက်လာသကဲ့သို့၊ အိမ်ထောင်စုများ၏ စုစုပေါင်းအသုံးစရိတ်သည်လည်းတိုးလာသည်ကို တွေ့ရှိရပေသည်။ထို့ကြောင့် စုစုပေါင်းအသုံးစရိတ်တိုးလာခြင်းတွင်မည်သည့်အသုံးစရိတ်တွင် မည်မျှသုံးစွဲသည်ကို လေ့လာနိုင်ရန်အသုံးစရိတ်ကိုအုပ်စု(၇)စုခွဲခြားပြီး၊ အုပ်စုတစ်ခုစီအလိုက် တစ်လပျမ်းမျှအသုံးစရိတ်များဖြင့်ဇယား (၄-၈)တွင်ဖော်ပြထားပါသည်။ ပြောင်းရွှေ့ပြီးအိမ်ထောင်စုများ၏တစ်လစုစုပေါင်းပျမ်းမျှအသုံးစရိတ်တွင်အသုံးစရိတ်တစ်ခုချင်းအလိုက်သုံးစွဲမှုရာခိုင်နှုန်းနှင့် မပြောင်းရွှေ့မီတစ်လ စုစုပေါင်းပျမ်းမျှအသုံးစရိတ် တွင်အသုံးစရိတ် တစ်ခုချင်းအလိုက်သုံးစွဲမှုရာခိုင်နှုန်းများကိုဇယား(၄-၁၁)တွင်နှိုင်းယှဉ်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယင်းအချက်များပေါ်အခြေခံ၍ တွေ့ရှိချက်များကိုအကျဉ်းချုပ်၍ ဖော်ပြပါမည်။

အိမ်ထောင်စုများ၏တစ်လစုစုပေါင်းပျမ်းမျှအသုံးစရိတ်တွင်အစားအသောက်ပေါ်အသုံးစရိတ်ရာခိုင်နှုန်းသည် ပြောင်းရွှေ့ပြီးအချိန်တွင် ၈၃.၁၁ရာခိုင်နှုန်းဖြစ်၍၊မပြောင်းရွှေ့မီအချိန်က ၈၄.၁၉ရာခိုင်နှုန်းဖြစ်ပါသည်။ မပြောင်းရွှေ့မီနှင့်ပြောင်းရွှေ့ပြီး အခြေအနေနှစ်မျိုးစလုံးတွင်အိမ်ထောင်စုများ၏စုစုပေါင်းအသုံးစရိတ်အနက်အစားအသောက်ပေါ်သုံးစွဲမှုရာခိုင်နှုန်းမှာအများဆုံးဖြစ်၍၊ ပြောင်းရွှေ့ပြီးချိန်တွင်မပြောင်းရွှေ့မီကထက်အစားအသောက်အသုံးစရိတ်ရာခိုင်နှုန်းငယ်လျော့ကျသွားကြောင်း တွေ့ရပေသည်။ စုစုပေါင်းအသုံးစရိတ်အနက်အဝတ်အထည်အသုံးစရိတ်၊ အိမ်အသုံးအဆောင်ပစ္စည်းလွန်ကျစရိတ်၊ ပညာရေးအသုံးစရိတ်တို့မှာ မပြောင်းရွှေ့မီကထက်ပြောင်းရွှေ့ပြီးချိန်တွင်နိမ့်ကျသွားသည်ကို တွေ့ရပါသည်။ သို့သော်ကျန်းမာရေးအသုံးစရိတ်၊ ခရီးစရိတ်နှင့်အထွေထွေစရိတ်များသည်မပြောင်းရွှေ့မီကထက်ပြောင်း

ရွှေပြီး ချိန်တွင်တက်လာသည်ကို တွေ့ရပါသည်။ အဆိုပါစရိတ်(၃)ခုအနက် ခရီးစရိတ်မှာ မပြောင်းရွှေ့မီက ၂.၂၆ရာခိုင်နှုန်း သာကုန်ကျခဲ့ပြီး ၊ ပြောင်းရွှေ့ပြီး ချိန်တွင် ၅.၉၄ရာခိုင်နှုန်း ကုန်ကျလာခဲ့ပေသည်။ ထိုသို့ခရီး စရိတ်မြင့်လာခြင်း မှာ– လှိုင်သာယာမြို့သစ်မှ အလုပ်အကိုင်ရှိရာ ရန်ကုန်ဘက်သို့အဆင့်ဆင့်လာ ရောက်ရသော ကြောင့် ဖြစ်ပါသည်။ ယင်း နှင့်ပတ်သက်၍ အိမ်ထောင်ဦး စီး၏အလုပ်အကိုင်ကို အလုပ်အကိုင်ရှိရာ ဒေသအုပ်စု(၂)ခုခွဲ၍ ဇယား (၄–၉)တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ထိုဇယား အရ လှိုင်သာယာတွင်လုပ်ကိုင်သူမှာ ၃၄.၂၀ရာခိုင်နှုန်း ရှိ၍၊ ရန်ကုန်နှင့်အခြား ဒေသများ တွင်သွား ရောက်လုပ်ကိုင်သူမှာ ၆၅.၈၉ ရာခိုင်နှုန်း ရှိသည်ကို လေ့လာ တွေ့ရှိရပါသည်။ လှိုင်သာယာတွင်လုပ်ကိုင်သူများ အနက်အများ စုသည် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများ ဖြစ်သည်ကို တွေ့ရပြီး ၊ ရန်ကုန်နှင့်အခြား ဒေသတွင်လုပ်ကိုင်သူများ အနက်အများ စုသည်ပုဂ္ဂလိကလုပ်ငန်း များ တွင်ဝင် ရောက်လုပ်ကိုင်သူများ ဖြစ်၍၊ ဒုတိယအများ ဆုံး မှာ အစိုး ရဝန်ထမ်း လုပ်ကိုင်သူများ ဖြစ်သည် ကို တွေ့ရပါသည်။ အိမ်ထောင်စုများ အနက်များ စုသည် ရန်ကုန်တွင်လုပ်ကိုင်သူရာခိုင်နှုန်း ပို၍များ ပြီး ၊ ထိုသို့ဖြစ်ရခြင်း မှာလည်း မပြောင်းရွှေ့မီကရန်ကုန်မြို့တွင်လုပ်ကိုင်ခဲ့သူများ အနေဖြင့် ပြောင်းရွှေ့ပြီး ချိန် တွင်လည်း ရန်ကုန်မြို့တွင်ပင် ဆက်လက်လုပ်ကိုင် နေခြင်း ကြောင့် ဖြစ်နိုင်ပါသည်။ ထို့ကြောင့် လှိုင်သာယာမြို့သစ်တွင် နေထိုင်သူများ အနေဖြင့် လှိုင်သာယာမြို့နယ်အတွင်း၌ပင်အလုပ်အကိုင်များ ရရှိစေရန်စက်ရုံ၊ အလုပ်ရုံများတည်ဆောက်ရန်လိုအပ်လျက်ရှိရာ၊ နိုင်ငံတော်အနေဖြင့် လှိုင်သာယာမြို့ သစ်တွင် စက်မှုဇုံများ တည်ဆောက်ပေး ခြင်း ၊ စက်ရုံအလုပ်ရုံများ အားတည်ဆောက်ပေး ခြင်း ၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံများ ကိုနေရာချပေး ခြင်းဖြင့် လာမည့်အနာဂတ် တွင်အလုပ်အကိုင်အခွင့်အလမ်း များ ပေါ်များ လာမည်ဖြစ်ပေသည်။ (၁၉၉၂)ခုနှစ်တွင် နိုင်ငံတော်အစိုး ရအနေ ဖြင့် လှိုင်သာယာနေ ပြည်သူလူထု၏စီး ပွား ရေး တိုး တက် စေရန်နှင့် အလုပ်အကိုင်ရရှိ စေရန်ရည်ရွယ်၍၊ တပ်မတော်အထည်ချုပ်စက်ရုံကိုဖွင့်လှစ် ဆောင်ရွက်ပေး ခဲ့ပေသည်။

လှိုင်သာယာတွင်လုပ်ကိုင်သူအများစုမှာ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများဖြစ်၍၊ အဆိုပါပုဂ္ဂိုလ်များအနေဖြင့် အရင်းအနှီး စိုက်ထုတ်နိုင်လျှင်ရန်ကုန်တွင်လုပ်ကိုင်ခြင်းထက် မိမိတို့နေထိုင်ရာမြို့နယ်တွင်လုပ်ကိုင်ခြင်းဖြင့် ခရီးစရိတ်သက်သာခြင်း၊ သွားလာရသည့်အချိန်ကုန်သက်သာခြင်းနှင့်ဝင်ငွေကောင်းမွန်ခြင်းတို့ကြောင့် လှိုင်သာယာတွင် လုပ်ကိုင်ကြခြင်းဖြစ်နိုင်ပါသည်။

အိမ်ထောင်စုများ၏စုစုပေါင်းအသုံးစရိတ် အနက် အဝတ်အထည်အသုံးစရိတ်၊ အိမ်အသုံးအဆောင်ပစ္စည်းအသုံးစရိတ်တို့မှာ အလွန်နိမ့်ကျနေခြင်းကြောင့်၊ အိမ်ထောင်စုများသည်ဝင်ငွေ၏ရာခိုင်နှုန်းအများစုအား အစားအသောက်အသုံးစရိတ်တွင်ကျခံနေရသဖြင့် အဆိုပါအသုံးစရိတ်များတွင်နိမ့်ကျနေခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့်အစားအသောက်ပေါ်သုံးစွဲသည့်ရာခိုင်နှုန်း လျော့နည်းသွားစေရန် အခြေခံစားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာဖြင့် လိုအပ်သည့်အချိန်တွင်လိုအပ်သည့်နေရာ၌ဖြည့်ဆည်းပေးနိုင်ရန်အလွန်အရေးကြီးပေသည်။ အခြေခံစားသောက်ကုန်စည်များဈေးနှုန်းကြီးမြင့်နေမှုသည် ကုန်သည်များ၏ဈေးကစားမှုနှင့်ကုန်စည်များရှားပါးမှုကြောင့် ဖြစ်ပေါ်လာရသည်ဟုယူဆမိပါသည်။ လှိုင်သာယာမြို့နေပြည်သူများ၏အစားအသောက်အသုံးစရိတ်ရာခိုင်နှုန်းကျဆင်းလာခြင်းသည် ယင်းတို့၏ဝင်ငွေအမှန်တကယ်တိုးတက်လာခြင်းဖြစ်သဖြင့် အစားအသောက်အသုံးစရိတ် ကျဆင်းစေရန် အခြေခံကုန်စည်များဈေးနှုန်းကျဆင်းရေးအတွက်အခြေခံစားသောက်ကုန်စည်များ ဖူလုံစွာဖြည့်တင်းပေးနိုင်ရန်အရေးကြီးပါသည်။ ထိုအချက်ကို နိုင်ငံတော်ကသာမက၊ ပြည်သူများအနေဖြင့် ပူးပေါင်းဖြေရှင်းသင့်ပေသည်။

အိမ်ထောင်စုများ၏တစ်လပျမ်းမျှပညာရေးအသုံးစရိတ်တွင် ပြောင်းရွှေ့ပြီးအချိန်၌ ၅၁.၇၇ကျပ်ဖြစ်၍၊ မပြောင်းရွှေ့မီအချိန်၌ ၄၉.၃၁ကျပ်ဖြစ်သော်လည်း၊ တစ်လပျမ်းမျှပညာရေးအသုံးစရိတ်တွင် သုံးစွဲသည့်ရာခိုင်နှုန်းမှာမူ မပြောင်းရွှေ့မီကထက် ပြောင်းရွှေ့ပြီးချိန်တွင် လျော့နည်းသွားပေသည်။

အိမ်ထောင်စုများ၏တစ်လပျမ်းမျှကျန်းမာရေးအသုံးစရိတ်တွင်သုံးစွဲသည့်ရာခိုင်နှုန်းမှာ ပြောင်းရွှေ့ပြီးချိန်တွင် ၃.၆၉ ရာခိုင်နှုန်းဖြစ်၍၊ တစ်လပျမ်းမျှကျန်းမာရေးအသုံးစရိတ်မှာ ၆၇.၇၄ ကျပ်ဖြစ်ပါသည်။ အဆိုပါအသုံးစရိတ်အား မပြောင်းရွှေ့မီက သုံးစွဲသည့် ရာခိုင်နှုန်းမှာ ၃.၅၀ ရာခိုင်နှုန်းဖြစ်၍၊ ၄၉.၇ ဘက်ကျော်ကျန်ကျသည်ကိုတွေ့ရပါသည်။ ထို့ကြောင့် နမူနာအိမ်ထောင်စုများ၏တစ်လပျမ်းမျှ ကျန်းမာရေးအသုံးစရိတ်သည် မပြောင်းရွှေ့မီကထက် ပြောင်းရွှေ့ပြီးအချိန်တွင်တက်လာသည်ကိုတွေ့ရပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကျန်းမာရေးအသုံးစရိတ်သုံးစွဲမှုရာခိုင်နှုန်းတိုးမြင့်လာခြင်းသည် ထိုနိုင်ငံရှိလူများ၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာခြင်းဖြစ်သည်ဟုဆိုနိုင်သော်လည်း၊ မြန်မာနိုင်ငံတွင် ကျန်းမာရေးအသုံးစရိတ်ကို ကျန်းမာစေရန်အထောက်အကူပြုစေသည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ အားကစားကိရိယာများဝယ်ယူခြင်းထက်၊ နာမကျန်းဖြစ်ချိန်တွင် ဆေးဝါးကုသမှုစရိတ်ကိုသာ ဖြေကြားခြင်းတို့တွေ့ရသဖြင့်၊ ကျန်းမာရေးအသုံးစရိတ်မြင့်တက်လာခြင်းသည် ကျန်းမာရေးအဆင့်မြင့်လာသည်ဟုမဆိုနိုင်ပါချေ။ ကျန်းမာရေးအဆင့်မြင့်မားလာစေရန် အားကစားနှင့် ကိုယ်လက်ကြံ့ခိုင်ရေးလုပ်ငန်းများ ၊ တကိုယ်ရေသန့်ရှင်းမှုများ၊ ဆေးရုံနှင့်ဆေးခန်းများတွင်ဆရာဝန်လုံလောက်စွာရှိမှု၊ ဆေးဝါးလုံလောက်မှုနှင့်ကုသမှုထိရောက်မှု တို့လိုအပ်ပါသည်။

(၃)ပြောင်းရွှေ့ပြီးနှင့် မပြောင်းရွှေ့မီအိမ်ထောင်စုများ၏နေထိုင်မှုအခြေအနေကိုလေ့လာရာတွင် ပြောင်းရွှေ့ပြီးချိန်တွင်ပျဉ်ထောင်အိမ်အမျိုးအစား ၅၃.၅၁ ရာခိုင်နှုန်းရှိ၍၊ တဲအိမ်အမျိုးအစားမှာ ၄၆.၄၉ ရာခိုင်နှုန်းရှိပါသည်။ မပြောင်းရွှေ့မီကအိမ်ထောင်စုများ၏နေထိုင်မှုအခြေအနေမှာ ပျဉ်ထောင်အိမ် ၅၇.၃၁ ရာခိုင်နှုန်းပါဝင်၍၊ တဲအိမ်အမျိုးအစား ၄၂.၆၉ ရာခိုင်နှုန်းပါဝင်ပါသည်။ မပြောင်းရွှေ့မီနှင့်ပြောင်းရွှေ့ပြီးအခြေအနေနှစ်မျိုးစလုံးတွင်တိုက်အိမ်အမျိုးအစား မပါဝင်ခဲ့ပေ။ အိမ်ပိုင်ဆိုင်မှုအခြေအနေကိုလေ့လာပါက မပြောင်းရွှေ့မီ

က အိမ်ပိုင်ဆိုင် သောအိမ်ထောင်စု ၇၉.၄၇ ရာခိုင်နှုန်း ဖြစ်၍၊ ပြောင်း ရွှေ့ပြီး ချိန်တွင် ၉၆.၄၉ ရာခိုင်နှုန်း သို့တိုး လာသည်ကို တွေ့ရပါသည်။ ထို့ ကြောင့် ပြောင်း ရွှေ့ပြီး ချိန် တွင်အိမ်ပိုင်ဆိုင် သောအိမ် ထောင်စုဦး ရေ သည် မ ပြောင်း ရွှေ့မီကထက်တိုး လာသည်ကို တွေ့ရပါသည်။ တစ်ဖန် မ ပြောင်း ရွှေ့မီက အိမ်ပိုင်ဆိုင် သောအိမ် ထောင်စုများ အနက်၊ ပျဉ်ထောင်အိမ် အ မျိုး အစား မှာ ၅၇.၅၂ ရာခိုင်နှုန်း သာ၍ပြီး ၊ ပြောင်း ရွှေ့ပြီးချိန် တွင် ၅၄.၅၅ ရာခိုင်နှုန်း သို့ လျော့နည်း သွား ပါသည်။ သို့သော် လည်း မ ပြောင်း ရွှေ့မီ ကပျဉ်ထောင်အိမ်အမျိုး အစား ဖြင့် နေထိုင် သောအိမ်ထောင် စုများ ၏အိမ်ပိုင်ဆိုင်မှုရာခိုင်နှုန်း သည် ၇၉.၇၀ ရာခိုင်နှုန်း ဖြစ် ၍၊ ပြောင်း ရွှေ့ပြီး ချိန်တွင်ပျဉ်ထောင်အိမ်ဖြင့် နေထိုင် သောအိမ် ထောင်စု များ အနက် ၉၇.၃၆ ရာခိုင်နှုန်း ဖြစ်သည်ကို တွေ့ရပါသည်။ ထို့ကြောင့်ပျဉ် ထောင်အိမ်အမျိုး အစား များ တွင်အိမ်ပိုင်ဆိုင်သည့်ရာခိုင်နှုန်း သည် မ ပြောင်း ရွှေ့မီကထက် ပြောင်း ရွှေ့ပြီး အချိန်တွင် တက်လာသည်ကို တွေ့ရပါ သည်။ အလားတူ ပင် မ ပြောင်း ရွှေ့မီက တဲအိမ်အမျိုး အစား ဖြင့် နေထိုင် သော အိမ် ထောင်စုများ အနက်အိမ်ပိုင်ဆိုင်မှုရာခိုင်နှုန်း မှာ ၇၉.၀၄ရာ ခိုင်နှုန်း ဖြစ်၍၊ ပြောင်း ရွှေ့ ပြီး ချိန်တွင် ၉၄.၃၄ရာခိုင်နှုန်းသို့တက် လာသည်ကို တွေ့ရပါသည်။ မ ပြောင်း ရွှေ့မီက အိမ်ငှား နေထိုင် သော အိမ် ထောင်စု ၁၀.၅၃ ရာခိုင်နှုန်း ရှိခဲ့၍၊ ပြောင်း ရွှေ့ပြီး ချိန်တွင် အိမ် ငှား နေထိုင် သောအိမ် ထောင်စုမှာ ၃.၅၁ ရာခိုင်နှုန်း ရှိပါသည် ။

ပြောင်း ရွှေ့ပြီး အချိန်၌ အိမ်ငှား နေထိုင် သောအိမ် ထောင်စုများသည် ကျူး ကျော်ကြောင့် ပြောင်း ရွှေ့လာသူများ မဟုတ် ပဲ၊ အလုပ်အကိုင်ကြောင့် လည်း ကောင်း ၊ အိမ် မြေတန်ဘိုး သက်သာ၍လည်း ကောင်း ၊ ဆွေမျိုး မိတ် ဆွေရှိ သော ကြောင့်လည်း ကောင်း ၊ ပြောင်း ရွှေ့နေထိုင်သူများ ဖြစ်သည် ကို တွေ့ရပါသည်။ ထို့ကြောင့်လှိုင်သာယာမြို့သစ်ရှိ အိမ် ထောင်စုများ ၏ နေထိုင် မှုအခြေအနေကို လေ့လာရာတွင်အိမ်ပိုင်ဆိုင်သူအိမ် ထောင်စုပါဝင်မှုရာခိုင် နှုန်း မှာမ ပြောင်း ရွှေ့မီကထက်ပိုများ လာပြီး ၊ နေအိမ်အမျိုး အစားမှာ ပျဉ်ထောင်အိမ်အမျိုး အစားမှာ ၅၄.၅၅ရာခိုင်နှုန်း ရှိသဖြင့်၊ နေထိုင်မှု အဆင့်မှာအသင့်အတင့် ကောင်း မွန်သည်ကို တွေ့ရပါသည်။

57578



ထို့ပြင်ကျေးကျော်ကြောင့် ပြောင်းရွှေ့လာသူများသာမက မိမိသဘောဆန္ဒအလျောက် ပြောင်းရွှေ့နေထိုင်သူများကို တွေ့ရသဖြင့် လှိုင်သာယာမြို့သစ်သည် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့၍ အလုပ်အကိုင်အဆင်ပြေသောကြောင့် လာရောက်နေထိုင်ကြခြင်း ဖြစ်သည်။

ဤစာတမ်းသည် လှိုင်သာယာမြို့သစ်၌ ရပ်ကွက်နှစ်ခုအား ဖြစ်ရပ်လေ့လာမှုအနေဖြင့် လေ့လာခဲ့ခြင်းဖြစ်၍ လှိုင်သာယာမြို့သစ်၏ လူမှုစီးပွားရေး အခြေအနေအားလုံး ဝပြီး ပြည့်စုံသော လေ့လာမှုဟု ဆိုနိုင်မည်မဟုတ်ပေ။ သို့သော် နမူနာအိမ်ထောင်စုများ၏ အများစုသည် ကျေးကျော်မြေများမှ ပြောင်းရွှေ့နေထိုင်သူများ ဖြစ်၍၊ ၎င်းတို့၏ မပြောင်းရွှေ့မီနှင့် ပြောင်းရွှေ့ပြီး အခြေအနေများကို နှိုင်းယှဉ်လေ့လာရာတွင် တွေ့ရှိချက်များမှာ အလုပ်အကိုင် ပြောင်းရွှေ့လုပ်ကိုင်မှု အလွန်နည်းသဖြင့်၊ ၎င်းအိမ်ထောင်စုများသည် အခြေတကျ နေထိုင်နိုင်သည့် အခြေအနေဟု ဆိုနိုင်ပေသည်။ ပညာအဆင့်မှာမူ အလယ်တန်းအဆင့်ထိ ပညာသင်ကြားသူ ဦးရေ ရာခိုင်နှုန်းမှာ အများဆုံး ဖြစ်သည်။ ၎င်းတွင် ပညာအဆင့်မြင့်သူများသည် အစိုးရဝန်ထမ်း လုပ်ကိုင်သူများ ဖြစ်သည်ကို တွေ့ရှိရသည်။ နမူနာအိမ်ထောင်စုများ၏ ဝင်ငွေရရှိမှု အခြေအနေမှာ တိုးတက်လာသော်လည်း တစ်ဖက်တွင် အသုံးစရိတ်မှာ လိုက်၍ တိုးတက်နေပေသည်။ ထို့ကြောင့် အသုံးစရိတ်တစ်ခုချင်း၏ သုံးစွဲမှုကို လေ့လာရာတွင် အစားအသောက် အသုံးစရိတ်မှာ အများဆုံး ကျခံရပြီး၊ ခရီးစရိတ်မှာလည်း အတန်သင့် ကုန်ကျနေပေသည်။ အစားအသောက် အသုံးစရိတ်သည် မပြောင်းရွှေ့မီကထက် ပြောင်းရွှေ့ပြီးချိန်တွင် အနည်းငယ်မျှ ကျဆင်းသွားသည်ကို တွေ့ရသည်။ သို့သော် အဝတ်အထည်နှင့် အိမ်အသုံးအဆောင် ပစ္စည်း ကုန်ကျစရိတ်များတွင် အလွန်နိမ့်ကျနေသဖြင့် အစားအသောက် အသုံးစရိတ် ကျဆင်းမှုသာ အသိုပါ အသုံးစရိတ်တွင် သုံးစွဲမှု တိုးလာမည်ဖြစ်ပါသည်။ အစားအသောက် အသုံးစရိတ် ကြီးမြင့်နေခြင်းသည် အခြေခံစားကုန်ပစ္စည်းများ ဈေးနှုန်း ကြီးမြင့်မှုကြောင့် ဖြစ်သည်။ အခြေခံစားကုန်ပစ္စည်းများ ဈေးနှုန်း ကျဆင်းမှုသည် အိမ်ထောင်စုများ၏ စီးပွားရေးကို ပိုမိုတိုးတက်ကောင်းမွန်စေမည် ဖြစ်သည်။ ထို့ကြောင့် အခြေခံ

စား သောက်ကုန်ပစ္စည်း များ ဈေး နှုန်းကျဆင်း ရေး ကိုနိုင်ငံတော်မှအလေး ထား ဆောင်ရွက်နေ ပေသည်။ နေထိုင်မှုအခြေအနေမှာ မပြောင်း ရွှေ့မီကထက် ပြောင်း ရွှေ့ပြီး ချိန်တွင် နေထိုင်မှုအဆင့်ပိုမိုမြင့်မား လာသည် ဟုဆိုနိုင် ပေသည်။ အဘယ်ကြောင့်ဆို သော်မပြောင်း ရွှေ့မီကအိမ် ထောင်စုများ မှအများ စုသည်ကျူး ကျော် မြေများ တွင် နေထိုင်ခဲ့ကြရာမှ ပြောင်း ရွှေ့ပြီး ချိန်တွင်စနစ်တကျအကွက်ချ၍ မိမိပိုင်အိမ်ရာများ ဖြင့် နေထိုင် နိုင်ကြပြီး ဖြစ် ပေသည်။ တစ်ဖက်ကလည်း နိုင်ငံတော်အနေဖြင့်မြို့သစ် များ ကိုတည် ဆောက် ပေး ရာတွင် နေရေး ပြဿနာကို ၊ ဖြေရှင်း ပေး သည့်အပြင်မြို့၏အင်္ဂါရပ်နှင့်အညီလမ်း ပန်း ဆက်သွယ် ရေး ၊ လုပ်ငန်း ၊ ဆေး ရုံ၊ ဂိုး ၊ ကျောင်း ၊ ပန်း ခြံ၊ အား ကစား ကွင်း စသောမြို့ပြဆိုင်ရာအခြေခံအ ဆောက်အအုံများ ကို ငွေ ကြေး အကုန်အကျခံ၍ ၊ ပံ့ပိုး ကူညီတည် ဆောက် ပေး ခဲ့ပေသည်။

ထို့ကြောင့်မိမိတို့နေထိုင်ရာမြို့သစ်ကြီး ကိုအဆင့်မြင့်မား စေရန်နိုင်ငံတော်က ဆောင်ရွက်ပေး နေသကဲ့သို့၊ မြို့နေပြည်သူများ အနေဖြင့်လည်း မိမိတို့၏မြို့သစ်အင်္ဂါရပ်နှင့် လျော်ညီစွာပြုမူ နေထိုင် ဆောင်ရွက်ကြရန်လည်း လိုအပ်လှပေသည်။ ထိုသို့ ဆောင်ရွက်ကြရာတွင်အိမ် ထောင်စုများ ကိုရပ်ကွက်အလိုက်အသင်း အဖွဲ့များ ဖွဲ့စည်း ၍မိမိတို့၏ ရပ်ကွက်ဖွံ့ဖြိုး တိုး တက်မှုလုပ်ငန်း ရပ်များ တွင်ကိုယ်ထူကိုယ်ထ ပိုင်း ဝန်း ဆောင်ရွက်ရန်လိုအပ် ပေသည်။

(အချုပ်အား ဖြင့်ဆိုရ သော် ၊ယခု လေ့လာမှုမှ လှိုင်သာယာမြို့သစ်သို့ ပြောင်း ရွှေ့နေထိုင်သူတို့၏လူမှုစီး ပွား ရေး အခြေအနေသည်၄င်း တို့၏မ ပြောင်း ရွှေ့မီလူမှုစီး ပွား ရေး အခြေအနေထက်ပိုမိုတိုး တက် ကောင်း မွန်လာမည်ဟု သောကြိုတင်မှန်း ဆချက်တွင်ထူး ခြား စွာတိုး တက်မှုမရှိ သေး သော်လည်း ၊ အသင့်အတင့်တိုး တက်မှုရှိသည်ကို တွေ့ရပေသည်။ သို့သော်လည်း လှိုင်သာယာမြို့သစ်သို့ ပြောင်း ရွှေ့နေထိုင်သူများသည်မြင့်တက်လာ သောစား ဝတ်နေ ရေး အသုံး စရိတ်ကာမိစေရန်အတွက် ၊ အလုပ်လုပ်နိုင်သူအိမ် ထောင်စုဝင်တိုင်း အလုပ်လုပ်လာကြပြီး အသုံး စရိတ် အလိုက်ဝင်ငွေရရှိစေရန်ရှာဖွေလာကြခြင်း ဖြင့်မ ပြောင်း ရွှေ့မီ က ထက်ဝင်ငွေရရှိမှုအခြေအနေပိုမို ကောင်း မွန်လာသည်ကို တွေ့ရပါသည် ။

ထို့အပြင် အလုပ်အကိုင်အခွင့်အလမ်း များ ကိုမြို့သစ်၌ပင်ဖန်တီး ပေးနိုင်မည်ဆိုပါကလှိုင်သာယာမြို့သစ် နေထိုင်သူများ ၏စီး ပွား ရေး မှာပို မို ကောင်း မွန်လာမည်ဖြစ်သည်။ ထို့ကြောင့်နိုင်ငံတော်ကသော်လည်း ကောင်း ၊ ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်း ရှင်များ က သော်လည်းကောင်း၊ လှိုင်သာယာမြို့သစ်တွင်အရင်း အနှီး မြှုပ်နှံ၍လုပ်ငန်း များ လုပ်ကိုင် ဖန်တီး သင့်ပါသည်။ ထို့ပြင် နေအိမ်အမျိုး အစား မှာလည်း ပျဉ်ထောင်အိမ် အမျိုး အစား အများ ဆုံး ပါဝင်၍အိမ်ပိုင်ဆိုင်သူအိမ်ထောင်စုအများဆုံးဖြစ်ခြင်း ကြောင့်ဒုတိယမှန်း ဆချက်ဖြစ်သော ပြောင်း ရွှေ့ပြီး ချိန်တွင် နေထိုင်မှုအခြေအနေသည်လည်း မပြောင်း ရွှေ့မီ နေထိုင်မှုအခြေအနေထက်ပို မို ကောင်း မွန်လာ ပေသည်။ ထို့ပြင်နိုင်ငံတော်အစိုး ရအနေဖြင့်လှိုင်သာယာမြို့သစ်တွင် နေထိုင်သူများ အထောက်ပံ့ပိုး ကူညီချက်များ ကြောင့်လည်း လှိုင်သာယာမြို့သစ်တွင် နေထိုင်သူများ ၏စီး ပွား ရေး နှင့်နေထိုင်မှုမှာလည်း တိုး တက် ကောင်း မွန်လာသည်ဟုဆိုနိုင် ပေသည်။ ထို့ပြင်ယခု လေ့လာ မှုသည် နောင်ကာလများ တွင်ပြုလုပ်မည့်လူမှုစီး ပွား ရေး ဆိုင်ရာသု တေသနလေ့လာမှုများ ၌ အခြေခံ လေ့လာမှုအနေဖြင့်အသုံး ဝင်မည်ဟုယူဆရ ပေသည်။

ဇယား (၃-၁) လှိုင်သာယာမြို့နယ်၏ရပ်ကွက်များ၏ဧရိယာ အကျယ်အဝန်း နှင့် မြေကွက်များ စာရင်း။

| စဉ် | ရပ်ကွက် | ဧရိယာ (ဧက) | မြေကွက်ပေါင်း (၄၀'×၆၀' | မှတ်ချက် |
|---|---|---|---|---|
| ၁ | အမှတ်(၁) ရပ်ကွက် | ၃၀၆.၈၁၈ | ၃၀၉၈ | |
| ၂ | အမှတ်(၂) ရပ်ကွက် | ၁၆၅.၅၁၉ | ၇၈၂ | |
| ၃ | အမှတ်(၃) ရပ်ကွက် | ၂၁၅.၅၆၄ | ၁၂၉၀ | |
| ၄ | အမှတ်(၄) ရပ်ကွက် | ၂၆၀.၃၃၁ | | အဆင့်မြင့်အိမ်ယာ မြေကွက်များ ဖော်ထုတ်ဆဲဖြစ်ပါသည်။ |
| ၅ | အမှတ်(၅) ရပ်ကွက် | ၈၈.၃၂၆ | | |
| ၆ | အမှတ်(၆) ရပ်ကွက် | ၂၆၄.၀၅၀ | | |
| ၇ | အမှတ်(၇) ရပ်ကွက် | ၂၀၀.၆၄၃ | | |
| ၈ | အမှတ်(၈) ရပ်ကွက် | ၁၃၂.၂၃၁ | | |
| ၉ | အမှတ်(၉) ရပ်ကွက် | ၁၆၈.၀၄၄ | | |
| ၁၀ | အမှတ်(၁၀)ရပ်ကွက် | ၁၃၂.၂၃၁ | ၁၁၆၅ | |
| ၁၁ | အမှတ်(၁၁)ရပ်ကွက် | ၇၇.၁၇၆ | ၇၆၀ | |
| ၁၂ | အမှတ်(၁၂)ရပ်ကွက် | ၁၉၂.၃၇၈ | ၃၃၀ | ရှိုးရပ်ကွက် |
| ၁၃ | အမှတ်(၁၃)ရပ်ကွက် | ၂၆၈.၅၉၅ | ၁၁၁၉ | |
| ၁၄ | အမှတ်(၁၄)ရပ်ကွက် | ၉၂.၉၇၅ | ၇၉၀ | |
| ၁၅ | အမှတ်(၁၅)ရပ်ကွက် | ၁၁၁.၅၇၀ | ၅၈၀ | |
| ၁၆ | အမှတ်(၁၆)ရပ်ကွက် | ၇၀.၆၈၆ | ၆၄၂ | |
| ၁၇ | အမှတ်(၁၇)ရပ်ကွက် | ၇၂.၃၅၅ | ၇၀၄ | |
| ၁၈ | အမှတ်(၁၈)ရပ်ကွက် | ၇၁.၆၂၅ | ၅၄၄ | |
| ၁၉ | အမှတ်(၁၉)ရပ်ကွက် | ၁၁၅.၇၀၂ | ၅၂၆ | |
| ၂၀ | အမှတ်(၂၀)ရပ်ကွက် | ၇၄.၃၈၀ | ၆၂၇ | |

| စဉ် | ရပ်ကွက်အမှတ် | ဧရိယာ (ဧက) | မြေကွက် ပေါင်း (၄၀' x ၆၀') | မှတ်ချက် |
|---|---|---|---|---|
| ၂၁ | အမှတ်(၂၁)ရပ်ကွက် | ၃၃.၀၇၂ | ၃၉၇ | |
| ၂၂ | အမှတ်(၂၂)ရပ်ကွက် | ၁၅၇.၉၄၃ | | စက်မှုလက်မှုရပ်ကွက် |
| ၂၃ | အမှတ်(၂၃)ရပ်ကွက် | ၂၃၈.၇၁၅ | ၇၄၄ | |
| ၂၄ | အမှတ်(၂၄)ရပ်ကွက် | ၇၁.၆၂၅ | ၆၇၅ | |
| ၂၅ | အမှတ်(၂၅)ရပ်ကွက် | ၇၄.၆၁၀ | ၇၄၇ | |
| ၂၆ | အမှတ်(၂၆)ရပ်ကွက် | ၆၁.၉၈၃ | ၅၇၈ | |
| ၂၇ | အမှတ်(၂၇)ရပ်ကွက် | ၄၉.၅၈၇ | ၄၄၆ | |
| ၂၈ | အမှတ်(၂၈)ရပ်ကွက် | ၇၄.၃၈၀ | ၃၁၈ | |
| ၂၉ | အမှတ်(၂၉)ရပ်ကွက် | ၆၃.၇၀၅ | ၇၀၇ | |
| ၃၀ | အမှတ်(၃၀)ရပ်ကွက် | ၅၉.၉၁၇ | ၅၇၂ | |
| ၃၁ | အမှတ်(၃၁)ရပ်ကွက် | ၆၉.၄၂၈ | ၄၆၁ | |
| ၃၂ | အမှတ်(၃၂)ရပ်ကွက် | ၇၆.၃၉၆ | ၇၄၈ | |
| ၃၃ | အမှတ်(၃၃)ရပ်ကွက် | ၄၉.၅၈၇ | | မြေကွက် ဖော်ထုတ်ဆဲ |
| ၃၄ | အမှတ်(၃၄)ရပ်ကွက် | ၁၀၁.၈၁၈ | | |
| ၃၅ | အမှတ်(၃၅)ရပ်ကွက် | ၁၂၈.၀၉၉ | | |
| | | | ၁၇၃၅၀ | |

ဇစ်မြစ်။ ။ (၁) လှိုင်သာယာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁-၈-၉၁ရက်စွဲပါစာအမှတ်၊ ၉၇၁/၁-၁(၂)/ ထွေအုပ်စီး(လှိုင်သာယာ။

(၂) ရန်ကုန်တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁၇-၁-၉၂ရက်စွဲပါစာအမှတ်၊ ၄၂၀/၃-၁/တိုင်းထွေ။

## ဇယား (၃-၂) လှိုင်သာယာမြို့နယ်
## မူလရပ်ကွက်ကြီး (၈) ခု၏ ဧရိယာအကျယ်အဝန်း

| စဉ် | ရပ်ကွက်အမှတ် | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|
| ၁။ | အမှတ်(၁) ရပ်ကွက် | ၃၈၄.၀၀ | မြို့မ (၈-၉၄) စတုရန်းမိုင် |
| ၂။ | အမှတ်(၂) ရပ်ကွက် | ၁၃၇၂.၄၀ | နှင့်မြို့နယ် (၂၆.၀၀) |
| ၃။ | အမှတ်(၃) ရပ်ကွက် | ၃၇၇.၂၀ | စတုရန်းမိုင်ကျယ်ဝန်း |
| ၄။ | အမှတ်(၄) ရပ်ကွက် | ၈၅၉.၉၄ | ပါသည်။ |
| ၅။ | အမှတ်(၅) ရပ်ကွက် | ၅၆၁.၆၀ | |
| ၆။ | အမှတ်(၆) ရပ်ကွက် | ၁၀၀၇.၆၄ | |
| ၇။ | အမှတ်(၇) ရပ်ကွက် | ၄၉၆.၈၀ | |
| ၈။ | အမှတ်(၈) ရပ်ကွက် | ၆၆၇.၀၀ | |
| | | ၅၇၂၂.၅၈ | |

ဇန်မြစ်။ ။ (၁) လှိုင်သာယာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁-၈-၉၁ ရက်စွဲပါစာအမှတ်၊ ၉၇၁/၁-၁(၂)/ ထွေအုပ်စီး(လှိုင်သာယာ။

(၂) ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁၇-၁-၉၂ ရက်စွဲပါစာအမှတ်၊ ၄၂၀/၃-၁/ တိုင်းထွေ။

ဇယား ( ၃ - ၃ )

ဈိုင်သာယာမြို့နယ်ရှိအိမ်ထောင်စုနှင့်လူဦးရေစာရင်းချိပြဇယား

| စဉ် | ရပ်ကွက်/ကျေးရွာ အုပ်စု | ကျေးရွာ ဦးရေ | အိမ်ထောင် စုပေါင်း | လူဦးရေ | | |
|---|---|---|---|---|---|---|
| | | | | ကျား | မ | စုစုပေါင်း |
| ၁။ | ကစင်ကျေးရွာ အုပ်စု | ၂ | ၄၄၅ | ၉၈၀ | ၉၇၇ | ၁၉၅၇ |
| | (၁) ကစင်ကျေးရွာ | | ၂၄၀ | ၅၁၂ | ၅၄၇ | ၁၀၅၉ |
| | (၂) ဥဘက်ချောင်းရွာ | | ၂၀၅ | ၄၆၈ | ၄၃၀ | ၈၉၈ |
| ၂။ | ရွှေလင်ပန်းကျေးရွာ အုပ်စု | ၂ | ၅၁၆ | ၁၂၀၂ | ၁၁၇၈ | ၂၃၈၀ |
| | (၁) ကိုးစုရွာ | | ၂၂၁ | ၅၃၉ | ၅၈၈ | ၁၁၂၇ |
| | (၂) ရွှေလင်ပန်းရွာ | | ၂၉၅ | ၆၆၃ | ၅၉၀ | ၁၂၅၃ |
| ၃။ | မှိမ်းချောင်းကျေးရွာ အုပ်စု | ၁ | ၂၉၂ | ၆၄၇ | ၆၄၇ | ၁၂၉၄ |
| ၄။ | အလယ်ရွာအုပ်စု | ၂ | ၁၁၇ | ၂၇၀ | ၂၈၇ | ၅၅၇ |
| | (၁) ကန္တားရွာ | | ၅၂ | ၁၂၄ | ၁၃၀ | ၂၅၄ |
| | (၂) ကုန်းအလယ်ရွာ | | ၆၅ | ၁၄၆ | ၁၅၇ | ၃၀၃ |
| ၅။ | ရေဥက္ကံကျေးရွာ အုပ်စု | ၃ | ၃၇၅ | ၈၅၁ | ၈၂၁ | ၁၆၇၂ |
| | (၁) သောင်ကြီးလေး | | ၁၃၀ | ၂၈၆ | ၂၅၃ | ၅၃၉ |
| | (၂) သောင်ကြား | | ၉၁ | ၂၄၃ | ၂၂၈ | ၄၇၁ |
| | (၃) ရေဥက္ကံရွာ | | ၁၅၄ | ၃၂၂ | ၃၄၀ | ၆၆၂ |
| ၆။ | အပြင်ပဒဲ ကျေးရွာ အုပ်စု | ၃ | ၃၃၃ | ၇၉၉ | ၇၉၄ | ၁၅၉၃ |
| | (၁) ကမ်းမြို့ရွာ | | ၉၅ | ၂၈၅ | ၂၉၀ | ၅၇၅ |
| | (၂) ထွန်းကြီးရွာ | | ၇၁ | ၂၁၃ | ၁၄၂ | ၃၅၅ |
| | (၃) အပြင်ပဒဲရွာ | | ၁၆၅ | ၃၀၁ | ၃၆၂ | ၆၆၃ |
| ၇။ | အတွင်းပဒဲကျေးရွာ အုပ်စု | ၂ | ၂၀၁ | ၄၇၆ | ၄၅၆ | ၉၃၂ |
| | (၁) ထွန်းလေးရွာ | | ၆၅ | ၁၉၆ | ၂၀၅ | ၄၀၁ |
| | (၂) အတွင်းပဒဲရွာ | | ၁၃၆ | ၂၈၀ | ၂၅၁ | ၅၃၁ |

ဇယား (၃-၃) အဆက်

| စဉ် | ရပ်ကွက် / ကျေးရွာ အုပ်စု | ကျေးရွာ ဦးရေ | အိမ်ထောင် | လူဦးရေ | | |
|---|---|---|---|---|---|---|
| | | | စုစပေါင်း | ကျား | မ | စုစုပေါင်း |
| ၈။ | ကုလားကြီးအုပ်စု | ၂ | ၂၇၉ | ၇၄၆ | ၇၁၆ | ၁၄၆၂ |
| | (၁) ကံလှရွာ | | ၁၁၅ | ၃၄၅ | ၂၂၄ | ၅၆၉ |
| | (၂) ကုလားကြီးရွာ | | ၁၆၄ | ၄၀၁ | ၄၉၂ | ၈၉၃ |
| ၉။ | ညောင်ရွာအုပ်စု | ၂ | ၅၈၈ | ၁၁၇၆ | ၁၁၇၅ | ၂၃၅၁ |
| | (၁) ဒိုင်စုရွာ | | ၂၆၃ | ၅၃၄ | ၆၅၀ | ၁၁၈၄ |
| | (၂) ညောင်ရွာ | | ၃၂၅ | ၆၄၂ | ၅၂၅ | ၁၁၆၇ |
| | စုစုပေါင်း | ၁၉ | ၃၁၄၆ | ၄၁၄၇ | ၇၀၅၁ | ၁၁၁၉၈ |

ဇယား (၃-၄)

လှိုင်သာယာမြို့နယ်ရှိအိမ်ထောင်စုနှင့်လူဦးရေစာရင်းချုပ်ပြဇယား

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | အိမ်ထောင်စု ပေါင်း | လူဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | စုစုပေါင်း |
| ၁ | ၁ | ၂၄၄၅ | ၆၂၂၈ | ၆၀၃၇ | ၁၂၂၆၅ |
| ၂ | ၂ | ၈၉၀ | ၂၂၇၁ | ၂၂၁၈ | ၄၄၈၉ |
| ၃ | ၃ | ၁၅၃၅ | ၃၆၉၄ | ၃၆၂၆ | ၇၃၂၀ |
| ၄ | ၄ | ၁၅၂ | ၃၄၀ | ၃၄၈ | ၆၈၈ |
| ၅ | ၅ | - | - | - | - |
| ၆ | - | - | - | - | - |
| ၇ | - | - | - | - | - |
| ၈ | - | - | - | - | - |
| ၉ | ၉ | ၆၂ | ၁၄၆ | ၁၆၅ | ၃၁၁ |
| ၁၀ | ၁၀ | ၂၀၀၁ | ၄၉၈၂ | ၄၉၈၁ | ၉၉၆၃ |
| ၁၁ | ၁၁ | ၁၀၆၇ | ၂၅၄၁ | ၂၅၂၄ | ၅၀၆၅ |
| ၁၂ | ၁၂ | ၄၇၆ | ၈၇၇ | ၈၈၁ | ၁၇၅၈ |
| ၁၃ | ၁၃ | - | - | - | - |
| ၁၄ | ၁၄ | ၂၄၃ | ၇၆၉ | ၇၅၆ | ၁၅၂၄ |
| ၁၅ | ၁၅ | ၂၆၁ | ၈၀၅ | ၆၃၅ | ၁၁၅၀ |
| ၁၆ | ၁၆ | ၁၂၈၂ | ၃၄၄၆ | ၃၅၁၄ | ၆၉၆၀ |
| ၁၇ | ၁၇ | ၁၁၅၇ | ၃၃၇၁ | ၃၃၁၄ | ၆၆၈၅ |
| ၁၈ | ၁၈ | ၁၁၈၆ | ၃၅၀၈ | ၃၄၂၀ | ၆၉၂၈ |
| ၁၉ | ၁၉ | ၁၃၂၉ | ၃၂၈၆ | ၃၂၁၂ | ၆၄၉၈ |
| ၂၀ | ၂၀ | ၆၁၀ | ၁၄၄၉ | ၁၄၉ | ၂၀၉၃ |
| ၂၁ | ၂၁ | ၆၆၇ | ၁၆၄၄ | ၁၆၄၂ | ၃၂၈၆ |
| ၂၂ | ၂၂ | - | - | - | - |
| ၂၃ | ၂၃ | ၁၂၃၁ | ၂၈၂၈ | ၂၉၃၃ | ၅၇၆၀ |
| ၂၄ | ၂၄ | ၁၁၇၆ | ၂၉၆၉ | ၂၈၉၆ | ၅၇၆၅ |
| ၂၅ | ၂၅ | ၁၆၂၂ | ၄၅၇၅ | ၄၄၃၈ | ၉၀၁၃ |
| ၂၆ | ၂၆ | ၁၀၅၈ | ၂၇၄၃ | ၂၆၇၂ | ၅၄၁၅ |
| ၂၇ | ၂၇ | ၈၁၀ | ၁၉၆၄ | ၁၉၃၂ | ၃၈၉၆ |
| ၂၈ | ၂၈ | ၆၀၀ | ၁၅၁၆ | ၁၅၀၁ | ၃၀၁၇ |
| ၂၉ | ၂၉ | ၁၂၃၈ | ၃၃၃၅ | ၁၂၈၀ | ၄၆၁၅ |
| ၃၀ | ၃၀ | ၉၁၅ | ၂၀၉၈ | ၂၀၈၅ | ၄၁၈၃ |
| ၃၁ | ၃၁ | ၃၄၂ | ၁၀၂၆ | ၈၅၃ | ၁၈၇၉ |
| ၃၂ | ၃၂ | ၈၀၀ | ၁၈၃၅ | ၁၈၁၅ | ၃၆၅၀ |
| ၃၃ | ၃၃ | ၇၅၀ | ၁၇၅၆ | ၁၇၆၆ | ၃၅၀၁ |
| ၃၄ | ၃၄ | - | - | - | - |
| ၃၅ | ၃၅ | - | - | - | - |
| | | ၂၅၉၀၄ | ၆၆၁၁၂ | ၆၂၈၆၆ | ၁၂၈၉၇၈ |

# ကျိုင်သာယာမြို့နယ်၏လူမှုစီးပွားရေးအသွင်သဏ္ဌာန်အား
## လေ့လာချက်မေးခွန်းလွှာ

၁။ အိမ်ထောင်ဦးစီး၏အလုပ်အကိုင်

အစိုးရဝန်ထမ်း၊ ဌာနအမည်______________ ရာထူးအဆင့်______________

ပုဂ္ဂလိက၊ လုပ်ငန်းအမည်______________ အလုပ်အကိုင်______________

ကိုယ်ပိုင်၊ လုပ်ငန်းအမည်______________ အရွယ်အစား ______________

၂။ ကျား/မ__________ အသက်______________ မွေးဖွားရာဇာတိ______________

၃။ လူမျိုး ____________ ကိုးကွယ်သည့်ဘာသာ________________________________

| ၄။ ပညာအဆင့်အတန်း | ဦးစီး | ဦးစီး၏ဖခင် | ဇနီး/ခင်ပွန်း | သားသမီး * |
|---|---|---|---|---|
| (၁) ဘုန်းကြီးကျောင်းအဆင့် | --- | ----- | ----- | ------ |
| (၂) မူလတန်းအဆင့် | --- | ----- | ----- | ------ |
| (၃) အလယ်တန်းအဆင့် | --- | ----- | ----- | ------ |
| (၄) အထက်တန်းအဆင့် | --- | ----- | ----- | ------ |
| (၅) တက္ကသိုလ်၊ကောလိပ်အဆင့် | --- | ----- | ----- | ------ |
| (၆) အသက်မွေးဝမ်းကျောင်းပညာအဆင့် | --- | ----- | ----- | ------ |

(*) တစ်ဦးထက်ပိုလျှင်ဦးရေဖော်ပြပါ။

| ၅။ | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| အိမ်ထောင်စုဝင်ဦးရေ | ----- | ----- | ------ |
| (က) သားသမီးဦးရေ | ----- | ----- | ------ |
| (ခ) အိမ်ထောင်ကျသားသမီးဦးရေ | ----- | ----- | ------ |
| (ဂ) အတူနေသားသမီးဦးရေ | ----- | ----- | ------ |
| (ဃ) သားသမီးမဟုတ်သူအိမ်ထောင်စုဝင်ဦးရေ | ----- | ----- | ------ |

၆။ လုပ်ငန်း တွင်ဝင် ရောက်လုပ်ကိုင်နေသော သားသမီးများ ရှိလျှင်

| | ဦးရေ | ဌာန | ရာထူးအဆင့် |
|---|---|---|---|
| (၁) ရုံးဝန်ထမ်း | ____ | ____ | ____ |
| (၂) စက်ရုံအလုပ်ရုံ | ____ | ____ | ____ |
| (၃) ကျောင်းဆရာ | ____ | ____ | ____ |
| (၄) ဈေးရောင်း (ဆိုင်ရှိ) | ____ | ____ | ____ |
| (၅) ဈေးရောင်း (ဆိုင်မရှိ) | ____ | ____ | ____ |
| (၆) အခြား | | | |

၇။ ဤမြို့သစ်သို့ ပြောင်းဝင်ရောက်သည့်ခုနှစ်/လ ____________________

၈။ ယခင်နေထိုင်ခဲ့ဘူးသော နေရပ်များ

(၁) ________________ (________ ခုနှစ်) မှ (________ ခုနှစ်) ထိ

(၂) ________________ (________ ခုနှစ်) မှ (________ ခုနှစ်) ထိ

(၃) ________________ (________ ခုနှစ်) မှ (________ ခုနှစ်) ထိ

၉။ ပြောင်းရွှေ့ရသော အကြောင်းရင်း

| | | | |
|---|---|---|---|
| (က) ခင် ငွေ | [ ] | (စ) ဝန်ထမ်းအိမ်ရာ | [ ] |
| (ခ) အလုပ်အကိုင် | [ ] | (ဆ) နိုင်ငံတော်မှမြေကွက် ချထားပေး | [ ] |
| (ဂ) ဆွေမျိုး /မိတ်ဆွေ | [ ] | (ဇ) ကျူး ကျော် | [ ] |
| (ဃ) အိမ် မြေတန်ဖိုး | [ ] | (ဈ) မီး ဘေး | [ ] |
| (င) နယ်မြေလုံခြုံမှု | [ ] | (ည) အခြား | [ ] |

၁၀။ ဤမြို့သစ်တွင်မူလကပင်နေထိုင်သူ [ ] ပြောင်းရွှေ့လာသူ [ ]

(က) မူလကပင်နေထိုင်သူဖြစ်လျှင်

မူလအလုပ်အကိုင်____________ တည်နေရာ____________

လက်ရှိအလုပ်အကိုင်____________ တည်နေရာ____________

(ခ) ပြောင်းရွှေ့လာသူဖြစ်လျှင်

မူလအလုပ်အကိုင်____________ တည်နေရာ____________

လက်ရှိအလုပ်အကိုင်____________ တည်နေရာ____________

၁၁။ အလုပ်အကိုင်ပြောင်းလဲရသည့်အကြောင်းရင်းများ

(က) ပင်ငွေ [ ] (ဃ) စီးပွားရေး [ ]

(ခ) အလုပ်အကိုင် [ ] (င) လူမှုရေး [ ]

(ဂ) ခရီးအကွာအဝေး [ ] (စ) အခြား [ ]

၁၂။ အလုပ်သို့သွားရောက်ပုံအဆင့်ဆင့်

ယခင် (၁)____________ လှိုင်သာယာ (၁)____________

နေရပ် (၂)____________ မြို့သစ်မှ (၂)____________

မှ (၃)____________ (၃)____________

အလုပ်သို့သွားရောက်ပြန်ကြာမြင့်ချိန် (ယခင်)________ (ယခု)________

| ၁၃။ ဝင်ငွေနှင့်အသုံးစရိတ် | လှိုင်သာယာမြို့သစ်သို့ မရောက်မီ (ကျပ်) | ယခု (ကျပ်) |
|---|---|---|
| လစဉ်အိမ်ထောင်ဦးစီး၏ရရှိပေါင်း ဝင်ငွေ | ________ | ________ |
| လစဉ်အိမ်ထောင်စု၏ စုစုပေါင်း ဝင်ငွေ | ________ | ________ |
| လစဉ်အိမ်ထောင်စု၏စုစုပေါင်း အသုံးစရိတ် | ________ | ________ |

၁၄။ လစဉ်အိမ်ထောင်စု၏အသုံးစရိတ်အမျိုးအစား ခွဲခြား

| | လှိုင်သာယာမြို့သစ်သို့မရောက်မီ (ကျပ်) | ယခု (ကျပ်) |
|---|---|---|
| (က) အစားအသောက်အသုံးစရိတ် | ________ | ________ |
| (ခ) အဝတ်အထည်အသုံးစရိတ် | ________ | ________ |
| (ဂ) အိမ်အသုံးအဆောင်ပစ္စည်းစရိတ် | ________ | ________ |
| (ဃ) အိမ်ထောင်စုအကွက်ခရီးစရိတ် (အလုပ်သို့အသွား /အပြန်) | ________ | ________ |
| (င) ပညာရေးအသုံးစရိတ် | ________ | ________ |
| (စ) ကျန်းမာရေးအသုံးစရိတ် | ________ | ________ |
| (ဆ) အထွေထွေအသုံးစရိတ် | ________ | ________ |
| (ဇ) အခြားအသုံးစရိတ် | ________ | ________ |

| | မပြောင်းရွှေ့မီ | ပြောင်းရွှေ့ပြီး |
|---|---|---|
| ၁၅။ (က) လစဉ်အိမ်ထောင်စုစုဆောင်းငွေ (သို့မဟုတ်) | ________ | ________ |
| (ခ) ကြွေး ရှိလျှင်ကင်းရှိသော အကြွေး | ________ | ________ |

၁၇၃

၁၆။ အိမ်ထောင်ဦးစီး၏ ဖခင် နောက်ဆုံး လုပ်ကိုင်ခဲ့သော အလုပ်အကိုင်

(က) ဝန်ထမ်း [ ]　　(ဃ) လက်လုပ်လက်စား [ ]

(ခ) ကိုယ်ပိုင်လုပ်ငန်း [ ]　　(င) လက်သမား [ ]

(ဂ) ဈေးရောင်း [ ]

၁၇။ ဦးစီး၏ဇနီး / ခင်ပွန်း ရှိလျှင်–အလုပ်အကိုင်

(က) ဝန်ထမ်း [ ]　　(ဃ) လက်လုပ်လက်စား [ ]

(ခ) ကိုယ်ပိုင်လုပ်ငန်း [ ]　　(င) လက်သမား [ ]

(ဂ) ဈေးရောင်း [ ]　　(စ) မှီခို [ ]

၁၈။ နေအိမ်အမျိုးအစား

| | မပြောင်းရွှေ့မီ | ပြောင်းရွှေ့မီ | | မပြောင်းရွှေ့မီ | ပြောင်းရွှေ့မီ |
|---|---|---|---|---|---|
| (က) ကိုယ်ပိုင် | [ ] | [ ] | (စ) ၃–ထပ် | [ ] | [ ] |
| (ခ) အငှား | [ ] | [ ] | (ဆ) ၂–ထပ် | [ ] | [ ] |
| (ဂ) တိုက် | [ ] | [ ] | (ဇ) ရေရရှိမှု | [ ] | [ ] |
| (ဃ) ပျဉ်ထောင် | [ ] | [ ] | (ဈ) လျှပ်စစ်မီး | [ ] | [ ] |
| (င) တဲ | [ ] | [ ] | (ည) မြေအကျယ် | [ ] | [ ] |
| | | | (ဋ) အိမ်အကျယ် | [ ] | [ ] |

၁၇၄

၁၉။ ယခင်နေအိမ်၏ယခုရှိနိုင်မည့်ကာလတန်ဖိုး ______________

အိမ်ငှားဖြစ်လျှင် စဘော် __________ အိမ်လခ __________

၂၀။ ယခုနေအိမ်၏ကာလတန်ဘိုး __________

ယခုအိမ်ငှားဖြစ် စဘော် __________ အိမ်လခ __________

၂၁။ အသက်အုပ်စုအလိုက်အိမ်ထောင်စုဦးရေ

အသက်( ၁၀) နှစ်အောက် ______________

အသက်( ၁၀) နှစ်မှ( ၂၀) နှစ်အထိ ______________

အသက်( ၂၁) နှစ်မှ( ၄၀) နှစ်အထိ ______________

အသက်( ၄၁) နှစ်မှ( ၆၀) နှစ်အထိ ______________

အသက်( ၆၀) နှစ်အထက် ______________

# ကျမ်းကိုးစာရင်း


၁။ Bernard, Jessie, " American Community Behaviour" Holt, Rinechart & Winston, Inc, 1963.

၂။ Busia, K.A, "Education and Social Mobility in Economically Underdeveloped Countries"

၃။ Hauser, P.M, "The Study of Urbanization."

၄။ Hoselily, B.F, Urbanization and Economic Development and Cultural Change". Vol VI, 1987.

၅။ Leser, C.E.V, "Forms of Engel Functions", Econometrica Vol.31. No. 4 October 1963.

၆။ Lipset, Seymour and Bendix, Richard; "Social Mobility in Industrial Society, (Berkeley; University of California Press, 1960.

၇။ Lwin, M.M,"Burmese Experience"

၈။ Lwin, M.M "Internal Migration and Urbanization in Burma & Japan". An Empirical Study of Japan? Nagoya, Japan, 1984.

၉။ Meadows, Paul & Mizruch, Ephraim. H; "Urbanism, Urbanization, and Change".

၁၀။ Meir & Baldwin, "Economic Development.

၁၁။ Mertan, R.K: "Social Theory and Social Structure".

၁၂။ Sundrum, R.M "Report of Thaketa Sample Survery" 1961. Economic Research Project, 1962, Dec.

၁၃။ Sundrum, R.M; "Urbanization, The Burmese Experience". Economic Research Project, March 1957.

၁၄။ Young, Pauline. V; "Scientific Social Surveys and Research." Fourth Edition.

၁၅။ ခင်မောင်ကြည်၊ ဒေါက်တာ နှင့် ဒေါ်တင်တင်။ ခေတ်သစ်မြန်မာ့ လူ့အဆောက်အအုံတွင် လူ့အလွှာပြောင်းရွှေ့မှုများ

(သမိုင်းကြောင်းနှင့်လူမှုရေးသိပ္ပံရှုမြင့်လေ့လာခြင်း)

တတိယကြိမ်မြောက်မြန်မာနိုင်ငံသုတေသနဆွေးနွေးပွဲ၊ ၁၉၆၈ ခု၊ မတ်လ (၂၃) ရက်။

၁၆။ ခင်မောင်ကြည်၊ ဒေါက်တာ (နှင့်အဖွဲ့ဝင်များ)။ သာယာကုန်းကျေးရွာသို့ပြန်လည်ရောက်ရှိခြင်း၊ မြန်မာကျေးရွာတစ်ရွာ၏လူမှုစီးပွားရေးပြောင်းလဲမှုကို လေ့လာခြင်း။ ၁၉၇၀ ပြည့်နှစ်၊ ဧပြီလ

၁၇။ ဌေးနိုင်၊ မောင်။ ရန်ကုန်မြို့တော်၏မြို့ပြထွန်းကားမှုနှင့်ဒီမိုဂရာဖီပြဿနာ၊ ၁၉၇၁၊ စီးပွားရေးတက္ကသိုလ်၊ ရန်ကုန် (မဟာစီးပွားရေးပညာဘွဲ့အတွက်တင်သွင်းသည့်ကျမ်း)

၁၈။ ဒဂုံမြို့သစ်တည်ဆောက်ရေးကော်မတီ။ ဒဂုံမြို့သစ်တည်ဆောက်မှုမှတ်တမ်း ပထမပိုင်း ၊ ရန်ကုန်၊ ၁၉၉၁။

၁၉။ မင်းသိမ်း၊ မောင်။ ရန်ကုန်မြို့တော်အိုးအိမ်ရာပြဿနာများအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မှုအခြေအနေကို လေ့လာသုံးသပ်ချက်စာတမ်း၊ (စီမံအုပ်ချုပ်မှုဒီပလိုမာအတွက်တင်သွင်းသည့်ကျမ်း) ၁၉၈၇-၈၈။

၂၀။ ယဉ်ယဉ်ကြည်၊ မ။ ပဲခူးတိုင်းမြို့နေအသွင်ပြောင်းလဲမှုကို လေ့လာခြင်း ၊ ရန်ကုန်၊ စီးပွားရေးတက္ကသိုလ်၊ ၁၉၉၀။ (မဟာစီးပွားရေးပညာအတွက်တင်သွင်းသည့်ကျမ်း)

၂၁။ ရန်ကုန်တိုင်း ၊ ကျိုင်သာယာမြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့။ ကျိုင်သာယာမြို့နယ်သမိုင်းဝင်မှတ်တမ်း ရေးသားပြုစုရာတွင်လုပ်ငန်းအလိုက် ဖော်ပြသည့်တည်ဆောက်ရေးလုပ်ငန်းများ အခြေအနေတင်ပြချက်၊ ၂၉/၈/၁၉၉၁။

၂၂။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့တော်ရန်ကုန်တည်ဆောက်မှုမှတ်တမ်း ၊ အမှတ်(၁) ၊ ရန်ကုန်၊ ယင်းကော်မတီ ၊ ၁၉၉၀။

၂၃။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့တော်ရန်ကုန်တည်ဆောက်မှုမှတ်တမ်း ၊ အမှတ်(၂) ၊ ရန်ကုန်၊ ယင်း ကော်မတီ ၊ ၁၉၉၁။

၂၄။ လေးညွန့်၊ မောင်။ မြောက်ဥက္ကလာပမြို့နယ်၊ ဈ-ရပ်ကွက်၏ဝင်ငွေနှင့်အသုံးစရိတ်အခြေအနေအား ဆန်းစစ်လေ့လာချက်၊ ရန်ကုန်၊ စီးပွားရေးတက္ကသိုလ်၊ ၁၉၈၃၊ (မဟာစီးပွားရေးပညာအတွက်တင်သွင်းသည့်ကျမ်း)

၂၅။ အောင်နိုင်မြင့်၊ ဦး ။ "မြန်မာ့မြို့ပြ"၊ ရန်ကုန်။ ၁၉၉၂။